7Day Daily သတင်းစာ ဝိုင်းတော်သားများက တင်ဆက်ထားသော အထူးအချပ်ပို ၁၂မျက်နှာကို မေတ္တာလက်ဆောင် ထည့်သွင်းပေးထားပါသည်

၇ ရက် သတင်းဂျာနယ်

# 7 DAY NEWS JOURNAL

http://www.7daynewsjournal.com




အတွဲ(၁၂)၊ အမှတ်(၉)　　၂၀၀၂ မတ် ၇ တွင် စတင်ထုတ်ဝေသည်　　၁၃၇၉ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၃ ရက် ၊ ဗုဒ္ဓဟူး ၊ (မေ ၈ ၊ ၂၀၁၃)



ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့မှ ကီလိုမီတာ ၄၀၀ခန့်အကွာရှိ ဒုက္ခသည်စခန်းတစ်ခုအား တွေ့ရစဉ်　　ဓာတ်ပုံ-Munir uz Zaman/AFP

# ဘင်္ဂလားဒေ့ရှ်နယ်စပ်မှ ထွက်ပြေးလာသူတစ်ထောင်ကျော် အကူအညီလိုအပ်နေ

**မောင်ကံ၊ အောင်နိုင်**

**မောင်တော၊ မေ-၅**

နယ်မြေမငြိမ်သက်မှုကြောင့် ၂၀၁၂ခုနှစ်ဇွန်လမှ စတင်၍ ဘင်္ဂလားဒေ့ရှ်နယ်စပ်မှ မောင်တောဒေသသို့ ထွက်ပြေးတိမ်းရှောင်လာသူအရေအတွက်မှာ တစ်ထောင်ကျော်ရှိနေပြီး အရေးပေါ် အကူအညီများ လိုအပ်နေကြောင်းသတင်းရရှိသည်။

ယမန်နှစ်အတွင်း ရခိုင်ပြည်နယ်တွင်ဖြစ်ပွားခဲ့သော ပဋိပက္ခများကြောင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံနယ်စပ်တွင် နေထိုင်သော ရခိုင်၊ ဒိုင်းနက်၊ သက်စသည့် ရခိုင်မျိုးနွယ်စုများမှာ ရန်ပြုခြင်းများကိုခံခဲ့ရပြီးနောက် မောင်တောဒေသသို့တိမ်းရှောင်လာကြခြင်းဖြစ်သည်။

ယမန်နှစ်ဇွန်လကပင် ဝင်ရောက်ခိုလှုံနေသူများအပြင် အောက်တိုဘာလမှ ယခုနှစ်ဧပြီလအထိ တိမ်းရှောင်လာသူအိမ်ထောင်စုပေါင်း ၂၄၁စု၊ လူဦးရေ ၅၆၀ကျော်ရှိကြောင်းနယ်စပ်ဒေသ တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(နတလ)မှ သတင်းရရှိသည်။

"တစ်ဖက်နိုင်ငံမှာအစ လုံခြုံမှု၊ စားဝတ်နေရေး အဆင်မပြေမှု၊ အလုပ်အကိုင်မရှိသူတွေကြောင့် အားကိုးတကြီးနဲ့ ဝင်ရောက်လာကြတာပါ။ သူတို့ဟာဘေးအန္တရာယ်ကိုကြောက်ရွံ့မှုကြောင့်ဘေးလွတ်ရာကိုဝင်ရောက်ခိုလှုံလာတဲ့ဒုက္ခသည်တွေဖြစ်ပါတယ်။ သက်ဆိုင်ရာဌာနတွေက တတ်နိုင်သလောက်အကူအညီ ပေးထားပေမဲ့ အခြားအလှူရှင်တွေ၊ အိုင်အင်န်ဂျီအိုအဖွဲ့အစည်းတွေရဲ့ အကူအညီတွေအများကြီးလိုအပ်ပါတယ်။ လက်ရှိမှာတော့ WFPက စားနပ်ရိက္ခာတချို့ထောက်ပံ့ပေးနေပါတယ်။ တခြားအိုင်အင်န်ဂျီအိုအဖွဲ့တွေကတော့ ထောက်ပံ့ပေးတာမရှိသေးပါဘူး" ဟု နတလလက်ထောက်ညွှန်ကြားရေးမှူး ဦးသန့်ဇင်က ပြောသည်။

တစ်ဖက်နိုင်ငံမှထွက်ပြေးတိမ်းရှောင်လာသူများကို မောင်တောမြို့ဗဟိုဘုန်းတော်ကြီးကျောင်းတိုက်တွင် ဦးစွာလက်ခံ၍ သက်ဆိုင်ရာမှစီစဉ်စာရင်းသွင်းကာတိုင်းရင်းသားကျေးရွာများတွင် နေရာချထားကြောင်းသတင်းရရှိသည်။ သက်ဆိုင်ရာနှင့်ဒေသခံအဖွဲ့အစည်းများက ထောက်ပံ့ပေးနေသော်လည်း အကူအညီများလိုအပ်နေဆဲဟု ကူညီကယ်ဆယ်ရေးဆောင်ရွက်သူများပြောသည်။

"ထွက်ပြေးလာသူတွေကိုယာယီနေရာမချခင်ကျောင်းမှာခိုလှုံခွင့်ပေးထားတယ်။ စားသောက်ရေးလည်း စီစဉ်ပေးတယ်။ တခြားအလှူရှင်တွေလာရောက်လှူဒါန်းမှုက လိုသေးတယ်။ အဲဒီမိသားစုတွေကို ကူညီထောက်ပံ့ရေးတွေအများကြီးလိုနေပါတယ်" ဟုဗဟိုကျောင်းတိုက်ဆရာတော်ကမိန့်ကြားသည်။

"တတ်နိုင်သလောက်စားနပ်ရိက္ခာတွေထောက်ပံ့ရေးပစ္စည်းတွေထောက်ပံ့ပါတယ်။ ပြည်နယ်အစိုးရအစီအစဉ်နဲ့ပါ" ဟု ရခိုင်ပြည်နယ်အစိုးရပြန်ကြားရေးတာဝန်ခံ ဦးဝင်းမြိုင်ကပြောသည်။

၂၀၁၂ခုနှစ်အတွင်း ရခိုင်ပြည်နယ်တွင် ဖြစ်ပွားခဲ့သော ပဋိပက္ခများကြောင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ ဗုဒ္ဓဘာသာဝင်လူနည်းစုများနေထိုင်ရာဒေသများ၌ ဘုန်းတော်ကြီးကျောင်းများနှင့် နေအိမ်များ မီးရှို့ဖျက်ဆီးခံခဲ့ရပြီး အကြမ်းဖက်မှုများဖြစ်ပွားခဲ့သည်။

## မိုးကြိုးပစ်၍ သေသူ၁၅ဦးရှိလာ

**အေးမြတ်သူ**

**ရန်ကုန်၊ မေ-၆**

တွံတေးမြို့နယ် ကရင်ချောင်းကျေးရွာအတွင်း မေလ၅ရက်တွင် မိုးသည်းထန်စွာရွာ၍ လေပြင်းတိုက်ခတ်မိုးကြိုးပစ်မှုကြောင့် လူနေအိမ်ခြောက်လုံးပျက်စီးခဲ့ပြီး လူတစ်ဦးသေဆုံးခဲ့ကြောင်း ရန်ကုန်တိုင်း ရဲတပ်ဖွဲ့မှူးရုံးမှသတင်းရရှိသည်။

တွံတေးမြို့နယ် ခတ္တိယတိုက်နယ်ကျေးရွာအတွင်းရှိကရင်ချောင်းကျေးရွာတွင် မိုးသည်းထန်စွာရွာသွန်း၍ လေပြင်းတိုက်ခတ်မှုကြောင့် ၁၅ပေပတ်လည်ခန့်ရှိ ဓနိမိုး၊ ထရံကာလူနေအိမ်ခြောက်လုံးပျက်စီးဆုံးရှုံးခဲ့သည်။ ထို့အပြင်မိုးရွာသွန်းစဉ် လယ်ကွင်းအတွင်း စပါးရိတ်သိမ်းနေသော အသက် ၃၁ နှစ်အရွယ် ကိုသိန်းထွန်းသည် မိုးကြိုးပစ်၍သေဆုံးသွားခဲ့သည်။

ရခိုင်ပြည်နယ်မောင်တောနှင့် မင်းပြားမြို့နယ်တို့တွင်လည်း မေ ၃ ရက်က မိုးကြိုးပစ်၍ လူသုံးဦး သေဆုံးခဲ့သည်။ ယခုနှစ် မိုးကြိုကာလတွင် မိုးကြိုးပစ်ခြင်းကြောင့် သေဆုံးသူဦးရေမှာ မေလ ၅ရက်အထိရရှိသော စာရင်းများအရ၁၅ ဦးရှိပြီဖြစ်သည်။



## ဒေါ်အောင်ဆန်းစုကြည်၏ မိသားစုဆရာဝန် ဒေါက်တာတင်မျိုးဝင်းနှင့် တွေ့ဆုံခြင်း

စာ(၂၃)သို့



7 DAY NEWS JOURNAL
Vol.12, No.9 • MAY 8 , 2013

# ရေအရင်းအမြစ်စီမံခန့်ခွဲမှုသိပ္ပံ တည်ထောင်မည်

**သန်းထူး**

**နေပြည်တော်၊ မေ-၅**

ရာသီဥတုပြောင်းလဲမှုနှင့် လူများ အလျှံပယ်သုံးစွဲမှုများကြောင့် တစ်နှစ်ထက်တစ်နှစ်ပို၍ ရှားပါးလာသော ရေသယံဇာတများကို ထိန်းသိမ်းရန်အတွက် ရေအရင်းအမြစ်စီမံခန့်ခွဲရေး အစီအစဉ်တစ်ရပ်ကို ဖော် စတင်သွားမည်ဖြစ်ကြောင်း သမ္မတရုံးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက ယနေ့ပြောကြားသည်။



စမ်းချောင်းဘေးလက်ယက်တွင်းရေ ခပ်နေသော ကလေးငယ်တစ်ဦး

ဓာတ်ပုံ-NYEIN CHAN NAING/ EPA

အနာဂတ်တွင် ရေနံထက်ပို၍ တန်ဖိုးရှိလာနိုင်သည့် ရေချိုသယံဇာတများ ရေရှည်တည်တံ့စေရန်အတွက် Water Resource Management Institute တစ်ခုတည်ထောင်အကောင်အထည်ဖော်သွားမည်ဟု MICCခန်းမတွင် ကျင်းပသည့်ရေရှားပါးသောဒေသသောက်သုံးရေရရှိရေးအလှူငွေပေးအပ်ပွဲအခမ်းအနားတွင် ၎င်းက ပြောကြားခဲ့သည်။

နိုင်ငံအချို့တွင် ရေရှားပါးမှုကြောင့် ရေဆိုးကိုပြန်လည်သန့်စင်အသုံးပြုနေရချိန်တွင် မြန်မာနိုင်ငံ၌ ရေချိုကို အလျှံပယ်သုံးစွဲနေခြင်းနှင့်ပတ်သက်၍ "ကျွန်တော်တို့က အလွန်သန့်စင်တဲ့ရေကို ပန်းကန်ဆေးပစ်ကြတယ်။ သစ်ပင်ရေလောင်းပစ်တယ်"ဟူ၍ ဦးစိုးသိန်းကပြောခဲ့ခြင်းဖြစ်သည်။ ရေကို ခွဲခြားသုံးတတ်စေရန်နှင့် အမူအကျင့်များပြုပြင်ရန် လိုအပ်လာကြောင်းလည်း ထပ်မံပြောကြားခဲ့သည်။

ရာသီဥတုပြောင်းလဲလာခြင်းကြောင့် မိုးရေချိန်ရရှိမှုလျော့နည်းလာသည့်အပြင် ရေကို အကျိုးမရှိစွာ အလွန်အကျွံသုံးစွဲလာခြင်းကြောင့်ကျေးလက်ဒေသအများအပြားတွင် ရေအတွက် ဝန်ထုပ်ဝန်ပိုးဖြစ်လာရကြောင်း၊ နွေရာသီရေရှားပါးမှုများလည်း နှစ်စဉ်ကြုံတွေ့လာရကြောင်း လွှတ်တော်ကိုယ်စားလှယ်များနှင့် ပညာရှင်များက ထောက်ပြဝေဖန်လာသည်။

"ကျေးလက်မှာရေပြတ်တာနှစ်စဉ်ဖြစ်လာပြီ၊ ရေအရင်းအမြစ်တွေရှားကုန်ပြီ။ ဒါကို အစိုးရက ကျေးလက်မူဝါဒ နံပါတ်၁အနေနဲ့ ဆောင်ရွက်သင့်ပြီ" ဟု အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှဆွေကပြောဆိုသည်။ ယင်းအပြင် စည်ပင်သာယာရေးကော်မတီက တူးဖော်ထားသည့်တွင်းများသည် ရေဖောဖောသီသီမထွက်ကြောင်း ၎င်း၏ မဲဆန္ဒနယ် အခြေအနေကို သုံးသပ်ပြောကြားခဲ့သည်။

၁၉၉၁ကျော်ခုနှစ်များမှစ၍ စိုက်ပျိုးလာသော နွေစပါးစိုက်ခင်းများတွင် ရေချိုကို တွက်ခြေကိုက်မှုကင်းမဲ့စွာသုံးစွဲခဲ့ခြင်းနှင့်ပတ်သက်၍ အမည်မဖော်လိုသူ စိုက်ပျိုးရေးပညာရှင်တစ်ဦးကလည်း "ဂျပန်ကပေးထားပါတယ်။ ဧကပေနဲ့ နွေစပါးစိုက်ပျိုးတဲ့ နည်းပညာ၊ ဒါပေမဲ့ ကျွန်တော်တို့ နွေစပါးမှာ ရေချိုခြောက်ဧကပေသုံးနေတုန်းပဲ" ဟု ပြောကြားသည်။

နွေစပါးတစ်ဧကစိုက်ပျိုးခြင်းမှ ရရှိသည့် အကျိုးအမြတ်နှင့်ရေအထွက်နည်း၍ ဆီထွက်သီးနှံ၊ ပဲမျိုးစုံစသည့် သီးနှံများစိုက်ပျိုး ခြင်းမှ ရရှိသည့် တစ်ဧကချင်း အကျိုးအမြတ်ကို နှိုင်းယှဉ်ကာစစ်ကိုင်း၊ မကွေး၊ မန္တလေးကဲ့သို့ ရေရှားဒေသများအတွက် ပြန်လည်သုံးသပ်သင့်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

## မြို့တော်ခန်းမရှေ့ရှိမီဒီယာကော်နာဖျက်သိမ်း

**အေးသူစံ**

**ရန်ကုန်၊ မေ-၄**

ရန်ကုန်မြို့မြို့တော်ခန်းမရှေ့ရှိ မီဒီယာကော်နာကို မေ၄ရက် နံနက်ပိုင်းမှ စတင်ဖျက်သိမ်းနေကြောင်းသတင်းရရှိသည်။

ယခုကဲ့သို့မီဒီယာကော်နာများဖျက်သိမ်းမှုမှာ ပြန်ကြားရေးဝန်ကြီးဌာနနှင့် မည်သို့မျှမသက်ဆိုင်ကြောင်း၊ မီဒီယာကော်နာများဖွင့်လှစ်ခဲ့သည့်ကိစ္စကို ထိုစဉ်ကမြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့က ပြန်ကြားရေးဝန်ကြီးထံ တင်ပြလာခြင်းကိုဝန်ကြီးက ခွင့်ပြုပေးခဲ့ခြင်းသာဖြစ်ကြောင်း ပြန်ကြားရေးဝန်ကြီးဌာနရုံးအဖွဲ့မှူး ဦးမြင့်ထွေးက ပြောသည်။

"မီဒီယာကော်နာတွေကိစ္စက အရင်ဝန်ကြီးလုပ်ခဲ့တာမဟုတ်ပါဘူး။ မြန်မာစာပေနဲ့ စာနယ်ဇင်းအဖွဲ့က လယ်တွင်းသားစောချစ်တို့၊ ဦး ကိုကိုတို့က တင်ပြလို့ဝန်ကြီးက ခွင့် ပြုခဲ့တာပဲရှိတယ်။ ဒီနေ့အဲဒီကော်နာတွေဖျက်တာလည်း ဝန်ကြီးဌာနကို အကြောင်းကြားတာမရှိပါဘူး"ဟု ၎င်းကပြောသည်။

*စာ(၈)သို့*



# ယာဉ်မတော်တဆမှုကြောင့် သေဆုံးသူသုံးပုံတစ်ပုံသည် ဆိုင်ကယ်စီးသူများဖြစ်



*မော်တော်ဆိုင်ကယ်စီးမှုတရားဝင်ပိတ်ပင်ထားသည့် ရန်ကုန်မြို့တစ်နေရာ*

ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

**ဝတ်ရည်အောင်**

**ရန်ကုန်၊ မေ-၅**

တစ်နိုင်ငံလုံးရှိ ဆေးရုံများသို့ ယာဉ်မတော်တဆမှုများဖြင့် ရောက်လာပြီးနောက် သေဆုံးသူအားလုံး၏ သုံးပုံနှစ်ပုံသည် ဆိုင်ကယ်စီးနင်းသူများဖြစ်ကြောင်း ပြည်သူ့ကျန်းမာရေးတက္ကသိုလ်ပါမောက္ခချုပ်က ပြောသည်။ အထူးသဖြင့် နေပြည်တော်နှင့် မန္တလေးတိုင်းဒေသကြီးသည် ဆိုင်ကယ်မတော်တဆမှုအများဆုံးနေရာများဖြစ်သည်ဟု ပါမောက္ခချုပ်ဒေါက်တာနေစိုးမောင်က ဆိုသည်။

အထူးသဖြင့် နေပြည်တော်နှင့် မန္တလေးတိုင်းဒေသကြီးတို့သည် ဆိုင်ကယ်မတော်တဆမှုအများဆုံးနေရာများဖြစ်ကြောင်း ပါမောက္ခချုပ်က ဆိုသည်။

"တစ်နိုင်ငံလုံးက ဆေးရုံတွေမှာ ယာဉ်မတော်တဆမှုနဲ့ ရောက်လာတိုင်းကို မေးမြန်းကြည့်ရင် ဆိုင်ကယ်စီးတဲ့သူက အများဆုံးပဲ"ဟု ဒေါက်တာနေစိုးမောင်ကဆိုသည်။ ယာဉ်စီးရေများပြားလာပြီးနောက် မတော်တဆမှုများလည်း များပြားလာပြီး မြို့တွင်းမှာထက် မြို့ပြင်များတွင် ပိုမိုများပြားနေကြောင်း ရန်ကုန်ပြည်သူ့ဆေးရုံကြီး ဆေးကုသဆောင်ရှိ အရိုးအကြောဆိုင်ရာပါမောက္ခတစ်ဦးက ပြောသည်။

မန္တလေးခရိုင်ခုနစ်ခုတွင် လေးလအတွင်းယာဉ်တိုက်မှု ၆၅၀ ကျော်ဖြစ်ပွားခဲ့ပြီး သေဆုံးသူ ၂၀၀ ကျော်ရှိခဲ့သည်။ ထိုယာဉ်တိုက်မှုများသည်မြို့အပြင်ဘက်များ၊ အဝေးပြေးလမ်းမကြီးများတွင်အဖြစ်များကြောင်း ယနေ့ထုတ်နိုင်ငံပိုင်သတင်းစာထဲတွင် ဖော်ပြထားသည်။

နိုင်ငံတစ်ဝန်းတရားမဝင်နှင့်တရားဝင်စီးနင်းနေသည့်ဆိုင်ကယ်စီးရေမှာလည်း တဖြည်းဖြည်းများပြားလာပြီး ပျမ်းမျှအားဖြင့် ဆိုင်ကယ်စီးရေသည် ယာဉ်စီးရေစုစုပေါင်း၏ ၈၀ ရာခိုင်နှုန်းခန့်ရှိနေသည်ဟု ဆိုသည်။ ယာဉ်တိုက်မှုများလျှော့ချနိုင်စေရန်အတွက် ယာဉ်စည်းကမ်းထိန်းသိမ်းရေးဌာနနှင့် ဆေးရုံများရှိ ကျန်းမာရေးဌာနမှ တာဝန်ရှိသူများ၊ ကျောင်းသားလူငယ်များအား ပြန်လည်အသိပညာပေးနိုင်မည့် ကျောင်းဆရာ၊ ဆရာမများပါဝင်သည့် ပညာရေးဘက်မှ တာဝန်ရှိသူများ စသည့်အဖွဲ့အစည်းများ စုပေါင်း၍ မတ်လအတွင်းက အလုပ်ရုံဆွေးနွေးပွဲတစ်ခုပြုလုပ်ခဲ့သည်။

# ပြည်ပမှတင်သွင်းလာသော ယာဉ်၆,၀၀၀ ကျော် စီအင်န်ဂျီပြောင်းပြီး

**မိုးညို၊ ဆွေမွန်**

**ရန်ကုန်၊ မေ-၅**

ပြည်ပမှတင်သွင်းလာသော ယာဉ်အစီးရေ၆,၀၀၀ကျော်ကို သဘာဝဓာတ်ငွေ့(CNG)အဖြစ် ပြောင်းလဲတပ်ဆင်ပေးပြီးဖြစ်ကြောင်း မြန်မာရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းမှ အထွေထွေမန်နေဂျာက ပြောသည်။

ပြောင်းလဲတပ်ဆင်ရန် ဌာနသို့ လျှောက်ထားသည့် ယာဉ်အစီးရေ၇,၀၀၀ကျော်မှ မေလ ၂ရက်စာရင်းများအရ ၆,၂၀၀ ကျော်ကို ပြောင်းလဲတပ်ဆင်ပေးခဲ့ခြင်းဖြစ်ပြီး ၈၀၀ ကျော်သာ ကျန်ရှိတော့ကြောင်း သတင်းရရှိသည်။ ခွင့်ပြုလိုက်သည့် ယာဉ်များအနက် စင်းလုံးငှားယာဉ်နှင့် တက္ကစီယာဉ် ၅,၀၀၀ ကျော်မှာ အများဆုံးဖြစ်ပြီး ခရီးသည်တင်ယာဉ်ဘတ်စ်ကား ၂၀၀ ကျော်ကိုလည်း ဦးစားပေးစနစ်ဖြင့် ပြောင်းလဲတပ်ဆင်ပေးလိုက်ကြောင်း ထုတ်ပြန်သည်။

ယခင်က ပြည်ပမှ တင်သွင်းပြီးစီအင်န်ဂျီပြောင်းရန်တင်ပြထားသည့် ဘတ်စ်ကားများတွင် ယခင်ကရရှိခဲ့သော ပမာဏထက်လျော့ကျ၍ ရရှိခြင်း၊ မြို့တွင်းမောင်း တက္ကစီများတွင်လည်း စီအင်န်ဂျီပြောင်းလဲရန် လျှောက်ထားပါက ယာဉ်အစီးရေရာကျော်၌ ကြန့်ကြာမှုများရှိခဲ့ကြောင်း ရန်ကုန်မြို့မှ ယာဉ်ပိုင်ရှင်အချို့က ပြောသည်။

သဘာဝဓာတ်ငွေ့ပြောင်းလဲတပ်ဆင်ရေးလုပ်ငန်းသည် ရန်ကုန်မြို့ရှိ လူဦးရေအများဆုံးအသုံးပြုနေသည့် ဘတ်စ်ကားများကို ဦးစားပေးစနစ်ဖြင့် ဆောင်ရွက်ပေးခဲ့သောကြောင့် ယခုလိုအိမ်စီးယာဉ်ငယ်များ၌ ကြန့်ကြာခြင်းများဖြစ်ပေါ်ခဲ့သည်ဟု မော်တော်ယာဉ်သုံးသဘာဝဓာတ်ငွေ့ဌာနမှ သတင်းရရှိသည်။

သဘာဝဓာတ်ငွေ့ပြောင်းလဲတပ်ဆင်ရေးလုပ်ငန်းမှ ထုတ်ပြန်ချက်များအရ တစ်နေ့လျှင် စီအင်န်ဂျီသုံးယာဉ်များအတွက် ဓာတ်ငွေ့ ကုဗပေ ၁၈ သန်းမှသန်း ၂၀ အထိရှိပြီး ရန်ကုန်မြို့တွင် သဘာဝဓာတ်ငွေ့ဆိုင်ပေါင်း (၄၁) ဆိုင်ရှိသည်။



7 DAY NEWS JOURNAL
Vol.12, No.9 • MAY 8 , 2013

## CRIME CORNER မှုခင်းသတင်း

## ဓာတ်လိုက်၍ တစ်ရက်တည်း လူနှစ်ဦးသေ

သန်းဌေး

ရန်ကုန်၊ မေ-၄

အဝေးသင်တက္ကသိုလ်ကျောင်းသူတစ်ဦး အဝတ်လှမ်းရင်း တီဗွီအင်တာနာအား ကိုင်မိသောကြောင့် ဓာတ်လိုက်သေဆုံးသွားကြောင်းသတင်းရရှိသည်။

ဖြစ်ပွားပုံမှာ လှည်းကူးမြို့နယ်၊ ရိပ်သာရပ်ကွက်၊ အနောက်မင်းလမ်းတွင် နေထိုင်သော အသက် ၂၂နှစ်ရှိ ဒဂုံအဝေးသင်တက္ကသိုလ် ရုက္ခဗေဒတတိယနှစ်ကျောင်းသူတစ်ဦးသည် မေ ၃ရက်နေ့လယ်၁၁နာရီခွဲတွင်နေအိမ်အပေါ်ထပ်၌ အဝတ်များအား အိမ်ရှေ့ဝရန်တာတွင် နေလှန်းနေစဉ် တီဗီအင်တာနာကို ကိုင်မိသောကြောင့်ဓာတ်လိုက်ကာသေဆုံးသွားကြောင်း သတင်းရရှိသည်။

ထို့ကြောင့်လှည်းကူးရဲစခန်းက သေမှုသေခင်းအမှတ်စဉ် ၉/၁၃ ဖြင့် အမှုဖွင့်စစ်ဆေးနေကြောင်း ရန်ကုန်တိုင်း ဒေသကြီးရဲတပ်ဖွဲ့မှတ်တမ်းများအရသိရှိရသည်။

အဆိုပါဖြစ်စဉ်နှင့် တစ်ရက်တည်းမှာပင် ဗဟန်းမြို့နယ် ငါးထပ်ကြီးအနောက်ရပ်ကွက်တွင်လည်း အသက်၃၉နှစ်ရှိ အမျိုးသားတစ်ဦး သည် ဈေးခုံရိုက်နေစဉ် လျှပ်စစ်စီးဝင်နေသော အိမ်ဘေးတွင်ကာရံထားသည့် သွပ်ပြားအား သွားထိမိသောကြောင့် ဓာတ်လိုက်သေဆုံးသော အမှုတစ်ခုလည်းဖြစ်ခဲ့သေးသည်။

အဆိုပါ ဖြစ်စဉ်ကိုလည်း ဗဟန်းစခန်းမှ သေမှုသေခင်းအမှတ်စဉ် ၆/၁၃ဖြင့် အမှုဖွင့်ထားကြောင်း သတင်းရရှိသည်။

## ၂၀၁၅ တွင် အဓမ္မခိုင်းစေမှု ပပျောက်ရေးစီမံချက်ရေးဆွဲမည်

အောင်သူရ

ရန်ကုန်၊

မေ-၁

အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ (ILO)နှင့် ပူးပေါင်း၍ ၂၀၁၅ ခုနှစ်တွင် မြန်မာနိုင်ငံ၌ အဓမ္မခိုင်းစေမှု လုံးဝပပျောက်ရေးလုပ်ငန်းစီမံချက်ကို ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က အလုပ်သမားနေ့အတွက် ပေးပို့သောသဝဏ်လွှာတွင် ဖော်ပြထားသည်။

“ ILO နဲ့ ပေါင်းပြီး အစီအစဉ် ခုနစ်ခုခွဲပြီး ဆောင်ရွက်နေပါတယ်။ အသိပညာပေးလုပ်ငန်းတွေပါ တယ်။ အလုပ်ရှင်တွေနဲ့ ဝန်ထမ်းတွေ ဥပဒေကို လေးစားဖို့လည်းပါတယ်”ဟု ဦးမျိုးအောင်ကဆိုသည်။

အတင်းအဓမ္မခိုင်းစေမှုများသည် ရန်ကုန်မြို့နှင့်ဝေးသော နေရာများတွင် အောက်ခြေရှိ အုပ်ချုပ်ရေး ဝန်ထမ်းများက အများဆုံး ပြုလုပ်ကြကြောင်း လူ့အခွင့်အရေးတက်ကြွလှုပ်ရှားသူတစ်ဦးဖြစ်သူ မစုစုနွေးက ပြောသည်။

“ရောဝတီတိုင်း၊ မော်လမြိုင်ကျွန်းမြို့နယ်ထဲက ကုန်းတစ်တန်၊ ရေတစ်တန်သွားရတဲ့ ရွာတွေမှာ အောက်ခြေဝန်ထမ်းတွေက ရွာသားတွေကို အတင်းအဓမ္မကင်းစောင့်ခိုင်းတာတွေရှိတယ်” ဟု မစုစုနွေးကပြောသည်။

နိုင်ငံတကာအလုပ်သမားအဖွဲ့များ ဖွဲ့စည်းခွင့်မရှိခြင်းနှင့် အဓမ္မခိုင်းစေမှုများရှိခဲ့သဖြင့် အမေရိကန်နိုင်ငံနှင့် ဥရောပနိုင်ငံများက မြန်မာနိုင်ငံမှ တင်ပို့သောကုန်ပစ္စည်းပေါ်ပေးထားသည့် အထူးအခွန်ကင်းလွတ်ခွင့်ကိုပြန်လည်ရုပ်သိမ်းခဲ့သည်။

သို့သော် ဦးသိန်းစိန်အစိုးရတက်လာပြီး အလုပ်သမားအခွင့်အရေးနှင့်ပတ်သက်၍ ဥပဒေသစ်များပြဋ္ဌာန်းပြီး လွတ်လပ်စွာသင်းပင်းဖွဲ့စည်းခွင့်များ ပြုခဲ့သည်။

## ကုန်းတွင်းရေနံလုပ်ကွက်လုပ်ကိုင်ခွင့်ရ ပြည်ပကုမ္ပဏီစာရင်း ငါးလကြာလျှင် ကြေညာမည်

အိဖြူမွန်

ရန်ကုန်၊

မေ-၄

ကုန်းတွင်းရေနံသဘာဝဓာတ်ငွေ့လုပ်ကွက် ၁၈ကွက်အတွက် လုပ်ကိုင်ခွင့်ရသည့်ကုမ္ပဏီများစာရင်းကို ငါးလအကြာတွင် ထုတ်ပြန်မည်ဖြစ်ကြောင်း စွမ်းအင်ဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။ ပဏာမရွေးချယ်ထားသည့် ကုမ္ပဏီ ၅၉ခုမှ ထပ်မံရွေးချယ်မည်ဖြစ်ပြီး လုပ်ကိုင်ခွင့်ရသည့် ကုမ္ပဏီစာရင်းကို စက်တင်ဘာအကုန်တွင် ကြေညာမည်ဖြစ်ကြောင်း စွမ်းအင်ဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြော သည်။

“နိုင်ငံတကာမှာလည်း ကုမ္ပဏီ ရွေးချယ်တဲ့အခါ ဒီလိုပဲ အချိန်ယူပါတယ်။ ဒီလောက်အချိန်ယူတာဟာ အမြန်ဆုံးအချိန်ပဲ” ဟု အထက်ပါပုဂ္ဂိုလ်က ပြောသည်။

ယခုလတွင် ပဏာမ ရွေးချယ်ထားသည့် ကုမ္ပဏီ ၅၉ ခုကို စွမ်းအင်ဝန်ကြီးဌာနက လုပ်ကွက်အသစ်များနှင့် ပတ်သက်ပြီး အသေးစိတ်အချက်အလက်များပေးကာမည်သည့်လုပ်ကွက်တွင် လုပ်ကိုင်လိုကြောင်းကို ကုမ္ပဏီများဘက်ကနှစ်လအချိန်ယူကာထပ်မံတင်ဒါတင်ရမည်ဖြစ်ကြောင်း ၎င်းကပြောသည်။

ဝန်ကြီးဌာနက ပဏာမ ရွေးချယ်ထားသည့်ကုမ္ပဏီစာရင်းတွင် ဩစတြေးလျနိုင်ငံမှ ကုမ္ပဏီအများဆုံးပါဝင်ပြီး အိန္ဒိယနိုင်ငံက ဒုတိယ၊ ဗြိတိန်နိုင်ငံက တတိယအများဆုံးဖြစ်ကာ မြန်မာနိုင်ငံတွင် မည်သည့်ကဏ္ဍမဆိုရင်းနှီးမြှုပ်နှံမှုများရှိနေသည့် တရုတ်နိုင်ငံမှ ကုမ္ပဏီတစ်ခုတည်းကိုသာ ရွေးချယ်ထားကြောင်း စွမ်းအင်ဝန်ကြီးဌာနမှသတင်းရရှိသည်။

ကုန်းတွင်းရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ကွက် ၁၈ခုတွင် သုံးကွက်မှာထုတ်ယူနေဆဲလုပ်ကွက်သုံးကွက်ပါဝင်ပြီး ကျန်လုပ်ကွက်များကို မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် စမ်းသပ်ရှာဖွေရမည်ဖြစ်သည်။

## မြေနီကုန်းနှင့် ရှစ်မိုင်ခုံးကျော်တံတားများ တည်ဆောက်ရန် စစ်တမ်းကောက်

ဆွေမွန်

ရန်ကုန်၊ မေ-၄

ခုံးကျော်တံတားများ တည်ဆောက်ရန်လျာထားသော ရှစ်မိုင်လမ်းဆုံနှင့် မြေနီကုန်းလမ်းဆုံအတွက် စစ်တမ်းကောက်ယူလျက်ရှိပြီး မြို့ပြစီမံကိန်းများနှင့် သင့်မသင့်ကို ချင့်ချိန်ကာဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ သတင်းရရှိသည်။

ထိုနေရာများရှိ ယာဉ်သွားလာမှုမှတ်တမ်းများကို သတ်မှတ်ရက်အလိုက် အသေးစိတ်မှတ်တမ်းပြုစုနေရာ အချိန်ကာလအားဖြင့် နှစ်လကျော်ကြာမြင့်နိုင်ပြီး ထိုစစ်တမ်းများအရ မြို့ပြစီမံကိန်းလုပ်မည့် အစီအစဉ်များနှင့် ညှိနှိုင်းပြီးမှသာ သိရှိမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား)မှ အရာရှိတစ်ဦးက ပြောသည်။

“ဒီတံတားနှစ်စင်းက ဖြစ်ချင်လည်းဖြစ်မယ်၊ဖြစ်ချင်မှလည်းဖြစ်နိုင်တယ်။ ရတဲ့စစ်တမ်းတွေကို မြို့ပြ စီမံကိန်းတွေနဲ့ ညှိနှိုင်းပြီးမှ ဆောက်မယ်မဆောက်ဘူးဆိုတာသိမှာ”ဟု ၎င်းကပြောသည်။

နေ့စဉ် ယာဉ်သွားလာအသုံးပြုမှုနှင့် မီးပွိုင့်စနစ်၊ လမ်းကြောများအသုံးပြုမှုအတွက် ရန်ကုန်တိုင်းဒေသ ကြီးအစိုးရအဖွဲ့မှ ကုမ္ပဏီတစ်ခုအား ကွင်းဆင်း၍ မှတ်တမ်းပြုစုစေခဲ့ခြင်းကို မတ်လမှ စတင်ဆောင်ရွက်စေခဲ့သည်။



ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

ထိုခုံးကျော် တံတားများမှာ လက်ရှိတွင်လျာထားသည့်အခြေအနေသာရှိသော်လည်းစီးပွားရေးလုပ်ငန်းများအနေဖြင့် တည်ဆောက်ခွင့်ပေးပါက လုပ်ကိုင်လိုကာ ယင်းလုပ်ငန်းရှင်များအနက် ယခင် ခုံးကျော်တံတားများ ဆောက်လုပ်ခွင့်ရခဲ့သည့် ကုမ္ပဏီအချို့ပါဝင်နေကြောင်းသိရသည်။

ရွှေဂုံတိုင် ခုံးကျော်တံတားစီမံကိန်းကိုတာဝန်ယူတည်ဆောက်နေသည့် Capital Life ကုမ္ပဏီကလည်း ဆက်လက်ဆောက်လုပ်ရန်လျာထားသည့် တံတားနှစ်စင်းကို စိတ်ဝင်စားပြီး လုပ်ငန်းရှင်များ ခေါ်ယူ၍ လုပ်ကိုင်ခွင့်ပေးပါက တာဝန်ယူ ဆောက်လုပ်လိုကြောင်း ယင်းကုမ္ပဏီပါဝင်သည့် Diamond Star ကုမ္ပဏီအုပ်စုမှ အကြီးအကဲ ဦးကိုကိုကြီးက ပြောသည်။

စာ(၈)သို့



Life
7Day NEWS JOURNAL
Vol.12, No.9 • MAY 8 , 2013

# တစ်ဝမ်းတစ်ခါးအတွက် နေပူကျဲအောက် တိုးဝင်ရသူများ

**ညီညီဇော်**

မန္တလေးမြို့ရဲ့နွေနေ့လယ်ခင်းက အပူရှိန်တွေ တစ်စတစ်စမြင့်တက်လာသည်။ အပူရှောင်သူတို့ကြောင့် လမ်းမထက်များမှာ လူသွားလူလာ ကျဲပါးစပြုလာသည်။ လူသွားလူလာ ရှင်းလင်းစပြုနေသော မြို့လယ်လမ်းမတစ်ခုထက်တွင် အမှိုက်အတို အစများ အပြည့်တင်ဆောင်ထားသည့် တွန်းလှည်းတစ်ခုကို အဝတ်အစားခပ်နွမ်းနွမ်းဝတ်ထားသော အမျိုးသမီးတစ်ဦးတွန်းလာနေသည်။

တစ်မနက်ခင်းလုံး နေပူထဲ ရပ်တကာလှည့်ပြီး အမှိုက်သိမ်းခဲ့ရသောကြောင့် တော်တော်လေး နွမ်းလျနေပြီဖြစ်သည်။ အမှိုက်တွန်းလှည်းရဲ့ လက်ကိုင်ဘောင်တန်းမှာချည်ထားတဲ့ ပုခက်ထဲမှာ အိပ်ရင်းလိုက်ပါလာတဲ့ (၂)နှစ်အရွယ် သားငယ်ကတော့ နေအပူကြောင့် နိုးထလာရင်း သူ့မိခင်ကို ရယ်ပြသည်။

"ကလေးက အိမ်မှာဘယ်လိုမှမနေလို့ ခေါ်လာရတာ။ ဒီကျတော့လည်း နေပူလို့မနေနိုင်တော့ ငိုပြန်ရော"ဟု ပြောရင်း ကလေးကို ကောက်ချီလိုက်သည်။

၎င်းသည် မန္တလေးမြို့ မဟာအောင်မြေမြို့နယ်အတွင်း နေ့စဉ်အမှိုက်များကို တွန်းလှည်းဖြင့်လိုက် လံသိမ်းဆည်းသည့် လုပ်ငန်းလုပ်ကိုင်နေသူ အသက် (၄၀) အရွယ် ဒေါ်ထွေးထွေးဖြစ်သည်။

"နေကတအားပူတော့ နားချင်တယ်။ ဒါပေမဲ့ နားလို့လည်း မဖြစ်ပြန်ဘူး။ ပါးစပ်ပေါက်တွေက ရှိသေးတယ်"ဟု ပြောရင်း နဖူးက ချွေးစတွေကို လက်ဖမိုးဖြင့် သုတ်သည်။

မန္တလေးမြို့သည် ယခင်နှစ်များနည်းတူ အပူဒဏ်ကို အလူးအလဲခံစားရသည်။ ယမန်နှစ် ၂၀၁၂ ခုနှစ်၊ ဧပြီလနှောင်းပိုင်းက အမြင့်ဆုံးအပူချိန်မှာ ဧပြီလ ၁၉ ရက်နှင့် ၂၆ ရက်များတွင် ၄၂ ဒသမ ၅ စင်တီဂရိတ်အထိသာရှိခဲ့ပြီး ယခုနှစ်တွင်မူဧပြီလ ၁၃ ရက်က ၄၃ ဒသမ ၇ စင်တီဂရိတ်အထိမြင့်တက်ခဲ့ကာ ယမန်နှစ်ထက် အပူချိန်ပိုမိုပြင်းထန်သည်။ သို့သော် အပူဒဏ်ကြောင့် ရောက်ရှိလာသည့်လူနာမျိုးတော့ မရှိသေးဟု မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး ဆေးလူမှုဆက်ဆံရေးဌာန တာဝန်ရှိသူတစ်ဦးက ပြောသည်။ ၂၀၁၀ ပြည့်နှစ် မေလ ၁၂ ရက် က ၄၅ စင်တီဂရိတ်ရှိခဲ့ပြီး မန္တလေးမြို့ရှိ သက်ကြီးရွယ်အိုနှင့် ကလေးသူငယ်အချို့ အပူဒဏ်ကြောင့် အသက်သေဆုံးသည်အထိဖြစ်ပွားခဲ့ဖူးသည်။

မေလ ၁ ရက်က ၄၂ စင်တီဂရိတ်ရှိခဲ့ပြီး ၎င်းရက်နောက်ပိုင်း မိုးအနည်းငယ်ရွာသွန်းခဲ့သောကြောင့် အပူချိန်အနည်းငယ်လျော့နည်းခဲ့ကာ မေလ ၂ ရက်တွင် ၃၂ စင်တီဂရိတ် သို့ ကျဆင်းလာခဲ့၍ အပူဒဏ် ခေတ္တခဏသက်သာရာရနေသည်။

ဒေါ်ထွေးထွေးလို ချွေးစတွေကို သုတ်ရင်း နွေအပူကျဲကျဲထဲကို တိုးဝင်နေရသူတွေက ဒုနဲ့ဒေး။ မန္တလေးမြို့ကနေ ပြင်ဦးလွင်မြို့ အသွားအုန်းချောကျေးရွာက ကျားခေါင်းတောင်မှာ ကျောက်ဖြိုသည့် လုပ်ငန်းလုပ်ကိုင်နေသူအသက် (၄၅)နှစ်အရွယ် ဒေါ်သောင်းညွန့်ကတော့ အပူဒဏ်ကြောင့် ရင်တွေတုန်၊ ချွေးတွေကထွက်၊ ခေါင်းထဲ ကမိုက်ခနဲဖြစ်သည်မှာလည်း ခဏခဏဟုဆိုသည်။ နေအပူဒဏ်ကို ကာကွယ်ဖို့ လိမ်းလာသည့် သနပ်ခါးတွေကလည်း အပူရှိန်ကြောင့်ထွက်လာသည့်ချွေးတို့နှင့် အတူ ပျောက်ကွယ် သွားတတ်သည်။ ခြေဖမိုးနှင့် ခြေဖဝါးတွေလည်း အပူလောင်ကာ ပေါက်ပြဲကုန်၏။ ကိုးတန်းဖြေပြီး ကျောင်းအားရက်ခေတ္တလာကူသည့် သမီးငယ်က အပူဒဏ်မခံနိုင်၍ အခြားလုပ်ငန်းပြောင်းခိုင်းပေးရန် ပူဆာသည့်အခါ ဒေါ်သောင်းညွန့် စိတ်မကောင်း။ ညပိုင်းမောပန်းပြီး ပြန်လာတော့ ဖအေတစ်လှည့်၊ မအေတစ်လှည့်၊ သားတစ်လှည့် အပြန်အလှန်လှန်နင်းပေးရင်း နောက်နေ့အတွက် အားမွေးရပြန်သည်။ ဒီလိုနှင့်မှ အညောင်းအညာမပြေချင်သေးလျှင် လမ်းထိပ်ဆေးဆိုင်ကနေ ငါးဆယ်တန် အကိုက်အခဲပျောက်ဆေး ဝယ်ကာ မော့ချလိုက်သည်။ "ဆရာဝန် တွေကတော့ အကိုက်အခဲ ပျောက်ဆေးတွေ ခဏခဏမသောက်ဖို့မှာတယ်။

**စာမျက်နှာ(၂၅)သို့**



*နွေနေ့လယ် နေပူကျဲကျဲအောက်က ကျောက်သယ်အလုပ်သမများ*

*ဓာတ်ပုံ-ညီညီဇော်*



7DAY NEWS JOURNAL
Vol.12, No.9 • MAY 8 , 2013

# အထီးကျန်ဘားမား

ညဏ်ရည်မြင့်ပြီး အသိုင်းအဝိုင်းနှင့်နေတတ်သူများသည် အထီးကျန်နေရလျှင် စိတ်ဆင်းရဲပြီး အသက်မရှည်တတ်ကြဟု စိတ်ပညာရှင်များကဆိုသည်။ သို့သော် မွေးရပ်မြေနှင့်ဝေးကွာလှသည့် နယူးဇီလန်နိုင်ငံရောက် မြန်မာပြည်သား ဘားမားကတော့ကေစာရီကျင့်နေရရှာသည်။

အုတ်ကလန်မြို့၊ တိရစ္ဆာန်ရုံကိုရောက်နေသည့်ဘားမားကို သူမွေးဖွားရာနိုင်ငံ၏အမည်ပေးထားသည်ဟုဆိုသည်။ အုတ်ကလန်ရှိ ထိုင်းနိုင်ငံဖွား ကာရှင်အမည်ရှိ



*ဆင်မလေး ဘားမား*

ဆင်မလေးနှင့် အဖော်ရရန် ဘားမားကို ၁၉၉၀ပြည့်နှစ်တွင်ခေါ်ဆောင်လာခဲ့သည်။ ကာရှင်နှင့် ဘားမားတို့ညီအစ်မချစ်ကြည်ရင်းနှီးစွာ ၁၉ နှစ်တာအတူနေထိုင်ခဲ့ပြီး ၂၀၀၉ ခုနှစ်၌ အသက်(၄၀)အရွယ်တွင် ကာရှင်သေဆုံးသွားခဲ့သည်။ တစ်ကောင်တည်းအဖော်မဲ့ကျန်ရစ်သော ဘားမားအတွက် အုတ်ကလန်တိရစ္ဆာန်ရုံက စိုးရိမ်ကြောင်း ထုတ်ဖော်ပြောဆိုလာသည်။ အသက် (၂၉)နှစ်ရှိပြီဖြစ်သည့် ဘားမားသည် နောက်ထပ်အနှစ် ၄၀ ခန့်အထိ အသက်ရှည်နိုင်သော်လည်း အပေါင်းအဖော်ရှိမှသာ ကျန်းမာပျော်ရွှင်နိုင်မည်ဟု တိရစ္ဆာန်ရုံတာဝန်ရှိသူများက ဆိုသည်။

**စာမျက်နှာ(၇)သို့**



## ငါးတန်အချဥ်ဆီပြန်

ဒီတစ်ပတ်ဝိုက်ဖီက ငါးတန်ဟင်းကို ချဥ်ချဥ်မွှေးမွှေးလေးနဲ့ အအီပြေ ချက်ထားပါတယ်။ ငါးတန်ဗိုက်သားလေးတွေကို အနေတော် အတုံးလေးတွေတုံး၊ ကြက်သွန်ဖြူထောင်းအရည်ညှစ်ထည့်၊ ဆား၊ နနွင်းတို့နယ်၊ ပြီးရင်ခဏနှပ်ထားပါ။

ဟင်းအနှစ်အတွက် ကြက်သွန်ဖြူနီထောင်းပါမယ်။ ကြက်သွန်နီဆီသတ်တဲ့အခါ မဆလာလေးထည့်သတ်ပါ။ အဲဒီနောက် နှပ်ထားတဲ့ငါးတန်သားကိုထည့်ပါမယ်။ ဆီပူပေးပြီး အနံ့ပျောက်လောက်အောင်ထားပြီးရင် ရေထည့်ပါ။ ၁၅မိနစ်လောက်ကြာလို့ ငါးတန်သားလေးနူးအိလောက်ရင် မန်ကျည်းအနှစ်လေးထည့်ပြီး ဆီပြန်ရင် နံနံပင်အုပ်ပြီး ချလို့ရပါပြီ။

အနံ့ကြောင့် ဒါမှမဟုတ်ဆီတွေနဲ့ အီလို့မစားနိုင်တဲ့သူတွေ အရသာရှိတဲ့ငါးတန်သားကိုဒီလိုလေး ချက်ပြုတ်ပြီး မြည်းစမ်းနိုင်မှာပါ။









7 DAY NEWS JOURNAL
Vol.12, No.9 • MAY 8 , 2013

စာမျက်နှာ(၆)မှ

## အထီးကျန် ဘားဖား

၂၀၁၀ ပြည့်နှစ်တွင် ငယ်ရွယ်သော ဆင်ပေါက်နှစ်ကောင်ကို တင်သွင်းပြီး ဘားမားအဖော်ရအောင် စတင်ကြံဆောင်ခဲ့သည်။ အမေရိကန်ဒေါ်လာ ၃ဒသမ၂ သန်းအကုန်အကျခံကာ ခွင့်ပြုချက်၊ စာရွက်စာတမ်းများစွာကို ကျော်ဖြတ်ခဲ့သော်လည်း များစွာနှောင့်နှေးကြန့်ကြာနေရဆဲဖြစ်သည်။

၂၀၁၁ ခုနှစ်၊ မတ်လတွင်တော့ ၂နှစ်ကြာ အထီးကျန်ဖြစ်နေသော ဘားမားအဖော်ရရန် အသက် (၁၁)နှစ်ရှိ ချယ်ရီအမည်ရှိ မြင်းတစ်ကောင်နှင့်အတူထားရန် ကြိုးစားခဲ့ပြန်သည်။ သို့သော် ဘားမားက ချယ်ရီကို အဖော်အဖြစ် လက်မခံသဖြင့် နှစ်လအကြာတွင် ပြန်ခွဲလိုက်ရပြန်သည်။ နိုင်ငံတကာမှ တိရစ္ဆာန်များအကြောင်း ကျွမ်းကျင်သူများက ဘားမား၏ အမူအကျင့်ကို မျက်ခြည်မပြတ်စောင့်ကြည့်နေပြီး အစောင့်များကလည်း သူ့ကို ဂရုတစိုက်လေ့ကျင့်ခန်းပုံမှန်လုပ်ပေးနေရသည်။

တောထဲတွင် သဘာဝအတိုင်း နေထိုင်ခြင်းကသာ ဆင်များအတွက် အကောင်းဆုံးဖြစ်သည်ဆိုသည့်အချက်ကို အုတ်ကလန်တိရစ္ဆာန်အရေးဆောင်ရွက်သည့် အဖွဲ့များက တညီတညွတ်တည်း သဘောတူကြသည်ဟုဆိုသည်။ မိသားစုအသိုင်းအဝိုင်းကို တွယ်တာသော ဉာဏ်ရည်အဆင့်မြင့်သော ဆင်များ၏ သဘာဝကိုလွန်ဆန်၍ ယခုသုံးနှစ်ကျော်အထိ အထီးကျန်နေရသော ဘားမား၏ ကျန်းမာရေးအတွက် စိုးရိမ်နေကြသောကြောင့် ဘားမားကို အိမ်နှင့်အနီးဆုံးနေရာတစ်ခုတွင် အသက်ထက်ဆုံးနေထိုင်သွားရန် လိုလားနေကြသည်ဟုလည်း အုတ်ကလန်အတိုင်ပင်ခံတစ်ဦးဖြစ်သူ ဒေါက်တာကက်သီကေစီက ဧပြီလ ၃၀ ရက်ထုတ် The New Zealand Herald သတင်းစာ၌ ရေးသားလိုက်သည်။

တိရစ္ဆာန်အခွင့်အရေးအလေးထားသောသူများဖြစ်သည့် အားလျော်စွာ ဘားမားကို ပြည်တော်မပြန်နိုင်ခဲ့သော်မှ ရေမြေသဘာဝနီးစပ်တူညီရာနေရာတစ်ခုတွင် အခြားဆင်များနှင့် တစ်စုတစ်ဝေးနေခွင့်ရရန် စီစဉ်ကြလိမ့်မည်ဟု ယူဆလိုက်ရပါသည်။

(ဒေါက်တာ Cathy Casey ၏ ဆောင်းပါးကို ခင်မေဇော် ဘာသာပြန်ဆိုသည်)

မူရင်း http://www.nzherald.co.nz/opinion/news/article.cfmc-id

# ဖမ်းမိမှောင်ခိုနွားများ တောင်သူများကို ရောင်းမည်

ငြိမ်းချမ်း

ရန်ကုန်၊ မေ-၆

တရုတ်နိုင်ငံသို့ မှောင်ခိုတင်ပို့နေသော နွားများကိုဖမ်းဆီး၍ ပြင်ဦးလွင်မြို့နယ်အတွင်းရှိ တောင်သူလယ်သမားများထံ ဈေးနှုန်းချိုသာစွာဖြင့် လေလံတင်ရောင်းချမည်ဖြစ်ကြောင်း သတင်းရရှိသည်။


စစ်ကိုင်းဆွမ်းချက်နွားပွဲဈေးတွင် နွားရောင်းဝယ်နေကြစဉ်

၂၀၁၃ ခုနှစ် အစောပိုင်းလများတွင် တရုတ်နိုင်ငံသို့ မှောင်ခိုတင်ပို့ရန်သယ်ဆောင်လာသော နွားအကောင်ရေ ၈၀ ကျော်ကို ဖမ်းဆီးခဲ့ပြီး နွားအကောင်ရေ၅၀ ကိုတောင်သူလယ်သမားများအား လေလံပေးမည်ဖြစ်ကြောင်း အဆိုပါလေလံအဖွဲ့မှ ဥက္ကဋ္ဌ ပြင်ဦးလွင်မြို့နယ်တရားသူကြီး ဦးကြည်စိုးက ပြောသည်။

"ဖမ်းဆီးထားတဲ့ နွားတွေကို ရက်ပေါင်းခြောက်ဆယ်စောင့်ရပါတယ်။ အယူခံပြင်ဆင်ပြီးရင် တောင်သူတွေအတွက်လေလံတင်ပေးမှာပါ"ဟု ဦးကြည်စိုးက ပြောသည်။

အဆိုပါဖမ်းဆီးရမိသောနွားများကိုတောင်သူလယ်သမားတစ်အိမ်ထောင်လျှင် နွားနှစ်ကောင်ထိန်းသိမ်းစောင့်ရှောက်ခွင့်ပေးထား၍ အဆိုပါထိန်းသိမ်းခ ရက်ပေါင်း၆၀ အတွက်နွားတစ်ကောင်လျှင် ကျပ်နှစ်သိန်းရရှိကြောင်း သတင်းရရှိသည်။

၂၀၁၂ခုနှစ်အတွင်းက မှောင်ခိုတင်သွင်းလာသော နွားအကောင်ရေ ၂၄၄ကောင်ကိုဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

"ဒီဘက်မှာက မှောင်ခိုတင်ပို့နေတဲ့ နွားတွေကများတယ်။ အခုလိုဖမ်းပြီးတော့ တောင်သူတွေအတွက်လေလံတင်ပေးနေတာပါ" ဟု ပြင်ဦးလွင်မြို့နယ် မွေးမြူရေးနှင့်ဆေးကုသရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

တရုတ်နိုင်ငံသို့ နွားများတင်ပို့ရာတွင် ရှမ်းပြည်နယ် မြောက်ပိုင်းမှ တရားမဝင်အများဆုံးတင်ပို့နေကြောင်း သတင်းရရှိသည်။

မေ ၃ ရက်တွင်လည်း မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်၊ သိမ်ဇရပ်ရဲစခန်းမှ ထိုင်းနိုင်ငံသို့ တင်ပို့ရန်အတွက် တရားမဝင်သယ်ဆောင်လာသော နွားအထီး ၁၅ ကောင်ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။ မြန်မာနိုင်ငံမှ နွားများကိုတရားမဝင်လမ်းကြောင်းဖြင့် ကျိုက်ထို၊ မြဝတီလမ်းကြောင်းမှ ထိုင်းနိုင်ငံသို့ မူဆယ်လမ်းကြောင်းမှတရုတ်နိုင်ငံသို့အသီးသီး တင်ပို့နေကြောင်း သတင်းရရှိသည်။



7 DAY NEWS JOURNAL
Vol.12, No.9 • MAY 8 , 2013

## ၂၀၁၃ မေ၈ရက်မှ ၁၄ရက်အထိ မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော်မှာ တိမ်အနည်းငယ်ဖြစ်ထွန်းနိုင်ပြီး၊ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းရှိ မြန်မာနိုင်ငံ ရေပိုင်နက်နဲ့ဝေးတဲ့ သီရိလင်္ကာနိုင်ငံအနီးတွင် လေဖိအားနည်းရပ်ဝန်းတစ်ခုဖြစ်ပေါ်လာရာမှ မုန်တိုင်းငယ်တစ်ခု ဖြစ်လာနိုင်ပါတယ်။ မြန်မာနိုင်ငံတောင်ပိုင်းသို့ မုတ်သုံလေ စတင်ဝင်ရောက်နိုင်ပါတယ်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေ**

မြန်မာ့ပင်လယ်ပြင်မှာ လှိုင်းအနည်းငယ်ရှိနိုင်ပြီး ရခိုင်ကမ်းရိုးတန်းနဲ့ ကမ်းလွန်ပင်လယ်ပြင်တို့တွင် လှိုင်းအမြင့် ၃ ပေ မှ ၄ ပေခန့်နဲ့ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအမြင့် ၁ ပေ မှ ၂ ပေခန့် ရှိနိုင်ပါတယ်။

**နေ့အပူချိန်များအခြေအနေ**

အထက်ပိုင်းဒေသများ အပူချိန်လျော့ကျလာနိုင်ပါတယ်။ စစ်ကိုင်းတိုင်း အောက်ပိုင်း၊ မန္တလေးတိုင်း၊ မကွေးတိုင်း၊ ပဲခူးတိုင်း၊ ဧရာဝတီတိုင်းနဲ့ ရန်ကုန်တိုင်း နေ့အပူချိန်များ ၃၈-၄၀ ဒီဂရီစင်တီဂရိတ်ခန့်အထိ မြင့်တက်နေနိုင်ပါတယ်။ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နဲ့ တနင်္သာရီတိုင်းတို့မှာ ၃၄ - ၃၇ ဒီဂရီစင်တီဂရိတ်ခန့်နဲ့ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ကယားပြည်နယ်၊ ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်မြောက်ပိုင်းတို့တွင် ၃၁-၃၃ ဒီဂရီစင်တီဂရိတ်ခန့် ရှိနိုင်ပါတယ်၊

**ခရမ်းလွန်ရောင်ခြည် ကျရောက်နိုင်မှုအခြေအနေ**

မိုးရွာသွန်းမှုများတိုးလာမှုကြောင့် အထက်ပိုင်းဒေသများတွင် UV Index တန်ဖိုးများ လျော့နည်းလာနိုင်ပါတယ်။ နေ့ ၁၀ နာရီမှ ၁ နာရီအတွင်း ခရမ်းလွန်ရောင်ခြည် အညွှန်းကိန်းအားဖြင့် ဧရာဝတီတိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်း၊ ကရင်ပြည်နယ်၊ ကယားပြည်နယ်တို့မှာ ၁၀-၁၁ အထိ မြင့်တက်နိုင်ပြီး ရခိုင်ပြည်နယ်၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်နဲ့ တနင်္သာရီတိုင်းတွေမှာ ၈-၉ နဲ့ ကျန်ဒေသများမှာ ၇ အထိ မြင့်တက်နိုင်။

**မိုးတိမ်တောင်များ ဖြစ်ပေါ်နိုင်မှုအခြေအနေ**

ရက်သတ္တပတ်အတွင်း တစ်ပြည်လုံးတွင် အများအားဖြင့် မိုးတိမ်တောင်များ ဖြစ်ထွန်းနိုင်ပါတယ်။ အထူးသဖြင့် ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်း၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မကွေးတိုင်းတို့မှာ ၆၀၊ ကျန်ဒေသ များတွင် ၄၀ မိုးတိမ်တောင်ဖြစ်ရန် သေချာမှုရှိနိုင်ပါတယ်။ အထူးသဖြင့်ညနေပိုင်း အချိန်အခါများတွင် မိုးတိမ်တောင်များဖြစ်ပေါ်ရာမှ လျှပ်စီးလက်ခြင်း၊ မိုးခြိမ်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ မိုးသက်လေပြင်း တိုက်ခတ်ခြင်းတို့ကို ပိုမိုသတိထားဖို့လိုပါတယ်။

**မိုးရွာသွန်းနိုင်မှုအခြေအနေ**

ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ချင်းပြည်နယ်တို့တွင် ၈၀ ၊ ရခိုင်ပြည်နယ်မြောက်ပိုင်း၊ မကွေးတိုင်း၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ ရှမ်းပြည်နယ်၊ မန္တလေးတိုင်း တောင်ပိုင်းနဲ့ ပဲခူးတိုင်းမြောက်ပိုင်း တို့မှာ ၆၀ ကျန်ပြည်နယ်နဲ့ တိုင်းဒေသတို့တွင် ၄၀ သေချာမှုဖြင့် ၄-၅ ရက်ခန့် နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည်။ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် (၁-၂)ရက်ခန့် နေရာကွက်ပြီး မိုးကြီးနိုင်ပါတယ်။

**ဒေါက်တာထွန်းလွင်**

# တစ်ရပ်ကွက်တည်းနေသူ အမျိုးသမီးလေးဦးကို လူကုန်ကူးသူ ဖမ်းမိ

အေးမြတ်သူ

ရန်ကုန်၊ မေ-၅

တစ်ရပ်ကွက်တည်းနေသူ အမျိုးသမီးလေးဦးကို လက်ဖက်ရည်ဆိုင်တွင် အလုပ်ရမည်ဟု လိမ်လည်ခေါ်ဆောင်သွားသည့် တရားခံအား မေ ၂ရက်တွင် ဖမ်းဆီးမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

မကွေးတိုင်း ရေနံချောင်းမြို့နယ် ယာကြီးပြင်ရပ်တွင် နေထိုင်သော အသက်(၂၅)နှစ်အရွယ် မြင့်ဇော်အောင်(ခ) ဘိုဝင်းသည် တစ်ရပ်ကွက်တည်းနေသူ အမျိုးသမီး လေးဦးကို ယခုလ ၁ ရက်က မန္တလေးမြို့ရှိလက်ဖက်ရည်ဆိုင်တွင် အလုပ်ရမည်ဟု ပြောဆိုကာ ရေနံ ချောင်းမြို့မှ မန္တလေးမြို့သို့ "ပန်းတော်ဦး"ခရီးသည်တင်ယာဉ်ဖြင့်ခေါ်ဆောင်ခဲ့သည်။ သို့သော် မန္တလေးမြို့သို့ မရောက်ဘဲ မုံရွာမြို့ မုံရွာဈေးလမ်းရှိဟိုတယ်တစ်လုံးတွင် တည်းခိုကာ အခန်းတံခါးအား မြင့်ဇော်အောင်(ခ)ဘိုဝင်းမှ သော့ခတ်ပိတ်ထားခဲ့ပြီး ဟုမ္မလင်းမြို့သို့ ဆက်လက်ခေါ်ဆောင်သွားမည်ဟု ပြောဆိုခဲ့သည်။

ထိုသို့ပြောဆိုခဲ့သည့်အတွက် လူကုန်ကူးခံရသော အမျိုးသမီး လေးဦးအနက် အမျိုးသမီးတစ်ဦးက ၎င်း၏မိဘထံဖုန်းဆက်အကြောင်းကြားခဲ့သည်။ ထို့နောက် ၎င်း၏မိခင်က မေ ၂ ရက်တွင် လက်မှတ်ကုန်းရဲစခန်းသို့ လာရောက်အကြောင်းကြားခဲ့သဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများနှင့်ပူးပေါင်း၍ မေ ၂ရက် ည ၇ နာရီအချိန်တွင် ဟိုတယ်၌တည်းခိုနေထိုင်သူ မြင့်ဇော်အောင်(ခ)ဘိုဝင်းနှင့် အမျိုးသမီးလေးဦးတို့အား တွေ့ရှိ၍ တရားခံအား ဖမ်းဆီးခဲ့သည်။ အဆိုပါလိမ်လည်ခေါ်ဆောင်သွားခံရသည့် အမျိုးသမီးလေးဦးတို့အား ၎င်းတို့မိဘများထံပြန်လည်အပ်နှံခဲ့ပြီး တရားခံအား လက်မှတ်ကုန်းရဲစခန်းတွင် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၄၂/ ၄၁၇ ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။

စာ(၂)မှ

## မြို့တော်ခန်းမရှေ့ရှိ မီဒီယာကော်နာဖျက်သိမ်း

အဆိုပါမီဒီယာကော်နာများကို အများပြည်သူတို့ စာအုပ်စာပေများအား လက်လှမ်းမီစွာအလွယ်တကူဝယ်ယူဖတ်ရှုလေ့လာနိုင်ရန်အတွက် ရန်ကုန်မြို့လယ်မြို့နယ်အချို့တွင် ၂၀၁၀နှစ်ကုန်ပိုင်းက ဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။ မီဒီယာကော်နာများကို တည်ဆောက်ရာတွင် အများပြည်သူထူထပ်စွာ သွားလာလှုပ်ရှားသည့် မြို့လယ်ပလက်ဖောင်းများ၊ နေအိမ်တိုက်ခန်း မျက်နှာစာများကိုပိတ်၍ တည်ဆောက်ခဲ့မှုကြောင့် ခရီးသွားပြည်သူနှင့် နေအိမ်ပိုင်ရှင်တို့၏ ကန့်ကွက်မှုတို့ကိုခံခဲ့ရသည်။

ယင်းကိစ္စနှင့်ပတ်သက်၍ ယခင်မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ဝင်ဦးကိုကိုထံ ဆက်သွယ်မေးမြန်းရာ "ဆရာတို့နဲ့ မဆိုင်ဘူး။ ဒါမြန်မာနိုင်ငံစာပေနဲ့ စာနယ်ဇင်းအဖွဲ့ကလုပ်တာပါ။ ဆရာတို့က မြန်မာနိုင်ငံသတင်းစာဆရာများအသင်းအနေနဲ့ခွဲထွက်ခဲ့ပြီးသားပါ" ဟုပြန်လည်ဖြေကြားခဲ့သည်။

ယခင်ပြန်ကြားရေးဝန်ကြီးမှ လမ်းညွှန်မှုကြောင့်ဆောက်လုပ်ခဲ့သည်ဟု သတင်းများအပေါ် ဒုတိယဝန်ကြီးဦးရဲထွဋ်ကလည်း "မီဒီယာကော်နာတွေက ယခင်စာပေနဲ့ စာနယ်ဇင်းအဖွဲ့ကလုပ်တာပါ။ ပြန်ကြားရေးက စည်ပင်နဲ့ ညှိပေးတာပဲရှိပါတယ်။ ကျွန်တော်တို့ဘာမှ ဝင်မစွက်ဖက်ပါဘူး" ဟု ပြောကြားသည်။

မီဒီယာကော်နာများကို ယခင်ပြန်ကြားရေးဝန်ကြီးဦးကျော်ဆန်းလက်ထက်က အကောင်အထည်ဖော်ခဲ့ပြီး ရန်ကုန်တစ်မြို့လုံးတွင် မီဒီယာကော်နာ စုစုပေါင်း ခြောက်ခုရှိသည်။

စာ(၄)မှ

## မြေနီကုန်းနှင့် ရှစ်မိုင်တံတားများ တည်ဆောက်ရန် စစ်တမ်းကောက်

လက်ရှိစစ်တမ်းကောက်ယူခြင်းများကို နေ့စဉ်အချိန်များခွဲကာ ရုံးဖွင့်ရက်၊ ရုံးပိတ်ရက်၊ နေ့ထူးနေ့ မြတ်များအလိုက် အသေးစိတ်မှတ်တမ်းပြုစုလျက်ရှိကြောင်း သတင်းရရှိသည်။

တည်ဆောက်ဆဲဖြစ်သည့် ဘုရင့်နောင်ခုံးကျော်တံတား စီမံကိန်းနှင့်ရွှေဂုံတိုင်ခုံးကျော်တံတားစီမံကိန်းနှစ်ခုကို ဒီဇင်ဘာလတွင် အပြီးတည်ဆောက်နိုင်ရန် ကြိုးပမ်းသွားမည်ဖြစ်ကြောင်းတာဝန်ယူတည်ဆောက်နေသည့် Capital Life ကုမ္ပဏီနှင့် FMI ကုမ္ပဏီများက ဧပြီလတွင်းက ပြောကြားထားသည်။

ရွှေတောင်ကုမ္ပဏီအုပ်စုမှ တာဝန်ယူတည်ဆောက်ခဲ့သော လှည်းတန်းခုံးကျော်တံတားစီမံကိန်းမှာ ၁၀လအတွင်း တည်ဆောက်ပြီးစီးကာ ဧပြီ၁၀ ရက်တွင် စတင်ဖြတ်သန်းခွင့်ပေးခဲ့ပြီး မြန်မာကျပ်ငွေ ၁၄ ဘီလီယံကျော် ကုန်ကျခဲ့သည်။ ဆောက်လုပ်နေဆဲဖြစ်သည့် ရွှေဂုံတိုင်ခုံးကျော်တံတားစီမံကိန်းအတွက် ကျပ် ၁၃ ဘီလီယံနှင့် ဘုရင့်နောင်ခုံးကျော်တံတားစီမံကိန်းအတွက် ကျပ် ၂၁ ဘီလီယံခန့်မှန်း ကုန်ကျမည်ဖြစ်ကြောင်း အဆိုပါကုမ္ပဏီများက ထုတ်ပြန်ထားသည်။

AKE SI TAN
MONEY CHANGER
D-23, Aung Thapyay Road, Bayint Naung, Yangon
Tel: 680063, 682288



Health
7 DAY NEWS JOURNAL
Vol.12, No.9 • MAY 8 , 2013

# ခြေလေးချောင်းကလေးငယ် ရန်ကုန်ဆေးရုံကြီးတွင်ခွဲစိတ်မည်

**ဝတ်ရည်အောင်**

**ရန်ကုန်၊ မေ - ၂**

ခြေလေးချောင်းပါရှိသည့်ကလေးငယ်အား ရန်ကုန်ဆေးရုံကြီးသို့ ပို့ဆောင်၍ ခွဲစိတ်ကုသရန် စီစဉ်နေကြောင်း လှိုင်လင်ခရိုင် အထွေထွေရောဂါကုဆေးရုံကြီးမှ ဆေးရုံအုပ်ကြီးကပြောသည်။

သုံးလသားအရွယ်ရှိကလေးငယ်သည် ဦးခေါင်းတစ်လုံး၊ လက်နှစ်ဖက်၊ မအင်္ဂါနှစ်ခု၊ စအိုပေါက်နှစ်ပေါက်နှင့် ခြေလေးချောင်းတို့ ပါရှိမွေးဖွားလာပြီး လှိုင်လင်ခရိုင်ဆေးရုံသို့ လာရောက်ပြသရာမှ ရန်ကုန်ဆေးရုံကြီးသို့ လွှဲပြောင်းပေးရန် စီစဉ်နေခြင်းဖြစ်သည်။

'ဒီမှာက စက်ပစ္စည်းတွေလည်းမရှိတော့ ဘာစစ်ဆေးမှုမှလည်း မလုပ်ခဲ့ရဘူး။ ခွဲစိတ်မှုကလည်းတော်တော်လေးရှုပ်ထွေးပြီး ခဲယဉ်းနိုင်မယ်'ဟု ဆေးရုံအုပ်ကြီးကပြောသည်။

ဆေးရုံမှ ဆရာဝန်၊ ဆရာမများက စစ်ဆေးပေးခြင်း၊ မှတ်ချက်ပေးခြင်း တစ်စုံတစ်ရာမရှိသည့်အတွက် လာရောက်ပြသသည့်နေ့လယ်ပိုင်းတွင် နေရပ်သို့ပြန်သွားကြကြောင်း နိုင်ငံပိုင်သတင်းစာများ၌ ရေးသားထားပြီး လူနာရှင်များသည် လှိုင်လင်ခရိုင်ပင်လုံမြို့နယ်ခွဲတွင် နေထိုင်၍တောင်ယာလုပ်ကိုင်သူများဖြစ်ကြောင်း သိရသည်။

'အဲဒီနေ့ကတည်းက လွှဲပြောင်းပေးဖို့လုပ်ပေမယ့် ဒီဘက်မှာကလည်း စီစဉ်စရာတွေနဲ့ အလုပ်ရှုပ်နေတော့ဘာမှမပြောဖြစ်ဘူး။ အဲဒါနဲ့ပြန်သွားကြတယ် ဆိုလို့အခုပြန်လိုက်ခေါ်ထားတယ်။ သူတို့နေတာက ဆေးရုံနဲ့လည်းဝေးတယ်'ဟု ဆေးရုံအုပ်ကြီးကပြောသည်။

လှိုင်လင်အမျိုးသမီးရေးရာအဖွဲ့မှ ရန်ကုန်သို့ ဆေးကုသရန် ခရီးစရိတ် ထောက်ပံ့ထားပြီး ရန်ကုန်ပြည်သူ့ဆေးရုံကြီးနှင့် ချိတ်ဆက်ဆောင်ရွက်မည်ဖြစ်၍ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဗဟိုသို့လည်း အကူအညီတောင်းခံထားရာ ခွဲစိတ်ကုသမှုများအတွက် စိုက်ထုတ် ကူညီပေးနိုင်ရန် စီစဉ်နေကြောင်း သတင်းရရှိသည်။

# လူသုံးဦးတွင် တစ်ဦး သွေးတိုးရောဂါရှိ




**ဝတ်ရည်အောင်**

**ရန်ကုန်၊ မေ - ၃**

မြန်မာနိုင်ငံရှိလူသုံးဦးတွင် တစ်ဦး သွေးတိုးရောဂါဖြစ်ပွားနေကြောင်း ရန်ကုန်ဆေးရုံကြီး နှလုံးရောဂါဌာနမှ ပါမောက္ခ ဌာနမှူးဒေါက်တာနွယ်နွယ်က ပြောသည်။

"မရှိဘူးဆိုရင်တောင် ၃၀ က နေ ၃၅ ရာခိုင်နှုန်းလောက် သွေးတိုးရောဂါဖြစ်နေတယ်။ မြန်မာနိုင်ငံမှာလည်း သွေးတိုးရောဂါဖြစ်ပွားနှုန်း မြင့်တက်နေတယ်"ဟု ကမ္ဘာ့ကျန်းမာရေးအထိမ်းအမှတ်အဖြစ် ပြုလုပ်ခဲ့သည့် ကျန်းမာရေးဟောပြောပွဲတွင် ဒေါက်တာနွယ်နွယ်က ပြောကြားခဲ့သည်။

အခြားသော အရှေ့တောင်အာရှနိုင်ငံများတွင်လည်း အသက်(၂၅)နှစ်အထက် လူသုံးဦးတွင် တစ်ဦး ၃၆ ရာခိုင်နှုန်း သွေးတိုးရောဂါဖြစ်ပွားနေပြီး မြန်မာနိုင်ငံရှိ ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)မှ ၂၀၁၃ ခုနှစ်တွင်ပြုလုပ်ခဲ့သည့် စစ်တမ်းအရ မြန်မာနိုင်ငံတွင် သွေးတိုးရောဂါရှိသူ ၂၃ဒသမ၅၄ ရာခိုင်နှုန်းရှိကြောင်း ဒေါက်တာနွယ်နွယ်ကဆက်လက်ပြောသည်။

သို့သော် သွေးတိုးရောဂါသည် ရောဂါလက္ခဏာမပြသဖြင့် ရောဂါရှိနေကြောင်း မသိသည့်အတွက် သွေးတိုးကြောင့် ဖြစ်သည့် နောက်ဆက်တွဲရောဂါများပြင်းထန်လာမှသာ ဆေးရုံ၊ ဆေးခန်းများသို့ရောက်ရှိလာကြကြောင်း နှလုံးသွေးကြောကျဉ်းရောဂါစီမံချက်နှင့် ဦးနှောက်နှင့် အာရုံကြောဆေးကုဌာနမှ ဆရာဝန်များက ပြောသည်။

သွေးတိုးရောဂါကြောင့် နောက်ဆက်တွဲရောဂါများအဖြစ် လေဖြတ်ခြင်း၊ လေဖြန်းခြင်းများ အဓိကဖြစ်ပွားပြီး ကျောက်ကပ်ပျက်စီးခြင်း၊ နှလုံးသွေးကြောပိတ်ခြင်း၊ နှလုံးကြွက်သားထူခြင်း စသည့်အခြေအနေများဖြင့် အသက်သေဆုံးမှုများကြုံတွေ့ရနိုင်ကြောင်း သိရသည်။

"သွေးတိုးရောဂါက အရမ်းကိုအရေးကြီးပါတယ်။ ဘာကြောင့်လဲဆိုတော့ ဆေးရုံကိုရောက်လာတဲ့သူတွေမှာ နောက်ဆက်တွဲရောဂါတွေ ပြင်းထန်ပြီးအားလုံးလိုလို နောက်ကျမှရောက်လာကြတယ်"ဟု ဒေါက်တာနွယ်နွယ်က ပြောသည်။

လူတစ်ဦးအတွက် သင့်တော်သည့် သွေးပေါင်ချိန် ၁၂၀၊ ၈၀ အထက်ရှိနေပါက သွေးတိုးရောဂါအတွက် စတင်သတိပြုကုသခြင်းများ ဆောင်ရွက်သင့်ပြီဖြစ်ပြီး ရောဂါလက္ခဏာမပြသည့် ထိုရောဂါသည် လူငယ်များတွင်လည်း ဖြစ်ပွားတတ်သည်။

သွေးတိုးရောဂါ ကုသရန် ကိုယ်အလေးချိန်လျှော့ချခြင်း၊ နှလုံးသွေးကြောကျဉ်းရောဂါကာကွယ်နိုင်ရန် အသီးအရွက်များစားခြင်း၊ တစ်သက်လုံးသွေးကျဆေးဖြင့် သင့်လျော်သည့်သွေးပေါင်ချိန်ရောက်အောင် နေထိုင်ခြင်းဖြင့်သွေးတိုးရောဂါနှင့်နောက်ဆက်တွဲရောဂါများ ဖြစ်ပွားမှုနည်းပါးစေရန် နေထိုင်သင့်ကြောင်း သိရသည်။

# သက်လတ်ပိုင်းအမေရိကန်များ မိမိကိုယ်မိမိ အဆုံးစီရင်မှုနှုန်းမြင့်တက်



**ဝါရှင်တန်၊ မေ-၄**

သက်လတ်ပိုင်းအမေရိကန်များ၏ မိမိကိုယ်ကိုယ် အဆုံးစီရင်မှုနှုန်းသည် ဆယ်စုနှစ်တစ်ခုအတွင်း ၂၈ ရာခိုင်နှုန်းသို့ ရောက်ရှိသွားကြောင်း ရောဂါကာကွယ်ထိန်းချုပ်ရေးစင်တာ (CDC) အစီရင်ခံစာအသစ်တစ်စောင်တွင် ဖော်ပြထားသည်။

အသက် ၃၅ နှင့် ၆၄ အပိုင်းအခြားတွင် လူဖြူများနှင့် အမေရိကန်အင်ဒီးယန်းများကြား မိမိကိုယ်မိမိ အဆုံးစီရင်မှုအမြင့်ဆုံးဖြစ်သည်။

၁၉၉၉ မှ ၂၀၁၀ ပြည့်နှစ်အထိ လေ့လာခဲ့သော စစ်တမ်း၌ CDC ကအဆုံးစီရင်မှု မြင့်တက်ခြင်းနောက်ကွယ်မှ အကြောင်းရင်းများကို ဖော်ထုတ်မထားပေ။ သို့သော် မိမိကိုယ်မိမိ သတ်သေမှုကာကွယ်ရေး အစီအစဉ်များမှာ လူငယ်များနှင့် သက်ကြီးပိုင်းများအတွက် အဓိကထား လုပ်ဆောင်နေကြောင်း CDC က မှတ်ချက်ပြုထားသည်။ အခြားအသက်အရွယ်အုပ်စုများတွင်မူ ထူးထူးခြားခြား ပြောင်းလဲမှုမရှိကြောင်း အစီရင်ခံစာက တွေ့ရှိခဲ့သည်။

၂၀၀၉ ခုနှစ်မှစ၍ မော်တော်ယာဉ်တိုက်မှုများကြောင့် သေဆုံးသူများထက် မိမိကိုယ်မိမိ အဆုံးစီရင်သော အရေအတွက် ပိုများကြောင်း အစီရင်ခံစာကဆိုထားပြီး ၂၀၁၀ ပြည့်နှစ်အတွင်း မိမိကိုယ်မိမိ အဆုံးစီရင်သွားသူ ကန်လူမျိုး ၃၀၄,၃၅၀ ဦးရှိကြောင်း သိရသည်။ Ref: BBC



# အရွယ်ရောက်ပြီးသူတိုင်း အိတ်ချ်အိုင်ဗီပိုးရှိမရှိ စစ်ဆေးသင့်ဟု ကန်ဆရာဝန်များ အကြံပြု

**ဝါရှင်တန်၊ မေ-၃၀**

ဆရာဝန်များသည် ဆယ်ကျော်သက်များ၊ အသက် (၁၅)နှစ်မှ(၆၅) နှစ်အတွင်း အရွယ်ရောက်ပြီးသူများနှင့် ကိုယ်ဝန်ဆောင်အမျိုးသမီးများအားလုံးကို အိတ်ချ်အိုင်ဗီရောဂါပိုး ရှိ၊ မရှိ စစ်ဆေးသင့်ကြောင်း အမေရိကန် ရောဂါကာကွယ် တားဆီးရေး အထူးအဖွဲ့က ပြောကြားသည်။

လက်ရှိတွင်အမေရိကန်နိုင်ငံ၌ လူပေါင်း ၁ ဒသမ ၂ သန်းခန့်သည် အိတ်ချ်အိုင်ဗီ ရောဂါပိုးကူးစက်ခံထားရကြောင်း သိရပြီး နှစ်စဉ် ရောဂါဖြစ်ပွားမှုပမာဏသည်ငါးသောင်းခန့်ရှိသော်လည်း အိတ်ချ်အိုင်ဗီပိုးကူးစက်ခံရသူ ၂၀ ရာခိုင်နှုန်းမှ ၂၅ ရာခိုင်နှုန်းသည် ရောဂါကူးစက်ခံထားရသည် ကို သတိမထားမိကြချေ။ ထို့ကြောင့် အခြားသူများအား အန္တရာယ်ဖြစ်စေခြင်းနှင့် ၎င်းတို့ ကိုယ်တိုင် ကုသမှုနှောင့်နှေးခြင်းတို့ကို ဖြစ်စေသည်။

အေအိုင်ဒီအက်စ် ရောဂါနှင့် ပတ်သက်သော ပထမဦးဆုံး ရောဂါဖြစ်ပွားမှုကို ၁၉၈၁ ခုနှစ်တွင် စတင်ဖော်ထုတ်ခဲ့ပြီး နောက်လူပေါင်း ၁ ဒသမ ၁သန်း ကျော်တွင်အေအိုင်ဒီအက်စ်ရောဂါရှိနေကြောင်း သိရှိခဲ့ရပြီး လူပေါင်း ငါးသိန်းကျော်၊ခြောက်သိန်းနီးပါးသေဆုံးခဲ့ကြောင်း သိရသည်။

အမေရိကန်နိုင်ငံတွင် အိတ်ချ်အိုင်ဗီပိုးရှိသူ ၆၀ ရာခိုင်နှုန်းခန့်သည် ယောကျ်ားအချင်းချင်း လိင်ဆက်ဆံကြသူများ ဖြစ်သည်ဟု ရောဂါထိန်းချုပ်ကာကွယ်ရေးဌာနများက ပြောကြားခဲ့သည်။ အသက် ၁၃ နှစ် နှင့်အထက် အိတ်ချ်အိုင်ဗီပိုး ကူးစက်ခံထားရသော အမျိုးသားများအနက် ကူးစက်ခံရသူ ၆၈ ရာခိုင်နှုန်းသည် ယောကျ်ားအချင်းချင်းလိင်ဆက်ဆံခြင်း၊ ၈ ရာခိုင်နှုန်းသည် မူးယစ်ဆေးထိုးခြင်းနှင့် ၁၁ ရာခိုင်နှုန်းသည် ယောကျ်ားမိန်းမလိင်ဆက်ဆံခြင်းတို့ကြောင့် ရောဂါပိုးကူးစက်ခံရခြင်းဖြစ်သည်။

အိတ်ချ်အိုင်ဗီပိုး ကူးစက်ခံထားရသော အမျိုးသမီးများအနက် ၇၄ ရာခိုင်နှုန်းသည် ယောကျ်ားမိန်းမလိင်ဆက်ဆံခြင်းနှင့် ၂၆ ရာ ခိုင်နှုန်းသည် မူးယစ်ဆေးထိုးခြင်းတို့ကြောင့်ဖြစ်ကြောင်း သိရသည်။

၂၀၁၀ ပြည့်နှစ်တွင် အိတ်ချ်အိုင်ဗီရောဂါပိုးကူးစက်ခံရသူ ၂၅ ရာခိုင်နှုန်းမှာ ယောကျ်ား၊ မိန်းမလိင်ဆက်ဆံခြင်းမှ အဓိက ကူးစက်ခံရခြင်းဖြစ်ကြောင်း သိရှိရသည်။ —Ref: UPI

# လူလေးထောင်တွင် သားဖွားဆရာမတစ်ဦးသာရှိ

**ဝတ်ရည်အောင်**
**ရန်ကုန်၊မေ-၄**

လူဦးရေ ၄၀၀၀နီးပါးတွင် သားဖွား ဆရာမ တစ်ဦးသာရှိနေပြီး ရွာပေါင်း ခုနှစ်ရွာခန့်ကို တာဝန်ယူ ဆောင်ရွက်နေရကြောင်း ဒုတိယညွှန်ကြားရေးမှူး (မိခင်နှင့်ကလေး) ဒေါက်တာသိဂီမြင့်ကပြောသည်။

လက်ရှိတွင် သားဖွား ဆရာမ တစ်သောင်းနီးပါး တာဝန်ထမ်းဆောင်နေ၍ ကျေးလက်ဒေသများတွင် ကိုယ်ဝန်ဆောင်မိခင်နှင့် မွေးကင်းစ ကလေးများအား စောင့်ရှောက်မှုကို သားဖွားဆရာမများက အဓိက တာဝန်ယူနေရသည်။

ပြည်တွင်းလူဦးရေ၏ ထက်ဝက်ကျော်သည်လည်း မိခင်နှင့်ကလေးများဖြစ်နေပြီး မြန်မာနိုင်ငံသည်မိခင်သေဆုံးနှုန်း၊မွေးကင်းစ၊ တစ်နှစ်အောက်နှင့်ငါးနှစ်အောက်ကလေးသေဆုံးမှုများပြားနေသေးသည့်နိုင်ငံစာရင်းတွင်ပါဝင်နေဆဲပင်ဖြစ်နေကြောင်းသိရသည်။

“ရွာတိုင်းလိုလိုမှာတော့ အရန်သားဖွားဆရာမတွေရှိတယ်။ သူတို့ကတော့အဓိက ကလေးမွေးပေးတာပေါ့။ ဒါပေမဲ့ လိုအပ်လာရင် ဘာဖြစ်ဖြစ် သူတို့ကိုပဲ သွားပင့်ပြီး ဆေးထိုး၊ ဆေးကုရတာတွေ လုပ်ရတယ်”ဟု ကျောက်တန်းမြို့နယ်အတွင်းရှိတောင်သူတစ်ဦးက ပြောသည်။

အနီးဆုံးဆရာဝန်ထံရောက်ရှိရန် ၆မိုင်ခန့်ဝေးကွာပြီးမိုးတွင်းကဲ့သို့ သွားလာရခက်ခဲသည့် အချိန်တွင် ကျေးရွာများရှိ သားဖွားဆရာမများထံတွင်သာ ဆေးကုသမှုခံယူနေရကြောင်းအဆိုပါတောင်သူကဆက်လက်ပြောသည်။

လိုအပ်နေသည့် သားဖွားဆရာမများမရမီ အရန်သားဖွားဆရာမများအားအသုံးပြုနေသော်လည်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ သတ်မှတ်ချက်အရ အရန်သားဖွားဆရာမများသည် ကျွမ်းကျင်သောဝန်ထမ်းအဆင့်တွင်မပါဝင်သေးသည်ကို သတိပြုရမည်ဟု ဒေါ်သိဂီမြင့်ကဆိုသည်။

သားဖွားဆရာမများသည် ကိုယ်ဝန်ဆောင်စောင့်ရှောက်ခြင်း၊ ကလေးမွေးဖွားခြင်း၊သားဆက်ခြားခြင်းများကို အဓိကဆောင်ရွက်ရသည့်အပြင် မွေးကင်းစကလေးစောင့်ရှောက်ခြင်း၊ ကာကွယ်ဆေးထိုးနှံခြင်း၊ အာဟာရလုပ်ငန်းများ၊ ပတ်ဝန်းကျင်သန့်ရှင်းရေး၊ ကျန်းမာရေးပညာ၊ ကူးစက်ရောဂါနှိမ်နှင်းရေး၊ ဆေးကုသမှုလုပ်ငန်းစသည့် လုပ်ငန်းများကို ထမ်း ဆောင်ကြရသည်။

ကျန်းမာရေးဝန်ကြီးဌာနမှ ၂၀၁၁ခုနှစ်အထိ သားဖွား ဆရာမပေါင်းနှစ်သောင်းမွေးထုတ်ပေးခဲ့ပြီး အရည်အချင်းပြည့်ဝသောသားဖွားဆရာမလုံလောက်စွာနှင့် ပစ္စည်းကိရိယာပြည့်စုံစွာရှိပါက မိခင်သေဆုံးမှု၏ ၆၀ ရာခိုင်နှုန်းကို ကာကွယ်နိုင်မည်ဖြစ်ကြောင်း သားဖွားဆရာမများ အထိမ်းအမှတ်နေ့အတွက် ရေးသားထားသည့် ဒေါက်တာသိဂီမြင့်၏ ဆောင်းပါးတွင် ပါရှိသည်။

၇ ရက် နေ့စဉ်သတင်းစာ
7DAY DAILY

7Day Daily သတင်းစာကို မေ ၂၅ ရက်တွင် စတင်ထုတ်ဝေဖြန့်ချိနေပါသည်။ နေ့စဉ် ပုံမှန်ထုတ်ဝေမည်ဖြစ်ပြီး ဗုဒ္ဓဟူးနေ့တွင် 7Day News ဂျာနယ်နှင့် 7Day Daily သတင်းစာ နှစ်မျိုးပေါင်း၍ ပုံစံသစ်ဖြင့် ထွက်ရှိနေပြီး ဂျာနယ်ဝယ်သူများသည် ဗုဒ္ဓဟူးနေ့တွင် သတင်းစာပါ အခမဲ့ရရှိမည်ဖြစ်ပါသည်။

အများပြည်သူနှင့်သက်ဆိုင်သောအကြောင်းအရာများကို **7Day** နေ့စဉ်သတင်းစာမှတစ်ဆင့် ရင်ဖွင့်ဖော်ပြလိုပါက အယ်ဒီတာ့ထံ ပေးစာအဖြစ် **editor@7daynewsjournal** သို့ရေးသား ပေးပို့နိုင်ပြီး စာတိုက်မှတစ်ဆင့်ပေးပို့လိုပါက အောက်ပါလိပ်စာ အတိုင်း ရေးသားပေးပို့နိုင်ပါသည်။

အများပြည်သူနှင့်သက်ဆိုင်သော အရေးကြီးသတင်း အချက်အလက်များ ပေးပို့လိုလျှင်၊ ထိပ်တန်းလျှို့ဝှက်ချက်များ ပြောကြားပေးပို့လိုလျှင် လုံခြုံစိတ်ချစွာ အောက်ပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်နိုင်ပါသည်။
၀၉ ၇၃၂ ၂၄၅၄၁၊ ၀၉ ၇၃၀ ၃၂၀၀၆

စာမူပေးပို့လိုသူများဆက်သွယ်ရန်
7Day Daily သတင်းစာတိုက် -
Diamond Centre (G-12) မြေညီထပ်၊ တိုက် (B)၊ အမှတ် (၄၉၇)၊ ပြည်လမ်း၊ (၈)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

စီးပွားရေး၊ လူမှုရေးကြော်ငြာများ၊ ဥပဒေရေးရာကြော်ငြာများနှင့် နာရေးထည့်သွင်းဖော်ပြလိုပါက ကြော်ငြာဌာန ဖုန်း-၀၉ ၇၃၀ ၃၂၀၀၆ သို့ဆက်သွယ်နိုင်ပါသည်။

7Day Daily သတင်းစာ အိမ်အရောက်ပို့ ဈေးနှုန်းများ

| | ၁ လ | ၃ လ |
|---|---|---|
| ဈေးနှုန်း | ၄,၅၀၀ ကျပ် | ၁၂,၁၅၀ ကျပ် |
| အရေအတွက် | ၃၀ စောင် | ၉၀ စောင် |

အိမ်အရောက်ပို့စနစ်ဖြင့် စတင်မှာယူသူများမှာ ဗုဒ္ဓဟူးနေ့တိုင်း 7Day News ဂျာနယ်ကိုပါ လက်ဆောင်ရမည်ဖြစ်သည်။ မေလအတွင်း အိမ်အရောက်ပို့မှာယူသူတိုင်းကို မေလထုတ် သတင်းစာများ အခမဲ့ ပို့ဆောင်ပေးပါမည်။

အိမ်အရောက်ပို့ မှာယူရန်
၀၉ ၇၃၀ ၅၃၃၂၀
၀၉ ၇၃၂ ၀၈၉၀၇

ကြော်ငြာရှင်များ ဆက်သွယ်ရန်
၀၉ ၇၃၀ ၇၈၄၂၉
၀၁ ၅၁၃၅၁၅ ~ ၉

ဖြန့်ချိရေးကိုယ်စားလှယ်များ ဆက်သွယ်ရန်
၀၉ ၇၃၀ ၅၃၃၂၀

# Regional

7 DAY NEWS JOURNAL

Vol.12, No.9 • MAY 8 , 2013


## ဘင်္ဂလားဒေ့ရှ်နယ်စပ်မှ မြန်မာဘက်သို့ဝင်ရောက်ခိုလှုံသည့် အိမ်ထောင်စု ၁၄၀ ကျော်ရှိ

**မောင်ကံ**

**မောင်တော၊ မေ- ၃**

ပြီးခဲ့သည့်နှစ် စက်တင်ဘာလအတွင်းက ဘင်္ဂလားဒေ့ရှ် နိုင်ငံတွင် ဗုဒ္ဓဘာသာဝင် ဘုန်းတော်ကြီးကျောင်းများနှင့် လူများအကြမ်းဖက် တိုက်ခိုက်ခံရမှုနောက်ပိုင်း အကြမ်းဖက်သူများ၏ ရန်ကို ကြောက်၍မြန်မာဘက်ကမ်းသို့ဝင်ရောက်ခိုလှုံလာသည့် အိမ်ထောင်စုပေါင်း ၁၄၁ စု ရှိသွားပြီဖြစ်ကြောင်း နယ်စပ်ဒေသတိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လ/ထ ညွှန်ကြားရေးမှူး ဦးသန့်ဇင်က ပြောကြားသည်။

"မောင်တောနယ်စပ်ကို ဝင်ရောက်ခိုလှုံလာတဲ့ အိမ်ထောင်စု ၁၄၀ ကျော်၊ လူဦးရေ ၅၆၀ ကျော် ရှိသွားပြီဖြစ်ပါတယ်။ တစ်ဖက်နိုင်ငံက အိမ်ထောင်စုတွေ ဟုတ်မဟုတ်ကို လဝက,က စိစစ်ပြီးတော့ ကျွန်တော်တို့ နတလက ယာယီနေရာချပေးပါတယ်"ဟု ဦးသန့်ဇင်က ပြောသည်။

အဆိုပါအိမ်ထောင်စုများမှာ တစ်ဖက်နိုင်ငံမှ ခြေလျင်ခရီးဖြင့် မောင်တောမြို့နယ်မြောက်ပိုင်းသို့ ဝင်ရောက်ကာ မောင်တောမြို့သို့ ရောက်ရှိလာကြခြင်းဖြစ်သည်။

"ငြိမ်းငြိမ်းချမ်းချမ်းနဲ့နေထိုင်နိုင်ဖို့ မြန်မာဘက်မှာဆိုရင် တစ်ဖက်နိုင်ငံမှာထက် လုံခြုံမှုရှိလို့ဆိုပြီး အားကိုးတကြီးနဲ့ လာခဲ့တာဖြစ်ပါတယ်။ ပြီးတော့ သားသမီးတွေရဲ့ ရှေ့ရေးအတွက်လည်း စဉ်းစားပြီးတော့ လာခဲ့တာ ဖြစ်ပါတယ်။ ဒီဘက်မှာတော့ လောလောဆယ် သက်ဆိုင်ရာက ယာယီ နေရာချထားပေးပေမယ့် အလုပ်အကိုင် အခွင့်အလမ်းတွေမရှိသေးတာရယ်၊ ကူညီထောက်ပံ့မှုတွေ နည်းနေသေးတာတွေကြောင့် ဒုက္ခရောက်နေရပါတယ်" ဟု ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ အလယ်ခေါင်တော်မှ မောင်တောနယ်စပ်သို့ ဝင်ရောက်ခိုလှုံလာသူ တစ်ဦးက ပြောသည်။

တစ်ဖက်နိုင်ငံမှ မြန်မာနိုင်ငံသို့ဝင်ရောက်ခိုလှုံလာသည့် အိမ်ထောင်စုများတွင် ရခိုင်လူမျိုးများအပြင် မြို၊ သက်၊ ဒိုင်းနက်၊ မရမာကြီး စသည့် လူမျိုးများပါ ပါဝင်ကြောင်း သိရသည်။

အဆိုပါ အိမ်ထောင်စုများမှာ တစ်ဖက်နိုင်ငံတွင် တောင်ယာလုပ်ငန်းနှင့် လယ်လုပ်ငန်းကိုသာ အဓိကလုပ်ကိုင် အသက်မွေးကြရာ မိသားစု စားဝတ်နေရေး အဆင်ပြေစေရေးအတွက်တောင်ယာလုပ်ကိုင် ခွင့်ရရှိရန် မျှော်လင့်နေကြသည်ဟုခိုလှုံလာသည့်အိမ်ထောင်စုများက ဆိုသည်။

## ကျောက်ဆည်နှင့် မြစ်သားတွင် ကြက်သွန်တောင်သူအချို့ ကုန်ဖိုးအလိမ်ခံရ

**ညီညီဇော်**

**မန္တလေး၊ မေ -၃**

ကြက်သွန် အဓိက စိုက်ပျိုးရာ ကျောက်ဆည်နှင့်မြစ်သားမြို့နယ်များတွင်ကြက်သွန်ကုန်သည်အချို့ကုန်ဖိုးငွေများမပေးဘဲတိမ်းရှောင်မှုများ ဖြစ်ပွားနေကြောင်း သတင်းရရှိသည်။

မြစ်သားမြို့နယ်ရှိ ကသဲကုန်းရွာမှ တောင်သူနှစ်ဦး၊ တောင်ကိုင်းရွာမှ တောင်သူတစ်ဦး၊ ကျောက်ဆည်မြို့နယ်ထုံးကြီးဆည်ရွာမှ တောင်သူတစ်ဦးတို့ထံမှစုစုပေါင်း ကျပ်သိန်း ၅၀ ဝန်းကျင်ခန့်ကုန်ဖိုးငွေများကိုကုန်သည်တစ်ဦးကမပေးဘဲ တိမ်းရှောင်နေသဖြင့်တောင်သူများအုပ်စုဖွဲ့ကာလိုက်လံရှာဖွေနေကြောင်း၊ မြစ်သားဒေသခံနှင့် တောင်သူအချို့က ပြောသည်။

"ကုလီစရိတ်တွေကလည်းမြင့်၊ ဈေးကလည်း နိမ့်နေတဲ့အချိန်ခုလို လာဖြစ်တော့ ရှေ့လုပ်ရမယ့်အသီးအနှံစရိတ်တွေအတွက် အခက်အခဲဖြစ်တာပေါ့"ဟုကုန်ဖိုးဆုံးသည့် ထုံးကြီးဆည်ရွာမှ ကြက်သွန်စိုက်တောင်သူ ကိုမောင်သန်းကပြောသည်။

မြစ်သားမြို့ပေါ်တွင်လည်း ကုန်သည်အချို့က ကြက်သွန်ဖိုးကုန်ငွေမပေးဘဲ တိမ်းရှောင်မှုများ ဖြစ်ပွားနေသည်ဟုဆိုသည်။

မြစ်သားရဲစခန်းမှ တာဝန်ရှိသူတစ်ဦးက "ကျွန်တော်တို့ဆီလာတိုင်တာတော့မရှိဘူး။ တရားရုံးမှာတော့ ငွေရလိုမှုနဲ့ ဦးတိုက်လျှောက်ထားတာတွေ တော်တော်များများရှိနေတယ်လို့သိရပါတယ်" ဟု ပြောသည်။

ကြက်သွန်ဈေး ကျဆင်းနေချိန်တွင် ငွေမချေနိုင်သည့် ဖြစ်စဉ်မျိုးရှိသော်လည်း ကြက်သွန်ဈေး ပုံမှန်အတိုင်း ရှိနေချိန်တွင် ဖြစ်ခဲ့ကြောင်း၊ အခြားသီးနှံများ အရောင်းအဝယ် ပြုလုပ်ရာတွင်လည်း ကုန်ဖိုးငွေမပေးဘဲ တိမ်းရှောင်မှုမျိုးရှိကြောင်း သိရသည်။

## လေပြင်းဒဏ်သင့် ဒေသများတွင် အလုပ်သမားစရိတ် နှစ်ဆမြင့်တက်



*အိမ်အမိုးလန်သွား၍ ပြန်မိုးနေစဉ်*

ဓာတ်ပုံ- မျိုးမင်းဦး

**မျိုးမင်းဦး**

**မုံရွာ၊ မေ-၄**

မေ ၂ ရက်ညနေပိုင်းက တိုက်ခတ်ခဲ့သော လေပြင်းကြောင့် မုံရွာမြို့နယ်ရှိ နေအိမ်အချို့နှင့် စိုက်ခင်းအချို့ ပျက်စီးခဲ့သဖြင့် ပြန်လည်ပြုပြင်ရေးလုပ်ငန်းများ လုပ်ကိုင်ရာ အလုပ်သမားစရိတ် နှစ်ဆခန့် မြင့်တက်လာကြောင်းလေပြင်းဒဏ်သင့်ဒေသခံများက ပြောသည်။

"လတ်တလော လက်သမားတစ်ယောက်ကို အရင် ၂,၅၀၀ ကနေ ၃,၀၀၀ အထိပေးရတာက အခု တစ်ယောက်ကို ၅,၀၀၀ ကနေ ၆,၀၀၀ အထိပေးရတယ်"ဟု လေပြင်းဒဏ်ကြောင့် နေအိမ်အများဆုံးပျက်စီးဆုံးရှုံးခဲ့သည့်ထနောင်းတောကျေးရွာ ဒေသခံတစ်ဦးက ပြောသည်။

လေပြင်းတိုက်ခတ်မှုကြောင့် ကွမ်းခြံစိုက်ခင်း ရာနှင့်ချီ၍ ပျက်စီးခဲ့သော လယ်ဇင်ကျေးရွာ ဒေသခံကွမ်းစိုက်တောင်သူတစ်ဦးကလည်း "အရင်တုန်းက ကွမ်းခြံအလုပ်သမား တစ်ယောက် ၂,၅၀၀ နှုန်းပေးရတယ် အခုအလုပ်သမားတစ်ယောက် ၅,၀၀၀ နှုန်းပေးတာတောင် အလုပ်သမားက ငှားမရဘူး"ဟုပြောသည်။

လက်သမား၊ အလုပ်သမားနှုန်းထားများနည်းတူ ဆောက်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းများဖြစ်သည့် သွပ်၊ သံ၊ သစ်၊ ဝါးပစ္စည်းများလည်း ဝယ်လိုအားမြင့်တက်လာပြီး ယခင်ဈေးနှုန်းများထက်မြင့်တက်လာကြောင်း သိရသည်။




## အင်တာနက်အသုံးပြုနည်းလမ်းညွှန်



မျိုးသူရ

**အင်တာနက်အသုံးပြုနည်းလမ်းညွှန်**

Mobile Phone (GSM, CDMA800)

Dialup, ADSL, WiMAX, IP Star တို့ဖြင့်

**အင်တာနက် connection ချိတ်ဆက်ပြီး သုံးပြုနည်း**

သိချင်သည့် အကြောင်းအရာကို ရှာဖွေနိုင်ရေးအတွက် Search Engine အသုံးပြုရှာနည်း၊ Software များ၊ file များကို Download ပြုလုပ်ရယူခြင်းနှင့် Program Install ပြုလုပ်ခြင်း၊ Proxy Server မှာ Setting ထည့်ခြင်း၊ History ဖျက်ခြင်း၊ Favorate ထည့်သွင်းခြင်း၊ Virus update ပြုလုပ်ခြင်း နှင့် Troubleshooting code no. များ၊ Gmail နှင့် အခြား Web Mail များ အသုံးပြုခြင်း

## ကွန်ပျူတာတပ်ဆင်ပြုပြင်နည်း



**PC Hardware** A+

**ကွန်ပျူတာတပ်ဆင်ပြုပြင်နည်း**

မျိုးသူရ

ကွန်ပျူတာစတင်တပ်ဆင်အသုံးပြုသူများအတွက်......
ကွန်ပျူတာစတင်တည်ဆောက်တပ်ဆင်ပုံနှင့် ဝင်းဒိုးစ်စက်တင်နည်း၊
ကွန်ပျူတာအတွင်းရှိ စက်ပစ္စည်း တစ်ခုစီ၏ လုပ်ဆောင်ပုံနှင့် ဝင်းဒိုးစ်စက်တင်နည်း၊
ကွန်ပျူတာ၏ အစိတ်အပိုင်းတစ်ခုစီကို အစားထိုး လည်းလှယ်နည်းနှင့် Troubleshooting
ကွန်ပျူတာ အစိတ်အပိုင်းတစ်ခုနှင့် တစ်ခု ဆက်စပ်လုပ်ဆောင်နေကြပုံ၊
ကွန်ပျူတာ၏အစိတ်အပိုင်းတစ်ခုချင်းစီရဲ့ အခြေခံသိထိုက်သော သဘောတရားနှင့် upgrading
မိမိနှင့် သင့်တော်မည့် ကွန်ပျူတာတစ်လုံး ရွေးချယ်ဝယ်ယူတော့မည်ဆိုလျှင် သိထားရမည့်အချက်များ။

## လူငယ်အင်တာနက်စတင်သုံးစွဲသူများအတွက်



**Everyday Internet**

**for Starter**

နေ့စဉ်သုံး အင်တာနက်

မျိုးသူရ

**လူငယ်အင်တာနက်စတင်သုံးစွဲသူများအတွက်**

- Email Account, Setting နှင့် Problem များ၊ G Talk အကြောင်း၊ အသုံးပြုပုံ
- Internet forums, Basic Cloud Computing
- skype ဖြင့် ဖုန်းခေါ်ဆိုခြင်း၊ pfingo, vzo chat အသုံးပြုနည်း၊ Account ဖန်တီးနည်း၊ သီချင်းများကို Download လုပ်ခြင်း၊ video Hosting and Sharing စသည်တို့ ပါဝင်သည်။

ထွက်ပြီ မျက်ပွင့်စာပေ — ဖုန်း–၀၉–၇၃၀၀၂၉၆၅၊ ၀၉ ၇၃၀၀ ၅၈၈၂ E-mail : myatpwint.books@gmail.com ထွက်ပြီ

## မြန်မာတို့ရဲ့ဖုန်းရွှေ




**ဝင်းဇော် (သစ်တော)**

*မြန်မာတို့ရဲ့ဖုန်းရွှေ*

ဒီကမ္ဘာမြေပြင်ပေါ်မှာ မြေဝယ်၊ အိမ်ဝယ်၊
အိမ်ခန်းဝယ်၊ အိမ်ဆောက်၊
အိမ်တက်မင်္ဂလာ လုပ်မယ်ဆိုရင်
ဒီစာအုပ်ရှိမှ ဖြစ်မယ် . . .။ မြန်မာတို့အတွက် လောကီရေးရာသုတချင်းသော ပြည့်စုံ စေရန် စေတနာထား၍ တင်ပြထားသည်။

**အကျိုးစီးပွားဖြစ်ထွန်းစေသော**
**မြေရွေး၊ အိမ်ဆောက်၊ အိမ်တက်မင်္ဂလာ ပြုလုပ်နည်းပညာ**

## မရမ်းတလင်း အယူတော်မင်္ဂလာ နာမည်ပေးနည်းကျမ်း



ပြုစုသူ
**ဝင်းဇော်(သစ်တော)**

*မရမ်းတလင်း အယူတော်မင်္ဂလာ*

**နာမည်ပေးနည်းကျမ်း**

*ဆရာကြီး မင်းသိန်*

*၏*

**သင်္ကြားဗိုလ်ချုပ်ချက်များ**

ဘဝအတွက်အရေးကြီးတဲ့အရာတွေအများကြီးရှိပါတယ်၊ အဲဒီအထဲမှာ မိမိရဲ့ဘဝတက်လမ်းအတွက် အထောက်အကူပြုမဲ့ နာမည်ကို ရွေးချယ်ပေးနိုင်ဖို့အရေးကြီးပါတယ်။ အဲဒီလိုရွေးချယ်နိုင်ဖို့ လမ်းညွှန်ပေးထားတဲ့ဒီစာအုပ်လေးကို ဖတ်လိုက်ပါ။

## သင့်အတွက် ဘဝတစ်သက်တာ



သင့်အတွက် **ဝင်းဇော် (သစ်တော)**

**ဘဝတစ်သက်တာ ဟောစာတမ်း**

ဆရာကြီးမင်းသိန်

၏

ဗေဒင်ကျမ်းအတိုင်း တွက်ချက် စီစဉ်ထားသည်။

**သင်၏ကံကြမ္မာအတွက် ဘဝတစ်သက်တာဆောင်ထားရန် စာအုပ်**

ခုနှစ်ရက်သားသမီးများအတွက် ဘဝတစ်သက်တာမှာ နေ့စဉ်ကြုံတွေ့ရမည့် ကံကြမ္မာအဆိုးအကောင်းတို့ကို အသေးစိတ်ဟောပြောရေးသား ထားသည်။ မရမ်းတလင်းလက်ဆောင် ဂဏန်းဗေဒင်ကိုလည်း ထည့်သွင်းထားသည်။

ထွက်ပြီ မရမ်းတလင်းစာပေ — ဖုန်း–၀၁ ၅၄၃၂၉၇ ၊ ၀၉ ၇၃၀၀ ၂၉၆၅ E-mail : marantalin.books@gmail.com ထွက်ပြီ

# ORIENT CLINIC အရှေ့တိုင်း ဆေးခန်း



**အဖြူလိပ်ခေါင်း၊ အတွင်းလိပ်ခေါင်း၊ ခေါင်းစပ်လိပ်ခေါင်း**



**လိင်အင်္ဂါကြွက်နို့ရောဂါ**

**အရိုးရောဂါ**



**ဆီးချိုရောဂါနှင့် သွေးတိုးရောဂါ**



**အနုအကျိတ်နှင့် ကင်ဆာရောဂါ**

အရှေ့တိုင်းဆေးခန်းတွင် အမျိုးမျိုးသော ဓော်မီတိုးတက်သည့် အထူးကုဆေးပစ္စည်းကိရိယာများကို တပ်ဆင်ထားပါသည်။ ... ရောဂါပေါင်းသင်ကုသရေးအတွေ့အကြုံများစွာရှိသူများဖြစ်သည်။ ... **၃၀ ရာခိုင်နှုန်း လျှော့ပေးမည်။**

**လမ်းမတော်မြို့နယ်၊ (၁)လမ်းထိပ်၊ ပုဂံအိမ်ရာအမှတ် (၃၃၄/၃၄၄)၊ အနော်ရထာလမ်း၊ Ph : 01 226917, 01 227285**

ဝိတ်ရက်မရှိ
ဆေးခန်းဖွင့်ချိန် – နံနက်၈နာရီမှ ညနေ၈နာရီထိ

7 DAY NEWS JOURNAL
Vol.12, No.9 • MAY 8 , 2013



# မုံရွာမြို့နယ်အတွင်း လေပြင်းတိုက်ခတ်မှုကြောင့် အိမ် ၉၀ ကျော်ပြို ၄၀၀ ကျော် အမိုးလန် ပျက်စီး

**ရန်နိုင်ကျော်**

**မုံရွာ၊ မေ-၅**

မုံရွာမြို့နယ်အတွင်း မေလ ၂ရက် ညနေပိုင်းတွင် တိုက်ခတ်ခဲ့သော လေပြင်းမုန်တိုင်းကြောင့် နေအိမ်အချို့နှင့် စာသင်ကျောင်းအချို့ ပျက်စီးခဲ့ပြီး ပျက်စီးဆုံးရှုံးမှု စာရင်းများ ပြုစုခဲ့ရာ လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ် ၉၄ လုံး ပြိုကျ၍ နေအိမ် ၄၂၃ လုံးအမိုးလန်ပျက်စီးခဲ့ရာ အဆောက်အအုံများပျက်စီးဆုံးရှုံးမှု ကာလတန်ဖိုးခန့်မှန်း ကုန်ကျငွေ ကျပ်သိန်းတစ်ထောင့်ငါးရာကျော် ဆုံးရှုံးခဲ့ကြောင်းသတင်းရရှိသည်။

"စာရင်းပြုစုမှု အရတော့ ပျက်စီးဆုံးရှုံးမှု စုစုပေါင်းခန့်မှန်းတန်ဖိုးကျပ် ၁၅၄၁ ဒသမ ၃ သိန်းခန့်ဖြစ်ပါတယ်" ဟု အဆိုပါ ပျက်စီးဆုံးရှုံးမှု စာရင်းဇယားများ ပြုစုရေးတွင် ပါဝင်ခဲ့သော မုံရွာမြို့ ရပ်မိရပ်ဖတစ်ဦးက ပြောသည်။



*လေပြင်းကြောင့် ပြိုကျပျက်စီးသွားသော နေအိမ်တစ်လုံး*

ဓာတ်ပုံ- မျိုးမင်းဦး

မုံရွာမြို့နယ် ရတနာပုံရပ်ကွက်၊ နန္ဒရပ်ကွက်၊ ရန်ကင်းရပ်ကွက်၊ အောင်မင်္ဂလာရပ်ကွက်၊ လက်တီရပ်ကွက်၊ အလုံတပ်မြို့၊ စစ်ပင်ရပ်၊ သလ္လာရပ်ကွက်၊ အလယ်ရပ်ကွက်၊ မုံရွာတောင်ရပ်ကွက်၊ ဒေါနခြံရပ်ကွက်၊ ဘုန်းစိုးရပ်ကွက်၊ မြဝတီရပ်ကွက်၊ စက်မှုဇုန်ရပ်ကွက်၊ အောင်ချမ်းသာရပ်ကွက်၊ ထန်းတောရပ်ကွက်၊ ကွေ့ကြီးရပ်ကွက်၊ လယ်ဇင်ကျေးရွာ၊ ကျွန်းရွာသစ်ကျေးရွာ၊ မြေနဲကျေးရွာ၊ ခဝဲကျင်းကျေးရွာ၊ ဘုဘကျေးရွာ၊ ပေါက်ပင်ကျေးရွာ၊ ကျွဲရဲကျေးရွာ၊ ထနောင်းတောကျေးရွာ၊ ဇီးကျွန်းကျေးရွာ၊ မုံရွေးကျေးရွာ၊ ကြာပိုင်ကျေးရွာ၊ မင်းရွာစသည့် ရပ်ကွက် ကျေးရွာပေါင်း ၃၀ တွင် လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်များ ပျက်စီးဆုံးရှုံးခဲ့သည်။ အဆိုပါရပ်ကွက် ကျေးရွာများ အတွင်း စာသင်ကျောင်းသုံးကျောင်းပြိုကျ၍ ၁၂ ကျောင်းအမိုးလန်ပျက်စီးခဲ့သည်။

အဆိုပါ လေပြင်းတိုက်ခတ်ချိန်တွင် မိုးကြိုးပစ်ခတ်မှုကြောင့် မုံရွာမြို့နယ် ဇီးကျွန်းကျေးရွာမှ လူတစ်ဦး မိုးကြိုးထိမှန်ခဲ့ကြောင်း သိရသည်။ လေပြင်းတိုက်ခတ်မှုကြောင့် မုံရွာမြို့၊ အောင်ချမ်းသာမြို့သစ် ရပ်ကွက်အတွင်း သစ်ပါးလွှာစက်ရုံ အဆောက်အအုံပြိုကျကာ စက်ရုံဝန်ထမ်း ကိုးဦးထိခိုက်ဒဏ်ရာရရှိခဲ့ပြီး မုံရွာမြို့နယ်မအူကျေးရွာအရှေ့ပိုင်းတွင် လေပြင်းနှင့်အတူ သစ်ကိုင်းပိ၍ တစ်ဦးထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ဒေသခံများ ပြောပြချက်အရ သိရှိရသည်။

မေလဆန်းတွင် မြန်မာနိုင်ငံ အလယ်ပိုင်းနှင့် အထက်ပိုင်းဒေသများ၌ မိုးကြိုး မုန်တိုင်းတိုက်ခတ်ခဲ့ပြီး မိုးသက်လေပြင်းများကျရောက်ခဲ့သဖြင့် သစ်ပင်များလဲပြိုကာ နေအိမ်အဆောက်အအုံများ ပျက်စီးဆုံးရှုံးမှုများပြားခဲ့သည်။

## သရက် ရေနံလက်ယက်တွင်း မီးလောင်မှုဖြစ်ပွား

**အောင်ကြီး**

**သရက်၊ မေ-၃**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့နယ်၊ ပိတောက်ပင်ကျေးရွာအနီး ရွှေရောင်နဂါးကုမ္ပဏီ၏ ရေနံလက်ယက်တွင်းတိမ် စမ်းသပ်တူးဖော်ရန် လျှောက်ထားသည့် လုပ်ကွက်အတွင်း ဧပြီ ၂၈ ရက်၊ ၃ နာရီခန့်က မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သတင်းရရှိသည်။

ဖြစ်စဉ်မှာအဆိုပါလုပ်ကွက်တွင်းအမှတ် (C-12)ရေနံတွင်း၌ ဓာတ်ငွေ့နှင့်ရေနံများ လျှံထွက်လာစဉ်ကျင်းလုပ်သားစိုးလွင်(၄၄)နှစ်က တွင်းကိုပိတ်ဆို့ရာ ရေနံနှင့် ဓာတ်ငွေ့တွန်းကန်ပွတ်တိုက်အားကြောင့် တွင်းအနီးရှိ ယာယီမိုးကာဆီလှောင်ကန်များနှင့် တွင်းအမှတ် (C-13)ရှိ ယာယီ မိုးကာဆီလှောင်ကန်များသို့ ကူးစက်လောင်ကျွမ်းခဲ့ရာ ရေနံစိမ်း ပီပါ ၆၀၊ ကာလတန်ဖိုးကျပ် ၄၈ သိန်းဖိုးခန့် မီးလောင်ဆုံးရှုံးခဲ့ရသည်။

အဆိုပါ မီးလောင်မှုဖြစ်ပွားရာသို့ သရက်ခရိုင်၊ မီးသတ်ဦးစီးဌာနမှူး ဦးမြင့်နိုင်ထွန်းနှင့် သန္တေတပ်ဖွဲ့များက မီးသတ်ယာဉ် ၃ စီးဖြင့် ငြိမ်းသတ်ခဲ့ရသည်။

မီးလောင်မှုဖြစ်ပွားစေရန် ပေါ့ဆစွာ ပြုလုပ်ဆောင်ရွက်သူ ကျင်းလုပ်သား စိုးလွင်(၄၄)နှစ်ကို သရက်ရဲစခန်းကပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၂၈၅ အရ အမှုဖွင့် အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**မြန်မာ့ရှေ့ဆောင်ဘဏ်လီမိတက်**

**ဝန်ထမ်းအလိုရှိသည် (ပြည်တွင်း၌ခန့်ထားရန်)**

မြန်မာ့ရှေ့ဆောင်ဘဏ်လီမိတက်၊ ရန်ကုန်နှင့် မန္တလေးဘဏ်ခွဲများတွင် ခန့်ထားရန် အငယ်တန်းလက်ထောက်ဝန်ထမ်းများအလိုရှိသည်။ လျှောက်ထားသူများသည် ဘွဲ့ရ အသက် (၂၅)နှစ်အောက်၊ အနည်းဆုံးအရပ် (၅'၂") ရှိရမည်၊ အိမ်ထောင်မရှိသူကို ဦးစားပေးခန့်ထားမည်။ ကွန်ပျူတာကျွမ်းကျင်သူနှင့် စာရင်းကိုင်ပညာကျွမ်းကျင်တတ်မြောက်သူအား ဦးစားပေးမည်။ လူအများနှင့်ပူးပေါင်းလုပ်ကိုင်လိုစိတ်ရှိပြီး၊ ဆက်ဆံရေးပြေပြစ်ကောင်းမွန်၍ ဒေသမရွေးသွားရောက် တာဝန်ထမ်းဆောင်နိုင်ရမည်။ ကိုယ်ရေးလျှောက်လွှာများကို မိမိကိုယ်တိုင် လက်ရေးဖြင့် ဖြည့်စွက်၍ အောက်ဖော်ပြပါအထောက်အထားများနှင့် အတူ (၃၁-၅-၂၀၁၃) နေ့ နောက်ဆုံးထား၍ လျှောက်ထားနိုင်ပါသည်။

(၁) နိုင်ငံသားစီစစ်ရေးကတ်ပြား (မိတ္တူ)
(၂) ပညာအရည်အချင်း (ဘွဲ့မိတ္တူ)
(၃) အလုပ်သမားမှတ်ပုံတင် (မူရင်း)
(၄) သန်းခေါင်စာရင်း (မိတ္တူ)
(၅) ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံစာ (မူရင်း)
(၆) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ရဲစခန်းထောက်ခံချက် (၆လ အတွင်းဖြစ်ရမည်)
(၇) မကြာမီက ရိုက်ထားသော ကာလာဓါတ်ပုံ (၃) ပုံ (Passport Size)
(၈) လုပ်ငန်းအတွေ့အကြုံအထောက်အထား စာရွက်စာတမ်းများ
(၉) နေရပ်လိပ်စာအပြည့်အစုံ
(၁၀) ဆက်သွယ်ရန်ဖုန်းနံပါတ်

အထက်ဖော်ပြပါ စာရွက်စာတမ်းအပြည့်အစုံဖြင့် လက်မှတ်ရေးထိုးလျှောက်ထားနိုင်ပါသည်။ မပြည့်စုံသောလျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

**ဆက်သွယ်လျှောက်ထားရမည့်နေရာ**

**ရန်ကုန်မြို့အတွက်**

၁။ အမှတ် (၂၀၇)၊ သိမ်ဖြူလမ်း (အလယ်)ဘလောက်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ (ရုံးချုပ်)

**မန္တလေးမြို့အတွက်**

၂။ အမှတ် (၅၈)၊ ၈၄လမ်း၊ ၂၅ × ၂၆ လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့။
၃။ အမှတ် (၂၅၆)၊ ၈၄ လမ်း × ၃၆ လမ်းထောင့်၊ ရတနာဘုံဗိုလ်အနောက်ရပ်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။
၄။ အမှတ် (၆၂၇)၊ ကာစွနမဟီရပ်၊ ၇၈ လမ်း × ၃၁ လမ်းထောင့်၊ ချမ်းအေးသာစံမြို့နယ်၊ ဘုတာကြီးရှေ့၊ မန္တလေးမြို့။

## တမာကန်ရွာရှိ ရေကန် ရေလုံးလုံးခန်း

**အောင်သစ်လွင်**

**ရန်ကုန်၊ မေ-၃**

ဝက်လက်မြို့နယ်၊ တမာကန်ကျေးရွာတွင် နှစ်အဆက်ဆက် အသုံးပြုခဲ့သော သောက်သုံးရေကန်ကြီး ရေခန်းခြောက်သွားပြီဖြစ်ကြောင်း ရွှေဘိုခရိုင်စိမ်း/စိုမှုလက်ထောက်ညွှန်ကြားရေးမှူး ဦးဘလွင်ဦးက ပြောသည်။

အိမ်ခြေ ၂၀၀ ကျော်ရှိသော တမာကန်ရွာတွင် သောက်သုံးရေအတွက် မိုးတွင်းကာလရွာသွန်းသော မိုးရေကို အကျယ်ပေသုံးရာခန့်၊ အနက်ပေသုံးဆယ်ခန့်ရှိသည့် ရေကန်ကြီးသုံးကန်ဖြင့် သိုလှောင်ထားပြီး နွေကာလတွင် ကျေးရွာအတွက် မျှဝေသုံးစွဲစရာ ရေလုံးဝမရှိတော့ကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်လင်းက ပြောသည်။

"အစိုးရက တူးပေးထားတဲ့ ရေတွင်းတွေတော့ရှိတယ်။ ဒါပေမဲ့ ထွက်တဲ့ရေက လူမပြောနဲ့ ကျွဲ၊ နွားတွေတောင်သောက်လို့မရဘူး။ စိုက်ပျိုးရေးအတွက်လည်း သုံးလို့မရဘူး။ ရေအခက်အခဲကို တာဝန်ရှိသူတွေကို တင်ပြသွားမှာပါ"ဟု ၎င်းက ပြောသည်။

တမာကန်ကျေးရွာ ရေအခက်အခဲအတွက် ရွာနှင့် တစ်မိုင်ခန့်ဝေးသော တပ်ရွာတွင် အကျယ်ပေ (၆၀) ပတ်လည် အနက် (၄)ပေရှိသော ရေကန်ကို တူးဖော်ပေးသွားမည်ဖြစ်ကြောင်း ဝက်လက်မြို့နယ် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး ဦးစီးဌာန ဦးစီးအရာရှိဦးအောင်ဇော်ထူးက ပြောသည်။

ရွှေဘိုခရိုင်အတွင်းရှိမြို့နယ် ခုနစ်မြို့နယ်၏ သောက်သုံးရေ၊ စိုက်ပျိုးရေအတွက် ကျွန်းလှမြို့နယ်တွင် မြန်မာနိုင်ငံ၏ အကြီးဆုံးဖြစ်သော သဖန်းဆိပ်ဆည်ကို တည်ဆောက်၍ ရေပေးဝေခဲ့သော်လည်း ပြီးခဲ့သည့်နှစ်က မိုးခေါင်ခဲ့သောကြောင့် ရေသိုလှောင်နိုင်မှုနည်းကာ ယခုနှစ်အတွက် ရေလုံလောက်စွာပေးဝေနိုင်ခြင်းမရှိကြောင်း သဖန်းဆိပ်ဆည်မြောင်းရုံးမှ တာဝန်ရှိသူက ပြောသည်။

7 DAY NEWS JOURNAL
Vol.12, No.9 • MAY 8 , 2013

## အမြန်ချောပို့လုပ်ငန်းသုံးခု လိုင်စင်ထုတ်ပေးထားခြင်းမှာ မဟုတ်မှန်ဟုဆို

**သန်းထူး**

**နေပြည်တော်၊ မေ- ၃**

စာပို့လုပ်ငန်းသုံးခုကို ကျပ်သိန်းငါးရာစီဖြင့် တရားဝင်လိုင်စင်ထုတ်ပေးထားခြင်းမရှိကြောင်း ဆက်သွယ်ရေးသတင်း အချက်အလက်နှင့် နည်းပညာဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောကြားသည်။

လိုင်စင်ထုတ်ပေးထားခြင်းမဟုတ်ကြောင်း၊JV (ပူးပေါင်းဆောင်ရွက်ခြင်း)သာဖြစ်ကြောင်း ပြောကြားခဲ့သည့်အပြင် "စာတိုက်လုပ်ငန်းကို လိုင်စင်သီးခြားပေးထားတာ မဟုတ်ပါဘူး"ဟု ပြောကြားခဲ့ခြင်းဖြစ်သည်။

ရန်ကုန်၊ မန္တလေး၊ နေပြည်တော်မြို့ကြီးများတွင်စွန့်ဦးတီထွင်လုပ်ငန်းတစ်ခုအဖြစ် အစောပိုင်းကတည်းက ဆောင်ရွက်ခဲ့သော Royal Express မှ တာဝန်ရှိသူ ဦးမင်းမင်းခိုင်ကမူ ထိုကဲ့သို့ကျပ်သိန်းငါးရာ မသွင်းနိုင်သည့် အတွက် လိုင်စင်မဲ့လုပ်ငန်းသဘောမျိုးဖြစ်သွားရသည့်အပြင် ယင်းအင်အားကြီးလုပ်ငန်းများ နှင့် ငွေကြေး၊ နည်းပညာဝန်ဆောင်မှု မယှဉ်နိုင်သည့်အတွက် ရုန်းကန်နေရကြောင်း ပြီး ၂၉ ရက်က ပြောကြားသွားခဲ့သည်။

၂၀၁၂ ခုနှစ်က စာပို့လုပ်ငန်းများအား စိစစ်ရာတွင် တရားမဝင်ဆောင်ရွက်လျက်ရှိသော လုပ်ငန်းရှစ်ခု တွေ့ရှိရကြောင်း၊ ၎င်းတို့အား ဖိတ်ခေါ်ဆွေးနွေးခဲ့ပြီး တရားဝင်စေရန်ကျပ်သိန်းငါးရာဖြင့် ဆောင်ရွက် စေခဲ့ခြင်းဖြစ်သည်ဟု ဆိုပါသည်။

စာတိုက်လုပ်ငန်းတွင် SME များ ပါဝင်ဆောင်ရွက်နိုင်ရန် အတွက် ဝန်ကြီးဌာနအဆင့်မှ အစိုးရအဖွဲ့ထိ ဆက်လက်တင်ပြဆောင်ရွက်သွားမည်ဖြစ်ကြောင်း တာဝန်ရှိသူများက ပြောသည်။

ထိုကဲ့သို့ လုပ်ငန်းသုံးခုကို ကျပ်သိန်းငါးရာစီဖြင့် တရားဝင်ခွင့်ပြုခဲ့သော်လည်း လောလောဆယ်တွင် ကစ္စပနဒီနှင့် MGL လုပ်ငန်းနှစ်ခုသာ လုပ်ဆောင်နေသေးကြောင်း ပျဉ်းမနားစာတိုက်မှ သိရသည်။

## ထားဝယ်ရေနက်ဆိပ်ကမ်းစီမံကိန်းဧရိယာရှိဒေသခံအချို့ လျော်ကြေးမရသေးဟုဆို

**စိုးမိုးအောင်**

**ထားဝယ်၊ မေ - ၃**

နဘုလယ်ဒေသ၌ အကောင်အထည်ဖော်လျက်ရှိသည့် ထားဝယ်ရေနက် ဆိပ်ကမ်းစီမံကိန်း ဧရိယာတွင်ပါဝင်နေသည့်ဥယျာဉ်၊ခြံမြေများအတွက် လျော်ကြေးမရသေးသူများ ကျန်ရှိနေသေးကြောင်း သိရသည်။

ITD ကုမ္ပဏီမှ တာဝန်ယူအကောင်အထည်ဖော် ဆောင်ရွက်နေသော ထားဝယ်ရေနက်ဆိပ်ကမ်းအတွက် သိမ်းယူထားသည့် ဥယျာဉ်၊ ခြံ၊ မြေများအတွက် ပိုင်ရှင်များအား လျော်ကြေးပေးရာတွင် မြေဧရိယာ အလိုက် သစ်ပင်အမျိုးအစားပေါ်မူတည်ပြီး ပေးချေသော်လည်း လျော်ကြေးမရရှိသေးသူများများစွာ ရှိနေသေးသည်။

"အဒေါ်တို့ခြံဘေးက ခြံရှင်တွေရပြီးပြီ၊သူတို့ရတာတော်တော်ကြာပြီ။ အဒေါ်တို့ကတော့အခုထိ မရသေးဘူး"ဟု ဘဝါမြို့သစ်မှ ခြံရှင်တစ်ဦးက ပြောပြသည်။

သိမ်းယူထားသော ဥယျာဉ်၊ ခြံ၊ မြေများရှိ အပင်များအား ခုတ်ထွင် ရှင်းလင်းထားပြီး ဖြစ်သည်။

"သူတို့ သိမ်းထားတာတော့ ITD ကပဲ၊ အခု ပြောနေကြတာတော့ နည်းနည်းကြာဦးမယ်တဲ့။ ခြံထဲမှာက သစ်သီးတွေ သီးနေတာပဲ။ ဒါပေမဲ့ ကျွန်မတို့နဲ့မဆိုင်တော့ပါဘူး"ဟု ခြံပိုင်ရှင်တစ်ဦးက ပြောသည်။

လက်ရှိ ITD (ထိုင်း)ကုမ္ပဏီက အကောင်ထည်ဖော်နေသော်လည်း လာမည့်မေလမှစ၍ ဂျပန်နိုင်ငံမှ လာရောက်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။ ကျန်နေသော မြေပိုင်ရှင်များကို ဂျပန်ကုမ္ပဏီများက လျော်ကြေးဆက်လက်ပေးမည်ဟု သိရသည်။

## မုံရွာမြို့နယ်အတွင်း လျှော်ဖြူစိုက်ပျိုးရေးလုပ်ငန်းများစတင်လုပ်ကိုင်

**မျိုးမင်းဦး**

**မုံရွာ၊ မေ- ၃**

မုံရွာမြို့နယ်၊ မုံရွာနည်းပညာတက္ကသိုလ်အနီး သစ်ညိုပင်ကျေးရွာစိုက်ခင်းအတွင်းတွင် လျှော်ဖြူပင်စိုက်ပျိုးရေးလုပ်ငန်းများစတင်လုပ်ကိုင်လျက်ရှိကြောင်း သစ်ညိုပင်ကျေးရွာဒေသခံများထံမှ သိရသည်။

"အရင်တုန်းကစီးပွားဖြစ်စိုက်ပျိုးတာမရှိဘူး။ အခုသစ်ညိုပင်စိုက်ကွင်းအတွင်းမှာ ဧက ၃၀နီးပါးစိုက်ဖို့ ပြင်ဆင်နေတယ်"ဟု သစ်ညိုပင် ကျေးရွာစိုက်ကွင်းအတွင်း လျှော်ဖြူ စိုက်ကွင်းလုပ်ကိုင်နေသော ဒေသခံတောင်သူ ဦးလှဝင်းကပြောသည်။

"ဒီဒေသက လျှော်ဖြူပင်ကို ဆေးကုလားမပင်လို့လည်းခေါ်တယ်။ လျှော်ဖြူအစေးကိုပရဆေးအနေနဲ့ အရောင်းအဝယ်ပြုသလိုပြည်ပဈေးကွက်မှာ ရာဘာလိုကုန်ကြမ်းအနေနဲ့ ဝယ်ယူတာတွေလည်းရှိတယ်။ အပင် ၇၀ စိုက်ခင်းတစ်ခင်းက တစ်နှစ်အတွင်းကျပ်သိန်း ၃၀ နီးပါးအမြတ်ငွေရရှိတယ်ဆိုလို့ စိုက်ပျိုးတာပိုများလာတယ်။ ရေသွင်းရ သက်သာတာရော အပူပိုင်းဒေသ ရာသီဥတုဒဏ်ခံတာရောကြောင့် စိုက်ပျိုးသူ ပိုများလာတာဖြစ်ပါတယ်"ဟု မုံရွာမြို့နယ်အတွင်း လျှော်ဖြူစိုက်ခင်းများစိုက်ပျိုးရန်ပြင်ဆင်နေသည့် သစ်ညိုပင်ကျေးရွာဒေသခံတစ်ဦးက ဆိုသည်။

ယခုနှစ်မေလဆန်းပိုင်းတွင် လျှော်ဖြူပျိုးပင်များ စတင်ပျိုးထောင်လျက်ရှိပြီး ပျိုးပင်သက်တမ်း နှစ်လတွင် စတင်စိုက်ပျိုးနိုင်ကာသုံးနှစ်သားအရွယ်မှစ၍လျှော်ဖြူပင်မှသစ်စေးထုတ်၍ ဈေးကွက်သို့တင်ပို့ရောင်းချနိုင်ကြောင်း သိရသည်။ လျှော်ဖြူသစ်စေးတစ်ပိဿာလျှင် ကျပ်တစ်သောင်းရှစ်ထောင်နှုန်းဖြင့် ဈေးကွက်တွင် အရောင်းအဝယ်ဖြစ် လျက်ရှိကြောင်းသိရသည်။ ၁၂ ပေပတ်လည်စိုက်ပျိုးနိုင်ပြီး တစ်ဧကလျှင် လျှော်ဖြူအပင် ၅၀၀ ခန့် စိုက်ပျိုးနိုင်ကြောင်း သိရသည်။ လျှော်ဖြူပျိုးပင်များအား မြေနဲ- ဗောဓိတစ်ထောင်လမ်း၊ မုံရွာနည်းပညာတက္ကသိုလ်အရှေ့ ဦးလှဝင်းလျှော်ဖြူ စိုက်ခင်းအတွင်း ပျိုးပင်တစ်ပင်လျှင် ကျပ်ငါးရာနှုန်းဖြင့်မှာယူသူများရှိကြောင်း သတင်းရရှိသည်။

သက်ဆိုင်ရာပညာရှင်ကြီးများနှင့် သမားတော်ကြီးများမှ ကြီးကြပ်ကုသပေးနေပါသည်။

ခေတ်မှီ ဆေးကုခန်း



နှာခေါင်းရောင်နာ လည်ချောင်းရောင်နာ အမြန်ပျောက်ကင်းစေသော ကုထုံးသစ်



လည်ဆစ်ရိုး၊ ခါးဆစ်ရိုး၊ လေးဘက်နာရောဂါများအတွက် လျှပ်မြန်စွာသက်သာစေသည့် သုံးမျိုးစပ်ကုထုံး



PPH နည်းစနစ်ကိုအသုံးပြု၍ လိပ်ခေါင်းရောဂါကို တစ်ကြိမ်တည်းဖြင့် အမြစ်ပြတ်ကုသပေးခြင်း



အမျိုးသားများအတွက် အားဖြည့်ခန်း

ပိတ်ရက်မရှိ ဆေးခန်းဖွင့်ချိန် - နံနက် ၈:၀၀ နာရီမှ ည ၈:၀၀ နာရီထိ

အထက်ပါဝေဒနာများကို Alternative Medicine ဖြင့် ဝေဒနာရှင်များ၏ ဆန္ဒအတိုင်း ထိရောက်စွာ ကုသပေးနေပါသည်။

အမှတ် (၈)၊ စဉ့်အိုးတန်းအောက်လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း 09-421180800

# Education

7 DAY NEWS JOURNAL

Vol.12, No.9 • MAY 8 , 2013


## ရန်ကုန်ပညာရေးတက္ကသိုလ် အင်္ဂလိပ်ဘာသာစကားဆိုင်ရာ သင်တန်းများ ဖွင့်

**နေလင်းထွန်း**

**ရန်ကုန်၊ မေ-၁**

ရန်ကုန်ပညာရေးတက္ကသိုလ်တွင် အင်္ဂလိပ်ဘာသာစကားဆိုင်ရာ ဒီပလိုမာနှင့်မဟာဘွဲ့သင်တန်းများကို ဇွန်လ အစောပိုင်း၌ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

တက္ကသိုလ်တစ်ခုခုမှ အင်္ဂလိပ်စာအဓိကဖြင့် ဘွဲ့ရရှိသူများအနေဖြင့် အင်္ဂလိပ်စာသင်ကြားရေးနည်းပညာဒီပလိုမာ(Diploma in English Language Teaching Methodology) သင်တန်းကို သင်တန်းကြေးတစ်လ ကျပ် ၃,၀၀၀ ဖြင့် တက်ရောက်နိုင်မည် ဖြစ်သည်။

ဒီပလိုမာသင်တန်းသည် သင်တန်းကာလ ၁၀ လကြာမြင့်မည်ဖြစ်ပြီး တနင်္လာမှသောကြာအထိ နံနက်၇နာရီမှ၉နာရီအထိတက်ရောက်သင်ကြားရမည်ဖြစ်သည်။

တက္ကသိုလ်တစ်ခုမှ အင်္ဂလိပ်စာအဓိကဖြင့် ဘွဲ့ရရှိပြီး မဟာတန်းတက်ရောက်ရန် အဆင့်မီသူများနှင့် အထက်ပါဒီပလိုမာ လက်မှတ် ရရှိထားသူများအနေဖြင့် အင်္ဂလိပ်စာကို နိုင်ငံခြားဘာသာအဖြစ် သင်ကြားခြင်း M.A (TEFL) သင်တန်းကို သင်တန်းကြေး တစ်လ ၅,၀၀၀ ဖြင့် တက်ရောက်နိုင်မည်ဖြစ်သည်။

မဟာဘွဲ့သင်တန်းသည် သင်တန်းကာလ ၂နှစ်ကြာမြင့်မည်ဖြစ်ပြီး တနင်္လာနေ့မှ သောကြာနေ့အထိ နေ့လယ် ၂ နာရီမှ ၅ နာရီထိတက်ရောက်သင်ကြား ရမည်ဖြစ်သည်။

အဆိုပါ သင်တန်းများအတွက် ဝင်ခွင့်လျှောက်လွှာများကို မေလ ၉ ရက်တွင် ရောင်းချပေးမည်ဖြစ်သည်။

# ပီတိစားသူများ၏ မျှော်လင့်ချက်

**နေလင်းထွန်း**

၂၀၁၃-၂၀၁၄ ပညာသင်နှစ်တွင် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများရှိ ဆရာ၊ ဆရာမများအား လစာငွေများထောက်ပံ့ရန် နိုင်ငံတော်က ငွေကျပ်၃ဘီလီယံနီးပါး ကျခံသုံးစွဲမည်ဖြစ်ကြောင်း အစိုးရက ကြေညာလိုက်သည်။

'အခုက ဝမ်းဝရုံလောက်ပါပဲ သူ့ဟာနဲ့သူတော့ လည်ပတ်နေတာပေါ့။ လစာတိုးမယ်ဆိုတော့ အရမ်းဝမ်းသာပါတယ်။ ဒါပေမဲ့ ကိုယ့်လက်ထဲမရောက်သေးတော့ သေချာမသိသေးပါဘူး'ဟု ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတွင် ဆရာမလုပ်သက်ငါးနှစ်ရှိနေပြီဖြစ်သော မခင်သန္တာမိုးကပြောသည်။

သူမသည် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတွင် တစ်နှစ်ခန့် အခမဲ့စေတနာ့ဝန်ထမ်းလုပ်ကိုင်ပြီးနောက် လစာကျပ် ၉,၀၀၀စတင်ရရှိခဲ့ရာမှ ယခုအချိန်တွင် ရှိုင်းဟုတ်ကုမ္ပဏီမှ ထောက်ပံ့သောလစာငွေ ကျပ် ၄၀,၀၀၀ ကို ရရှိနေသည်။

နိုင်ငံတစ်ဝန်းလုံး ဘုန်းတော်ကြီးသင်ပညာရေးကျောင်း မူလတန်း၊ မူလတန်းလွန်၊ အလယ်တန်း၊ အထက်တန်းကျောင်းပေါင်း ၁,၅၇၉ကျောင်းမှ ဆရာ၊ ဆရာမပေါင်း ၆,၃၀၃ဦးကိုလစာငွေအဖြစ် မူလတန်းအတွက် ၃၈၀၀၀ ကျပ်၊ အလယ်တန်းအတွက်ကျပ်၄၅၀၀၀ နှင့် အထက်တန်းအတွက် ကျပ် ၅၀၀၀၀ ကို ထောက်ပံ့ပေးသွားမည်ဟု သိရသည်။

ထို့ကြောင့် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများတွင် တာဝန်ထမ်းဆောင်နေသော ဆရာ၊ ဆရာမများအနေဖြင့် လာမည့်ပညာသင်နှစ်တွင်လစာနှစ်ဆ



*ရန်ကုန်မြို့တွင်းရှိ ဘုန်းတော်ကြီးသင် စာသင်ကျောင်းမှ စာသင်ခန်းအား တွေ့ရစဉ်*

ဓာတ်ပုံ - ဂျေမောင်မောင် (အမရပူရ)

ရရှိမည့်အခြေအနေရှိနေပြီး ဘဝဖူလုံမှုအတွက် အထောက်အကူဖြစ်စေနိုင်မည့် မျှော်လင့်ချက်ဖြစ်သည်။

'အရမ်းဝမ်းသာဖို့ကောင်းပါတယ်။ ဘုန်းကြီးတို့ကျောင်းက ဆရာ၊ဆရာမစာရင်းတွေကောက်သွားတယ်။ ကိုယ်ရေးအကျဉ်းတွေ တောင်းသွားတယ်။ နိုင်ငံတော်က ထောက်ပံ့ပေးမယ်လို့ နားစွန်နားဖျား ကြားတော့ အဆင်သင့်ပေးလို့ရအောင် အကြမ်းဖျင်းတွက်ချက်ထားတာကတစ်နှစ်ပတ်လည်ကို သိန်း ၁၈၀ ကျပ်လောက်ကုန်မယ်"ဟု ရွှေပြည်သာမြို့နယ်ရှိ တေဇာရာမဘုန်းတော်ကြီးသင်ပညာရေးအလယ်တန်းကျောင်း၏ ကျောင်းအုပ်ဆရာတော် အရှင်ဂမ္ဘီရဗုဒ္ဓိက မိန့်သည်။

တေဇာရာမဘုန်းတော်ကြီးသင်ပညာရေးကျောင်းသည် မူလတန်းမှအလယ်တန်းအထိကျောင်းသူ၊ ကျောင်းသား ၁,၉၀၀ ကျော်ကို လက်ခံသင်ကြားပေးနေပြီး ဆရာ၊ ဆရာမလစာငွေအတွက်ရှိုင်းဟုတ်ကုမ္ပဏီမှထောက်ပံ့နေကာအထွေထွေအသုံးစရိတ်အတွက် နဝကမ္မအလှူငွေများဖြင့် ရပ်တည်လျက်ရှိသည်။

မြန်မာနိုင်ငံရှိဘုန်းတော်ကြီးသင်ပညာရေးကျောင်းများသည် ကျောင်းသားနှင့် ဆရာ အချိုးကွာဟချက်ကြီးမားနေသလိုဆရာ၊ ဆရာမများအားလစာငွေပေးချေနိုင်မှုသည်ကြီးမားသောစိန်ခေါ်မှုတစ်ခုဖြစ်နေပြီး အလှူရှင်များအပေါ်သာ အလွန်အမင်းမှီခိုအားထား နေရသည်။

'တစ်ခုတော့ရှိတယ်။ နိုင်ငံတော်က လစာငွေပေးလို့ဆိုပြီး အလှူရှင်တွေက ထောက်ပံ့မှုတွေလျှော့ချလိုက်မှာကို စိုးရိမ်တယ်။ အဲဒါဆိုရင် ဘာမှထူးတော့မှာမဟုတ်ပါဘူး"ဟု ဘုန်းတော်ကြီးသင်ပညာရေး ကျောင်းတစ်ခု၏ ကျောင်းအုပ် ဆရာတော်ကမိန့်သည်။

ငွေကြေးချို့တဲ့သောမိသားစုမှကလေးငယ်များနှင့် မိဘမဲ့ကလေးငယ်များ၏ ပညာရေးမျှော်လင့်ချက်ဖြစ်သော ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ၏ အခန်းကဏ္ဍကြီးမားလာချိန်တွင် နိုင်ငံတော်မှ ထောက်ပံ့ပေးမှုသည် ဘုန်းတော်ကြီးသင်ပညာရေး ကျောင်းများ ရေရှည်ရပ်တည်မှုအတွက် အင်အားဖြစ်စေမည်ဖြစ်သည်။

သို့သော် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများအနေဖြင့် ရေရှည်ရပ်တည်မှုသာမက ဖွံ့ဖြိုးတိုးတက်စေရေးအတွက်စိန်ခေါ်မှုများ ရှိနေဆဲဖြစ်ပြီး ရပ်ရွာလူမှုအဖွဲ့အစည်းများ၏ ပူးပေါင်းမှု အားနည်းနေသေးသလို ရှိုင်းဟုတ်ကုမ္ပဏီကဲ့သို့ ငွေပင်ငွေရင်းဖြင့် ရေရှည်ပံ့ပိုးထောက်ပံ့မည့် ပြည်တွင်းအလှူရှင်ကြီးများ လိုအပ်နေသည်။

"ဗုဒ္ဓဘာသာထွန်းကားတဲ့ နိုင်ငံဆိုတော့ ဒါနအကြောင်း ဆရာသမားတွေ၊ဘုန်းကြီးတွေ ဟောတာကြားနေရတော့ ဘုန်းကြီးရဟန်းတွေကို လှူတာပဲဒါနလို့ များသောအားဖြင့် ထင်နေကြတယ်။

**စာမျက်နှာ (၁၉) သို့**

## ရန်ကုန်တက္ကသိုလ်နှင့် ကိုရီးယားတက္ကသိုလ်တစ်ခု နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး

**ရန်ကုန်၊ မေ-၃**

ရန်ကုန်တက္ကသိုလ်နှင့် ကိုရီးယားနိုင်ငံရှိ Hankuk University of Foreign Studies တို့ပညာရေးဆိုင်ရာပူးပေါင်း ဆောင်ရွက်မှုများပြုလုပ်မည့် နားလည်မှု စာချွန်လွှာကို ယနေ့ လက်မှတ်ရေးထိုးခဲ့သည်။

ပညာရေးဆိုင်ရာ အစီအစဉ်များနှင့် သင်ခန်းစာများ ဖွံ့ဖြိုးတိုးတက်စေရန်၊ သင်ကြားရေးနှင့် သုတေသနလုပ်ငန်းများပူးတွဲလုပ်ဆောင်ရန်၊ ပညာရေးဝန်ထမ်းများဖလှယ်ရန်၊ပညာရေးဝန်ထမ်းများနှင့် ကျောင်းသား၊ ကျောင်းသူများ လေ့လာရေးခရီးစဉ်များ တစ်လှည့်စီပြုလုပ်ရန် ပူးတွဲသုတေသနလုပ်ငန်းများ၊ သင်တန်းပို့ချမှုများ ပြုလုပ်ရန်၊ နည်းပညာနှင့်အသိပညာများဖလှယ်ရန်ရည်ရွယ်ထားကြောင်း ကြေညာထားသည်။

ကိုရီးယားနိုင်ငံသည် မြန်မာနိုင်ငံနှင့်ပညာရေးပူးပေါင်းဆောင်ရွက်မှုများကို အရှိန်မြှင့် ဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်တွင် ကိုရီးယား-မြန်မာပင်လယ်သမုဒ္ဒရာဆိုင်ရာ သုတေသနဌာနနှင့် ရန်ကုန်တက္ကသိုလ်တွင် မြန်မာ-ကိုရီးယားဒေသဆိုင်ရာ သတင်းအချက်အလက်နှင့် အသိပညာဌာနကိုဖွင့်လှစ်ထားပြီးဖြစ်သည်။

ရန်ကုန်တက္ကသိုလ်သည် အစိုးရသစ်လက်ထက်တွင် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ခဲ့ပြီး ဂျာမနီနိုင်ငံရှိ ကိုလုံးတက္ကသိုလ်နှင့် ပူးပေါင်း၍ ပထဝီဌာနတွင် Centre of Excellence ကိုတည်ထောင်ထားသလို အမေရိကန်နိုင်ငံရှိဂျွန်ဟော့ကင်းတက္ကသိုလ်နှင့်လည်း ပူးပေါင်းဆောင်ရွက်မှုများ လုပ်ဆောင်နေသည်။

ထို့အပြင် ကိုရီးယားနိုင်ငံရှိ Hanyang University နှင့်ရန်ကုန်တက္ကသိုလ်ရှိ မနုဿဗေဒဌာနတို့ ပူးပေါင်းဆောင်ရွက်နေသလို ဂျပန်နိုင်ငံရှိ Nagoya University နှင့် ရန်ကုန်တက္ကသိုလ်ရှိ ဥပဒေဌာနတို့ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်ထားပြီ ဖြစ်သည်။

## တိုင်းရင်းသားဘာသာစကား သင်ကြားရေးအပါအဝင် အချက် ခြောက်ချက် ချင်းကျောင်းသားများ တောင်းဆို

**ကျင်းဆောင်**

**ရန်ကုန်၊ မေ-၂**

တိုင်းရင်းသားဘာသာစကားကို ကျောင်းချိန်အတွင်း သင်ကြားပေးရန်အပါအဝင် ချင်းတက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများ မိတ်သဟာရ (CUSS) အဖွဲ့မှ အချက်ခြောက်ချက်ပါသဘောထားကြေညာချက် တစ်ရပ်ကိုထုတ်ပြန်ကြေညာလိုက်သည်။

တိုင်းရင်းသားဘာသာစကားကို ကျောင်းချိန်အတွင်း သင်ကြားပေးရန်၊ ဖက်ဒရယ် ပြည်ထောင်စုစနစ်ပေးအပ်ရန်၊ ကုလားတန်စီမံကိန်းနှင့် မြွေတောင်စီမံကိန်းများဆောင်ရွက်ရာတွင် ပွင့်လင်းမြင်သာမှုရှိရန်၊ ဆိုင်းဘုတ်များအား ချင်းဘာသာစကားဖြင့် ရေးသားပေးရန်၊ အဖိုးတန်သတ္တုများနှင့် သစ်တောထွက် ပစ္စည်းများကို သက်ဆိုင်ရာမှ ဥပဒေနှင့်အညီ ထိန်းသိမ်းစောင့်ရှောက်ပေးရန်၊ အဖိုးတန်ဆေးဖက်ဝင်အပင်များ ခိုးယူရောင်းချခြင်း မပြုကြရန် စသည့်အချက်များ ပါဝင်သည်။

ချင်းတက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများ မိတ်သဟာရတွေ့ဆုံပွဲကို ဧပြီ ၂၅ ရက်မှ ၂၉ ရက်အထိ ဖလမ်းမြို့၊ မြို့တော်ခန်းမ၌ ကျင်းပခဲ့ပြီး ယင်းကြေညာချက်ကို ထုတ်ပြန်ခြင်း ဖြစ်သည်။

ချင်းဒေသဖွံ့ဖြိုး တိုးတက်ရေး ဆောင်ရွက်ရာတွင် ချင်းလူမျိုးများ အကျိုးခံစားခွင့် ရရှိနိုင်ရေးအတွက်ယင်းကြေညာချက်ထုတ်ပြန်ခြင်းဖြစ်ကြောင်း ချင်းကျောင်းသားများအဖွဲ့မှ ကိုဆလိုင်းဒေးဗစ်က ပြောကြား သည်။

"အဓိကကတော့ အပြောင်းအလဲတစ်ခုဖြစ်ဖို့အတွက် ကြေညာချက်တစ်ခု ထုတ်ရင်ကောင်းမယ်ထင်လို့ထုတ်တာပါ။ ကျွန်တော်တို့ ဒေသမှာရှိတဲ့ ကျွန်းသစ်တွေ၊ ကြေးနီ၊ မြွေတောင်စီမံကိန်းတွေကိုထိန်းသိမ်းကာကွယ်စောင့်ရှောက်ချင်တဲ့ရည်ရွယ်ချက်လည်းပါတယ်" ဟု ကိုဆလိုင်းက ပြောသည်။

အဆိုပါ သဘောထားကြေညာချက်နှင့်ပတ်သက်၍ မိမိတို့အနေဖြင့် ထိုသို့လုပ်ဆောင်ခြင်း ကိုကြိုဆိုကြောင်း၊ ချင်းလူမျိုးများ၏အခြေခံမူဝါဒဖြစ်သည့်အတွက် အထူးပြောစရာမရှိကြောင်း ချင်းအမျိုးသားပါတီမှ ဦးဆလိုင်းထောင်းက ပြောကြား သည်။

ချင်းပြည်နယ်သည် မြန်မာနိုင်ငံတွင် ဖွံ့ဖြိုးတိုးတက်မှုအနေးဆုံးနှင့် စာတတ်မြောက်မှုအနည်းဆုံးပြည်နယ်တစ်ခုတွင် ပါဝင်သည်။

7DAY NEWS JOURNAL
Vol.12, No.9 • MAY 8 , 2013

# ဗြိတိန်၊ အိန္ဒိယ၊ ထိုင်းနှင့် ဩစတြေးလျ တက္ကသိုလ်များသို့ မြန်မာကိုယ်စားလှယ်များ သွားရောက်လေ့လာ

**နေလင်းထွန်း**

**ရန်ကုန်၊ ဧပြီ-၂၇**

တက္ကသိုလ်များ ဥပဒေမူကြမ်းရေးဆွဲရေးကော်မတီနှင့် ရန်ကုန်တက္ကသိုလ်ပြုပြင်မွမ်းမံရေးနှင့်အဆင့်မြှင့်တင်ရေး ကော်မတီမှ အဖွဲ့ဝင်များ ဗြိတိန်၊ အိန္ဒိယ၊ ထိုင်းနှင့် ဩစတြေးလျနိုင်ငံသို့ပညာရေးလေ့လာရေးခရီးသွားရောက်လျက်ရှိကြောင်း သိရသည်။

လွှတ်တော်ကိုယ်စားလှယ်များ၊ ဝန်ကြီးဌာနများမှ အရာရှိများ၊ တက္ကသိုလ်များမှ ကိုယ်စားလှယ်များနှင့်အထက်ပါကော်မတီနှစ်ရပ်ကို ဖွဲ့စည်းခဲ့ခြင်းဖြစ်ပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်က ဥက္ကဋ္ဌအဖြစ် တာဝန်ယူထားသည်။

အဆိုပါကော်မတီများ၏ ရည်မှန်းချက်ဖြစ်မြောက်ရေး အတွက် ဗြိတိန်၊ အိန္ဒိယ၊ ထိုင်းနှင့် ဩစတြေးလျနိုင်ငံတို့ရှိအဆင့်မြင့်ပညာရေးကဏ္ဍများ၏ စီမံခန့်ခွဲအုပ်ချုပ်မှုပုံစံများနှင့်မည်ကဲ့သို့အကောင်အထည်ဖော်ဆောင်နေသည်ကို လေ့လာနိုင်ရန် ရည်ရွယ်ကြောင်း ခရီးအတွက်ပံ့ပိုးပေးသောဗြိတိသျှကောင်စီ (မြန်မာ) မှသိရသည်။



ဗြိတိန်နိုင်ငံရှိတက္ကသိုလ်များကိုလေ့လာရန်အတွက် ပညာရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဒေါက်တာမျိုးမြင့်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြဦး၊ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဒေါက်တာမြဦး၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်ဒေါက်တာအောင်မြတ်ကျော်တို့အဖွဲ့သည် မေလ ၁ ရက်မှ ၉ရက်နေ့ထိ ရောက်ရှိနေမည်ဖြစ်သည်။

မေလ ၉ရက်တွင် University of Londonနှင့် ဗြိတသျှကောင်စီတို့ ပူးတွဲကျင်းပသော "Myanmar a New Future Higher Education, A Myanmar-UK Policy Dialogue" ခေါင်းစဉ်ဖြင့်ပြုလုပ်မည့် ပညာရေးမူဝါဒဆွေးနွေးပွဲကို အထက်ပါပုဂ္ဂိုလ်များတက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ၏ အဆင့်မြင့်ပညာရေးမူဝါဒချမှတ်သူများအား ဗြိတိန်နိုင်ငံအဆင့်မြင့်ပညာမူဝါဒနှင့် လုပ်ထုံးလုပ်နည်းများကို လေ့လာ၍ပြန်လည်အသုံးချရန်၊မူဝါဒ၊ အုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေးနှင့် သက်ဆိုင်သောဥပဒေပြောင်းလဲရန်နှင့် ရန်ကုန်တက္ကသိုလ်ပြန်လည်အသက်သွင်းရာတွင် အထောက်အကူပြုနိုင်ရန် ခရီးစဉ်ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း ဗြိတိသျှကောင်စီ(မြန်မာ)ကကြေညာထားသည်။

ထို့အပြင် ပြည်တွင်းအဆင့်မြင့် ပညာရေးတွင် ရင်ဆိုင်နေရသော အခက်အခဲများကို သိရှိနားလည်စေရန်၊ ဗြိတိန်နိုင်ငံရှိ ပညာရေးအဖွဲ့အစည်းများနှင့် ချိတ်ဆက်မှုကို အားပေးရန်၊ မြန်မာနိုင်ငံ၏ ပညာရေးကဏ္ဍဖွံ့ဖြိုးရေးတွင် ပြည်ပမှလာရောက်ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ရန်နှင့် ဗြိတိန်နိုင်ငံရှိ အဆင့်မြင့်ပညာရေးဆိုင်ရာ ကျွမ်းကျင်သူများကို မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးဖြစ်စဉ်တွင်ပါဝင်အကြံပေးနိုင်ရန် ရည်ရွယ်ထားကြောင်း ဗြိတိသျှကောင်စီ (မြန်မာ)မှ ထုတ်ပြန်သောကြေညာချက်တွင်ဖော်ပြထားသည်။

# နစ်နာမှုကာကွယ်ရေး ဥပဒေပညာပေးဟောပြောမည်

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊မေ-၃**

ပြည်သူများ၏ နစ်နာမှုများ ကာကွယ်နိုင်ရန် ဩစတြေးလျနိုင်ငံအခြေစိုက်ကုမ္ပဏီနှင့်ပြည်တွင်းရှိ သမာဓိဖောင်ဒေးရှင်းတို့ပူးပေါင်း၍ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိမြို့နယ်တိုင်းတွင် ဥပဒေဆိုင်ရာပညာပေးဟောပြောပွဲများပြုလုပ်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

ဩစတြေးလျ အက်စ်ဒီအိုင်ကုမ္ပဏီသည် လူမှုဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်လုပ်ကိုင်ပေးနေသည့်ကုမ္ပဏီဖြစ်ပြီး သမာဓိဖောင်ဒေးရှင်းသည်ဥပဒေအရနစ်နာသူများကို အခမဲ့ ကူညီပေးနေသောအဖွဲ့အစည်းတစ်ခုဖြစ်သည်။

"ဥပဒေအရ နစ်နာမှုရှိတာတွေ၊ မမိလိုက်လို့ ခံရတာမျိုးတွေ မရှိအောင်ရယ်ဥပဒေကိုနားလည်သိရှိပြီး ဆောင်ရွက်နိုင်အောင် ရည်ရွယ်ချက်နဲ့ ပညာပေးဟောပြောပွဲတွေ လိုက်လုပ်တာပါ" ဟု သမာဓိဖောင်ဒေးရှင်းကို ဦးစီးလုပ်ကိုင်နေသော တရားလွှတ်တော်ရှေ့နေ ဦးပိုင်ဆာ့ခ်က ပြောသည်။

ရန်ကုန်တိုင်းဒေသကြီး အပါအဝင် ဒေသတိုင်းတွင် ငါးနှစ် စီမံကိန်းဖြင့်ဥပဒေပညာပေးခြင်းလုပ်ဆောင်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ထိုသို့ လုပ်ဆောင်ပေးရာတွင်သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် ပူးပေါင်းပြီး ရှေ့နေ၊ တရားသူကြီး၊ ဥပဒေအရာရှိများက ရပ်ကွက်တိုင်းလိုက်၍ ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ သားဖွား ဆရာမများ အပါအဝင် စာသင်ကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများအထိ ပညာပေးလုပ်ငန်းများ လုပ်ဆောင်သွားမည် ဖြစ်သည်

ပညာပေးမှုဆောင်ရွက်ရာတွင် နယ်မြေအခြေအနေနှင့် နေထိုင်သူများပေါ် မူတည်၍ ပညာပေးသည့် အကြောင်းအရာများ ကွာခြားမှုရှိနိုင်ကြောင်း သိရသည်။

သမာဓိဖောင်ဒေးရှင်းမှ ရရှိထားသော အချက်အလက်များအရဥပဒေအရနစ်နာမှုများကို တိုင်တန်းသော အမှုများမှာ နှစ်စဉ်မြင့်တက်လျက်ရှိကြောင်း သိရသည်။



စာမျက်နှာ(၂၃)မှ

## ဒေါ်အောင်ဆန်းစုကြည်၏ မိသားစုဆရာဝန် ဒေါက်တာတင်မျိုးဝင်းနှင့် တွေ့ဆုံခြင်း

တတိယနှစ်၊ နောက်ဆုံးနှစ်အလုပ်သင် ဆရာဝန်၊ MSC ပထမနှစ်၊ ဒုတိယနှစ် အများကြီးပဲ။ သင်တဲ့ဆရာနဲ့ မမျှဘူး။ နောက်တစ်ခုက ဒီကဆရာဝန်ကြီးတွေက သင်ကြားရေးတင်မကဘူး။ကုသရေးပါလုပ်ရတယ်။ ခွဲစိတ်မယ်ဆိုရင် ကြည့်ဖို့တိုးကြိတ်နေရတယ်။ ကလေးတွေဘက်ကစဉ်းစားရင် ဆရာတို့တုန်းကဆိုရင် ပထမကူလုပ်၊ သူတို့က အမြဲပြောတယ်။ ငါကိုယ်တိုင်လူနာအဖြစ်နဲ့ အခွဲခံရရင်မှ လူနာကို ခွဲပေးရမယ်။ ကိုယ်ချင်းစာကြည့်လေ။ လူနာကိုလက်တည့်စမ်းဖို့တော့မကောင်းဘူး။ ဒါပေမဲ့ အဲဒီလိုအခွင့်အရေးက မရနိုင်တာတွေအများကြီးရှိတယ်။ အတွေ့အကြုံပိုင်းမှာဆိုရင် ခွဲဖို့စိတ်ဖို့ အခွင့်အရေးမရှိတော့ဘူး။ ဆရာအချိုးအစားကို ပိုခန့်ရမယ်။ ပိုခန့်ဖို့ကလည်း ဘာနဲ့သွားဆိုင်လဲဆိုတော့ ကျန်းမာရေးဝန်ကြီးမှာလည်း ဘတ်ဂျက်နဲ့ဆိုင်သွားပြီ ဘတ်ဂျက်ရမှ ပိုခန့်နိုင်မယ်။

**ဆရာ့အနေနဲ့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ မိသားစုဆရာဝန်အဖြစ်တာဝန်ယူထားရာကနေ ဘာကြောင့် ကျန်းမာရေးကော်မတီမှာဝင်လုပ်ဖြစ်သွားတာလဲ။**

အန်တီရဲ့ ရည်ရွယ်ချက်ပညာရေးနဲ့ ကျန်းမာရေးမှာ ကျယ်ကျယ်ပြန့်ပြန့်လုပ်ချင်တယ်။ ပညာရေးပိုင်းမှာတော့ လုပ်မယ့်သူရှိတယ်။ ကျန်းမာရေးပိုင်းမှာ ကျယ်ကျယ်ပြန့်ပြန့်နဲ့ တစ်နိုင်ငံလုံး လုပ်ချင်တဲ့အခါကျတော့ သူ့ရဲ့ဆန္ဒကို ဖြည့်ဆည်းပေးဖို့အတွက် သူ့ရဲ့ဆရာဝန်တစ်ယောက်အနေနဲ့ပါဝင်လာတယ်။ ဆရာတို့အသက်က ၆၀ ကျော်အငြိမ်းစားတွေပေါ့။ အငြိမ်းစားဖြစ်သွားပြီဆိုတော့ နိုင်ငံအတွက် လုပ်ပေးချင်တယ်။ သားရွှေအိုးထမ်းတဲ့ ကိစ္စပေါ့။ ကုသိုလ်လည်းရတယ်။ ပညာလည်း ဖြန့်ဝေပေးရတယ်။ အဲဒါမျိုးကို ဆရာလုပ်ချင်တယ်။

**ဆရာတို့ကျန်းမာရေးကော်မတီက အဓိကဘာတွေလုပ်သွားမှာလဲ။**

ဆရာတို့မကြာမီမှာ ကုသိုလ်ဖြစ်ဆေးခန်းတွေမှာ ဘာလိုအပ်လဲစုံစမ်းမယ်။ လိုအပ်တာတွေကို ဖြည့်ဆည်းပေးမယ်။ အထူးကုဆရာဝန်ကြီးတွေ အဲဒီဆေးခန်းတွေမှာ သွားထိုင်ပေးမယ်။ ဆရာတို့ဆီမှာ အငြိမ်းစားတွေ၊ နိုင်ငံခြားပြန်တွေ အများကြီးရှိတယ်။ သူတို့ကလည်း ကုသိုလ်လုပ်ချင်တယ်။ ဧရာဝတီ၊ ပဲခူး၊ မွန်၊ ကရင် သွားကြမယ်။ သားဖွားမီးယပ်ပါမယ်။ နားနှာခေါင်းပါမယ်။ ခွဲစိတ်ဆရာဝန်တွေပါမယ်။ ကလေးအထူးကုတွေပါမယ်။ စိတ်ပိုင်းဆိုင်ရာ ဆရာဝန်ကြီးတွေပါမယ်။ သူတို့တွေနဲ့ အားဖြည့်ပေးမယ်။ ကုသိုလ်ဖြစ်ဆေးခန်းတွေ အတွေ့အကြုံလည်းရ၊ လူနာအတွက်လည်း အကျိုးရှိမယ်။ နောက်တစ်ခုက အရေးပေါ်ဝန်ဆောင်မှုပေးမယ်။ ဆေးဝါးပိုင်းဆိုင်ရာမှာလည်း သက်သောင့်သက်သာနဲ့ ဝယ်လို့ရအောင် စီစဉ်ပေးမယ်။ ကျန်းမာရေးကွန်ရက်က အဓိကလုပ်ရမှာက H သုံးလုံးပေါ့။ Health၊Happiness၊Harmony ကျန်းမာပြီး ပျော်ရွှင်နေရမယ်။

**ကင်ဆာနဲ့ပတ်သက်ပြီး လုပ်ဖို့ရှိတယ်လို့ သိထားတော့ ဘာများလုပ်ဖို့ရှိလဲဆရာ။**

မြန်မာနိုင်ငံမှာ အဖြစ်များတာက အမျိုးသမီးတွေမှာ နံပါတ်တစ်က ရင်သားကင်ဆာ။ နံပါတ်နှစ်က သားအိမ်ခေါင်းကင်ဆာ။ ဩစတြေးလျက အလှူရှင်တစ်ဦးက အကြိတ်မပေါ်မီ သိနိုင်တဲ့ စက်လှူဖို့ရှိတယ်။ ဒါကြောင့် စစ်ချင်တဲ့လူရှိရင် တစ်နေ့လူ ၅၀ စစ်ပေးမယ်။ စစ်လို့ အလုံးပေါ်တဲ့လူကို အခမဲ့ခွဲစိတ်ကုသပေးမယ်။

**ဒေါ်အောင်ဆန်းကြည်ရဲ့ မိသားစုဆရာဝန်ဆိုတော့ အန်တီစုရဲ့ ကျန်းမာရေး အခြေအနေလည်း သိပါရစေ။**

အရမ်းကျန်းမာတယ်။ ဆရာပုံမှန်စစ်ဆေးတယ်။ အရမ်းကျန်းမာတယ်။ အရမ်းနေကောင်းတယ်။ အန်တီ့အသက်အရွယ်နဲ့ လုပ်နိုင်တာမျိုးကို တခြားလူတွေ လုပ်နိုင်ဖို့ခက်တယ်။ အန်တီရဲ့ အားသာချက်က အလွန်ကောင်းတဲ့ လူနာပေါ့။ အန်တီ့ကိုဆေးတစ်ခုပေးရင် တချို့ရှိတယ်မလား၊ အဲဒါဘာဆေးလဲ။ အန်တီက ဘယ်တော့မှ မမေးဘူး။ တစ်ယောက်နဲ့တစ်ယောက် ယုံကြည်မှုရှိတယ်။ အစ်မဒါလေး သောက်လိုက်ပါဦးဆို သောက်တယ်။ ဒါလေး စားလိုက်ပါဦးဆို စားတယ်။ ကုသရတာ စိတ်အချမ်းသာဆုံး လူနာကတော့ အန်တီပဲ။ နောက်ထပ် ၁၀ နှစ်လောက်ထိတော့ တာဝန်ယူလို့ရတယ်။ ဥပမာ ကင်ဆာတို့လိုမျိုး၊ သွေးတိုး၊ ဆီးချိုတို့လိုမျိုး ဘာမှမဖြစ်ဘူး။

**ကျန်းမာရေးကွန်ရက်ရဲ့ အလှူငွေ လက်ခံတဲ့ပေါ်လစီကိုလည်း သိပါရစေ။**

လမ်းစဉ်ကိုချပြမယ်။ စတယ်ဆိုတာ ပိုက်ဆံရှိမှရမယ်။ ပိုက်ဆံနဲ့ပတ်သက်ပြီး ဒီလကစပြီး အလုပ်စလုပ်ပြီပေါ့။ ရုံးခန်းငှားတယ်။ သွားဖို့အတွက် လူနာတင်ယာဉ်တွေလိုတယ်။ စဖို့အတွက်ကတော့ ရန်ပုံငွေရှာဖွေရေးတစ်ရက်လုပ်လိုက်ရတယ်။ Park Royal မှာလုပ်လိုက်ရတယ်။ ဒီရတဲ့ ငွေတွေကို တကယ်ကျိုးရှိရှိသုံးရမယ်။ ဥပမာဆိုပါတော့ သွားတဲ့နေရာတိုင်းမှာရှိတဲ့ ဆေးကုချင်တဲ့လူတွေ လိုအပ်နေတဲ့ လူတွေအတွက် ကုသပေးရမယ်။ အလုပ်နဲ့သက်သေပြပြီးတော့ ဆုံးဖြတ်မယ်။ အဲဒီကျမှ အလှူငွေပေါ့။ အလှူတွေကိုတော့ ဘယ်သူမဆိုကန့်သတ်ချက်မရှိဘူး။ ခရိုနီတို့ ဘယ်အဖွဲ့အစည်းတို့ မဟုတ်ဘူး။ စေတနာရှိရင် လှူလို့ရတယ်။

**ဆရာ့အနေနဲ့ ဘာများ ဖြည့်စွက်ပြောချင်ပါလဲ။**

ဘာမှပြောစရာမရှိတော့ပါဘူး။ ကျေးဇူးတင်ပါတယ်။

**အခုလိုဖြေကြားပေးတာ ကျေးဇူးတင်ပါတယ်။** ။

---

Free Classified

# ဝန်ထမ်းအလိုရှိသည်

အခမဲ့ကြော်ငြာကဏ္ဍ

**Health Info ကျန်းမာရေးဂျာနယ်**

ကြော်ငြာတာဝန်ခံအဖြစ်ထမ်းဆောင်ရန် အမျိုးသမီးဝန်ထမ်း (၄)ဦး အလိုရှိသည်။ အမှတ်(၁၂၈)၊ ၃ လွှာ၊ ၄၂ လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-၀၁-၃၈၀၃၉၁

---

**MANS SECURITY AGENCY**

Security Guard ကျား(၂၅)ဦး အလိုရှိ သည်။ အသက် (၁၈)မှ (၅၀)နှစ်အတွင်း အခြေခံပညာ အလယ်တန်းအဆင့် (နယ်ဝန်ထမ်းများအတွက် နေထိုင်ရန် အဆောင်စီစဉ်ပေးမည်။) လိုအပ်သော စာရွက်စာတမ်းများနှင့် လာရောက် လျှောက်ထားနိုင်သည်။

ဖုန်း-၀၉-၄၉၇၆၈၇၅၂

---

အမျိုးသားဆံပင်ညှပ်ကျွမ်းကျင် (၁) ဦး၊ အမျိုးသမီးဆံပင်ညှပ်ကျွမ်းကျင် (၁) ဦး၊

အသင် သင်တန်းသူ မ (၅) ဦး။

လစာအပြင် ကော်မရှင်ခံစားခွင့်ရှိသည်။

ဖုန်း - ၀၉-၄၀၁၆၅၃၅၄၀

---

**Recruitment Regent Education Group**

Education Officer/Customer Services Officer, Receptionist, Education Editor, Marketing Executive/Assistant, Secretary, Course Assistant, Admin/Office Assistant. အမှတ်(ဘီ-၁၃+၂၃)၊ ရွှေကိန္နရီ အဆင့်မြင့်အိမ်ရာ၊ (ရွှေကောင်းဟော့ပေါ့အရှေ့)၊ နာနတ်တောလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။

---

**ဆရာဝန်အလိုရှိသည်**

တောင်ဒဂုံ (အထူးကုဆေးခန်း)တွင် ဆရာဝန် (ကျား) အလိုရှိသည်။ နေ/စား/ငြိမ်း(နယ်မှလူဦးစားပေးမည်)။

ဖုန်း-၀၁-၇၀၆၄၈၄

---

**ငွေနှင်းမန္တလာ**
**အဆင့်မြင့်ခရီးသည်ပို့ဆောင်ရေး**

လက်မှတ်အရောင်း အမျိုးသမီး(၂)ဦး အလိုရှိသည်။ လိုအပ်သော စာရွက်စာတမ်းများနှင့် လာရောက်လျှောက်ထားနိုင်ပါသည်။ အိမ်ထောင်မရှိသူ၊ ဘွဲ့ရ အသက်(၁၈)နှစ်မှ (၂၅)နှစ်အတွင်း မည်သည့်ဒေသတွင်မဆို တာဝန်ထမ်းဆောင်နိုင်ရမည်။

ဖုန်း-၀၁-၅၁၃၈၃၂

---

**ခေးထောင်းရှမ်းရိုးရာ**
**အစားအစာနှင့်အကင်**

စားဖိုမှူး(၁)ဦး၊Waiter(၂)ဦးလျှောက်ထားလိုသူများသည် လိုအပ်သော စာရွက်စာတမ်းများနှင့် အမှတ်(၃၃)၊ မြေညီထပ်၊ ကျားကွက်သစ်လမ်းမကြီး၊ မြမွှာရုံကျောင်းတိုက်ရှေ့၊ ကျောက်မြောင်း၊ တာမွေမြို့နယ်သို့ လူကိုယ်တိုင် လာရောက်လျှောက်ထားနိုင်ပါသည်။

ဖုန်း-၀၉-၄၁၀၀၆၅၅၂

---

**25th Group Co., Ltd.**

Assistant Manager ကျား (၂)ဦး၊ ဘွဲ့ရ၊ လုပ်ငန်းအတွေ့အကြုံအနည်းဆုံး (၃)နှစ်ရှိရမည်။ Accountant မ (၂)ဦး၊ B.Com (သို့) LCCI Level III အောင်မြင်ပြီးသူဖြစ်ရမည်။ လုံခြုံရေး ကျား(၁၀)ဦး၊ အသက်(၂၀)မှ (၄၅) နှစ်အတွင်း ရှိရမည်။

ဖုန်း-၀၁-၅၂၆၆၄၈

---

ဆံပင်ညှပ်လျှော်၊ နှိပ် ကျွမ်းကျင် မ(၅) ယောက်၊ ခေါင်းလျှော်အလုပ်သင် မ (၁၀)ယောက်၊ လစာ/နေရေး/စားရေး စီစဉ်ပေးမည်။ အမှတ်-86 C ၊ လေးထောင့်ကန်လမ်းမကြီး၊ တာမွေလေး၊ သံလမ်း၊ ရန်ကုန်။ နံနက် (၉)မှ (၁၂)နာရီအတွင်းလာရောက်လျှောက်ထား နိုင်သည်။

ဖုန်း-၀၉-၇၃၀၀၅၆၁၁

---

**အမြန်အလိုရှိသည်**

အရောင်းဝန်ထမ်း ကျား(၄)ဦး၊ ယာဉ်မောင်း ကျား(၄)ဦး၊ စာရင်းကိုင် မ(၂) ဦး၊ Stock Controller မ (၁)ဦး၊ Office Staff ကျား/မ (၂)ဦး။

Grandwish General Trading Co., Ltd. ဖုန်း-၀၁-၇၀၀၆၉၂

---

Graphic Designer Male (1)Post ၊ တက္ကသိုလ်မှ ဘွဲ့တစ်ခုခုရရှိပြီးသူဖြစ်ရမည်။ English 4 Skills ကျွမ်းကျင်ရမည်။ Email, Internet ကျွမ်းကျင်စွာ အသုံးပြုနိုင်ရမည်။ လုပ်ငန်းအတွေ့အကြုံရှိသူဖြစ်ရမည်။

ဖုန်း-၀၁-၆၆၂၁၈၇

---

Team Supervisor ကျား(၅)ဦး၊ အသက်(၂၅-၃၅)နှစ်၊ တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူ ဖြစ်ရမည်။ အထွေထွေဝန်ထမ်း၊ ကျား(၁၀)ဦး၊ အသက်(၂၀-၃၅)နှစ်၊ အခြေခံပညာ အထက်တန်းအဆင့် ရှိရမည်။ ယာဉ်မောင်း (ကျွမ်းကျင်)၊ ကျား(၂)ဦး၊ အသက်(၂၅-၄၀)နှစ်၊ အခြေခံပညာအထက်တန်းအဆင့် ရှိရမည်။

ဖုန်း-၀၉-၇၃၀၂၇၇၃၃

---

**မော်ဒယ်သရုပ်ဆောင် ဖိတ်ခေါ်ပွဲ**

သီချင်း VCD ရိုက်ကူးရန်အတွက် မော်ဒယ်သရုပ်ဆောင်သစ် ကျား(၅) ဦး၊ မ (၅)ဦး အလိုရှိသည်။

ဖုန်း-၀၉-၄၃၁၀၆၅၆၇

---

ဘောင်းဘီချုပ်ကျွမ်းကျင် (မ) ၄ ဦး အ လိုရှိသည်။

ဖုန်း-၂၉၃၀၈၆၊ ၀၉-၅၅၀၃၁၄၁

---

Sales & Marketing ကျား/မ (၅)ဦး၊ အသက်(၂၅)နှစ်အောက်၊ ဘွဲ့ရဖြစ်ရမည်။ အိမ်ထောင်မရှိသူဖြစ်ရမည်။ လိုအပ်သည့် စာရွက်စာတမ်း အထောက်အထားများနှင့် အောက်ပါဖုန်းနံပါတ်သို့ ဆက်သွယ်မေးမြန်းလျှောက်ထားနိုင်ပါသည်။

ဖုန်း-၀၁-၆၅၄၆၄၆

---

**Creative Technologies**

အချိန်ပိုင်း ဆရာ၊ ဆရာမများ အလိုရှိသည်။ AutoCAD, 3DSMax, Micro Station, M & E ဘာသာရပ်များအနက်တစ်ခုသို့မဟုတ် တစ်ခုထက်ပို၍ ပြသနိုင်သော ဆရာ၊ ဆရာမ နှစ်ဦး (သင်ကြားမှုအတွေ့အကြုံရှိရန် လိုအပ်ပါသည်။)

ဖုန်း-၀၉-၄၅၀၀၆၅၉၃၆

---

လစာ ၁၅၀၀၀၀ မှ ၂၀၀၀၀၀ စားကုန်ဈေးကွက် ရှာနိုင်ရမည်။ Marketing Plan ရေးဆွဲနိုင်ရမည်။ သဃ်န်းကျွန်းမြို့နယ်(သို့)အနီးတစ်ဝိုက်နေထိုင်သူ ဦးစားပေးမည်။

ဖုန်း-၀၉-၅၁၆၂၇၅၅

---

**Orchid Chain Hotels**

ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း (Orchid Chain Hotels) လုပ်ငန်းများတွင် တာဝန်ထမ်းဆောင်ရန် အတွက် Sale Manager, Sale Executive, Sale Assistant များ အလိုရှိသည်။ Internet, Email, English 4 Skills ကျွမ်းကျင်သူများ အမြန်လျှောက်ထားနိုင်သည်။ Orchid Hotel၊ အမှတ် (၉၁)၊ အနော်ရထာလမ်း၊ ပုဇွန်တောင်မြို့နယ်။

ဖုန်း-၀၉-၇၃၁၃၉၉၄၄

---

ဆံပင်ညှပ်လျှော်၊ နှိပ် ကျွမ်းကျင် မ(၅) ယောက်၊ ခေါင်းလျှော်အလုပ်သင် မ (၁၀)ယောက်၊ လစာ/နေရေး/စားရေး စီစဉ်ပေးမည်။ အမှတ်-86 C ၊ လေး ထောင့်ကန်လမ်းမကြီး၊ တာမွေလေး၊ သံလမ်း၊ ရန်ကုန်။ နံနက် (၉)မှ (၁၂)နာရီအတွင်း လာရောက်လျှောက်ထားနိုင်သည်။

ဖုန်း-၀၉-၇၃၀၀၅၆၁၁

---

**Majestic Trading Co., Ltd.**

အောက်ဖော်ပြပါဝန်ထမ်းများ အလိုရှိပါသည်။ Operation Assistant (Male/Female) (1) Post, Shop Manager (Male/Female) (1)Post, Sales Associate (Male/Female) (5) Posts ။ အခန်းအမှတ်(၀၃၀၆)၊ တတိယထပ်၊ ဒိုင်းမွန်းကွန်ဒို၊ တာဝါ(ဘီ)၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်။

ဖုန်း-၀၉-၈၅၀၂၄၈၈

---

ယာဉ်မောင်း ကျား(၁)ဦး၊ (ဒဂုံမြို့သစ် (တောင်ပိုင်း)၊ တောင်ဥက္ကလာပ၊ သဃ်န်းကျွန်း၊ တာမွေနေသူများလျှောက်ထားရန်)၊ အမှတ်(၃၈)၊ ၅ လွှာ၊ ရွှေသရဖီ ရိပ်မွန်အိမ်ရာ၊ ဘုရင့်နောင်လမ်းမကြီး၊ ကမာရွတ်မြို့နယ်။

ဖုန်း-၅၃၀၇၁၃

---

**စာရင်းစစ်လုပ်ငန်း**

Admin Assistant မ(၂)ဦး၊ ဘွဲ့ရရှိပြီးသူဖြစ်ရမည်။ English 4 Skills ကျွမ်းကျင်ရမည်။ Computer (Word, Excel) (English, Myanmar) ကျွမ်းကျင်ရမည်။ ရုံးလုပ်ငန်းဆိုင်ရာ အတွေ့အကြုံအနည်းဆုံး ၂နှစ်ရှိရမည်။ အသက်(၃၀)နှစ်အောက် ရှိရမည်။

ဖုန်း-၀၁-၆၅၇၈၃၀

---

အသစ်ဖွင့်လှစ်လိုက်သည့် အခမဲ့အလုပ်ခေါ်ကြော်ငြာကဏ္ဍတွင် ထည့်သွင်းလိုပါက 7Day News ဂျာနယ်တိုက်သို့ ကွန်ပျူတာစာရိုက်ပြီး (1.5"x 2") ထက်မကြီးသောအရွယ်အစားဖြင့်လာရောက်ပေးပို့နိုင်ပါသည်။
အမှန်တကယ်ဝန်ထမ်းခေါ်ယူလိုသူများသာ ယခုကဏ္ဍကိုအသုံးပြုရန် မေတ္တာရပ်ခံအပ်ပါသည်။

# ဂုဏ်ယူဝမ်းမြောက်ခြင်း

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် နာယက (ကမ္ဘောဇဘဏ်လီမိတက် ဥက္ကဋ္ဌ) **ဝဏ္ဏကျော်ထင် စည်သူ ဦးအောင်ကိုဝင်းသည်** (၃၀-၄-၂၀၁၃)ရက်နေ့တွင် **ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတမှ ချီးမြှင့်သည့် နိုင်ငံ့စွမ်းဆောင် ရည်ဆု (နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာတာဝန်အများဆုံးသယ်ပိုးထမ်းဆောင်ခဲ့သည့် လုပ်ငန်းရှင် - ပထမဆု)** အား ချီးမြှင့်ခံရခြင်းအတွက် အထူးပင်ဝမ်းမြောက် ဂုဏ်ယူမိပါကြောင်းနှင့် အနာဂတ်တွင်လည်း နိုင်ငံနှင့်လူမျိုးအကျိုးကို ဆတက်ထမ်းပိုး ပိုမိုထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့်
မြန်မာနေရှင်နယ်လိဂ်ကော်မတီ

# ဂုဏ်ယူဝမ်းမြောက်ခြင်း

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ (မက်စ်မြန်မာ ကုမ္ပဏီများအုပ်စုဥက္ကဋ္ဌ) **ဝဏ္ဏကျော်ထင် စည်သူ ဦးဇော်ဇော်သည်** (၃၀-၄-၂၀၁၃)ရက်နေ့တွင် **ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတမှ ချီးမြှင့်သည့် နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာတာဝန်အများဆုံးသယ်ပိုးထမ်းဆောင်ခဲ့သည့် လုပ်ငန်းရှင်အဖြစ် နိုင်ငံတော်သမ္မတ၏ ဂုဏ်ထူးဆောင် လက်မှတ်**အား ချီးမြှင့်ခံရခြင်းအတွက် အထူးပင်ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်းနှင့် အနာဂတ်တွင်လည်း နိုင်ငံနှင့်လူမျိုး အကျိုးကို ဆတက်ထမ်းပိုး ပိုမိုထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့်
မြန်မာနေရှင်နယ်လိဂ်ကော်မတီ

7 DAY NEWS JOURNAL
Vol.12, No.9 · MAY 8 , 2013

# အောင်ဇေယျမြို့တော်စီမံကိန်း လယ်သမားများအား လျော်ကြေးပေး

**ပြည်သိမ်း၊ အောင်သူရ**
**ရန်ကုန်၊ မေ-၅**

အောင်ဇေယျမြို့တော် စီမံကိန်းအတွက် အောင်ပုဂံစိုက်ပျိုးထုတ်လုပ်ရေးကုမ္ပဏီက သိမ်းယူထားသည့် လယ်မြေများကို ပြေ ၃၀ ရက်မှစ၍တစ်ဧက ကျပ်သိန်းလေးဆယ်နစ်နာကြေးပေးကြောင်း လယ်သမားအရေး ဆောင်ရွက်နေသူများထံမှ သတင်းရရှိသည်။

"လယ်သမားတွေက တစ်ဧကေ ကျပ်သိန်း ၁၀၀ တောင်းတယ်။ ကုမ္ပဏီက ပထမ ကျပ် ၂၂ သိန်းပဲ ပေးတယ်။ နောက်ဆုံးညှိလိုက်တော့ သိန်း ၄၀ နဲ့ အဆင်ပြေသွားတယ်" ဟု လယ်သမား အရေးဆောင်ရွက်နေသည့် မစုစုနွေးက မေဒေးနေ့တွင် ပြောကြားသည်။

လယ်သမားများကို လျော်ကြေးငွေပေးရာတွင် အောင်ပုဂံစိုက်ပျိုးထုတ်လုပ်ရေးကုမ္ပဏီအနေဖြင့် လယ်၇၆ဧကအတွက် ကျပ်သိန်း ၉၉၀ ကို ပထမအသုတ်အနေဖြင့် ပေးခဲ့သည်။ ကုမ္ပဏီသည် လျော်ကြေးငွေပေးရာတွင် ပထမနှင့် ဒုတိယအသုတ်တို့တွင် ၃၀ ရာခိုင်နှုန်းပေးပြီး တတိယအသုတ်တွင် ၄၀ ရာခိုင်နှုန်းပေးရန် သဘောတူထားသည်။

"သိန်း ၄၀ ဆိုတော့ ကျေနပ်ပါတယ်။ လယ်တွေက ၁၉၉၆ ကတည်းက သိမ်းထားတာ အခုမှ ရတယ်" ဟု လယ်အသိမ်းခံထားရသူ ဦးအောင်ဌေးကဆိုသည်။

အောင်ဇေယျမြို့တော် စီမံကိန်းအတွက် လယ်သမားများအား ပေးလျော်ပြီးဖြစ်သော်လည်း ဒဂုံဆိပ်ကမ်းမြို့နယ်နှင့် ဒဂုံမြို့နယ်ရှိငါးပိ၊ ငါးခြောက်ဇုန်နှင့် စက်မှုလယ်ယာစီမံကိန်းအတွက် သိမ်းယူထားသောလယ်မြေများကိစ္စမှာ ဖြေရှင်းနိုင်ခြင်း မရှိသေးပေ။

ဒဂုံဆိပ်ကမ်းမြို့နယ်ရှိစက်မှုလယ်ယာစီမံကိန်းတွင် လယ်မြေလေးသောင်းကျော်ကို ကုမ္ပဏီကြီးများအား နိုင်ငံတော်ကလွှဲပြောင်းချထားပေးခဲ့သည်။ ကုမ္ပဏီတစ်ခုလျှင် လယ်မြေဧက ၅၀၀ ယူထားခြင်း ဖြစ်သည်။

"ကော်မရှင်က ဒီကိစ္စနဲ့ပတ်သက်ပြီး တွေ့ဆုံဖြေရှင်းပေးတာ အကြိမ် ၂၀ ကျော်ပြီ။ ဒီနေ့ထိအဖြေ မထွက်သေးဘူး" ဟုရန်ကုန်တိုင်း လယ်ယာမြေ စုံစမ်းစစ်ဆေးရေး ကော်မရှင်မှ ပြည်သူ့လွှတ်တော် အမတ်ဦးခိုင်မောင်ရည်က ပြောကြားသည်။

ထိုအပြင်ငါးပိ၊ငါးခြောက်ဇုန်များအတွက် ရန်ကုန်မြို့တော်စည်ပင် သာယာရေးကော်မတီက သိမ်းယူထားသည့် ဒဂုံဆိမ်ကမ်းမြို့နယ်မှ လယ်မြေများအတွက် နစ်နာကြေး တစ်ဧကလျှင် ကျပ်သိန်း ၂၀ ပေးရန်ညှိနှိုင်းနေကြောင်း သိရသည်။

စာမျက်နှာ (၁၅) မှ

## ပီတိစားသူများ၏ မျှော်လင့်ချက်

ဆေးရုံတို့၊ ဆေးခန်းတို့၊ စာသင်ကျောင်းတို့လှူတာကို ဒါနလို့ အများစုမမြင်ကြဘူး။ လူသားအရင်းအမြစ်ကို တကယ်တမ်း အကျိုးပြုတာကျတော့ ပညာရေးက သိပ်အရေးကြီးပါတယ်"ဟု တေဇာရာမ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းအုပ်ဆရာတော်က မိန့်သည်။

ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများသည် များပြားလာသော ကျောင်းသူ၊ ကျောင်းသားများနှင့်အညီ အခြေခံအဆောက်အအုံများ တိုးချဲ့တည်ဆောက်ရန် ဆရာ၊ ဆရာမအင်အား တိုးချဲ့ခန့်ထားရန်၊ ဆရာ၊ဆရာမများ၏ အရည်အသွေးကိုမြှင့်တင်ပေးရန်၊ ကလေးငယ်များကျောင်းနေမြဲရေး ဆောင်ရွက်ရန်အခက်အခဲများရှိနေသည်။

ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများတွင် တက်ရောက်ပညာသင်ယူနေသောကလေးငယ်များ၏ မိသားစုသည် စီးပွားရေး၊ လူမှုရေး အခက်အခဲများရှိနေခြင်းက ကလေးများကျောင်းနေမြဲရေးကို အဟန့်အတားဖြစ်လျက်ရှိသည်။ "ဘကကျောင်းက ကလေးတွေရဲ့ ဉာဏ်ရည်ဉာဏ်သွေးက အစိုးရကျောင်းက ကလေးတွေထက်မနိမ့်ပါဘူး။ဒါပေမဲ့ ကလေးတွေက ပညာတော်ချင်ပေမယ့် မိဘတွေက မပံ့ပိုးပေးနိုင်ဘူး။ ဥပမာ ကလေးထိန်းခိုင်းတာတို့၊ ကျောင်းချိန်မှာဈေးရောင်းခိုင်းတာတို့မိဘတွေကသူတို့ကိုစွပဲကလေးတွေကို တင်ပြခိုင်းတယ် ။ ကလေးတွေ လိုအပ်တာတွေကိုတော့ မဖြည့်ဆည်းပေးနိုင်တာကို တွေ့ရတယ်" ဟု မခင်သန္တာမိုးက ၎င်း၏ အတွေ့အကြုံကိုပြောသည်။

အခြေခံပညာအဆင့်ကျောင်းနုတ်ထွက်မှုနှုန်း မြင့်မားနေသော မြန်မာနိုင်ငံတွင် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများသည် ငွေကြေးအခက်အခဲရှိသောမိသားစုများမှ ကလေးငယ်များအတွက် အသက်တမျှ အရေးကြီးနေသည်။

ကျောင်းနေအရွယ် ကလေးငယ်များ စာသင်ခန်းပြင်ပ ရောက်ရှိနေခြင်းသည် ၎င်းကလေးငယ်များ၏ အနာဂတ်ကိုခြိမ်းခြောက်နေသကဲ့သို့ လူမှုအဖွဲ့အစည်းအတွက်လည်း ကြီးမားသော အန္တရာယ်ကျရောက်လာစေနိုင်ခြင်းကြောင့်၎င်းကလေး သူငယ်များအတွက်ပညာသင်ယူရေးအခွင့်အလမ်းများ ဖန်တီးပေးကြရမည်ဖြစ်သည်။

နှစ်ပေါင်းများစွာ ဘုန်းတော်ကြီးများ၏ စီမံလည်ပတ်မှုနှင့် ရုန်းကန်ခဲ့ရသော ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများသည် ယခုအခါ နိုင်ငံတော်မှ ငွေကျပ်သန်းပေါင်းများစွာပံ့ပိုးကူညီမှုကိုစတင်ရရှိတော့မည်ဖြစ်ပြီးထောက်ပံ့မှုသည်နောင်ဘဏ္ဍာရေးနှစ်များအတွက် အာမခံ ပေးနိုင်သော်လည်း အလားအလာကောင်းဖြစ်လာရန် မျှော်လင့်ချက် ရှိနေပါသည်။

## ဟန်းဆက်ဈေးနှုန်းများ

### Samsung

| Model | Price |
|---|---|
| Galaxy Y | 93,000 |
| Galaxy GIO | 123,500 |
| Galaxy Ace | 150,000 |
| Galaxy Ace Plus | 185,000 |
| Galaxy Ace 2 | 220,000 |
| Galaxy S Advance | 260,000 |
| Galaxy S2 | 340,000 |
| Galaxy S3 | 445,000 |
| Galaxy Note II | 530,000 |
| Galaxy Tab 7.1 | 285,000 |

YANGON MOBILE ဆိုင်မှ ဈေးနှုန်းများဖြစ်သည်။

### HTC

| Model | Price |
|---|---|
| Desire C | 170,000 |
| Desire One V | 260,000 |
| One X (Black) | 400,000 |

### iPhone

| Model | Price |
|---|---|
| iPhone 5 (64 GB) | 850,000 |
| iPhone 5 (32 GB) | 705,000 |
| iPhone 4s (64 GB) | 525,000 |
| iPhone 4s (32 GB) | 505,000 |
| iPhone 4s (16 GB) | 480,000 |

### Huawei

| Model | Price |
|---|---|
| C 8800 | 87,000 |
| C 8812 | 108,000 |
| C 8810 | 97,000 |
| T 8830 | 109,000 |
| U 8818 D | 110,000 |
| C 8825 D | 125,000 |
| U 8836 D | 169,000 |
| C 8950 D | 170,000 |
| U 8950 D | 165,000 |
| Ascend P1 | 264,000 |

**မေ (၄)ရက် ဈေးနှုန်းများဖြစ်ပြီး ဈေးနှုန်းအပြောင်းအလဲရှိနိုင်သည်။**

## အီလက်ထရွန်နစ်ပစ္စည်းများဈေးနှုန်း

| အမျိုးအစား | မော်ဒယ် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| **TV** | | |
| Samsung (Smart LED) | 40ES5600 | 545,000 |
| Panasonic(LCD) | 32SC4S | 235,000 |
| Sony (LCD) | 35BX | 250,000 |
| Sony (LED) | 32EX33 | 300,000 |
| **DVD** | | |
| Samsung | BD-E 5500(Blu-ray 3D) | 120,000 |
| EVD (GE) | HDMI | 26,500 |
| EVD (AEK) | HDMI | 25,000 |
| **ရေခဲသေတ္တာ** | | |
| Samsung | RT25FGJA | 335,000 |
| Samsung | RA20F17 | 160,000 |
| Hitachi | 190W | 220,000 |
| Panasonic | NR.BT224 | 220,000 |
| **Washing** | | |
| Samsung | $WA95V_3$ | 165,000 |
| Samsung | WT10J | 160,000 |
| **Aircon** | | |
| Hitachi | 1.0HP | 225,000 |
| Mitsubishi | 1.0HP | 230,000 |
| Samsung | 1.0HP | 230,000 |

**အထက်ပါဈေးနှုန်းများမှာ မေ(၅) ရက်တွင် မဟာဗန္ဓုလပန်းခြံလမ်းရှိ Capital နှင့် OK မြန်မာဆိုင်တို့မှ ကောက်ယူထားခြင်းဖြစ်သည်။**

## အိမ်ဆောက်ပစ္စည်းများဈေးနှုန်း

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|
| ဘိလပ်မြေ (ယိုးဒယား ဆင်တံဆိပ်) | တစ်အိတ် | ၅,၆၀၀ |
| ဘိလပ်မြေ (ယိုးဒယား INSee) | တစ်အိတ် | ၅,၄၀၀ |
| ဘိလပ်မြေ (မြင်းခေါင်းတံဆိပ်) | တစ်အိတ် | ၄,၈၀၀ |
| ဘိလပ်မြေ (ကျောက်ဆူးတံဆိပ်) | တစ်အိတ် | ၅,၂၀၀ |
| အုတ် (ကုန်းအုတ်-ပထမတန်းစား) | တစ်လုံး | ၈၅ |
| အုတ် (ကုန်းအုတ်-ဒုတိယတန်းစား) | တစ်လုံး | ၇၅ |
| အုတ် (၈ ပေါက်အုတ်) (အထိုင်ဈေး) | တစ်လုံး | ၈၅ |
| အုတ် (၁၀ ပေါက်အုတ်)(အထိုင်ဈေး) | တစ်လုံး | ၂၁၅ |
| သဲ (အကြမ်း) | တစ်ကျင်း | ၁၀,၀၀၀ |
| သဲ (အနု) | တစ်ကျင်း | ၆,၅၀၀ |
| ကျောက် | တစ်ကျင်း | ၅၆,၀၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.3mm) | ၁ ပေ | ၅၅၀ |
| ကာလာစတီးအမိုးပြား 4 angle(0.312mm) | ၁ ပေ | ၆၅၀ |
| ကာလာစတီးအမိုးပြား 4 angle(0.36mm) | ၁ ပေ | ၈၅၀ |
| ကာလာစတီးအမိုးပြား 4 angle(0.346mm) | ၁ ပေ | ၈၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.4mm) | ၁ ပေ | ၉၀၀ |
| Posco ကြယ်စိမ်း | ၁ ပေနှုန်း | ၄၂၀ |
| ရိုးရိုးသွပ်မိုးပြား(နေရှင်နယ် ၉။၁၀ ပေ) | ၁ ပေ | ၂၈၅ |
| ရိုးရိုးသွပ်မိုးပြား(နေရှင်နယ် ၁၁။၁၂ ပေ) | ၁ ပေနှုန်း | ၂၈၅ |
| ထုံး(၈ ပိဿာအိတ်) | တစ်အိတ် | ၁,၁၀၀ |

**အထက်ပါဈေးနှုန်းများမှာ မေ(၄)ရက်တွင် ကောက်ယူထားသော ဈေးနှုန်းများဖြစ်ပြီး ပြောင်းလဲမှုအနည်းငယ်ရှိနိုင်သည်။**

## စားသောက်ကုန်ဈေးနှုန်းများ

| အမျိုးအစား | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ဆန်(ပေါ်ဆန်းမွှေး) | တစ်ပြည် | ၈၀၀-၁,၄၀၀ |
| ဆန်(တောင်ပျံ) | တစ်ပြည် | ၁,၀၀၀-၁,၃၀၀ |
| ဆန်(ဇီယာ) | တစ်ပြည် | ၆၀၀-၈၀၀ |
| ဆီ(ပဲဆီရှယ်) | တစ်ပိဿာ | ၃,၅၀၀ |
| ဆီ(စားအုန်းဆီ) | တစ်ပိဿာ | ၁,၅၀၀ |
| ဆီ(ရန်ကုန်ပဲဆီ) | တစ်ပိဿာ | ၄,၁၀၀ |
| ဆား(အိုင်အိုဒင်း) | တစ်ထုပ် | ၁၀၀ |
| ကြက်သွန်နီ | တစ်ပိဿာ | ၅၀၀ |
| ကြက်သွန်ဖြူ | တစ်ပိဿာ | ၂,၂၀၀ |
| သကြား | တစ်ပိဿာ | ၁,၁၀၀-၁,၂၀၀ |
| မန်ကျည်းမှည့်(အစေ့လွတ်) | တစ်ပိဿာ | ၁,၅၀၀ |
| အာလူး | တစ်ပိဿာ | ၇၀၀ |
| နို့ဆီ | တစ်ဘူး | ၅၀၀-၇၅၀ |
| နို့စိမ်း | တစ်ဘူး | ၆၀၀-၇၀၀ |
| ကြက်ဥ/ဘဲဥ | တစ်လုံး | ၁၁၀-၁၂၀ |
| ကုလားပဲခြမ်း | တစ်ပိဿာ | ၁,၄၀၀ |
| ကြက်သား(မွေးမြူရေး) | တစ်ပိဿာ | ၆,၀၀၀ |
| ကြက်သား(ဗမာ) | တစ်ပိဿာ | ၈,၀၀၀ |
| ဝက်သား | တစ်ပိဿာ | ၆,၀၀၀ |
| အမဲသား | တစ်ပိဿာ | ၅,၀၀၀ |
| ခရမ်းချဉ်သီး (ထိုင်ဝမ်သီး) | ၁ သေတ္တာ | ၂၂,၀၀၀ |
| ဂေါ်ဖီထုပ် | ၁ ထုပ် | ၆၀၀ |
| ငရုတ်သီး(အပု) | ၁ ပိဿာ | ၅,၀၀၀ |

## ငါး၊ ပုစွန်ဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ငါးမြစ်ချင်း | ၁ ပိဿာ | ၁,၅၀၀-၂,၀၀၀ |
| ငါးကြင်း | ၁ ပိဿာ | ၂,၅၀၀-၃,၅၀၀ |
| ငါးသလောက် | ၁ ပိဿာ | ၃,၅၀၀-၃,၆၀၀ |
| ငါးဖယ် | ၁ ပိဿာ | ၂,၃၀၀-၂,၈၀၀ |
| ပုစွန်ဘော့ချိတ် | ၁ ပိဿာ | ၃,၂၀၀-၄,၂၀၀ |
| ပုစွန်ပြောင်တုပ်ကြီး | ၁ ပိဿာ | ၁၂,၀၀၀-၂၆,၀၀၀ |
| တီလားဗီးယား | ၁ ပိဿာ | ၁,၆၀၀-၂,၀၀၀ |

**မေ(၅)ရက်က ကြည့်မြင်တိုင်ဗဟိုစံပြငါးဈေးကြီးမှ ကောက်ယူထားသော လက်ကားဈေးနှုန်းများဖြစ်သည်။**

## ပုဂ္ဂလိကစက်သုံးဆီဈေးနှုန်းများ

| နေ့စွဲ | ဓာတ်ဆီ 1 Litre | ဒီဇယ် 1 Litre | Octane 1 Litre | Premier 1 Litre |
|---|---|---|---|---|
| April(28) | 814 | 860 | 860 | 890 |
| April(29) | 814 | 860 | 860 | 890 |
| April(30) | 814 | 860 | 860 | 890 |
| May(1) | 814 | 860 | 860 | 890 |
| May(2) | 814 | 860 | 860 | 890 |
| May(3) | 814 | 860 | 860 | 890 |
| May(4) | 814 | 860 | 860 | 890 |

**ပုဂ္ဂလိကစက်သုံးဆီဆိုင်များမှ ဈေးနှုန်းများဖြစ်ပါသည်။ ဈေးနှုန်းပြောင်းလဲမှု အနည်းငယ် ရှိနိုင်သည်။**

## Note Book

| | |
|---|---|
| **HP** | |
| Intel Core i3 1.4 GHz, 2GB DDR3, 500GB HDD, HD, 14" | 391,000 |
| Intel Core i5 1.7 GHz, 6GB DDR3, 640GB HDD, HD, 15.6" | 649,000 |
| Intel Core i5 2.5 GHz, 8GB DDR3, 750GB HDD, HD, 14" | 703,000 |
| Intel Core i7 2.4 GHz, 6GB DDR3, 750GB HDD, 15.6" | 934,000 |
| **Dell** | |
| Intel Core i3 2.2 GHz, 2GB DDR3, 500GB HDD, HD, 15.6" | 404,900 |
| Intel Core i5 2.5 GHz, 4GB DDR3, 500GB HDD, HD, 15.6" | 516,000 |
| IntelCorei5 1.7GHz,8GBDDR3,500GBHDD+8GBSSD,HD,14" | 764,000 |
| Intel Core i7 2.2 GHz, 8GB DDR3, 750GB HDD, HD, 15.6" | 943,000 |
| **Acer** | |
| Intel Core i3 2.3 GHz, 2GB DDR3, 500GB HDD, HD, 14" | 413,000 |
| Intel Core i5 1.8 GHz, 4GB DDR3, 500GB HDD, 14" | 595,000 |
| IntelCore i5 1.7 GHz, 4GB RAM DDR3,125GB SSD,HD,13.3" | 1,290,000 |
| Intel Core i7 2.4 GHz, 4GB DDR3,1TB HDD, 14" | 710,000 |

7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.12, No.9 • MAY 8 , 2013

ရ ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL

| | |
|---|---|
| အယ်ဒီတာချုပ် | သောင်းစုငြိမ်း |
| အမှုဆောင်အယ်ဒီတာ | အားမာန်၊ ငြိမ်းငြိမ်းနိုင် |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်းအယ်ဒီတာ | စောစည်သူမိုး |
| သတင်းအယ်ဒီတာ | အေးမြကျော်၊ သီဟ၊ နေလင်းအောင်၊ မေဝင်းမွန် |
| ဘာသာပြန် | ရဲမင်း၊ ကျော်မျိုးဦး |
| စာပြင်အယ်ဒီတာ | ချမ်းငြိမ်း |
| သတင်းထောက်ချုပ် | အောင်သူရ |
| ဒု-သတင်းထောက်ချုပ် | နေလင်းထွန်း၊ ပြည်သိမ်း၊ ဗိုလ်ဗိုလ်ဝင်း |
| အကြီးတန်းသတင်းထောက် | အိဖြူမွန်၊ အိဖြူလွင်၊ သိမ့်သိမ့်စိုး၊ ဝတ်ရည်အောင်၊ ဥက္ကာကိုကို၊ အေးသူစံ၊ သန်းဌေး၊ သန်းထူး |
| သတင်းထောက် | အေးမြတ်သူ၊ ခိုင်ထွန်း၊ အောင်ခိုင်၊ ရန်မျိုးနိုင်၊ မိုးညို၊ မင်းဟိန်းကျော်၊ ကြူကြူဟန်၊ ခိုင်ချိုနွယ် |
| အငယ်တန်းသတင်းထောက် | ခန့်ထက်၊ ခိုင်ခိုင်စိုး၊ ဆွေမွန်၊ ရဲနောင်၊ အောင်သစ်လွင်၊ ဖွဲ့ညဏ်၊ အိမွန်ကျော် |
| ဓာတ်ပုံသတင်းထောက် | ဂျေမောင်မောင်(အမရပူရ) ကျော်ဇင်သန်း |
| မန္တလေးသတင်းထောက် | စိုင်းသာအောင်၊ ညီညီဇော်၊ မောင်တာ |
| နယ်သတင်းထောက် | မျိုးမင်းဦး၊ စောရန်နိုင်၊ ဆန်းညွန့်(ရေနံချောင်း)၊ မောင်ကံ |
| စီနီယာဒီဇိုင်နာ | ချစ်ဗိုလ်ဗိုလ်၊ ရှိန်းရှိန်းထိုက် |
| ဒီဇိုင်နာ | နွယ်မွန်ဖြိုး |
| ကွန်ပျူတာစာစီ | စန်းစန်း၊ ဇော်ဝင်းအောင်၊ ယဉ်မျိုးပိုင်၊ သက်ပိုင်ဌေး |
| သရုပ်ဖော် | စိုးသော်တာ |
| လိုဂိုဒီဇိုင်း | ကျောက်ဆည် |
| ဘဏ္ဍာရေး | ကလျာအောင်၊ သဲသိမ့်သိမ့်ဖြိုး၊ ဖြိုးသူဇာအောင် |
| ကြော်ငြာတာဝန်ခံ | မိုးပပ၊ လင်းလင်းဦး၊ နှင်းဝေဝေ |
| ထုတ်ဝေသူ | ဦးမျိုးလှိုင်အောင် |
| ပုံနှိပ်စက် | သုဝဏ္ဏသိင်္ဂီပုံနှိပ်တိုက် |
| ဖလင် | Sunn Colour Separation |
| စောင်ရေ | ၃၅,၀၀၀ |
| ရောင်းဈေး | ၄၅၀ ကျပ် |

7Day News ဂျာနယ်တိုက် - Diamond Centre (G-12)
မြေညီထပ်၊ တိုက် (B)၊ အမှတ်(၄၉၇)၊ ပြည်လမ်း၊ (၈)ရပ်ကွက်၊
ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၅၁၂၈၈၇၊ ၅၁၃၅၁၅~၅၁၉၊ ၀၉ ၇၃၂၂၄၅၄၁။
ဖက်စ် - ၅၁၃၅၁၉
Website : www.7daynewsjournal.com
E-mail : editor@7daynewsjournal.com

Hotline : 0973032006

# စစ်တွေမြို့မှ ပြန်ခဲ့သော်လည်း .....

**လွင်ချန်ဖြိုး(နတ်မောက်)**



*စစ်တွေမြို့တွင်းတစ်နေရာ*

မတ်လ ၃၁ ရက် ညနေတွင် စစ်တွေမြို့သို့ဆိုက်ရောက်ခဲ့ပါသည်။ မြန်မာ့ကမ်းရိုးတန်းမှ ထင်ရှားသော မြို့ကြီးတစ်မြို့။ စီးပွားရေး မျက်နှာစာ၊ ယဉ်ကျေးမှု မျက်နှာစာ၊ လူမျိုးရေး မျက်နှာစာတို့အတွက် အချက်အချာကျလှတဲ့ အနောက်ဘက် ဂိတ်တံခါးဝမြို့တစ်မြို့။ တိုင်းတစ်ပါး သားတွေ လိုချင်မျက်စိကျနှစ်ခြိုက်လှတဲ့ မြို့။ အခြေချနေထိုင်ဖို့၊ အပန်းဖြေနေထိုင်ဖို့ သင့်လျော်တဲ့ ပင်လယ်နဲ့ထိစပ်နေတဲ့ မြို့။ အသီးအရွက်နဲ့ ပင်လယ်စာတွေ လတ်လတ်ဆတ်ဆတ်၊ အရသာရှိရှိ သုံးဆောင်နိုင်တဲ့ မြို့။ ရိုးရာအငွေ့အသက်တွေ အပျောက်ပျက်ရအောင် ဝိုင်းဝန်းထိန်းသိမ်းဖို့ အားတိုက်နေတဲ့ မြို့။ အဲဒီမြို့ကလေးမှာ စာရေးသူတို့လို ပြည်မမှ ခေတ္တခဏ လာသူတွေ၊ ပြည်ထောင်စု တစ်ဝန်းလုံးမှာရှိနေတဲ့ တိုင်းရင်းသား သွေးချင်းညီအစ်ကိုတွေကို ပြောပြစရာတွေ၊ ပြောပြချင်နေတာတွေ အများကြီး ရှိနေလိမ့်မည်ဟု ထင်ပါသည်။

စင်စစ် ရခိုင်ပြည်နယ်တစ်ခုလုံးသည် တောင့်တင်းကြံ့ခိုင်စွာဖြင့် သွယ်တန်းနေသော တောင်တန်းများ၊ အစဉ်မပြတ် စီးဆင်းနေမြဲဖြစ်သော မြစ်ချောင်းများ၊ ကျယ်ပြန့်သော မြေနုလွင်ပြင်များနှင့် ရွှေဝါရောင် စပါးခင်းများ၊ စိုက်ခင်းများ၊ စိမ်းလန်းစိုပြည်သော သစ်တောများ၊ လှပသော ကမ်းရိုးတန်းအကွေ့အကောက်များ၊ ကမ်းခြေများ၊ မီးပြတိုက်များ၊ ကျောက်ဆောင်များ၊ ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းများ၊ ပင်လယ်ထွက် သယံဇာတများ။ ရှေးဟောင်းအမွေအနှစ်များ၊ တိုင်းရင်းသားရိုးရာ အလေ့အထများဖြင့် ခိုင်မာစွာ တည်ရှိလှပနေသည့် ဒေသတစ်ခု ဖြစ်ပါသည်။

ပင်လယ်ရေမျက်နှာပြင်အထက် ပျမ်းမျှအမြင့်၁၅ ပေခန့်အတွင်းသာရှိသော စစ်တွေမြို့နယ်သည် တောင်ကုန်း၊ တောင်တန်းများ မရှိဘဲ မြေမျက်နှာပြင် ညီညာပါသည်။

စာရေးသူရောက်ရှိခဲ့သည့် စစ်တွေမြို့သည် ရခိုင်ပြည်နယ်၏ အရှည်ဆုံးနှင့် အသုံးဝင်ဆုံး ကုလားတန်မြစ်နှင့် ဘင်္ဂလားပင်လယ်အော်ဆုံရာတွင် ပင်လယ်နှင့် မြစ်ချောင်းများ ဝန်းရံလျက် တည်ရှိပါသည်။ ကုလားတန်မြစ်သည် ပေ ၈,၀၀၀ ခန့်မြင့်သော ချင်းပြည်နယ် လူရှည်တောင်တန်းနှင့် အိန္ဒိယနိုင်ငံ ချယ်လတိတလန်တောင်ကုန်းများမှ မြစ်ဖျားခံကာ ချင်းပြည်နယ်မြောက်ပိုင်းတွင် ထရောဘာ(တီအိုရီဘာ)အမည်ဖြင့် မြန်မာ-အိန္ဒိယ နယ်ခြားမြစ်အဖြစ် စီးဆင်းခဲ့ပြီး ဖလမ်းမြို့အနောက်ဘက်နား အရောက်တွင် ဘွိုင်နု အမည်ဖြင့် အိန္ဒိယနိုင်ငံအတွင်းသို့စီးဝင်ပါသည်။ အိန္ဒိယနိုင်ငံတွင် မြစ်လက်တက်များဖြင့် ပေါင်းဆုံဆက်လက်စီးဆင်းခဲ့ရာမှ ချင်းပြည်နယ် ပလက်ဝမြို့အထက်နားတွင် မြန်မာပြည်အတွင်းသို့ပြန်လည်စီးဝင်ပြီး ကုလားတန်အမည်ဖြင့် ရခိုင်ပြည်နယ်ကိုဖြတ်ကာ ဘင်္ဂလားပင်လယ်အော်အတွင်းသို့ စီးဝင်သွားပါသည်။

စစ်တွေမြို့၏ အရှေ့ဘက်မျက်နှာစာရှိကုလားတန်မြစ်ကမ်းအင်းပေါက်ဝရေပြင်တွင်ပင်လယ်ကူးသင်္ဘောကြီးများ ဆိုက်ကပ်နိုင်ရန် စစ်တွေဆိပ်ခံတံတားကြီး(ဖောင်တော်ကြီး)ကို ၁၈၇၆ ခုနှစ်မှာ စတင်တည်ဆောက်ခဲ့ပြီး ၂၀၀၄ ခုနှစ် မုန်တိုင်းကြောင့် ပြိုပျက်ခဲ့ကြောင်း၊ ၂၀၀၇ ခုနှစ်တွင် တန်ချိန်လေးထောင်ရှိ သင်္ဘောကြီးများ ဆိုက်ကပ်နိုင်သော ဆိပ်ခံတံတားတစ်ခု တည်ဆောက်ခဲ့ကြောင်း၊ လက်ရှိအချိန်တွင်မူ တန်ချိန်တစ်သောင်းအထိရှိသော သင်္ဘောကြီးများ ဝင်ရောက်ဆိုက်ကပ်နိုင်မည့်နိုင်ငံတကာဆိပ်ကမ်းကြီးတစ်ခုအဖြစ် အိန္ဒိယနိုင်ငံမှ တာဝန်ယူ တည်ဆောက်လျက်ရှိပြီး လာမည့်နှစ်တွင် ပြီးစီးမည်ဟု သိရပါသည်။

မြန်မာပြည်ထဲမှာ မြစ်ဖျားခံပြီး မြန်မာပြည်၏ ဖွံ့ဖြိုးမှုအနည်းဆုံးဟု ဆိုနေကြသော ချင်းပြည်နယ်အတွင်း ဖြတ်သန်းစီးဆင်းသည့်မြစ်။ ထို့နောက် အိန္ဒိယနိုင်ငံထဲ တိုးဝင်ပြီး အိန္ဒိယပြည်သူတွေအတွက် အသုံးဝင်ခဲ့သည့် မြစ်။ တစ်ဖန် မြန်မာပြည်အတွင်း ပြန်လည်ကွေ့ဝင်ကာ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်ကို မိုင်အရှည် ၃၀ မျှ ဖြတ်သန်းစီးဆင်းနေသော မြစ်။

ထိုမြစ်ကိုမြန်မာပြည်သူတွေသည် ကစ္စပနဒီမြစ်ဟု အမည်အားဖြင့် ရင်းနှီးနေကြပြီဟု ထင်ပါသည်။ မြစ်ကြောင်းတစ်လျှောက်တွင် မြေဩဇာအလွန်ကောင်းမွန်သော မြေနုလွင်ပြင်များရှိသည်။ ဒေသခံများအတွက် စားနပ်ရိက္ခာများ၊ အသက်မွေးလုပ်ငန်းများ၊ သွားလာကူးသန်းမှုများ ရရှိလုပ်ကိုင်လွယ်ကူရန် ကစ္စပနဒီမြစ်ကြီးက ထောက်ပံ့ပေးလျက်ရှိသည်။

မြန်မာ့အရေး ဦးဆောင်ဆုံးဖြတ် စီမံသူများက ကိုယ့်နိုင်ငံအနေဖြင့် မလုပ်ကိုင်နိုင်၍လော၊ ဒေသခံများ၏ စိတ်ဆန္ဒအရစီစဉ်ပိုင်ခွင့် မရှိ၍လော၊ ဒေသခံများအတွက် အမှန်တကယ် ကောင်းကျိုးဖြစ်ထွန်းစေမည်ဟု ယုံကြည်အာမခံ၍လောမသိ။ နိုင်ငံတကာအဆင့်မီ ဆိပ်ကမ်းကြီးကတော့ စစ်တွေမြို့မှာ အိန္ဒိယပညာရှင်များ၏ ကြီးကြပ်မှုဖြင့် နေ့မနား၊ ညမနား လှုပ်ရှားလုပ်ကိုင်လျက်ရှိသည်ကို စာရေးသူတို့အဖွဲ့ ညစဉ်ကမ်းနားလမ်းမှာ လမ်းလျှောက်တိုင်း တွေ့မြင်နေရပါသည်။ မနက်ဈေးသွားတိုင်းလည်း ငေးကြည့်နေရပါသည်။

သြော် ကိုယ့်ရေ၊ ကိုယ့်မြေမှာ ကိုယ်တွေ မလုပ်နိုင်သည့် လုပ်ခွင့်မရသည့် အရာများစွာကို တိုင်းတစ်ပါးသားများက လာရောက်လုပ်ကိုင်နေတာ တွေ့နေရတော့ ကိုယ်တွေအတွက် အဖြေသည် မည်သို့မည်ပုံ ဖြစ်လာပါမည်နည်းဟု တွေးမိပါသည်။

အမှန်စင်စစ် ဘင်္ဂလားပင်လယ်ဝမှနေ၍ ကစ္စပနဒီမြစ်ကြောင်းတစ်လျှောက်ဆန်တက်သွားကြည့်မည်ဆိုပါလျှင် မြန်မာပြည်သားများအတွက် ရခိုင်ပြည်နယ်သားများအတွက် အဖိုးမဖြတ်နိုင်သော သဘာဝလက်ဆောင်များ၊ တိုင်းရင်းသားများ၏ ရိုးရာ လူနေမှုစရိုက်များ၊ ကမ္ဘာပေါ်ရှိမည်သည့် ဒေသနှင့်မျှ နှိုင်းယှဉ်၍ မရ၊ အစားထိုး၍ မရနိုင်သော ယဉ်ကျေးမှုအမွေအနှစ်များ၊ ဗုဒ္ဓဘာသာဝင်များအတွက် အထင်ကရ နေရာများကိုတွေ့ကြရမည်ဖြစ်ပါသည်။

"မနှစ်က ကမ္ဘာလှည့်ခရီးသွားတွေ အလာအများဆုံးအချိန်မှာ ဘင်္ဂါလီအရေးအခင်းဖြစ်တော့ ဒီမြောက်ဦးဒေသကို နိုင်ငံခြားသားလာရောက်လည်ပတ်မှု မရှတော့တာကြောင့် အခုအထိ ဒေသစီးပွားရေးလုပ်ငန်းတွေ၊ မြင်းလှည်းသမား၊ စက်လှေသမား၊ ဈေးသည်ကအစ အားလုံးနစ်နာကြပါတယ်။ ကမ္ဘာလှည့်တွေ စိတ်ဝင်စားမယ့် အရာတွေက ဒီဒေသမှာ အများကြီးရှိပါတယ်။ စနစ်တကျလုပ်ပေးနိုင်မယ်ဆိုရင် အများကြီးလာကြမှာ သေချာပါတယ်။ အရင်နှစ်တွေကဆို နှစ်တိုင်းအောက်တိုဘာလကစပြီး ဝင်လာကြပါတယ်။ သူတို့တွေက မြောက်ဦးဒေသမှာ ပဲရသရွှေ့အချိန်ပေးနေကြတယ်။ နောက်မြောက်ဦးကနေ ငါးမိုင်လောက် ကားစီး၊ အဲဒီကနေ လေးမြို့မြစ်အနီး သုံးနာရီလောက် စက်လှေစီးပြီး ချင်းတိုင်းရင်းသားတွေရှိတဲ့ ကုန်းချောင်းရွာကို သွားလေ့လာမှုများတယ်။ အဲဒီရွာမှာ ပါးရဲထိုးအလေ့တွေ၊ ရိုးရာအထည်ရက်လုပ်ငန်းတွေကို စိတ်ဝင်တစားလေ့လာကြတယ်"

မြောက်ဦးရှေးဟောင်း နယ်မြေကို နိုင်ငံခြားသားတစ်ယောက် အလည်အပတ်ဝင်လာတိုင်း ငါးဒေါ်လာရပါတယ်။ မြောက်ဦးရှေးဟောင်းသုတေသနပြတိုက်ကိုဝင်ရင်လည်း ငါးဒေါ်လာ၊ စစ်တွေမှာရှိတဲ့ ဗုဒ္ဓပြတိုက်နဲ့ ယဉ်ကျေးမှုပြတိုက်တွေကိုဝင်ရင်လည်း ငါးဒေါ်လာစီ သတ်မှတ်ထားပါတယ်။ ဒါက နိုင်ငံတော်ကရမယ့်ဝင်ငွေတွေပါ။

စာမျက်နှာ(၃၂) သို့

Technology
7 DAY NEWS JOURNAL
Vol.12, No.9 • MAY 8 , 2013



*ဈေးကွက်ဝေစုများသော Huawei အမှတ်တံဆိပ်ဟန်းဆက်ကို တွေ့ရစဉ်*

ဓာတ်ပုံ-ဂျေမောင်မောင် (အမရပူရ)

# ကျပ်၁၅၀၀တန်ဆင်းမ်ကတ်ကြောင့် တန်ဖိုးနည်းဟန်းဆက် တစ်ခေတ်ဆန်း

**ဆွေမွန်**

ဧပြီ ၂၄ရက်တွင် စတင်ရောင်းချပေးခဲ့သည့် CDMA 800 MHZ စနစ်ဆင်းမ်ကတ်များ အသုံးပြုရန်အတွက် ဖုန်းဆိုင်အများစုမှာဟန်းဆက်အများအပြား ကြိုတင်စုဆောင်းထားခြင်း၊ ဟန်းဆက်ဈေးနှုန်း မြင့်တက်သွားခြင်းများရှိခဲ့သည်။ သို့သော် ရောင်းချပေးခဲ့သည့်ဆင်းမ်ကတ်အရေအတွက်မှာ တစ်နိုင်ငံလုံးအတိုင်းအတာအရသုံးသိန်းခွဲသာရောင်းချပေးခဲ့ခြင်းကြောင့် ဖုန်းဆိုင်များ၌ ရောင်းအားထူးထူးခြားခြားရိုက်ခတ်မှုမရှိဘဲ ပုံမှန်သာ အရောင်းအဝယ်ဖြစ်နေကြောင်း ဖုန်းဆိုင်များကဆိုသည်။

သို့သော် ကျပ်၁၅၀၀တန် ဆင်းမ်ကတ်များ ထွက်ရှိပြီး နောက်ပိုင်းတွင် ဖုန်းဆိုင်အများစု၌ တန်ဖိုးနည်းဟန်းဆက်များ ဝယ်လိုအားကောင်းလာပြီး Key-pad(ဖုန်းနံပါတ်နှိပ်၍ခေါ်ရသောဖုန်းအိမ်) အများစုနှင့်GSM နှင့်CDMAနှစ်မျိုးအသုံးပြုနိုင်သည့် ဟန်းဆက်များရောင်းအားကောင်းလာကြောင်း သတင်း ရရှိသည်။

ဧပြီလကုန်ပိုင်းတွင် ပို၍ အရောင်းသွက်လာပြီး Keypad ဖုန်းများ ဈေးနှုန်းမှာ ကျပ်သုံးသောင်း ဝန်းကျင်ဖြစ်သည်။ Keypad ဖုန်းများ၌ Samsung၊ Huawei ၊HTC ၊G-Five၊General အစရှိသည့် အမှတ်တံဆိပ်ဟန်းဆက်အများအပြားဈေးကွက်အတွင်းဝင်ရောက်နေသည်။

ကိုရီးယားနိုင်ငံထုတ်ပစ္စည်းကြိုက်နှစ်သက်သူများကလည်း General အမှတ်တံဆိပ်ဖုန်းအမျိုးအစားကို ဝယ်ယူမှုများပြားနေ၍ လတ်တလော အရောင်းသွက်နေသည်။ ကင်မရာမပါရှိသော်လည်း လိုင်းဆွဲအား ကောင်းပြီးMemory Card ထပ်စိုက်၍ အသုံးပြုနိုင်သည့်ကိုရီးယားနိုင်ငံထုတ်တံဆိပ်ဖြစ်သောကြောင့် လူကြိုက်များနေခြင်းဖြစ်သည်။ ဒီဇိုင်းရှင်းလင်းလှပ၍ ဈေးနှုန်းမှာ ကျပ်၃၈,၀၀၀ ဝန်းကျင်ဖြစ်သည်။

Samsung တံဆိပ်အသုံးပြုလိုပြီး ဈေးနှုန်းအသင့်အတင့်သာ သုံးစွဲလိုသူများအနေဖြင့် Samsung နှင့် Huawei ပေါင်းစပ်ထုတ်လုပ်ထားသည့် Anycall အမှတ်တံဆိပ် Java ဖုန်းအမျိုးအစားလည်း ဝယ်ယူမှုများနေသည်။ Samsung အမှတ်တံဆိပ်အစစ်မဟုတ်သော်လည်းဈေးနှုန်းသင့်တင့်သောကြောင့် Keypad ဖုန်းများထဲတွင် ရောင်းအားကောင်းနေခြင်းဖြစ်သည်။ ကင်မရာမပါရှိဘဲ Memory Card ထပ်စိုက်၍ အသုံးပြုနိုင်ကာ ဈေးနှုန်းမှာလည်း ကျပ် ၃၀,၀၀၀ ဝန်းကျင် ရှိသည်။

ကျပ်၁၅၀၀တန်ဆင်းမ်ကတ်များ ရောင်းချပေးနေသည့်မြန်မာ့စီးပွားရေး ဦးပိုင်လီမိတက်(MEC) မှMec Tel အမည်ဖြင့်ဆင်းမ်ကတ်များသာမက ဟန်းဆက်များကိုလည်း G-Five အမှတ်တံဆိပ်နှင့် ပူးပေါင်း၍ထုတ်လုပ်ရောင်းချနေခြင်းဖြစ်နိုင်ကြောင်းဖုန်းဆိုင်များမှ တာဝန်ရှိသူများက ပြောသည်။

G-Five အမှတ်တံဆိပ်ဟန်းဆက်များကို ယခင်က GSM အမျိုးအစားသာ ရောင်းချနေခဲ့ပြီး ယခုအခါ Mec Tel နှင့်ပူးပေါင်း၍ CDMA 800 MHZ ဟန်းဆက်များဈေးကွက်အတွင်း ရောင်းချပေးနေသည်။

အဆိုပါG-Fiveတံဆိပ်ဟန်းဆက်မှာ တရုတ်နိုင်ငံထုတ်ဖြစ်ပြီး Java ဆော့ဖ်ဝဲ အသုံးပြုသည့်ဟန်းဆက်ဖြစ်သည်။ ကင်မရာပါရှိ၍ Memory Card ထပ်စိုက်နိုင်ကာ ထိုဖုန်း၏ ထူးခြားချက်မှာ ဘက်ထရီနှစ်ခဲတစ်ပြိုင်တည်း အသုံးပြုနိုင်ခြင်းကြောင့် ကြာရှည်အသုံးခံနိုင်သည်ဟု ဆိုသည်။ ဈေးနှုန်းမှာကျပ်၅၀,၀၀၀ ဝန်းကျင်ဖြစ်ပြီး လက်ရှိတွင် G-Five အမှတ်တံဆိပ်မှာ ဈေးကွက်အတွင်း နာမည်ရလာသည်။

Huawei အမှတ်တံဆိပ် Keypad Java ဖုန်းအချို့လည်း ဈေးကွက်၌ ဝယ်ယူမှုများရှိကြောင်းသိရသည်။ Touch ဖုန်းအသုံးမပြုလိုသည့် လူကြီးပိုင်းအများစု အကြိုက်တွေ့နေပြီး အရောင်စုံရှိခြင်းကြောင့် ရွေးချယ်မှုများနေခြင်း ဖြစ်သည်။

လက်ရှိတွင် Huawei C 5736 အမျိုးအစားကိုဝယ်ယူလာကြပြီး ကင်မရာပါရှိကာ Memory Card ထပ်စိုက်နိုင်သည်။ အဖြူရောင်ဟန်းဆက် အမျိုးအစားဖြစ်ခြင်းကြောင့် အမျိုးသမီးအများစုဝယ်ယူမှုများကြောင်း သိရသည်။ ဈေးနှုန်းမှာလည်း ကျပ် ၅၅,၀၀၀ ဝန်းကျင်ဖြစ်သည်။

**စာမျက်နှာ (၂၂) သို့**

# အွန်လိုင်းဈေးဝယ်မှု ပိုမိုတွင်ကျယ်လာ

**နိုင်ချို၊ ဆွေမွန်**

**ရန်ကုန်၊ မေ-၃**

အင်တာနက်အသုံးပြုသူ များပြားလာသည်နှင့်အမျှ အွန်လိုင်းတွင်ဈေးဝယ်ခြင်းများ ယခုနှစ်ပိုင်း အတွင်း ပိုမိုတွင်ကျယ်လာကြောင်း သတင်းရရှိသည်။

ဈေးဝယ်ရန် အချိန်မပေးနိုင်သူများနှင့်နာမည်ကြီးတံဆိပ်များကို ကြိုက်နှစ်သက်သော လူငယ်အချို့တို့က အွန်လိုင်းတွင်ဈေးဝယ်ခြင်းကို ပိုမိုပြုလုပ်လာကြောင်း အွန်လိုင်းဈေးဝယ်ဝက်ဘ်ဆိုက်များမှ တာဝန်ရှိသူ အချို့ပြောသည်။

အဆိုပါ ဝက်ဘ်ဆိုက်များတွင်ရောင်းချသည့်ပစ္စည်းအများစုမှာ ကမ္ဘာကျော်နာမည်ကြီး တံဆိပ်များဖြစ်သည့်လက်ကိုင်အိတ်များ၊ ဖိနပ်များ၊ အဝတ်အထည်များ၊ အလှကုန်ပစ္စည်းများနှင့် ဖန်စီပစ္စည်းများကိုရောင်းချထား Ywat Sein Online Shopping မှ တာဝန်ရှိ သူတစ်ဦးကပြောသည်။




"ရောင်းအားက ကျေနပ်မှုရှိပါတယ်။ ပစ္စည်းအများစုက တရုတ်၊ကိုရီးယားနဲ့အင်ဒိုနီးရှားထုတ်ပစ္စည်းတွေများတယ်။ ဒီဆိုက်ကိုစတင်တာ ခုနှစ်လလောက်ပဲရှိသေးတယ်။ အဓိကဝယ်တာက လူလတ်တန်း စားနဲ့ အထက်တန်းလွှာတွေ များတယ်။

"စလုပ်ခါစတော့အရည် အသွေးမပြည့်မီတဲ့ ပစ္စည်းတွေပါတတ်တယ်။အခုဆိုရင်တော့အရည်အသွေး ကောင်းတာကို အာမခံနဲ့ရောင်းပါတယ်" ဟု Oops! Fashion မှ တာဝန်ရှိသူ တစ်ဦးကပြောကြားသည်။

"အစ်မက အွန်လိုင်းရှော့ပင်းကနေ နှစ်ကြိမ်ဝယ်ဖူးတယ်။ နှစ်ကြိမ်လုံးအဆင်ပြေတယ်။ ပစ္စည်းလာပို့မှ ငွေပေးချေရတယ်။ နည်းပညာ ထွန်းကားလာပြီး ဒီလိုအွန်လိုင်းရှောပင်းတွေပေါ် လာတာကို အစ်မကဘောကျတယ်။ ဒီထက်လည်းပိုပြီးတွင်ကျယ်စေချင်တယ်" ဟု စာရေးဆရာမလမင်းမိုမိုက ပြောသည်။

အွန်လိုင်းတွင် အများဆုံးဝယ်ယူကြသော ပစ္စည်းများမှာ အမေရိကန်တံဆိပ်အလှကုန်များဖြစ်သည့် Estee Launder၊ Bobbi Brown၊ Victoria Secretတို့ဖြစ်ပြီး နာမည်ကြီး တံဆိပ်တစ်ခုဖြစ်သည့် Charies and keithမှထုတ်လုပ်သော ဖိနပ်၊ လက်ကိုင်အိတ်များကို ဝယ်ဖြစ်ကြကြောင်း သိရသည်။

အွန်လိုင်းဈေးဝယ်ဆိုက်အချို့တွင်ဝယ်ယူသူများအနေဖြင့် မြို့နယ်အလိုက် ပို့ဆောင်ခထပ်မံပေးရကြောင်း၊ ယခုနှစ်အတွင်း အွန်လိုင်းမှ ဈေးဝယ်သူဦးရေမှာ နှစ်ဆခန့် မြင့်တက်လာကြောင်း အဆိုပါဆိုက်တည်ထောင်သူ အချို့က ပြောသည်။

**စာမျက်နှာ (၂၂) သို့**






စာမျက်နှာ (၂၁) မှ

## ကျပ်၁၅၀၀တန်ဆင်းမ်ကတ်ကြောင့် တန်ဖိုးနည်း ဟန်းဆက် တစ်ခေတ်ဆန်း

Touch ဖုန်းနှစ်သက်သည့်လူငယ်အများအပြားမှာ ကျပ် ၁,၅၀၀ တန်ဆင်းမ်ကတ်နှင့် တွဲဖက်အသုံးပြုနိုင်သည့် ဟန်းဆက်နည်းသော်လည်း ဈေးနှုန်းသင့်တင့်၍ Function စုံလင်သည့်ဟန်းဆက် များကို ဝယ်ယူမှုများပြားလာသည်။ CDMA 800 MHZ စနစ် Touch ဖုန်းအမျိုးအစား ဆယ်မျိုးခန့် ဈေးကွက်ထဲသို့ ဝင်ရောက်နေကာ Huawei အမှတ်တံဆိပ် ဟန်းဆက်များက ဈေးကွက်တွင် လူကြိုက်၊ လူငယ်မရွေးအသုံးပြုမှုများ ပြားနေသည်။

Huawei Y210C အမျိုးအစား ဟန်းဆက်မှာလက်ရှိ Touch ဖုန်းများအနက်CDMA800 MHZ အတွက် အရောင်းအသွက်ဆုံး မော်ဒယ်ဖြစ်နေကြောင်း သတင်းရရှိသည်။ အဆိုပါဖုန်းတွင်မြန်မာဖောင့် ၊ WiFi၊ ဆော့ဖ်ဝဲ၊ ဂိမ်းများနှင့်အခြား Application အများအပြားထည့်သွင်းအသုံးပြုနိုင်၍ ဈေးနှုန်း သင့်တင့်သောကြောင့် ဝယ်လိုအားကောင်းနေခြင်း ဖြစ်သည်။ 2.3.6.Android Version ဖြစ်ပြီး GSM နှင့် CDMA နှစ်မျိုးအသုံးပြုနိုင်ကာ ၃ဒသမ၅ လက်မအရွယ်အစားရှိသည်။ ဈေးနှုန်းအားဖြင့် ကျပ် ၇၅,၀၀၀ ရှိသည်။

Samsung ဖုန်းအိမ်အသုံးပြုလိုသည့်လူငယ်အများအပြားတွင် Touch ဖုန်းအမျိုးအစားဖြစ်သည့် Galaxy Y1509 ကိုလည်းလူကြိုက်များလျက် ရှိသည်။ 2.3 Android Version ဖြစ်ပြီး မြန်မာဖောင့်၊ WiFi နှင့် Internal 3G ဖြစ်ကာ ၃ လက်မရွယ်အစားရှိသည်။ ဈေးနှုန်းအားဖြင့် ကျပ် ၇၀,၀၀၀ ကျော်ရှိပြီး ကျပ်၁၅၀၀တန် ဆင်းမ်ကတ်မဲပေါက်ခဲ့သည့် လူငယ်များအကြိုက်တွေ့သည့်Samsungအမှတ်တံဆိပ်ဖြစ်ခြင်းကြောင့်ဝယ်လိုအားကောင်းခြင်း ဖြစ်သည်။

HTC အမှတ်တံဆိပ်သည် ပြည်တွင်းတွင် နေရာယူလာကာ ကျပ် ၁၅၀၀ ဖုန်းနှင့် အသုံးပြုနိုင်သည့် Touch ဖုန်းများလည်း ဈေးကွက်အတွင်း ရောက်ရှိလာသည်။ GSM နှင့် CDMA နှစ်မျိုးအသုံးပြုနိုင်ကာ မြန်မာဖောင့်၊ WiFi၊ Software၊ Game နှင့် အခြား Application များထည့်သွင်း အသုံးပြုနိုင်သော်လည်း ကျပ်နှစ်သောင်းကျော် ဝန်းကျင်ဖြစ်သောကြောင့် ကျပ်၁၅၀၀ တန် ဆင်းမ်ကတ်သုံးစွဲသူများကြားတွင် ဝယ်ယူမှုနည်းပါးနေသည်။

လက်ရှိဈေးကွက်အတွင်း ကျပ် ၁,၅၀၀ တန်ဆင်းမ်ကတ် စတင်ရောင်းချသည့် ကာလများတွင် Touch ဖုန်းအမျိုးအစားအများစုဝယ်လိုအားကောင်းသော်လည်း ပြေလကုန်ပိုင်းမှစ၍ Java အမျိုးအစား Keypad ဖုန်းများကိုသာ လူအများဝယ်ယူလာကြောင်း ဖုန်းဆိုင်များမှ သိရှိရသည်။ Keypad ဟန်းဆက်အမျိုးအစားများ၌ ကျပ် ၃၀,၀၀၀ မှစ၍ ကျပ်၅၀၀,၀၀၀ ဝန်းကျင်ကြား ဟန်းဆက်များဝယ်ယူမှုများပြားလာသည်။




## Postpaid ဖုန်းများ ပြည်ပယူဆောင် အသုံးပြုနိုင်ရန် ဆက်သွယ်ရေးတွင် မှတ်ပုံတင်ရမည်

**ခိုင်ချို၊ ဆွေမွန်**
**ရန်ကုန်၊ မေ-၅**

Postpaid ဖုန်းများကို မြန်မာနိုင်ငံမှပြည်ပနိုင်ငံများသို့Outbound ယူဆောင်အသုံးပြုနိုင်ရန် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းတွင်မှတ်ပုံရမည်ဖြစ်ကြောင်း သတင်းရရှိသည်။

"ဂျီအက်စ်အမ်နဲ့ ဒဗလျူစီဒီအမ်အေဖုန်းတွေကို ပြည်ပနိုင်ငံတွေကနေ မြန်မာနိုင်ငံအတွင်း (Inbound) ယူဆောင် အသုံးပြုနိုင်နေပြီ။ မြန်မာနိုင်ငံကနေ ပြည်ပနိုင်ငံတွေကို Outbound ယူဆောင်အသုံးပြုနိုင်ဖို့မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ရန်ကုန်မြို့ မိုဘိုင်းဆက်သွယ်ရေးဌာနမှာ မှတ်ပုံတင်ပြီး အသုံးပြုနိုင်မှာဖြစ်ပါတယ်"ဟု မြန်မာ့ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးတစ်ဦးက ပြောသည်။

အဆိုပါOutbound အသုံးပြုရာတွင် Postpaid ဖုန်းများ၊ အသုံးပြုနိုင်ရန် ဆက်လက်ဆောင်ရွက်လျက်ရှိသည်ဟု အင်ဂျင်နီယာချုပ်တစ်ဦးက ပြော သည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း အနေဖြင့် ဖုန်းများပြင်ပယူဆောင်မှုကိစ္စနှင့် ပတ်သက်၍ ASEANဆယ်နိုင်ငံ အပါအဝင် ကိုရီးယား၊ ဂျပန်၊တရုတ်၊ ဟောင်ကောင်နှင့်Bilateral Roaming Agreement စာချုပ် ချုပ်ဆိုပြီး ဂျီအက်စ်အမ်နှင့် ဒဗလျူစီဒီအမ်အေဖုန်းများကို Inbound, Outbound ယူဆောင်နိုင်ရန် ဆောင်ရွက်ခြင်းဖြစ်သည်ဟု မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှသတင်းရရှိသည်။

"ပုံမှန်တော့နိုင်ငံခြားသွားတဲ့သူတွေအသုံးပြုတာနည်းပါတယ်။ တကယ်တမ်းတော့ Data Roming ကဈေးအရမ်းကြီးတယ်။ အသုံးလည်း နည်းပါတယ်။ Chargrs ကဈေးအရမ်းကြီးတယ်။ Data Roming တွေရှိလာတာတော့ ကောင်းပါတယ်။ လိုအပ်တဲ့သူတွေ အသုံးပြုလို့ရတာပေါ့"ဟု Myanmar Information Technology Pte Ltd မှ CEO ဦးထွန်းသူရသက်က ၎င်း၏အမြင်ကို ပြောသည်။

Postpaid ဖုန်းများမှာ ကြိုတင်ငွေဖြည့်စနစ်ဖြင့် ဘီလ်ထွက်ရှိသည့်အခါခုနှိမ်ပေးသွားသောစနစ်ဖုန်းများဖြစ်သည်။ Postpaid စနစ်ကို ယခင်မိုဘိုင်းဖုန်းများတွင်သာ အသုံးပြုနိုင်ပြီး ယခုတန်ဖိုးနည်းဖုန်းများတွင် Prepaid စနစ် ကိုသာ အသုံးပြုနိုင်မည် ဖြစ်သည်။

စာမျက်နှာ (၂၁) မှ

## အွန်လိုင်းဈေးဝယ်မှု ပိုမိုတွင်ကျယ်လာ

"အရင်တုန်းကမှာတဲ့ပစ္စည်းနဲ့ ဝယ်တဲ့ပစ္စည်းကမတူဘူးလို့ ပြောတာတွေကြားဖူးတယ်။ အခုမှာ ကြည့်တော့ အဲဒီလိုမဖြစ်ဘူး။ ပြီးတော့ အစ်မက မန္တလေးကမှာတာ။ အိမ်အရောက်မှာတာလည်း အဆင်ပြေတယ်"ဟုမန္တလေးအောင်မြေသာဇံမြို့နယ်တွင် နေထိုင်သူအမျိုးသမီးတစ်ဦးပြောသည်။

အွန်လိုင်းတွင် နာမည်ကြီးနေသည့် ဈေးဝယ်ဆိုက်အချို့မှာ Celebrity Fashion၊ Myanmar Online Shopping၊ Oop! Fashion၊ Ywat Sein Online Shopping၊ Yoshe's Hello Kitty Online Shopping တို့အပြင် အခြားဈေးဝယ်ဆိုက်များလည်း ရှိကြောင်းသိရှိရသည်။

# "ကုသရတာစိတ်အချမ်းသာဆုံး လူနာကတော့ အန်တီပဲ။ နောက်ထပ်ဆယ်နှစ်လောက်ထိတော့ တာဝန်ယူလို့ရတယ်"

## ဒေါ်အောင်ဆန်းစုကြည်၏ မိသားစုဆရာဝန် ဒေါက်တာတင်မျိုးဝင်းနှင့် တွေ့ဆုံခြင်း

အောင်သူရ

ဒေါက်တာတင်မျိုးဝင်းသည် ရန်ကုန်ဆေးတက္ကသိုလ်(၁)မှ ၁၉၇၅ တွင် ဒေါက်တာဘွဲ့ရရှိခဲ့သည်။ ရှစ်လေးလုံးအရေးတော်ပုံတွင် ပါဝင်ခဲ့သည့်အတွက် ၁၉၈၉ မှ ၁၉၉၂ နှစ်အထိ ထိန်းသိမ်းခံခဲ့ရသည်။ ထောင်မှလွတ်မြောက်လာပြီးနောက် အခမဲ့ဆေးကုသပေးခြင်းနှင့် ပုဂ္ဂလိကဆေးရုံသုံးခုတွင် အချိန်ပိုင်း ဆေးကုသခဲ့သည်။ ဒေါ်အောင်ဆန်းစုကြည် နေအိမ်အကျယ်ချုပ်ကျနေစဉ် တစ်လျှောက်လုံးနှင့်ယနေ့အချိန်အထိ ဒေါ်အောင်ဆန်းစုကြည်၏ မိသားစုဆရာဝန်ဖြစ်သည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ၏ ကျန်းမာရေးကွန်ရက်ဥက္ကဋ္ဌ၊ ရန်ကုန်ဆေးရုံကြီး အဆင့်မြှင့်တင်ရေးအဖွဲ့၏ ရန်ပုံငွေရှာဖွေရေးတာဝန်ခံလည်းဖြစ်သည်။




**ဒီနှစ်မှာ အစိုးရက ကျန်းမာရေးဘတ်ဂျက်ကို ၃ ရာခိုင်နှုန်းလောက်တိုးပေးလိုက်တယ်။ အဲ့ဒီလောက်တိုးပေးလိုက်တဲ့ ပမာဏဟာ လက်ရှိကျန်းမာရေးစောင့်ရှောက်မှုအပေါ် ဘယ်လောက် သက်ရောက်မှုရှိနိုင်မလဲ။**

တိုးပေးလိုက်တယ်ဆိုတော့ ဆရာတို့ ဝမ်းသာတာပေါ့။ ကျန်းမာရေးစောင့်ရှောက်မှုနဲ့ ပတ်သက်ပြီးတိုးလေ ပြည်သူလူထုအကျိုးရှိလေပဲ။ ဒါပေမဲ့ မလုံလောက်ပါဘူး။ ဆရာတင်မဟုတ်ပါဘူး။ ဝန်ကြီးဌာနကလူတွေအကုန် သဘောပေါက်ပါတယ်လေ။ အပြင်က လူတွေက တစ်နိုင်တစ်ပိုင်ဝိုင်းပြီး ကူညီပေးရမယ့် သဘောပဲ။ ပညာရေးနဲ့ ကျန်းမာရေးမှာ ပညာရေးက ချက်ချင်း Effect (သက်ရောက်မှု) မလာဘူး။ ကျောင်းထားမယ်၊ ပညာတတ်လာမယ်၊ နောက်ပိုင်းမှ သက်ရောက်မှုရှိလာမယ်။ ကျန်းမာရေးကျတော့ ဝေဒနာခံစားနေရတာ၊ ဝေဒနာခံစားနေရတော့ ချက်ခြင်းကုချင်တယ်။ နောက်တစ်ခုက အသက်အန္တရာယ်ရှိတယ်။ ရေရှည်နိုင်ငံတော်တိုးတက်ရေးအတွက်ကျတော့ ပညာရေးက အရမ်းအရေးကြီးတယ်။ ပညာရေး၊ ကျန်းမာရေးဆိုတာ ဘယ်ခြေ ညာခြေလိုပဲ။ နှစ်ခုစလုံးသွားရမယ်။ ရေတိုရေရှည်သွားရမယ်။ ဘတ်ဂျက်တိုးလိုက်တယ်ဆိုတော့ ဝမ်းသာတယ်။ ဒါပေမဲ့ ကျန်တဲ့ဟာတွေနဲ့ယှဉ်ရင် နည်းသေးတယ်။ ဟိုတယ်ခရီးသွားလုပ်ငန်းထက်တောင် နည်းသေးတယ်။ ဒါပေမဲ့ ဆရာတို့ကလည်း တစ်ခုတည်းနဲ့လည်းဖြည့်ဆည်းလို့မရတော့ ဝိုင်းပံ့ပိုးရမယ့်ကိစ္စပဲ။ ပြည်တွင်းကရော၊ ပြည်ပကရော။ ဒါမလုံလောက်သေးပါဘူး။ ဒါကြောင့် တတ်နိုင်သလောက်ဝိုင်းပြီးဖြေရှင်းရမယ်။

**ဆရာသာ လုပ်ပိုင်ခွင့်ရှိတဲ့လူတစ်ယောက်ဆိုရင် အခု တိုးပေးတဲ့ ဘတ်ဂျက်ကို ဘယ်လိုသုံးစွဲမလဲ။**

ဆရာ့အနေနဲ့ကတော့ လက်ရှိကျန်းမာရေးဝန်ကြီးကစပြီး ကျန်းမာရေးဌာနက လူတွေရဲ့သဘောကို ဆရာသဘောပေါက်တယ်။ လက်ရှိ ဘတ်ဂျက်နဲ့လုပ်ရမယ့် အဓိကအရာသုံးခုရှိတယ်။ ကျန်းမာရေး အဆင့်အတန်းမြင့်မားရေး၊ ကာကွယ်ရေး၊ ကုသရေး။ ကုသရေးဆီမှာပြန်လည်သန်စွမ်းရေးလည်းပါတယ်။ အဲဒီ သုံးခုကို မျှသုံးရမှာပဲ။ ပြည်သူ့ဘက်က ကြည့်ရင် အများအားဖြင့် လိုအပ်တာကတော့ ကုသရေးပဲ။ အခု ခံစားနေရတာ အခုပျောက်ချင်တယ်။ ကာကွယ်တာက နောက်မှပေါ့။ တစ်ချိန်တည်းမှာပဲ ကာကွယ်ရေးနဲ့ ကုသရေးပေါင်းရင်းနဲ့ ကျန်းမာရေးအဆင့်အတန်းမြင့်လာတာပဲ။ နိုင်ငံတကာမှာကြည့်မယ်ဆိုရင် တိုင်းပြည်တစ်ပြည် တိုးတက်တယ်ဆိုတာ စီးပွားရေးတင်မဟုတ်ဘူး။ လူ့သက်တမ်းပေါ့။ အိမ်နီးချင်းနိုင်ငံတွေနဲ့ နှိုင်းယှဉ်ရင် မမီသေးဘူး။ အဲဒါတွေအတွက် ဘာလုပ်ရမလဲဆိုရင် ကာကွယ်ရေးနဲ့ ကုသရေးလုပ်ရမယ်။ ဘာပဲဖြစ်ဖြစ် မျှသုံးရမှာပဲ။ ဆရာသာ လုပ်ပိုင်ခွင့်ရှိရင် လက်ရှိသုံးနေတာမှာ လိုအပ်ချက်ပြန်ကြည့်ရမယ်။ ဥပမာ-ကုသရေးဆိုရင် ရန်ကုန်ဆေးရုံကြီးက စလိုက်ရင် ဆေးရုံမှာ လူနာတွေလာပြကြတယ်။ အထူးကုတွေ အများကြီးရှိတယ်။ အစိုးရဘက်က ဝန်ဆောင်မှုပေးမယ်။ ကျန်တဲ့ဝန်ဆောင်မှုဖြစ်တဲ့ ဆေးပိုင်းဆိုင်ရာတို့ကြတော့ လူနာဘက်က ဖြည့်ဆည်းပေးနေရတုန်းပေါ့။ တချို့ရောဂါတွေမှာ ကာကွယ်ခြင်းက အလွန်သက်သာတယ်။ ဥပမာ-ဆရာတို့လုပ်မယ့် ကင်ဆာဆိုပါတော့ ကင်ဆာကို ဆရာတို့က စောစောစီးစီးသိနိုင်မယ်ဆိုရင် ငွေကုန်ကြေးကျအရမ်းသက်သာတယ်။ မြန်မာပြည်မှာ ရင်သားကင်ဆာအဖြစ်အများဆုံးပဲလေ။ ဘာဖြစ်လဲဆိုရင် အကြိတ်လေးထုတ်လိုက်ရင် ပြီးသွားပေမယ့် ဆရာတို့က မတတ်နိုင်တော့ လူနာတွေက အဲဒီအဆင့်မရောက်ဘဲ ကင်ဆာကြီးဖြစ်တော့မှ ဓာတ်ကင်ရတာတို့၊ အကြီးကြီးခွဲစိတ်ရတာတို့၊ ပြောချင်တာက ကာကွယ်ခြင်းက ဘယ်လောက် အရေးကြီးလဲဆိုတာကိုပဲ၊ ဒီသုံးခုပဲ လုပ်ရမှာပဲ။

**မြန်မာနိုင်ငံမှာ ကျန်းမာရေးနဲ့ပတ်သက်ပြီး အဓိကရင်ဆိုင်နေရတဲ့ စိန်ခေါ်မှုက ဘာတွေလဲ။**

ဆရာတို့ဆီမှာကြည့်မယ်ဆိုရင် ရောဂါဘယမှာ နှစ်ပိုင်းပေါ့။ ကူးစက်တတ်တဲ့ရောဂါ၊ နောက်တစ်ခုက မကူးစက်တတ်တဲ့ ဆီးချိုသွေးတိုး၊ နှလုံး၊ ကျောက်ကပ်၊ ဦးနှောက်ကင်ဆာ ဒါတွေက မကူးစက်ဘူး။ အဲဒီနှစ်ခုကစိန်ခေါ်မှုပဲ။ အရင်တုန်းကတော့ ကူးစက်တတ်တာ အသားပေးတယ်။ အခုလက်ရှိမှာ စိန်ခေါ်နေတာက အိတ်ချ်အိုင်ဗီ၊ တီဘီ၊ ငှက်ဖျား၊ ဒါလည်းစိန်ခေါ်မှုပဲ။ ဒါပေမဲ့ လတ်တလော ဘာကြောင့် သေသလဲကြည့်လိုက်ရင် အရက်ကြောင့် အသည်း၊ အဆီကြောင့် နှလုံး၊ သွေးတိုး၊ အချိုကြောင့် ဆီးချိုစသဖြင့်ပေါ့။ ဒါကို ကာကွယ်ခြင်းတို့ ကုသခြင်းတို့ လုပ်ဖို့လိုတယ်။ စိန်ခေါ်မှုက နှစ်ခုပဲ ကူးစက်တတ်တာနဲ့ မကူးစက်တတ်တဲ့ရောဂါပဲ။

**ကုသရေးမှာဆိုရင် အဓိကရင်ဆိုင်နေရတဲ့ အခက်အခဲတွေက ဘာများပါလဲဆရာ။**

ဆရာတစ်ယောက်ထဲအမြင်နဲ့ပြောရမယ်ဆိုရင် သုံးခုလိုတယ်။ နံပါတ်တစ်က ဆေးဝါး၊ ဆေးရုံမှာ မရှိမဖြစ်လိုအပ်တဲ့ ဆေးဝါးဆိုတာရှိတယ်။ ဆေးဝါးဆိုတဲ့နေရာမှာ ပြောချင်တာက ပါရာစီတမောပေါ့။ လူတိုင်းသိတယ်။ ဆရာဝန်က ပါရာစီတမောမရေးဘဲ ဘိုင်အိုဂျက်စစ်ရေးလိုက်ရင် လူနာမှာ ပါရာစီတမောရှိနေရက်သားနဲ့ ဘိုင်အိုဂျက်စစ်လိုက်ရှာရတယ်။ ဒုတိယအချက်က ဘာလဲဆိုရင် မရှိမဖြစ်လိုအပ်တဲ့ဆေးတွေ ပဋိဇီဝဆေးတွေမှာဆိုရင် ဆရာတို့က အခြေခံကနေ နောက်ဆုံးအဆင့်ထိ မသုံးသင့်ဘူး။ ရောဂါအခြေအနေကိုကြည့်ပြီး လုပ်သင့်တယ်။ ခုက အပြိုင်ချိန်ဖြစ်နေတော့ အမြန်ပျောက်အောင်ဆိုပြီး တစ်ဆင့်ဆီ မသွားတော့ဘူး။ စတာနဲ့ တတိယအဆင့်ကို စတက်တော့တာပဲ။ ဆေးယဉ်တဲ့ ပိုးပိုများလာတယ်။ နည်းပညာမှာလည်း အများကြီးလိုအပ်တယ်။ ဂျပန်မှာဆိုရင် လူကိုသိပ်အားမကိုးတော့ဘူး။ နည်းနည်းလေး ခြေထောက်ရောင်တာနဲ့ ဓာတ်မှန်ရိုက်တော့တာပဲ။ အကုန်သွေး စစ်တယ်။ စကန်ရိုက်တယ်။ ဆရာတို့ဆီက ဆရာဝန်အများစုက လက်မထောင်ပြီးပြောရဲတယ်။ အတွေ့အကြုံအများကြီးသာတယ်။ နည်းပညာပိုင်းမှာ တစ်ခါတစ်လေကျတော့လိုတယ်။ ရင်သားကင်ဆာကို အလုံးမပေါ်ခင်သိအောင်စမ်းနိုင်တဲ့စက်ဆရာတို့ဆီမှာ ဈေးကြီးတယ်။ မဝယ်နိုင်ဘူး။ ဒါကြောင့် လူသားအရင်းအမြစ်လည်း အရေးကြီးတယ်။ စက်ကိရိယာလည်း အရေးကြီးတယ်။ ဆေးလည်း အရေးကြီးတယ်။

**မြန်မာနိုင်ငံမှာ အခုနောက်ပိုင်း ဆရာဝန်နဲ့လူနာကြား အဆင်မပြေမှုတွေ ခဏခဏကြားလာရတယ်။ ဒါတွေဟာဘာကြောင့် ဒီလိုဖြစ်တယ်လို့ ထင်ပါလဲ။**

အရင်ကလုပ်ခဲ့တဲ့ စနစ်အမှားကြောင့်မို့ဖြစ်တာ။ လူသားတွေပဲဆိုတော့ ဘယ်နေရာမဆို အကောင်းနဲ့အဆိုးရှိတယ်။ စိတ်ပိုင်းဆိုင်ရာမှာ တစ်ယောက်နဲ့တစ်ယောက် မတူနိုင်ဘူးပေါ့။ စနစ်တစ်ခုက အကောင်အထည်ဖော်မယ်ဆိုရင် ပြဿနာက ဘာလဲဆိုတော့ ငွေကြေးတတ်နိုင်မှုပဲ။ တိုင်းပြည်ရဲ့ စီးပွားရေးသည် ကျန်းမာရေးမှာ အများကြီးပတ်သက်တယ်။ ပြောချင်တာက ဘာကြောင့်ဒီလိုဖြစ်လာလဲဆိုတော့ လူနာနဲ့ဆရာဝန်အချိုးက အများကြီးကွာတယ်။ ကွာတော့ ရန်ကုန်ဆေးရုံကြီးမှာဆိုရင် လူနာဘယ်လောက်ကြည့်ရမယ် မဟုတ်တော့ဘူး။ အများကြီးကြည့်ရတယ်။ အများကြီးကြည့်ရတော့ တစ်ယောက်ချင်း၊ တစ်ယောက်ချင်းကို ပြောပြဖို့ အချိန်မရှိတော့ဘူး။ ဆရာတို့ရဲ့ ဆရာဝန်တွေကို ပေးတဲ့လစာက အရမ်းနည်းတယ်။ အရမ်းနည်းတော့ အပြင်မှာဆေးခန်းထိုင်ရတယ်။ ထိုင်ရတဲ့အခါကျတော့ လူနာတွေအမြင်မှာ အပြင်ကဆေးခန်းမှာ ဆက်ဆံတာတစ်မျိုး၊ ဆေးရုံမှာ ဆက်ဆံတာက တစ်မျိုးလို့ မြင်တယ်။ အရင်ကလုပ်ခဲ့တဲ့ မူဝါဒကမှားနေတယ်။ အဓိကဘာလဲဆိုတော့ ဘတ်ဂျက်ကိုသာ အရင်ကတည်းက ကျန်းမာရေးအတွက် များများသုံးလိုက်ရင် တကယ်ကို အရည်အချင်းပြည့်ဝတဲ့ ဆရာဝန်တွေ ထုတ်နိုင်တယ်။ စနစ်အရ အပြင်ထွက်ပြီးတော့ ဘွဲ့ယူလို့မရဘူး။ ဟိုတုန်းကဖြစ်ခဲ့တာ။ ဒီထဲမှာ ပိတ်လှောင်တဲ့အခါကျတော့ လူဆိုတာက ပတ်ဝန်းကျင်နဲ့ ထိတွေ့ဆက်ဆံမှ တိုးတက်တာ။

**အခုနောက်ပိုင်းကြားလာရတာက ဆေးကျောင်းဆင်းဆရာဝန်တွေက ဆေးမကုတတ်ဘူး။ လက်တွေ့မကျွမ်းကျင်ဘူးလို့ ဝေဖန်သံတွေကြားရတယ်ဆရာ။ ဒါတွေကရော ဘာကြောင့် အခုလိုဖြစ်လာရတာလဲ။**

ဆရာက ဆေးတက္ကသိုလ်မှာ ၁၉၇၈ ကနေ ၈၈ အထိ ကျောင်းဆရာပဲဆိုပါတော့။ ခွဲစိတ်ပညာကို သင်ရတဲ့ဆရာ။ ဆရာဘာမြင်လဲဆိုရင် အဆောင်တစ်ခုမှာဆိုရင် အများကြီးပဲ။

စာမျက်နှာ(၁၇)သို့

နယူးဟောင်ကောင်ဆေးကုခန်း

နှာခေါင်းရောင်နာ၊ လည်ချောင်းရောင်နာကို
တစ်ကြိမ်တည်းဖြင့် အမြစ်ပြတ်ကုသပေးခြင်း

နာတာရှည် နှာခေါင်း၊ လည်ချောင်းရောင်နာ၏ အဓိက လက္ခဏာရပ်မှာ နှာပိတ်ခြင်း၊ နှာရည်ယိုခြင်း၊ နှာချေခြင်း၊ နှာခေါင်းယားယံခြောက်သွေ့ခြင်း၊ နှာခေါင်းသွေးထွက်ခြင်း၊ အနံ့မရခြင်း၊ လည်ချောင်း နာကျင်ယားယံခြင်းနှင့် ဗိုးလို့ခုလုဖြစ်နေခြင်းတို့မှာ ကင်ဆာ ရောဂါသို့ အလွယ် တကူပြောင်းလဲသွားနိုင်သည်။

နယူးဟောင်ကောင်ဆေးကုခန်းမှ နှာခေါင်း အလာဂျီ၊ နှာတွင်းလိုက်မြောင်းရောင်ရမ်းခြင်း၊ နှာခေါင်းထွက်သက် အသားဖု၊ နာတာရှည်လည်ချောင်းနာ၊ အာသီးရောင်ခြင်းစသော ကုသရန် ခက်ခဲသော ရောဂါများကို ကွန်ပျူတာစက်ကြီးများ (သို့မဟုတ်) နှာခေါင်းအတွင်းသို့ ပြောင်းစင်ဆေးကြော ကုသသည့်နည်းကို အသုံးပြု၍ကုသပေးနေပါသည်။ ဆေးဝါးအကျိုးသက်ရောက် မှုမှာ ရောဂါအစိတ်အပိုင်းကို တိုက်ရိုက် ထိရောက်မှုရှိသည်။ အဆိပ်အတောက်များကို ဖယ်ရှားပေးပြီး အမြန်ဆုံး ပျောက်ကင်းစေပါသည်။ ခုခံအား တိုးတက်စေပြီး ရောဂါထပ် မဖြစ်ပါ။ တစ်ကြိမ်တည်းဖြင့် အမြစ်ပြတ် ကုသ ပေးပါသည်။ ရောဂါကာလ မည်မျှကြာသည်ဖြစ်စေ ကုထုံး (၁-၂)ကြိမ်အတွင်း အမြစ်ပြတ် ပျောက်ကင်းစေပါသည်။



ပိတ်ရက်မရှိ

ဆေးခန်းဖွင့်ချိန် - နံနက် ၈ နာရီမှ ည ၈ နာရီထိ

အမှတ် (၂၄၇ A)၊ ဗိုလ်ပြတ်ထွန်းလမ်းအပေါ်ဘလောက်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁ - ၀၆၁၀၅၁၀

7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.12, No.9 • MAY 8 , 2013

# အချုပ်ပိုသမားတွေ များမှာစိုးတယ်

အာဝါသ

ဒီမိုကရေစီအစိုးရသစ် သက်တမ်း ၂နှစ်ပြည့်မြောက်ခဲ့လို့ပြီးချိန်မှာ ကျွန်တော့်ခေါင်းထဲတိုးဝင်လာတဲ့ အသိတစ်ခုကဘြော်ဘာလိုလိုနဲ့ တို့တစ်တွေတောင်ကမ္ဘာ့အသိအမှတ်ပြု လူမှုစနစ်အတွင်းမိတ်ဆက်နေထိုင်ခွင့်ရခဲ့တာ ၂ နှစ်မျှတိုင်ပါပေါ့လားလို့ ဘဝင်မြင့်ချင်သလိုလို၊ စိတ်ကြီးဝင်ချင်သလိုလိုနဲ့ ခပ်ကြွားကြွားလေးဖြစ်သွားမိတာပါပဲ။

တကယ်တမ်းပြောမယ်ဆိုတော့ အလွန်အင်မတန် နုနယ်တိုတောင်းလှသေးတဲ့ ဟောဒီ ၂နှစ်တာကာလဆိုတာကလည်း ဘဝင်မြင့်ရလောက်အောင် ကျွန်တော်တို့ဘဝတွေ ထူးထူးခြားခြားကြီး တိုးတက်ပြောင်းလဲသွားသေးတာ မဟုတ်တဲ့အပြင် ကျွန်တော်တို့အားလုံးရဲ့ကိုယ်စား တိုင်းပြည်ကိုတာဝန်ခံအုပ်ချုပ်နေတဲ့ အစိုးရအဖွဲ့အပေါ် ကျတော့လည်း လုံးလုံးလျားလျား စိတ်ချရပြီလို့ မဆိုနိုင်သေးတာမို့ တစ်ချိန်လုံး ဒေါက်ထောက်စောင့်ကြည့်နေရတာပဲ များခဲ့တယ်ဆိုရမှာပါ။ ဒါကြောင့်လည်း အစိုးရသစ်တက်လာပြီး ကျမ်းသစ္စာကျိန်ဆိုခဲ့ချိန်ကစလို့ ‘ရက်၁၀၀စစ်တမ်း’၊ ‘ခြောက်လစစ်တမ်း’၊ ‘တစ်နှစ်စစ်တမ်း’နဲ့ စတဲ့ ဆန်းစစ်ဝေဖန်သုံးသပ်မှုမျိုးတွေကို ကျွန်တော်တို့ရဲ့ စတုတ္ထမဏ္ဍိုင်တပ်မှူးတွေက အခါမလပ် လုပ်ဆောင်နေကြသလို တစ်ခါတလေလည်း ကျွန်တော်တို့ကိုယ်တိုင်တောင် (တပ်ဖွဲ့ဝင်တပ်သားတစ်ယောက်အနေနဲ့) တစ်ခွန်းစနှစ်ခွန်းစဆိုသလို ခပ်လှမ်းလှမ်းက ဝိုင်းကူဝင်အော်ခဲ့ကြသေးတာကလား။ မြစ်ဆုံ၊ လျှပ်စစ်မီး၊ နိုင်ငံရေးအကျဉ်းသား၊ အဖိုးနည်းဖုန်း၊ ကချင်၊ ရခိုင်၊ လက်ပံတောင်းနဲ့ သိမ်းဆည်းခံမြေယာ ဘာညာစသည်ဖြင့်. . .။

သိပ်မဆိုးဘူး။ ကျွန်တော်တို့ပြည်သူတွေဘက်က ဘဝင်ကျခဲ့တာတွေလည်းရှိ၊ အစာမကျေဖြစ်ရတာတွေလည်းရှိ။ အပြီးအပြတ်အောင်မြင်ခဲ့တာတွေလည်းရှိ၊ လိပ်ခဲတည်းလည်းဖြစ်နေတာတွေလည်းရှိ။ ဒါ့အပြင် အစိုးရရော ပြည်သူတွေပါ နှစ်တန်နှစ်ဝစလုံးက သဘောထားတူမျှခဲ့ကြတာတချို့လည်း မရှိမဟုတ် ရှိတော့ရှိခဲ့တာပဲမဟုတ်လား။

အဲဒါကြောင့် ပြောတာ ကျွန်တော်ဘဝင်မြင့်ချင်သလိုဖြစ်ခဲ့တာလည်း ဒါပဲနေမယ်။ အရင်လိုဆို ကျွန်တော်တို့ကြိုက်တာ မကြိုက်တာထက် အစိုးရက သူတို့ စိတ်ကြိုက်ဖြစ်ဖို့ပဲလိုတယ်။ ကျွန်တော်တို့ဆန္ဒပါတာ မပါတာထက် အစိုးရက သူ့ဆန္ဒအတိုင်း ဇွတ်အတင်း တစ်ဖက်သတ် ရွေးချယ်ချမှတ်ပြီး သူလုပ်ချင်တာကို အကောင်အထည်ဖော်လိုက်ဖို့ အဓိကပဲ။ ကျိုးကြောင်းညီညွတ်စွာနဲ့ စေဒကတက် ထောက်ပြဝေဖန်ဖို့ နေနေသာသာ လွတ်လပ်စွာ သဘောထား ကွဲလွဲခွင့်လေးတောင် ရခဲ့တာမှမဟုတ်တာ။ ဘာပဲဖြစ်ဖြစ်ခုတော့ တစ်ဝက်တိတိလောက်တောင် ဝမ်းသာကျေနပ်စရာတွေရှိလာပြီလို့ ပြောရမယ့်အခြေအနေ။ အေးလေ အားလုံးရဲ့တူညီတဲ့ ရည်မှန်းချက်ပန်းတိုင်ဟာ ဒီမိုကရေစီအောင်မြင်ရေးဖြစ်တာမို့ ဒီကနေမှ အစိုးရရော၊ ပြည်သူတွေပါ အားလုံးပါဝင်လက်တွဲပြီး တက်ညီလက်ညီ ချီတက်သွားကြရင်းနဲ့ ခေတ်မီဖွံ့ဖြိုး သာယာတဲ့ နိုင်ငံတော်သစ်ကြီးလည်း မနွေးအမြန် ဖြစ်ထွန်းပေါ် ပေါက်လာရတော့မှာ မလွဲမသွေပဲပေါ့။



ဓာတ်ပုံ- ဂျေမောင်မောင် (အမရပူရ)

သို့ပေမဲ့ ဒီမိုကရေစီအောင်မြင်ဖို့ဆိုတာ အားလုံးနဲ့သက်ဆိုင်တဲ့အရေးမို့ အစိတ်အပိုင်းတစ်ရပ်လောက်ပဲ ပူးပေါင်းတတ်ရုံနဲ့ ဒီမိုကရေစီပန်းတိုင်ဆီရော၊ တိုင်းပြည်ရဲ့ ဖွံ့ဖြိုးတိုးတက်မှု အဆင့်တစ်ခုဆီပါ ရောက်ရှိမှာ မဟုတ်ဘဲ ပြည်သူတစ်ရပ်လုံးက အသိစိတ်ဓာတ်ရှိရှိနဲ့ လက်တွဲပါဝင်ပြီး ခရီးတွင်လိုစိတ်တွေထက်သန်နေဖို့အရေးကြီးလာတယ်ပြောရပါမယ်။ ဒါကြောင့်ပဲ သမ္မတကြီးက ၂၀၁၃ ခု၊ မတ်လ ၃၁ ရက်မှာ ပြောကြားခဲ့တဲ့ သူ့ရဲ့ရေဒီယိုမိန့်ခွန်းထဲ. . . ‘တတိယအချက်ကတော့ တိုင်းပြည်စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြဖို့ ဖြစ်ပါတယ်။ ‘ရေမြင့်ရင်ကြာတင့်တယ်’ ဆိုသလို တိုင်းပြည်ရဲ့စီးပွားရေးဖွံ့ ဖြိုးတိုးတက်ရင် တိုးတက်သလောက် ပြည်သူများရဲ့ လူမှုစီးပွား ဘဝဟာလည်း မြင့်မားလာမှာဖြစ်ပါတယ်’လို့ ထည့်သွင်းပြောကြား သွားခဲ့တာကို ကျွန်တော်အထူးတလည်သတိထားမိခဲ့တယ်။

ဒီလိုဆိုကျွန်တော်တို့အနေနဲ့ ရေမြင့်လာမယ့်အခြေအနေမျိုးကို ရောက်ရှိအောင်ဘယ်နေရာဘယ်ကဏ္ဍကနေ ပါဝင်စွမ်းဆောင်ကြိုးပမ်းသွားသင့်ကြမလဲဆိုတာ ကိုယ်စီကိုယ်ငှ မေးခွန်းထုတ်ကြည့်ရတော့မယ်ထင်ပါတယ်။ သမ္မတကြီးက ဘာတွေ ဘာတွေဝင်လုပ်ဝင်ကိုင်ကြပါလို့တော့ သူ့မိန့်ခွန်းမှာ အသေးစိတ်ပြောသွားတာမရှိပေမယ့် ကျွန်တော် နားလည်သလိုပြောရရင် တာဝန်ကျေပွန်တဲ့ နိုင်ငံသားတစ်ယောက်ဖြစ်ဖို့ဆိုတာ လွှတ်တော်အမတ်မှ မဟုတ်ပါဘူး၊ ရာထူးရာခံရှိမှ မဟုတ်ပါဘူး။ သာမန်ပြည်သူတစ်ယောက်အဖြစ်နဲ့လည်း တရားဥပဒေကို လေးစားလိုက်နာတာ၊ အများနည်းတူ စည်းကမ်းစောင့်ထိန်းရိုသေတာ၊ မှန်ရာဘက်က ရပ်တည်နိုင်စွမ်းပြီး မှားတဲ့ဘက်ကို ကန့်ကွက်ပြောဆိုရဲတာ၊ ကိုယ့်ကိုယ်ကိုပဲဖြစ်ဖြစ်၊ ကိုယ့်ပတ်ဝန်းကျင်မှာပဲဖြစ်ဖြစ် ရပ်ရွာတည်ငြိမ်အေးချမ်းရေးနဲ့ အများပြည်သူကို အနှောင့်အယှက်ဖြစ်စေမယ့်ဘယ်လို အပြုအမူလုပ်ရပ်မျိုးကို မဆိုကိုယ်တိုင်လည်းလိုက်နာ၊ ကြုံလာရင်လည်း သင့်တော်ရာနည်းလမ်းတွေနဲ့ ဟန့်တားကာကွယ်တည့်မတ်ပေးတာတွေဟာ မိမိတိုင်းပြည်ကို ကောင်းအောင်ကြိုးစားနေရာရောက်သလိုမို့ နိုင်ငံသားတစ်ယောက်မှာ ရှိသင့်ရှိအပ်တဲ့ ဂုဏ်အင်္ဂါအရည်အချင်းတွေလို့ မှတ်ယူရမှာဖြစ်ပါတယ်။

ဒီလိုမဟုတ်ဘဲ ဘယ်နေရာဘယ်ကိစ္စမျိုးမှာမှ စိတ်ပါဝင်စားခြင်းလည်းမရှိ၊ လိုက်နာကျင့်ကြံဖို့လည်း မစဉ်းစားတဲ့အပြင် ကိုယ်နဲ့ဘာမှမဆိုင်သလို ဘာသိဘာသာလုပ်နေပြီး ‘ခုချိန်ထိ ဘာတစ်ခုမှလည်းတိုးတက်ပြောင်းလဲလာတာမရှိပါဘူး’လို့ စိတ်ပျက်ညည်းတွားနေခြင်းဟာ တာဝန်မဲ့နိုင်ငံသားတစ်ယောက်အနေမျိုးသာဖြစ်မှာမို့ ပမာဆောင်ပြရရင် ကျက်အောင်ချက်နေတုန်းက မီးလည်းမမွှေး၊ ဆန်လည်းဝိုင်းမဆေးဘဲ ကျက်လို့ ခူးခပ်ပြင်ဆင်ပြီးချိန်ရောက်မှ အသင့်ဝင်စားတာနဲ့ အလားသဏ္ဍာန်တူနေမှာဖြစ်လို့ အနည်းဆုံးတော့ နိုင်ငံသားတစ်ယောက်ရဲ့ ဂုဏ်သိက္ခာအဆင့်အတန်းကို စောင့်ထိန်းမြှင့်တင်သင့်ကြပါတယ်။

အခုဆိုရင် ကျွန်တော်တို့ပြည်သူတစ်ရပ်လုံး မျှော်လင့်တောင့်တခဲ့ကြတဲ့ ဒီမိုကရေစီပန်းတိုင်ဆီ အရောက်လှမ်းနိုင်ဖို့ရာ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်ကြီး အမြန်ဆုံးဖြစ်ထွန်းပေါ်ပေါက်လာစေဖို့ပါ။ နိုင်ငံအတွင်းမှာရှိနေတဲ့ အင်အားစုအသီးသီးက အတူတကွပူးပေါင်းလက်တွဲပြီး ရှေးရှုချီတက်နေပြီမို့လည်း တစ်ကမ္ဘာလုံးရဲ့ အံ့အားသင့်ချီးမွမ်းပြောဆိုမှုတွေကို ခံယူရရှိနေတာဟာ မြန်မာတစ်မျိုးသားလုံး အတွက် ဝမ်းမြောက်ဂုဏ်ယူစရာပါ။ ပြုပြင်ပြောင်းလဲမှုတွေကို အစပျိုးဖော်ဆောင်နေဆဲ ကာလလို့ ပြောရမယ့် ၂နှစ်တာအတောအတွင်းမှာ သိသာတဲ့ တိုးတက်မှု အချို့ရှိလာတာကိုလှစ်လျူရှုထားဖို့မသင့်သလို ပြည်သူလူထုအများစုကြီးရဲ့ ဘဝအခြေအနေတွေ မည်မည်ရရ ပြောင်းလဲ မသွားသေးတာကိုလည်းပြင်မရတဲ့ အမှန်တရားမို့ ဝန်ခံဖို့ပဲရှိပါတယ်။

ဒါပေမဲ့ ထူးခြားချက်တစ်ခုလို့ မှတ်ချက်ပြုနိုင်သလို စိတ်ပျက်ဖွယ်လည်းဖြစ်ရတာက. . . ဒီမိုကရေစီစနစ်နဲ့အညီ ပြည်သူဗဟိုပြုခေတ်ဆီ ကူးပြောင်းရောက်ရှိလာစေဖို့တဖြည်းဖြည်းဖော်ဆောင်နေပြီး မျှော်လင့်ရချိန်မှာပဲ လူထုအတွင်းက အချို့သောမငြိမ်သက်မှုတွေနဲ့ ကျူးလွန်ပျက်ကွက်နေမှုတွေဟာ အနုတ်လက္ခဏာသဘောမျိုးဆောင်နေတာကို ဝမ်းနည်းဖွယ်တွေ့ကြုံရပြန်တယ်။

တိုင်းပြည်ကို ပိုမိုကောင်းမွန်တဲ့စနစ်တစ်ခုနဲ့ အစားထိုးလဲလှယ်လိုက်ပြီဆိုမှ ဒီနှစ်တွေအတွင်း မကြားဝံ့မနာသာ အမှုအခင်းကြီးတွေနဲ့စည်းကမ်းဖောက်ဖျက်ကျူးလွန်မှုတွေပါမြင့်တက်လာနေခြင်းဟာ ဟိုတစ်ချိန်က အချို့တွေပြောခဲ့ကြသလို “ဒီမိုကရေစီများရရင်တော့”ဆိုတဲ့ စိုးရိမ်မကင်းဖြစ်ခဲ့သံတွေကို ပြန်အမှတ်ရလာစေပါတယ်။ ဒါ့အပြင် တရားဥပဒေစိုးမိုးမှုရှိလာစေရေးအတွက် နည်းလမ်းရှာကြံနေခိုက်မှာပဲ ပြောင်ကျကျစိန်ခေါ် အကဲစမ်းမှုခံနေရတဲ့ မတည်မငြိမ်ဖြစ်မှုတွေကလည်း မသမာသူလူတစ်စုရဲ့ သွေးထိုးလှုံ့ဆော်မှုတွေကြောင့်လို့ ယူဆဖွယ်ဖြစ်နေတဲ့တိုင် စဉ်းစားချင့်ချိန်မှုနည်းပါးစွာ သွေးဆူခဲ့ကြတဲ့ ပြည်သူအချို့ရဲ့ မရင့်ကျက်မှုအားနည်းချက်တွေက မရှိတာထက်မသိတာပိုခက်တယ်ဆိုတာလို လျှောက်လှမ်းနေတဲ့ ဒီမိုကရေစီအတွက်တော့ အန္တရာယ်မသေးလှတဲ့ အနှောင့်အယှက်အတားအဆီးတွေပဲဖြစ်ပါတယ်။

ဒါကြောင့် ပိုင်းခြားသိမြင်နိုင်စွမ်းအတွက် ရင့်ကျက်မှုရှိလာစေဖို့ဆိုရင် လေ့လာသင်ယူမှုနဲ့ ထိုက်သင့်သလို ဖတ်မှတ်စူးစမ်းမှုတွေပြုရမယ့်အပြင် တိုင်းပြည်ကြုံတွေ့နေရတဲ့ အရေးကို ကိုယ့်အရေးလို့ခံယူသဘောထားရမယ့်အစား မဆိုင်သလို မသိဘာသာနေသွားဖို့လည်းမသင့်ကြပါဘူး။ ငေးငိုင်အိပ်ငိုက်နေခြင်းကြောင့် ခါးပိုက်နှိုက်အန္တရာယ်နဲ့ ကြုံရနိုင်သလို လိုရာခရီးကို ဆိုက်ဆိုက်မြိုက်မြိုက် မရောက်ဘဲ မှတ်တိုင်ကျော်သွားတဲ့ အဖြစ်မျိုးတွေနဲ့လည်းရင်ဆိုင်ရနိုင်တာ သတိကြပ်ကြပ်ထားသင့်ကြပါတယ်။ ကုန်ကုန်ပြောရရင် အရာရာကို အမှုမဲ့အမှတ်မဲ့မနေကြဘဲ တီးမိခေါက်မိရှိထားနိုင်တော့တိုင်းပြည်ကောင်းရာကောင်းကြောင်းအတွက် တစ်ခုခု မလုပ်ပေးနိုင်ရင်တောင်မှ အနှောင့်အယှက်မဖြစ်အောင် ရှောင်ရှားနိုင်လိမ့်မယ်လို့ မျှော်လင့်ရပါတယ်။

ဒီနေရာမှာ ရက်ပိုင်းအတွင်းက ဖတ်လိုက်ရတဲ့ ကြေးမုံသတင်းတစ်ပုဒ်ဟာ ထိုင်းမှိုင်းတွေဝေအိပ်ငိုက်နေသူတွေအတွက် ပြက်လုံးတစ်ခုဖြစ်နိုင်တဲ့အလျောက် ငိုအားထက် ရယ်အားသန်စရာလည်း ကောင်းနေမယ်ထင်ပါတယ်။ သတင်းထဲမှာမြို့နယ်တစ်ခုက အထွေထွေအုပ်ချုပ်ရေးမှူးရုံးဆီ ကျပ်ငွေ ၁,၅၀၀ သက်သာဖုန်းနဲ့ ပတ်သက်တဲ့ တိုင်စာအချို့ရောက်လာတယ်လို့ဆိုတယ်။ ပွင့်လင်းကျယ်လောင်လှတဲ့ သတင်းခေတ်ကြီးဖြစ်နေပါလျက် ဘယ်လောက်များနမော်နမဲ့နိုင်ကြသလဲဆိုရင် သူတို့စိတ်ထဲ ဆင်းမ်ကတ်တွေကို နိုင်ငံတော်က အခမဲ့ဝေငှတယ်အထင်နဲ့မဲပေါက်လို့ ငွေသွင်းရတဲ့ ကိစ္စအပေါ် ရပ်ကွက်အုပ်ချုပ်ရေးမှူးက ကျပ် ၁၅၀၀ တောင်းခံနေတာ မကျေနပ်လို့ပါတဲ့။ ကဲ. . . ကောင်းရောမဟုတ်လား။ တကယ်ဆို တာဝန်ရှိသူတွေရဲ့မှားယွင်းလွဲချော်မှုတွေကိုဖော်ထုတ်နိုင်ဖို့ မှန်မှန်ကန်ကန်စောင့်ကြည့်ထောက်လှမ်းနိုင်ရမယ့်အစား မျက်စိနဲ့နားတွေကို အလွဲသုံးစားထားခဲ့ကြတဲ့ အကျိုးရလဒ်ပဲပေါ့။

ဒီသတင်းကြောင့်ပဲ မကြာသေးမီတွေ့ခဲ့ရတဲ့ စာတန်းလေးတစ်ခုအကြောင်း ဆက်စပ်တိုက်ဆိုင်နေလို့ ပြောလိုက်ရပါဦးမယ်။ ကျွန်တော်ရောက်ခဲ့တဲ့လမ်းဆုံလမ်းခွတစ်နေရာက ဂျာနယ် အရောင်းဆိုင်လေးမှာပါ။ ကျွန်တော်လည်း လမ်းကြုံဝင်ဝယ်ရင်းဆိုင်ရှေ့နားအရောက်မှာ ဒီစာတန်းကြောင့် အံ့အားသင့်ရသလို စိတ်လည်းဝင်စားသွားမိတယ်။ ကွန်ပျူတာစာလုံးကိုပလတ်စတစ်လောင်းလို့ “အချုပ်ပိုယူကြည့်ခြင်းသည်းခံပါ”တဲ့ဗျာ။ ကျွန်တော် ဒီအတိုင်းတော့ ဘယ်ပြန်ထွက်ခဲ့မလဲ စာရေးဆရာပီသအောင်လက်တင်သရမ်းရုံမက အမေးအမြန်းလေးနဲ့ပါ လျှာရှည်ပစ်လိုက်တယ်။

သူ့စကားအတိုင်းကျွန်တော် ပြန်ပြောပြပါမယ်။ “အစ်ကိုစဉ်းစားကြည့် ဂျာနယ်လည်းတစ်ခါမှ ဝယ်ဖတ်တာမဟုတ်ဘူး။ ညဘက်ဘောပွဲလောင်းပြီး မနက်ကိုယ်ကလူရှုပ်နေချိန်ဆိုရောက်လာကြပြီ။ အချုပ်ပိုတောင်းပြီး အနိုင်အရှုံးကြည့်တာလေ။ အချုပ်ပိုချည်းပဲရောင်းလို့မရဘူးလားဆိုတာကပါသေးတယ်. . တကယ်”

ကြားတဲ့အတိုင်းပါပဲ။ ကျွန်တော် သူ့ဘက်ကလည်း မကာကွယ်ချင်ဘူး။ ရှေ့နေလည်းမလိုက်ချင်ပါဘူး။ ဒါပေမဲ့ ကျွန်တော့်မှာ အသိပေးစရာတစ်ခုတော့ရှိနေတယ်။ ဘာလဲဆိုတော့ ကျွန်တော်တို့နိုင်ငံကို အကူအညီတွေလည်း မြောက်မြားစွာပေး၊ အကြွေးတွေလည်းလျှော်ပစ်ခဲ့တဲ့ ဂျပန်နိုင်ငံက ထိပ်တန်း သတင်းစာကြီးတွေဖြစ်ကြတဲ့ အဆာဟိရှင်ဘွန်း၊ မိုင်နီချိရှင်ဘွန်းနဲ့ ယိုမိအူရိရှင်ဘွန်းတို့ရဲ့ နေ့စဉ်ထုတ်စောင်ရေဟာ ၅သန်းကနေ ၁၀သန်းကြားတောင်ရှိလေသတဲ့။ ဟုတ်မှာပဲ ဒါကြောင့်သူတို့ ကမ္ဘာ့အတိုးတက်ဆုံးနိုင်ငံကြီးတစ်ခုဖြစ်နေတာဘာဆန်းတော့မှာလဲ။

မြန်မာပြည်မှာ ဒီမိုကရေစီအောင်မြင်ရေးနဲ့ ထိုက်သင့်သလိုဖွံ့ဖြိုးတိုးတက်လာဖို့ အချုပ်ပိုသမားတွေများနေမှာပဲစိုးတယ်။

# လက်ပံပျား၌ ကြက်သားကြော်စားခြင်း

—— မောင်သာချို ——




(တစ်)

၂၀၁၂ခုနှစ်၊ဒီဇင်ဘာလအတွင်းတွင်ကြားသိလိုက်ရသောသတင်းတစ်ပုဒ်ကသူလိုကိုယ်လိုစားသုံးသူတစ်ယောက်ဖြစ်သောကျွန်တော့်ကိုမျက်လုံးပြူးသွားစေပါသည်။ကြက်သားသတင်း ဟုတ်ပါသည်။ကြက်သားသတင်းပါ။ မွေးမြူရေးကြက်သားများ၏ သတင်း။ သတင်းအခြေတည်ရာကတော့ ထုံးစံအတိုင်း စားသောက်ကုန်ပစ္စည်းလောက၌အလွန်နာမည်ဆိုးနေသည့် တရုတ်ပြည်ပဲဖြစ်ပါ သည်။

တရုတ်ပြည်ကကြက်သား ထုတ်လုပ်သူတချို့တို့သည် သူတို့၏ မွေးမြူရေးကြက်များကို ကြီးသည်ထက်ကြီးအောင်ဟုဆိုကာဆေးနှစ်မျိုးတိုက်သည်ဟုဆိုပါသည်။တစ်မျိုးကပဋိဇီဝဆေးများ၊နောက်တစ်မျိုးကဟော်မုန်းဆေး များ။

Liuhe Group က ပိုင်ဆိုင် သည့် ကြက်မွေးမြူရေးလုပ်ငန်းကြီးဆိုလျှင်သူတို့၏ကြက်သားများကိုKFC နှင့်Mc Donald တို့လိုအဆင်သင့်စားသောက်ဆိုင်ကြီးများသို့ပင်လျှင် တင်သွင်းနေသည့် ကုမ္ပဏီဖြစ်ပါသည်။ အခုဒေသဆိုင်ရာအာဏာပိုင်တို့က Liuhe Group ၏ကြက်မွေးမြူရေးလုပ်ငန်းနှစ်ခုကို ရပ်ဆိုင်းစေခဲ့ပြီဖြစ်ပါသည်။ ဩော်. . . CCTV သတင်းဌာနက ထုတ်ပြန်ခဲ့သည့် သတင်းများ။

ကြက်သား၊နာမည်ကျော်ကြက်သား။ ဘာ့ကြောင့်များ အကောင်ကြီးတွေကို ထွားချင်ကြရပါလိမ့်။

(နှစ်)

ယခုအခါ အရပ်ထဲ၌ CP ကြက် CP ကြက်နှင့် ခေါ်နေကြသော မွေးမြူရေးကြက်သားများသည်မြန်မာတို့နှင့် ရင်းနှီးကျွမ်းဝင်၍နေပါပြီ။ အိမ်ရှင်မတိုင်းလိုလိုတို့က ထိုမွေးမြူရေးကြက်များကိုဝယ်ချက်ကြမြဖြစ်ပါသည်။ ဟိုနားတစ်ဆိုင် သည်နားတစ်ဆိုင်ဆိုသလို ထွန်းသစ်လာကြသည့်ကြက်သားကြော်ဆိုင်ကြီးများ၊ကြက်သားကင်ဆိုင်ကလေးများ၏ တောက်ပခမ်းနားသည့်လျှပ်စစ်မီးအလင်းရောင်အောက်မှာ ထိုမွေးမြူရေးကြက်သားများကို စားချင်ဖွယ်ရာ တွေ့မြင်နိုင်ပါသည်။

မြန်မာကြက်က ရှားကလည်းရှား၊ ဈေးကလည်းကြီးတာကိုး။

ကျွန်တော်နှစ်ပေါင်းများစွာတစ်ဘဝခိုနားခဲ့ရသည့် ဟသ်ာတမြို့က ဈေးထဲမှာမြန်မာကြက်သားဆိုင်တစ်ဆိုင်ပဲရှိပါသည်။ အခုရန်ကုန်မြို့တော်မြောက်ဥက္ကလာပစည်ပင်သာယာဈေးထဲက ကြက်သားဆိုင်လေးငါးဆိုင်မှာ မြန်မာကြက်သားဆိုင်တစ်ဆိုင်ပဲရှိပါသည်။

သို့သော် သည်မြန်မာကြက်သားဆိုင်ကလေးတွေမှာ လူဝင်လူထွက်က မများလှ။ မြန်မာကြက်က ပိန်လို့တဲ့။ ပြီးရင်ဈေးကြီးလို့တဲ့။ ဒါကတော့ဟုတ်ပါသည်။ သဘာဝအတိုင်းမွေးထားတော့ ပိန်မှာပေါ့။ ဈေးကလည်းကွာမှာပေါ့။ မွေးမြူရေးကြက်က တစ်ပိဿာငွေ၆,၀၀၀ ဆို မြန်မာကြက်က ၈,၀၀၀။တစ်ပိဿာကိုငွေ ၂,၀၀၀ လောက်ကွာနေတဲ့ဥစ္စာ။ ဒါကြောင့်မို့ထင်ပါရဲ့။ မြန်မာကြက်သားစားဖို့က နည်းနည်းကလေးခက်သွားပါပြီ။

(သုံး)

နယ်ကိုရောက်လျှင်ဖြင့် မကြာခဏဆိုသလို မြန်မာကြက်သားစားရတတ်ပါသည်။ ရန်ကုန်၊ မန္တလေးအဝေးပြေးလမ်း အဟောင်းပေါ်၌ ကြက်သားကာလသားချက်ဆိုင်ကလေးများရှိကြရာ ယင်းတို့သည် မြန်မာကြက်သားဆိုင်များပင်ဖြစ်ပါသည်။ ကာလသားချက်ကို အချိုအစပ်နှစ်မျိုးချက်ထားကြပြီး အဝစားဖြစ်ရာ ဟင်းကို မဝမချင်းထပ်ထပ်ထည့်ပေးနေသည့်စနစ်ဖြစ်ရာစားသူကအားနာရသောဆိုင်များဖြစ်ပါသည်။ ပြည်တစ်ဝိုက်ကမူ ကြက်သားကာလသားချက်ကို“သောက်ဆမ်း”တဲ့။ သောက်လည်းသောက်ဆမ်းလည်းဆမ်းဆိုသည့်သဘော။ သည်ဆိုင်ကလေးတွေကလည်း မြန်မာကြက်မှ မြန်မာကြက်။

မြန်မာကြက်ကို ကြော်ပြီးရောင်းရာ၌ နာမည်ကြီးသော ရွာကြီးတစ်ရွာရှိပါသည်။ လက်ပံပျားတဲ့။ လက်ပံပင်၌ ပျားအုံကြီးများစွဲနေသည်ကိုအစွဲပြုကာလက်ပံပျားဟု ခေါ်ခြင်းဖြစ်ကြောင်း ဒေသခံတစ်ယောက်က ကျွန်တော့်ကို ရှင်းပြဖူးပါသည်။ သူတို့ဒေသသားတွေကမူ လက်ပံပျားဟု ပီပီသသမခေါ်။ လက်ဘဗျားတဲ့။

(လေး)

လက်ပံပျားက မိတ္ထီလာနှင့် ကျောက်ပန်းတောင်းကြားမှာရှိပါသည်။ အဆင်းတွေ အတက်တွေနှင့် ရွာကြီး။ ဟိုးအဝေးမှာ ပုပ္ပားတောင်ကြီးက မြူခြေအဆိုင်းမှာ မှိုင်းဝေလို့။

မိတ္ထီလာ-ကျောက်ပန်းတောင်းသွားကားတွေ၊ မန္တလေး ပုဂံ၊ ညောင်ဦးကားတွေ၊ ပြည်တို့၊ မကွေးတို့၊ ရေနံချောင်းတို့ဘက်ကနေ တောင်ကြီးသို့မဟုတ် မန္တလေးဘက်သို့သွားမည့်ကားတွေလက်ပံပျားမှာ ခရီးတစ်ထောက်နားလေ့ရှိပါသည်။ အခု အဝေးပြေးလမ်းမကြီးပေါ်လာသဖြင့် ပြည်လမ်းကိုအသုံးပြုသူတို့နည်းလာသောအခါ မိတ္ထီလာကျောက်ပန်းတောင်လမ်းပေါ်ကနေ ခရီးနှင်လေ့ရှိလာကြသဖြင့် လက်ပံပျားမှာ နားလာကြပြန်ပါသည်။ သည်မှာတင် လက်ပံပျားမှာကြက်သားကြော်နဲ့တွေ့ကြပါပေ့။

လက်ပံပျားကြက်သားကြော်က မြန်မာကြက်ဖြစ်ပါသည်။ လက်ပံပျားတစ်ဝိုက်တွင် ပုပ္ပားတောင်၏ အရိပ်ကိုခိုသူရွာကလေးများအများအပြားရှိရာ သည်ရွာကလေးတွေက မြန်မာကြက်မွေးပါသည်။ လွတ်လွတ်လပ်လပ် လွှတ်ပြီးမွေးထားသည့် ကြက်များဖြစ်ပါသည်။

သည်ကြက်တွေကို လက်ပံပျားက လှမ်းဝယ်ကာ လက်ပံပျားကြက်ကြော်ထုတ်လုပ်ကြခြင်းဖြစ်ပါသည်။ ကြက်သားကြော်သည်များ၏ ဗန်းထဲမှာ ခေါင်းသပ်သပ်၊ ရင်အုံသပ်သပ်၊ ပေါင်သပ်သပ်၊ အသည်းအမြစ်သပ်သပ်။

“ကြက်သားသည်က လေးဆယ်ဝန်းကျင်လောက်တော့ရှိမယ် ဆရာရဲ့. . . တစ်ယောက်အချိန်တစ်ဆယ်ထား ဆရာရယ်. . အနည်းလေးတစ်နေ့ကို ပိဿာ သုံးလေးရာလောက်တော့ ရောင်း နေတဲ့သဘောပေါ့”

ဒေသခံ၏ ခန့်မှန်းစကားဖြစ်ပါသည်။ လက်ပံပျားက ဆိုင်တစ်ဆိုင်မှာ ခဏနားရင်းက ကြက်သားကြော် ကျွန်တော်စားဖြစ်တတ်ပါသည်။ ပေါင်နှင့် ရင်အုံတစ်ခြမ်းထောင့်ငါးရာ။ ကြက်ခေါင်းတစ်ခေါင်းနှစ်ရာစသည်။ လတ်ဆတ်သော မြန်မာကြက်ကြော်အရသာက မည်သည့်ကြက်ကြော်နှင့်မှ မတူပါလေ။

“မြန်မာကြက်နည်းနည်းရှားလာတော့ နည်းနည်းအကောင်သေးတဲ့ မွေးမြူရေးကြက်နဲ့ ရောနှောပြီး ရောင်းသလိုလို ဘာလိုလို အသံထွက်လာသေးတယ်ဆရာရဲ့. . . ဒါပေမဲ့ အသိသာကြီးပါ ဆရာရယ်. . . မွေးမြူရေးက ပွစိစိဟာရယ်”

မွေးမြူရေးက ပွစိစိဆိုသည်ကတော့ဟုတ်ပါသည်။ ကျွန်တော်ဆိုလျှင် ရန်ကုန်က ထမင်းဝိုင်းများမှာတခြားဟင်းရှိလို့ကတော့ကြက်သားဟင်းကို ဘယ်တော့မှ မနှိုက်ပါလေ။ ပွစိစိပေါ့ ရွတ်ရွတ်ဖွယ်တယ်တယ် ဖွာတာတာ။

တိုးပွားလာသော လူဦးရေနှင့် အသားထုတ်လုပ်မှုမမျှတခြင်းကြောင့် အထွက်တိုးအသားတွေကိုတော့ ထုတ်လုပ်နေကြဦးမည်ဖြစ်ပါသည်။ မတတ်သာသူ ကျွန်တော်တို့ကလည်း စားနေကြရဦးမည်ဖြစ်ပါသည်။

တရုတ်ပြည်၌ ကြက်သား၊ မြေခွေးသားတို့ကိုပင်လျှင် ဆိတ်သား၊ သိုးသားအဖြစ် ရောင်းနေသဖြင့် လူ ၉၀၀ ကျော်ဖမ်းထားကြောင်း သတင်းများကြားနေရပြီဖြစ်ရာ ကြက်သားကို ပဋိဇီဝဆေးနှင့် ဟော်မုန်းဆေးထိုးပြီး ကြီးထွားအောင် မွေးမြူသောကိစ္စမှာ ဆန်းလှသည်တော့မဟုတ်ပါ။

ဩော်. . ကြက်တစ်ကောင်ကို သုံးပိဿာလောက်ရှိသော မွေးမြူရေးကြက်ကြီးများကိုကြည့်ကာ ကျွန်တော်ကြက်သီးထပါဘိ။ ပုပ္ပားတောင်ကြီးကို လှမ်းကြည့်ကာ စားခဲ့ရသည့်လက်ပံပျားကကြက်သားကြော်တွေကို သတိရပါဘိ။

စာမျက်နှာ(၅)မှ

## တစ်ဝမ်းတစ်ခါးအတွက် နေပူကျဲအောက် တိုးဝင်ရသူများ

ဒါပေမဲ့ မတတ်နိုင်ဘူး။ ဆေးသောက်လိုက်မှကို သက်သာတာ” ဟု ဒေါ်သောင်းညွန့်ကဆိုသည်။

မန္တလေးမြို့လယ် ၇၃ လမ်းမလမ်းခင်းရာတွင် ကတ္တရာစေးကျိုကာ လောင်းပေးရသည့်လုပ်ငန်းလုပ်ကိုင်နေသူ အသက် (၂၇)နှစ်အရွယ် ကိုလင်းလင်းက “နေကပူ၊ ကတ္တရာဈေးကပူ၊ ကတ္တရာကြိုတဲ့မီးကပူနဲ့ ငရဲရောက်နေသလိုပါပဲ” ဟုဆိုသည်။ မိမိလိုဘဝတူနေပူထဲ အလုပ်လုပ်နေသည့် လမ်းလုပ်သားအချင်းချင်း စနောက်လိုက်တော့လည်း အပူဒဏ်က လျော့သလိုလိုခံစားရသည်ဟု သူကဆိုသည်။ အခြားနေရပ်ထဲတွင်ငင်းတို့သည် လုပ်ရသည့်အလုပ်များကို ပြောင်းလုပ်ရန် ဆန္ဒရှိကြသော်လည်း ယခုဝင်ငွေလောက် မရနိုင်။ ထို့အပြင် အခြားအလုပ်ရရန် အခွင့်အလမ်းနည်းပါးခြင်း၊ အသက်မွေးဝမ်းကျောင်းပညာတစ်ခုခု တတ်မြောက်မှုမရှိခြင်းတို့ကြောင့် နေပူထဲတိုးဝင်ရခြင်းအပြင် ရွေးစရာမရှိ။ အုန်းချောကျေးရွာ ကျောက်ခွဲသည့်လုပ်ငန်းတွင် အမျိုးသားဆိုလျှင် ၇,၀၀၀ ကျပ်အထိရရှိပြီး အမျိုးသမီးဆိုလျှင် ၃,၀၀၀ ကျပ်ရရှိသည်။ “အုန်းချောမှာဆို ဒီကျောက်ခွဲလုပ်ငန်းနဲ့ ထုံးထုတ်တဲ့လုပ်ငန်းတွေပဲရှိတယ်။ နှစ်ခုစလုံးက အပူတွေနဲ့ပဲ လုပ်ရတယ်။ ကျွန်တော်တို့ဆီမှာ တခြားပြောင်းလုပ်စရာ ဘာလုပ်ငန်းမှမရှိလို့ လုပ်နေရတာ။ ဒီလုပ်ငန်းတွေမှ မလုပ်ရင်လည်း ငတ်မှာပဲ”ဟု ကျောက်ခွဲလုပ်ငန်းလုပ်ကိုင်သူ ကိုထွန်းဇော်က ပြောသည်။ အမိုက်သိမ်းသည့်အလုပ်လုပ်ကိုင်သူ မထွေးထွေးကတော့ တစ်နေ့ငါးထောင်ခန့်ရရှိသည်ဟုဆိုပြီး အခြားလုပ်ငန်းမျိုးလုပ်ပါက ယခုလို မရနိုင်ဟုဆိုသည်။ မန္တလေးဈေးချိုက ဆိုက္ကားဖြင့် ကုန်တင်ပို့ဆောင်ပေးနေသူ ကိုကုလားကတော့ နေပူဒဏ်အလူးအလဲခံစားရသော်လည်း တခြားဘာမှမလုပ်တတ်ကြောင်း ဆက်လုပ်နေဦးမည်ဟု ဆိုသည်။

ယခုလို အပူဒဏ်ပိုမိုခံစားလာရသည့်အခါ မိမိတို့အဖွဲ့ ပုံမှန်ကုန်နေကျ လက်ဖက်ရည်ဖိုး၊ ကွမ်းဖိုးအပြင် ရေခဲရေဖိုးပါ ကုန်သည်ဟု မန္တလေးမြို့၊ ပြည်ကြီးမင်္ဂလာ ကုန်တင်ယာဉ်ရပ်နားစခန်းမှ ကုန်တင်ကုန်ချအလုပ်သမားအချို့က ပြောသည်။

ရိုးရိုးရေကို ရေခဲသေတ္တာအတွင်းထည့်ကာရောင်းသည့်တစ်ဖူးငါးဆယ်တန် ရေခဲရေးဘူးက သူတို့တွေအတွက် မရှိမဖြစ်ဟု ဆိုသည်။

“တစ်နေ့ ရေဘူးဖိုးကိုက တစ်ထောင်လောက်ကုန်တယ်။ တစ်ဖွဲ့လုံးသောက်တာဆိုတော့ တစ်ယောက်တစ်ယောက်ဆို အာစွတ်ရုံလောက်လေးပဲသောက်ရတာ” ဟု ကုန်ထမ်းလုပ်ကိုင်နေသူ ကိုကျော်လင်းက ပြောသည်။

နေပူကျဲကျဲအောက်တွင် အလုပ်ကြမ်းသမားများသာမဟုတ်။ ယာဉ်ကြောမရှုပ်ထွေးဖို့ မီးပွိုင့်က အဆောက်အအုံလေးထဲ တာဝန်ထမ်းဆောင်နေရသည့်ယာဉ်ထိန်းရဲကိုကယားတစ်ယောက် အခန်းအောင်းမနေရဲ။ နှစ်ယောက်ရှိလျှင် တစ်ယောက်က မီးပွိုင့်ကိုထိန်းကာ တစ်ယောက်က လမ်းပေါ်ထွက်ရသောကြောင့် အလှည့်ကျလမ်းပေါ် တာဝန်ထမ်းဆောင်ရသည်။ ကတ္တရာလမ်းကအပူက သူတို့ဝတ်ဆင်ထားသည့် ဘွတ်ဖိနပ်ထူထူနှင့် ခြေအိတ်ထဲသို့ ခန္ဓာကိုယ်အပေါ်ပိုင်းက ချွေးများရေစက်ရေပေါက်များလို တစ်စိမ့်စိမ့်စီးကျလာနေသည်။ ဆောင်းထားသည့်ဦးထုပ်ကလည်း ချွတ်၍မဖြစ်။ အပေါ်ပူ အောက်ပူနှင့် ယာဉ်ထိန်းရဲဘဝဖြတ်သန်းရသည်။ တာဝန်ချိန်ပြီးချိန် ဘွတ်ဖိနပ်ချွတ်လိုက်ရသည့်အရသာကတော့ ဘာနှင့်မျှ မလဲနိုင်ဟု ယာဉ်ထိန်းတပ်သားကိုကယားက ပြောသည်။

ရာသီဥတုကတော့ပူသထက်ပိုပူလာသည်။ အချို့က အပူဒဏ်ရှောင်ကာ အေးမြသည့် ရာသီဥတုရှိသော မြို့များသို့ သွားရောက် နားခိုနေကြသည်။ အချို့က အပူရှိန်မြင့်မားချိန် လေအေးပေးစက်အခန်းထဲတွင်အောင်းကာ အပူရှောင်ကြသည်။ အချို့ကတော့ကျောပူမှဝမ်းအေးမည့်အရေး နေပူထဲသို့တိုးဝင်နေရတုန်းပင် ဖြစ်ပါသည်။

7 DAY NEWS JOURNAL
Vol.12, No.9 • MAY 8 , 2013

**ဘဝမှာ ဖြတ်သန်းပြီးခဲ့တဲ့ အချိန်ကာလတစ်ခုကို ပြန်ငဲ့ကြည့်မိတဲ့ အခါဆယ်စုနှစ်တစ်ခု လွန်မြောက်ပြီးခဲ့ပြီ။ နောင်တရတာ မဟုတ်ပေမယ့် စနစ်တစ်ခုရဲ့ သားကောင်ဖြစ်ခဲ့ရတာကိုတော့ တွေးမိတိုင်းရင်မှာတသိမ့်သိမ့်ခံစားခဲ့ရပါတယ်။**



# မျှော်လင့်ချက်တို့ ရောင်ခြည်ဝေ

နော်(ကျောက်တိုင်)

ကျွန်တော်ဆယ်တန်းအောင်တော့ရမှတ်ကဝါသနာပါရာပညာရေးကောလိပ်တက်ဖို့ မီပါတယ်။ ဒါပေမဲ့ ရေခံ မြေခံညံ့တဲ့အရပ်မှာ မိဘနှစ်ပါးရဲ့ စီးပွားရေးက နုံချာနေတော့ကောလိပ်တစ်ခုရဲ့ပညာသင်စရိတ်ကို မတတ်နိုင်ခဲ့ဘူး။ ဆယ်တန်းပညာ ရေလေးတောင် လိုအပ်မှုများစွာကြားက အောင်ခဲ့ရတဲ့ ဘဝဆိုတော့ ဖြေလျှော့ခဲ့ရတဲ့ ဆန္ဒတွေမနည်းခဲ့ဘူး။ ကျူရှင်မရှိ၊ ဂိုက်မရှိဘဲ ဆရာများရဲ့ လမ်းညွှန်မှုနဲ့ အားစိုက်အောင်ခဲ့ရတဲ့ ဆယ်တန်းကိုတောင်ဂုဏ်ယူမဆုံးဖြစ်ရသေးတယ်။

ဒါကြောင့် ဝါသနာရှိပေမယ့် ပညာရေးကောလိပ်ကို မသွားနိုင်ခဲ့ဘူး။ ကိုယ့်ရွာတွဲဖက်ကျောင်းလေးမှာ အရပ်အငှားဆရာအဖြစ်ဘဝကို ဖြတ်ကျော်ခဲ့ရတယ်။ အဝေးသင်နဲ့ ဝိဇ္ဇာဘွဲ့လေးတစ်ခု ရခဲ့တယ်။ အဲဒီအချိန်ကတော့ ဘဝက နေပျော်သလိုပဲ။ ကိုယ့်အရပ်ကိုယ့်ဒေသဖွံ့ဖြိုးဖို့ အတွေးနဲ့အတူ ကလေးတွေကို ပျိုးထောင်ပေးခဲ့တယ်။ ကျောင်းတက်ချင်လာအောင် စာဖတ်ကျင့်လေးရှိလာအောင်စွမ်းဆောင်ပေးနိုင်ခဲ့တယ်။ ကျောင်းနံဘေးက စာကြည့်တိုက်လေးဟာ ကလေးများရဲ့ ကွန်းခိုရာဖြစ်ခဲ့တယ်။ အဲဒီအရိပ်မှာ နားခိုရင်း ဘဝထဲဝင့်ထည်တောက်ပသွားခဲ့ကြတဲ့ တပည့်လေးတွေ အတော်များခဲ့ပါတယ်။ ကိုယ်ကတော့ ဒုံရင်းပါပဲ။ စာသင်ရာသီဆို ပိုက်ဆံရတယ်။ နွေရာသီဆို ကျပန်းလုပ်ရတယ်။

တစ်ခါတော့ အလုပ်လေးတစ်ခုအရဲစွန့်လျှောက်ဖူးတယ်။ ကောင်းစွာလည်း ဖြေနိုင်ခဲ့တယ်။ ဒါပေမဲ့ ကျွန်တော် မရခဲ့ဘူး။ ငါးသိန်းနဲ့ ငါးသိန်းအထက် တန်းစီဇယားထဲမှာ ကံ ဉာဏ် ဝီရိယပဲ အားထားရတဲ့ ကျွန်တော့်အတွက် နေရာမရှိခဲ့ပါဘူး။ ဝတ်ကျေတန်းကျေမေးကြတဲ့ အင်တာဗျူးတွေကို စိတ်ပျက်တာနဲ့ ဝန်ထမ်းဘဝကို ရှောင်ပြီး တွဲဖက်အငှားဆရာဘဝနဲ့ မျောနေဖြစ်ခဲ့တယ်။

ဒါပေမဲ့ အရပ်အငှားဆရာဘဝဆိုတာ ကမ်းနားသစ်ပင်လို မသေချာ မရေရာဘဲ ရှင်သန်ရတဲ့ ဘဝမျိုး ပါ။

ပြီးခဲ့တဲ့စာသင်နှစ်(ခွဲ)ကျောင်းအဆင့်တိုးလိုက်တဲ့အခါ ဝန်ထမ်းဆရာတွေ ရောက်လာတယ်။ ဒီတော့ကျွန်တော်နားလိုက်ရတယ်ပေါ့။ ဟန်ချက်မပျက်စီးဆင်းနေတဲ့ ဘဝက အလုပ်မဲ့သွားတယ်။ ဘာလုပ်ရမှန်း မသိခဲ့ဘူး။ တွဲဖက်ကျောင်းလေးမှာ အတိုင်းအတာတစ်ခုအထိ နာမည်ရထားတာကြောင့် မြို့ပေါ်ဝိုင်းတွေ၊ ဘော်ဒါတွေက ခေါ်တယ်။ ဒါပေမဲ့ အဲဒါမျိုးကျတော့လည်း စိတ်က မပါပြန်ဘူး။ တလွဲမာနပဲဆိုဆို ထမင်းစားဖို့အတွက် စာသင်ပေးရမှာ ဝန်လေးတယ်။ ဆရာဆိုတဲ့ ဝေါဟာရချင်းတူပေမယ့် ခံစားမှုကွာလိမ့်မယ်လို့ယုံတယ်။ ဒါကြောင့်မတတ်သာတဲ့အဆုံး လယ်ထဲဆင်းလိုက်တယ်။

အဖေနဲ့ အမေသောက ဖြစ်ကြပေမယ့် မတတ်နိုင်ခဲ့ဘူး။ "ငါတို့က ဘာပညာမှ မတတ်လို့လယ်ထဲယာထဲ ဆင်းရတာ။ သားက ဘွဲ့ရ ပညာတတ်ကြီးဖြစ်ရက်နဲ့" တဲ့။ ဘကကျောင်းထွက် မိဘ နှစ်ပါးက အဝေးသင်ဘွဲ့လေးတစ်ခု ရထားတဲ့ ကျွန်တော့်ကို ပါရဂူအလားသမျှတွေးထင်ထားပုံရတယ်။

ပြီးခဲ့တဲ့လကတော့ ဝမ်းသာစရာ သတင်းတစ်ခုရတယ်။ အခုအစိုးရတက်လာပြီး ပြုပြင်ပြောင်းလဲရေးတွေ လုပ်လာတဲ့အထဲက ပညာရေးအင်အားတိုးချဲ့မှုတွေ လုပ်လာတယ်။

နေ့စားလပေးဆရာတွေခေါ်တယ်။ အသက်(၄၀)အတွင်း ဆိုတော့ဝမ်းသာခဲ့ရတယ်။ ဒါကြောင့် သတင်းရပြီး တစ်ပတ်လောက်အကြာ ပညာရေးရုံးမှာ သွားလျှောက်ဖြစ်တယ်။ ဝမ်းသာစရာထဲက အံ့သြစရာတစ်ခုကတော့ တစ်ရုံးလုံး လျှောက်ကြသူတွေ ပြည့်ကျပ်နေတာပဲ။

မိတ္တူဆိုင်တွေ၊ ဓာတ်ပုံဆိုင်တွေမှာလည်း တန်းစီပြီး စောင့်ကြရတယ်။ တစ်မြို့လုံး လှုပ်လှုပ်ရှားရှားဖြစ်လို့။ ကျွန်တော်တို့မြို့လေးမှာ ဘွဲ့ရ အလုပ်လက်မဲ့တွေ ဒီလောက်တောင်များရလား။ အံ့သြခဲ့ရတယ်။ ကျွန်တော့်လျှောက်လွှာအမှတ်စဉ်ကကို ၄၂၀ တဲ့။ ရုံး က ဆရာတစ်ယောက်က ပြောတယ်။ ဒီနှစ်တက္ကသိုလ်ဝင်တန်းဖြေဆိုသူတွေထက် များတယ်တဲ့။ တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ဆို ဘယ်လောက်ရှိမလဲ။ တွေးကြည့်ပြီး သက်ပြင်းရှိုက်ခဲ့ရတယ်။ ဒါပေမဲ့ ကံတရားကို စမ်းသပ်ဖို့လျှောက်လွှာတစ်စောင် တင်လိုက်တယ်။

နောက်တစ်ပတ် သတ်မှတ်ရက်မှာ ကျွန်တော်သွားဖြေတယ်။ ရွာကနေ သွားရတာဆိုတော့ ကျွန်တော်ရောက်တဲ့ အခါ ရှစ်နာရီကျော်ပြီးနေပြီ။ ဆိုင်ကယ်ထားတဲ့နေရာမှာဆို ဘီးတွေပြည့်ကျပ်လို့ပဲ။ လိုက်ပို့တဲ့သူတွေနဲ့ ရှုပ်လို့။ ပွဲဈေးကြီးတစ်ခုထက် စည်တယ်။

ကျောင်းဝိုင်းထဲခြေချမိတော့ ကျောင်းသားဘဝကို ပြန်သတိရသွားမိတယ်။ ကျောင်းလွယ်အိတ်လေးလွယ်ပြီး အဖြူ အစိမ်းလေးနဲ့ ကျောင်းတက်ခဲ့ရတဲ့ ငယ်ဘဝကတော့ တက်ကြွမှုအပြည့်။ ယုံကြည်မှုအပြည့်။ မျှော်လင့်ချက်အပြည့်နဲ့ပေါ့။ အခုတော့လည်း ယုံကြည်ချက်တွေပျောက်ဆုံးပြီး ခြေလှမ်းတွေက လေးလံနေကြတယ်။ အားလုံးရဲ့မျက်နှာတွေကလည်းလေးလေးလံလံတွေးနေရပုံမျိုး။

ရုံးရှေ့ကြော်ငြာသင်ပုန်းမှာ ကိုယ့်အမည်နဲ့ ခုံနံပါတ်ရှာရတာလည်း မလွယ်ဘူး။ ဖြတ်သန်းခဲ့တဲ့ ကျောင်းသားဘဝတစ်လျှောက် အပြည့်အကျပ်ဆုံးလို့ ပြောချင်တယ်။ အသက်အရွယ်ကြောင့် ကိုယ်တိုင်တော့ ဝင်မတိုးဖြစ်ဘူး။ ဆယ်တန်းအောင်ပြီး လာဖြေတဲ့ ညီမလေးတစ်ယောက်ကြောင့် အဆင်ပြေသွားတယ်။ မဟုတ်ရင် ထိုင်စောင့်ရုံသက်သက်။

ဖြေဖို့ အခန်းရှာရတာလည်း ဒုက္ခတစ်မျိုး။ လူစုံဆိုဒ်စုံကြားမှာ ကျောင်းတော်ကြီးတစ်ခုပဲ ပြုံးနေပုံရတယ်။

ကိုယ်ငယ်ငယ်က အငှားလာသင်ပေးတဲ့ ဆရာမတွေကိုလည်း တွေ့တယ်။ တွဲဖက်ကျောင်းလေးမှာ သင်ပေးခဲ့ရတဲ့ ရွာနီးချုပ်စပ်က တပည့်လေးတွေကိုလည်း တွေ့တယ်။ ရွာကျောင်းလေးမှာ ကိုယ်နဲ့အတူ လာလုပ်ပေးသွားတဲ့ လုပ်ဖော်ကိုင်ဖက်တွေကိုလည်း တွေ့ရပါတယ်။ ကိုယ်ကဆရာခေါ်တဲ့သူတွေ၊ ကိုယ့်ကိုဆရာခေါ်တဲ့သူတွေနဲ့ တကယ့်စုံစုံညီညီ ပွဲမျိုးပါပဲ။


ကိုးနာရီထိုးတော့ ဖြေရတယ်။ ဆယ်စုနှစ်တစ်ခုကျော် ဆရာလုပ်ခဲ့ပြီး ကလေးတွေရဲ့ အဖြေတွေကို စစ်ပေးခဲ့ရသူက အခုလို တပည့်ပြန်လုပ်ရတော့ တစ်မျိုးဖြစ်ရတာတော့ အမှန်ပဲ။ ဖြေတော့လည်း ကိုယ့်အတွက်က အားရစရာ သိပ်တော့ မရှိပါဘူး။ အင်္ဂလိပ်၊ သင်္ချာ၊ အထွေထွေ ဗဟုသုတထဲက အင်္ဂလိပ်လေးပဲနည်းနည်းဖြေနိုင်တယ်။ ကြိုလေ့လာထားသူ မဟုတ်တော့ လက်တွေ့ဖြေရတဲ့ အခါ စနစ်ဟောင်းမှာ ဖြေခဲ့ရသူကိုယ့်အတွက်အခက်တစ်ခုပါပဲ။ မေးခွန်းအများစုက ကျွန်တော်တို့ နောက်ပြဋ္ဌာန်းတဲ့ ဆယ်တန်း အင်္ဂလိပ်နဲ့ သင်္ချာတွေထဲက များတယ်လေ။

အချိန်တစ်နာရီပြည့်တာနဲ့ပြန်ထွက်ခဲ့တယ်။ ကလေးတုန်းကလို ပြန်စစ်တာတွေ၊ အမှတ်ပေါင်းတာတွေလည်း လုပ်မနေတော့ပါဘူး။ အချိန်စေ့တာနဲ့ ချက်ချင်းထွက်ခဲ့တာပဲ။ သေချာတယ်။ ကျွန်တော် မအောင်ဘူး၊ သိတယ်။ ဒါပေမဲ့ ဒီလို ဘွဲ့ရအလုပ်မဲ့တွေအတွက် အခွင့်အရေးလေးတစ်ခု ဖန်တီးပေးတာကိုတော့ အားလုံးက ကျေးဇူးတင်နေကြမယ်လို့ ယုံတယ်။ မဖြေနိုင်တဲ့ ကိုယ့်အတွက် မထူးပေမယ့် တချို့သော သူတွေအတွက် မျှော်လင့်ချက်တွေအစပျိုးနိုင်ပါတယ်။ ဒီ့အတွက် တာဝန်ရှိသူအားလုံးကို ကျေးဇူးတင်ကြောင်း ပြောကြားလိုပါတယ်။ ။

USA/Singapore နိုင်ငံတွင် Automation ပညာ လေ့လာပြီး နိုင်ငံခြားတွင် ဆယ်နှစ်ကျော် လုပ်ငန်းအတွေ့အကြုံရှိသော မြန်မာ Engineer မှ ကြီးမှူး၍ PLC (Programmable Logic Controller) သင်တန်း Workshop ကို (May 30 မှ June 01)တွင် ဖွင့်လှစ်မည်။
➤ပြည်တွင်း/ပြည်ပတွင် အလုပ်လုပ်မည့်သူများ
➤Automation လုပ်ငန်းရှင်များ
➤လက်တွေ့သင်တန်း(Practical Workshop)တက်ရန်ဖိတ်ခေါ်ပါသည်။
စုံစမ်းရန် (ဖုန်း) (09)217-3368
Website-www.maukwan.com/register

Htoo Construction Development Group Co., Ltd. တွင် တာဝန်ထမ်းဆောင်ရန်အတွက် အောက်ဖော်ပြပါအရည်အချင်းနှင့်ကိုက်ညီသူများလာရောက်လျှောက်ထားနိုင်ပါသည်။
- Male/Female (5) Posts
- LL.B (Law)/LL.M (Law)
- English 4 skills ကျွမ်းကျင်ရမည်။
- Computer Application ကျွမ်းကျင်ရမည်။
- Email, Internet ကျွမ်းကျင်စွာအသုံးပြုနိုင်ရမည်။
- ဥပဒေလုပ်ငန်းနှင့်ပတ်သက်၍ လုပ်ငန်းအတွေ့အကြုံရှိသူ ဦးစားပေးမည်။

(၃၁.၅.၂၀၁၃) နောက်ဆုံး လျှောက်ထားနိုင်ပါသည်။



ဒေါက်တာအောင်ဇေယျာမင်း (တိုင်းရင်းအထူးကုဆေးခန်း)
မနာမကျွင်း မစွဲစိတ် လိပ်ခေါင်းအထူးကု
Ph.D, M.A.R.P, C.T.M.P(Kol kata India) ... Turell ...
(ဒေါက်တာအောင်ဇေယျာမင်းဆေးခန်း၏ ဆေးစွမ်းအရည်အသွေးအာမခံချက်ရှိပါသည်။)
အရိုးကျိုးပေါင်းတက်ရောဂါ၊ လည်ပင်း၊ ပခုံး၊ ခါးနာ၊ ပေါင်ချိုး၊ ဒူးဆစ်နာရောဂါ၊ အထူးကု
No. 68

Business
7DAY NEWS JOURNAL
Vol.12, No.9 • MAY 8 , 2013

# ကုန်သွယ်မှုမြှင့်တင်ရန် ပြည်ပမှ နည်းပညာများလိုအပ်

**ပြည်သိမ်း**

**ရန်ကုန်၊ မေ-၃**

မြန်မာနိုင်ငံ၏ ကုန်သွယ်မှုမြှင့်တင်နိုင်ရန် ဖွံ့ဖြိုးမှုအားကောင်းသည့် ပြည်ပနိုင်ငံများမှ နည်းပညာ အကူအညီများရယူရန် လိုအပ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးပြည်ထောင်စုဝန်ကြီးဦးဝင်းမြင့်က ပြောကြားသည်။ "ကုန်သွယ်မှု မြှင့်ဖို့က မူဝါဒချပြီး လုပ်ဖို့လိုတယ်။ လောလောဆယ်ကုန်သွယ်ရေးမူဝါဒကို ၂၀၁၃ အပြီး ရေးဆွဲနေတယ်" ဟုပြည်ထောင်စုဝန်ကြီးက မေ ၄ ရက်တွင် ဂျပန်နိုင်ငံသို့ဆန်တန်ချိန် ၅,၀၀၀ တင်ပို့နိုင်သည့်အခမ်းအနားၙ ပြောကြားသည်။

မြန်မာနိုင်ငံ၏ ကုန်သွယ်မှုပမာဏမှာ ၂၀၁၂-၁၃ ဘဏ္ဍာနှစ်တွင် ကန်ဒေါ်လာ(၁၈ ဒသမ ၅)ဘီလီယံထိမြင့်တက်လာသော်လည်း ထိုင်းနိုင်ငံ၏နှစ်လတာကုန်သွယ်မှုပမာဏမှာကန်ဒေါ်လာ ၁၉ ဘီလီယံ ကျော်ရှိသည်။ ယခင်က ကုန်သွယ်ရေးတွင် အမိန့်ညွှန်ကြားချက်များသာ လုပ်ကိုင်ခဲ့ရသည်။ နိုင်ငံတကာ၊ အာဆီယံနိုင်ငံများနည်းတူ တိကျသည့် မူဝါဒများနှင့် ရှေ့ဆက်ဆောင်ရွက်ရန် ပြင်ဆင်နေကြောင်း ၎င်းကဆိုသည်။ လက်ရှိအချိန်တွင် ပို့ကုန်မြှင့်တင်ရန်အတွက် အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုကောင်စီ (ITC) နှင့် စီးပွားကူးသန်းဝန်ကြီးဌာနတို့ ပူးပေါင်း၍ မေ ၂ ရက်မှ စတင်ကာ နေပြည်တော်၌သုံးရက်ကြာ ပို့ကုန်မဟာဗျူဟာရေးဆွဲရန် အလုပ်ရုံဆွေးနွေးပွဲကျင်းပခဲ့သည်။

"ကုန်သွယ်မှုကိုမြှင့်ရန် သယံဇာတပိုရောင်းတာထက် လုပ်စွမ်းအားကိုသုံးတဲ့ထုတ်ကုန်တွေကို ပိုပြီး ပို့နိုင်အောင် ကြိုးစားရမယ်" ဟု စီးပွားကူးသန်းဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးတစ်ဦးက ပြောသည်။

လက်ရှိမြန်မာနိုင်ငံ၏ ပို့ကုန်တွင် သဘာဝဓာတ်ငွေ့များ အများဆုံးဖြစ်ပြီး ၂၀၁၂-၁၃ ဘဏ္ဍာနှစ်တွင် ကန်ဒေါ်လာ (၃ ဒသမ ၅ ဘီလီယံ) ကျော် တင်ပို့ခဲ့သည်။ မြန်မာနိုင်ငံမှ ပို့ကုန်စုစုပေါင်း ပမာဏမှာ ကန်ဒေါ်လာ ၉ ဘီလီယံနီးပါးသာရှိသည်။

# အအေးခန်းစက်ရုံများ ကုန်ကြမ်းမရှိ၍ ထုတ်လုပ်မှုလျော့ချ

**သန်းငွေး**

**ရန်ကုန်၊ မေ-၃**

အအေးခန်းစက်ရုံ လုပ်ငန်းရှင်များ ကုန်ကြမ်းမလုံလောက်သောကြောင့် ၎င်းတို့စက်ရုံ၏ ထုတ်လုပ်မှုစွမ်းအားကို ငါးဆယ်ရာခိုင်နှုန်း လျော့ချကာလုပ်ကိုင်နေရကြောင်း သတင်းရရှိသည်။

ကကတစ်ငါးကို အသားလွှာကာ ဥရောပနိုင်ငံများသို့ တင်ပို့နေသော အအေးခန်းစက်ရုံများသည် ကုန်ကြမ်းအခက်အခဲများကြောင့် ၎င်းတို့စက်ရုံ၏ ထုတ်လုပ်နိုင်စွမ်းကို ထက်ဝက်လျော့ချနေရကြောင်း ရန်ကုန်မြို့သာကေတရှိအအေးခန်းစက်ရုံဥက္ကဋ္ဌ ဒေါက်တာတိုးနန္ဒာတင်က ပြောသည်။



*ရန်ကုန်မြို့ရှိ အအေးခန်းစက်ရုံတစ်ရုံ*

ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

"ကကတစ်ငါးကို အရင်က တစ်လမှာ တန်ချိန်လေးရာလုပ်နေရာက အခုကုန်ကြမ်းမရတော့ လို့တန်နှစ်ရာပဲထုတ်နိုင်တယ်။ ဒါကြောင့် ဈေးကွက်ရမယ့် ငါးတွေပြောင်းလုပ်တာ။ ကန်ထရိုက်စနစ်နဲ့ပြည်ပက ကုန်ကြမ်းတွေသွင်းပြီး အော်ဒါမှာတဲ့နိုင်ငံကို ကုန်ချောပြန်ပို့တာတွေ လုပ်နေရတယ်။ အမေရိကန်တီလားဗီးယားဈေးကွက်ရရင်တော့ တွက်ခြေကိုက်တော့ ပြောင်းလုပ်မယ်"ဟု ၎င်းကပြောသည်။

ထို့သို့ဖြစ်ရသည်မှာ ရေငန်ငါးဖမ်းဆီးရရှိမှု လျော့နည်းလာခြင်းအပြင် ငါးမဖမ်းရရာသီစတင်သတ်မှတ်မှု၏ အကျိုးဆက်လည်း ဖြစ်ကြောင်း မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် အမှုဆောင်ဒုတိယဥက္ကဋ္ဌ ဦးဟန်ထွန်းကပြောသည်။

"ဖမ်းဆီးရရှိမှုနည်းတော့ စက်ရုံအတွက် ကုန်ကြမ်းနည်းပြီး တင်ပို့မှုလည်း နည်းလာတာပေါ့။ ဈေးကွက်မှာ အဝယ်လိုက်တဲ့ငါးတွေပြောင်းမွေးပြီး ထုတ်လုပ်ဖို့ဆိုတာလည်းငါးမွေးသူတွေဘဝကို ပြန်လည်ထူထောင်ပေးဖို့လိုတာပေါ့"ဟုဦးဟန်ထွန်းကပြောသည်။

**စာမျက်နှာ( ၂၈)သို့**

## ပြည်တွင်းငွေလဲနှုန်း

| ယူနစ် | ဝယ် | ရောင်း | |
|---|---|---|---|
| ၁ ဒေါ်လာ (အမေရိကန်) | ၈၈၈ | ၈၉၈ | ကျပ် |
| ၁ ဒေါ်လာ (စင်ကာပူ) | ၇၁၆ | ၇၂၈ | ကျပ် |
| ၁ ယူရို (ဥရောပသမဂ္ဂ) | ၁၁၅၆ | ၁၁၇၄ | ကျပ် |
| ၁ ဘတ် (ထိုင်း) | ၃၀. ၅ | ၃၀. ၅ | ကျပ် |
| ၁ ယွမ် (တရုတ်) | ၁၄၃ | ၁၄၅ | ကျပ် |

၂၀၁၃ မေ ၄ ရက် ပေါက်ဈေးနှုန်းဖြစ်သည်။

## ကမ္ဘာ့ငွေလဲနှုန်း

| | | | |
|---|---|---|---|
| ၁ ဒေါ်လာ | ၀. ၆၄၂၁ | ပေါင် | (ဗြိတိန်) |
| ၁ ဒေါ်လာ | ၀. ၇၆၂၄ | ယူရို | (ဥရောပသမဂ္ဂ) |
| ၁ ဒေါ်လာ | ၉၉. ၀၂ | ယန်း | (ဂျပန်) |
| ၁ ဒေါ်လာ | ၆. ၁၅၅၅ | ယွမ် | (တရုတ်) |
| ၁ ဒေါ်လာ | ၅၃. ၈၀ | ရူပီး | (အိန္ဒိယ) |
| ၁ ဒေါ်လာ | ၁. ၂၃၃၄ဒေါ်လာ | | (စင်ကာပူ) |
| ၁ ဒေါ်လာ | ၁,၀၉၇. ၀၀ | ဝမ် | (ကိုရီးယား) |
| ၁ ဒေါ်လာ | ၃. ၀၃၃ | ရင်းဂစ် | (မလေးရှား) |
| ၁ ဒေါ်လာ | ၂၉. ၇၀ | ဘတ် | (ထိုင်း) |
| ၁ ဒေါ်လာ | ၉,၇၃၂. ၀၀ | ရူပီးယား | (အင်ဒိုနီးရှား) |
| ၁ ဒေါ်လာ | ၂၀,၉၁၅. ၀၀ | ဒေါင် | (ဗီယက်နမ်) |
| ၁ ဒေါ်လာ | ၄၀. ၈၃ | ပီဆို | (ဖိလစ်ပိုင်) |
| ၁ ဒေါ်လာ | ၇. ၇၅၈၅ | ဒေါ်လာ | (ဟောင်ကောင်) |
| ၁ ဒေါ်လာ | ၀. ၉၆၈၆ | ဒေါ်လာ | (ဩစတြေးလျ) |
| ၁ ဒေါ်လာ | ၁. ၁၇၁၉ | ဒေါ်လာ | (နယူးဇီလန်) |
| ၁ ဒေါ်လာ | ၁. ၀၀၇၉ | ဒေါ်လာ | (ကနေဒါ) |
| ၁ ဒေါ်လာ | ၃၁. ၀၇၅၅ | ရူဘယ် | (ရုရှား) |
| ၁ ဒေါ်လာ | ၃. ၆၇၂၉ | ဒါရမ် | (UAE) |

## အရေးကြီးပစ္စည်းများ ဈေးနှုန်း

| ပစ္စည်း | ယူနစ် | ဈေးနှုန်း (ကန်ဒေါ်လာ) |
|---|---|---|
| ရွှေ | ၁ အောင်စ | ၁,၄၇၀. ၀၀ |
| ရေနံစိမ်း | စည် | ၁၀၄. ၀၁ |
| ငွေ | ၁ အောင်စ | ၂၄. ၀၆ |
| ကြေးနီ | ပေါင် | ၃၃၀. ၈၀ |
| သဘာဝဓာတ်ငွေ့ | mmbtu | ၄. ၀၅ |

မှတ်ချက်။ ။ ဈေးနှုန်းအားလုံးကို ကန်ဒေါ်လာဖြင့် ဖော်ပြထားပြီး ကြေးနီဈေးနှုန်းမှာ ဆင့် (Cent) ဖြင့်ပြသည်။

၂၀၁၃ မေ၄ ရက် ကမ္ဘာ့ပေါက်ဈေးနှုန်းဖြစ်သည်။



7DAY NEWS JOURNAL
Vol.12, No.9 • MAY 8 , 2013

# ဈေးစောင့်ကြည့်နေကြ၍ ရွှေအဝယ်နည်း

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ မေ-၄**

ရွှေဈေးငြိမ်နေပြီး ဈေးကွက်စောင့်ကြည့်သူများလာသဖြင့်ဝယ်လိုအားပြန်လည်ကျဆင်းလာကြောင်း ရွှေလုပ်ငန်းရှင်များက ပြောသည်။

ရွှေဈေးနှုန်းများသည် သင်္ကြန်ပြီးကာလတွင် ဈေးနှုန်းအတက်အကျကြမ်းခဲ့၍ ကျပ်ခုနစ်သိန်းအောက်အထိ ဈေးကျဆင်းခဲ့သောကြောင့် ရွှေဝယ်လိုအား နှစ်ဆနီးပါးထိမြင့်တက်ခဲ့သည်။ ယခုရက်ပိုင်းတွင် ကျပ် ၇၁၀,၀၀၀ ဝန်းကျင်ဖြင့် ဈေးငြိမ်နေသည့်အတွက် အဝယ်မများဘဲ ထိန်းထိန်းသိမ်းသိမ်းဖြင့် ဝယ်ယူနေကြသည်ဟု ဆိုသည်။

"ဈေးကလည်း ဒီရက်ပိုင်းတွေ ကျပ်ခုနစ်သိန်းတစ်သောင်းလောက်နဲ့ပဲ ငြိမ်နေတယ်။ ဈေးပြောင်းလဲမှုမရှိတော့ ဝယ်လိုအားကတောက်လျှောက်ကျလာတယ်။ ရွှေဈေးက အကျဘက်မှာပဲ ရှိနေသေးတော့ ဈေးအကျမှန်းပြီး ဝယ်မယ့်သူတွေ စောင့်နေတာကြောင့် ဝယ်လိုအားတွေက ကျလာတာ" ဟု အောင်သမာဓိရွှေဆိုင်မှ ကိုဝင်းငယ်က ပြောသည်။

ဆိုင်များတွင် ဝယ်ယူသောရောင်းအားကျလာသကဲ့သို့ ရွှေဘုံသာလမ်းရှိ အပိုင်းဈေးကွက်ရောင်းအားများမှာလည်း ကျဆင်းလာကြောင်း အပိုင်းဈေးကွက်မှ ကုန်သည်များက ပြောသည်။

"ရွှေဈေးက အကျဘက်ကို ဦးတည်နေတော့ အပိုင်းကို လာဝယ်တဲ့ အရပ်ဘက်ဝယ်လက်တွေ နည်းသွားတယ်။ ဈေးပြန်ကျလာမယ့် အချိန်ကို ပြန်စောင့်နေတဲ့သဘောပဲ" ဟု အပိုင်းရောင်းဝယ်သော ကုန်သည်တစ်ဦးက ပြောသည်။

အပိုင်းဈေးကွက်တွင် နေ့စဉ်အရောင်းအဝယ်ပြုလုပ်သောပမာဏမှာ လျော့နည်းသွားကြောင်း သိရသည်။ ယခင်က တစ်နေ့လျှင် ပိဿာ ၄၀ ကျော်အထိ အရောင်းအဝယ်လုပ်သည့် ပမာဏရှိသော်လည်း ယခုရက်ပိုင်းတွင်ပိဿာ ၃၀ ကျော်သည်ဆိုရုံမျှသာ အရောင်းအဝယ်ဖြစ်နေကြောင်း ကုန်သည်များက ပြောသည်။

ရွှေဈေးများ ပြန်လည်ကျဆင်းနိုင်သည်ဟု ဆိုသော်လည်း ကျပ် ၇၀၀,၀၀၀ အောက်အထိ ကျဆင်းနိုင်မည် မဟုတ်ကြောင်း ကုန်သည်အချို့က ခန့်မှန်းပြောကြားသည်။

ကမ္ဘာ့ရွှေဈေးနှုန်းများ တစ်အောင်စလျှင် ဒေါ်လာ ၁၄၇၀ ဝန်းကျင်တွင် ရှိနေသဖြင့်ပြည်တွင်းရွှေဈေးနှုန်းများမှာလည်း အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၇၁၀,၀၀၀၊ ၁၅ ပဲရည်တစ်ကျပ်သားလျှင် ကျပ် ၆၆၉,၀၀၀ ဈေးများဖြင့် အရောင်းအဝယ် ပြုလုပ်နေကြသည်။



*သင်္ကြန်အပြီးရွှေဈေးထိုးကျစဉ်က ရွှေဝယ်လိုအားအရှိန်မြင့်တက်ခဲ့စဉ်*

ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

---

**စာမျက်နှာ( ၂၇)**

### အအေးခန်းစက်ရုံများ ကုန်ကြမ်းမရှိ၍ ထုတ်လုပ်မှုလျော့ချမှ

ကကတစ်ငါးကဲ့သို့ပင်လယ်ထွက်ရေငန်းငါးများ ဖမ်းဆီးရရှိမှုနည်းသောကြောင့် ငါးမြစ်ချင်း၊ ငါး ကြင်း၊ တီလားဗီးယားစသည့် မွေးမြူရေးငါးများအားဈေးကွက်တိုးချဲ့တင်ပို့ရန် စီစဉ်နေကြောင်း ဦးဟန်ထွန်းကပြောသည်။

ထို့အတူ ဧရာဝတီတိုင်းဒေသကြီးတွင် တည်ထောင်ထားသော အအေးခန်းစက်ရုံများတွင်လည်း ကုန်ကြမ်းပြတ်နေသောကြောင့် ထက်ဝက်လျှော့ထုတ်နေရပြီး အချို့စက်ရုံများလုံးဝပိတ်ထားရကြောင်း ဧရာဝတီတိုင်းဒေသကြီးမှ ငါးအအေးခန်းစက်ရုံပိုင်ရှင်တစ်ဦးက ပြောသည်။

တစ်နိုင်ငံလုံးတွင် အအေးခန်းစက်ရုံပေါင်း ၁၀၀ ခန့်ရှိပြီး အများစုမှာ ရေငန်ငါးပုစွန်များထုတ်လုပ်ကာ ဥရောပနိုင်ငံများနှင့် ဂျပန်၊ ဟောင်ကောင်စသည့် နိုင်ငံများသို့ လည်းကောင်း၊ မွေးမြူရေးငါးများတွင် ငါးမြစ်ချင်းငါးမျိုးစိတ်အား အရှေ့အလယ်ပိုင်းနိုင်ငံများသို့လည်းကောင်း တင်ပို့နေရာ ယခုအခါ ကုန်ကြမ်းပြတ်လပ်မှု အခက်အခဲကိုရင်ဆိုင်နေရပြီဖြစ်သည်ဟု သိရသည်။

---

# ကန်နှင့် အီးယူဖြေလျှော့မှု ရေထွက်ပို့ကုန်အပေါ် သက်ရောက်မှုရှိဟုဆို

**သန်းဌေး**

**ရန်ကုန်၊ မေ-၄**

အမေရိကန်နိုင်ငံနှင့် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ(အီးယူ)တို့၏ မြန်မာနိုင်ငံအပေါ် ကန့်သတ်မှုများအား ဖြေလျှော့ပေးမှုသည် မြန်မာနိုင်ငံ၏ ရေထွက်ကုန်ပို့ကုန်ဝင်ငွေအပေါ်များစွာ သက်ရောက်မှုရှိလာနိုင်ကြောင်းသတင်းရရှိသည်။

ရေထွက်ပို့ကုန် ဝင်ငွေကို အမေရိကန်ဒေါ်လာသန်းရာဂဏန်း နှစ်စဉ်သတ်မှတ်နေသော်လည်း ယနေ့တိုင်လျာထားချက်ပြည့်မီသည့်နှစ်မှာ လုံးဝမရှိသေးကြောင်း ရေထွက်ပို့ကုန် ပြည်ပတင်ပို့မှုဌာန(FIQC)မှ ထုတ်ပြန်သော စာရင်းဇယားများအရ သိရသည်။

"ဒီဘဏ္ဍာနှစ်မှာလည်း အမေရိကန်ဒေါ်လာသန်း ခုနစ်ရာပြည့်ဖို့ လိုနေသလို ပြီးခဲ့တဲ့နှစ်က ရခဲ့တဲ့ ဝင်ငွေကိုတောင်ပြည့်ဖို့အတော်ကြိုးစားရဦးမယ်။ အရင်ကတော့ ပို့ကုန်ဝင်ငွေရဲ့ တစ်ဆယ်ရာခိုင်နှုန်းအခွန်တို့၊စီးပွားရေးပိတ်ဆို့မှုတို့ရှိနေတာ၊ အမေရိကန်ဈေးကွက်ဆိုပိတ်ခံရတာ။ အီးယူကဆို အထူးအခွန်နှုန်းသက်သာခွင့်မပေးတာတွေကြောင့်ပဲ" ဟု မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌဦးဟန်ထွန်းက ပြောသည်။

ပိတ်ဆို့မှုများမဖြစ်မီကာလ ၁၉၉၅ခုနှစ်က ပုစွန်တင်ပို့မှုမှ ကန် ဒေါ်လာ ၂၅ သန်းနှင့် ငါးတင်ပို့မှုမှကန်ဒေါ်လာသုံးသန်းရရှိခဲ့သည်။ အမေရိကန်နိုင်ငံအကြိုက်ပုစွန်အပါအဝင် ရေထွက်ကုန်များအား ၂၀၀၄ ခုနှစ်အထိ တင်ပို့မှုများရှိခဲ့သော်လည်း ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီ ၂၂ ရက်တွင်မှ လော့စ်အိန်ဂျလိစ်သို့ အေးခဲပုစွန် ၁၇တန်တင်ပို့သည့် ကာလကြားတွင် လုံးဝရပ်ဆိုင်းခဲ့ကြောင်း ၎င်းကဆိုသည်။

ယခုအခါ အမေရိကန်ဈေးကွက်တွင် ရေငန်ပုစွန်အပြင် ရေချိုပုစွန်၊ ကင်းမွန်၊ တီလားဗီးယား အသားလွှာတို့ကိုပါ တင်ပို့ရန်ကမ်းလှမ်းမှုများရှိနေသောကြောင့် အမေရိကန်နိုင်ငံမှ အဆိုပါ ရေထွက်ကုန်အမည်များအား သားဖောက်မွေးမြူထုတ်လုပ်ကုန်ချောပြုပြင်မှုကို ပညာရှင်များမှလာရောက် သင်ကြားပေးနေကြောင်း မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်အထွေထွေအတွင်းရေးမှူး ဦးဝင်းကြိုင်က ပြောသည်။

အမေရိကန်ဈေးကွက်အပြင် ၂၀၁၁ခုနှစ်အတွင်းက အီးယူအဖွဲ့ဝင်နိုင်ငံများဖြစ်သော ယူကေသို့ ရေထွက်ကုန်တင်ပို့မှုမှ ကန်ဒေါ်လာ ၁၁ သန်းဖိုးအပါအဝင် နယ်ဒီလန်၊ အီတလီ၊ ဂရိနိုင်ငံများသို့ တင်ပို့မှု ကန်ဒေါ်လာ ၁၅ သန်းဖိုး ရရှိခဲ့ကြောင်း FIQC မှ ထုတ်ပြန်သော စာရင်းဇယားများအရ သိရသည်။ မြန် မာနိုင်ငံ၏ ရေထွက်ပို့ကုန်ဝင်ငွေ အမှန်တကယ် မြင့်မားရန်မှာ အမေရိကန်နှင့် အီးယူကဲ့သို့ ဈေးကောင်းပေးကာ ဈေးကွက်ကျယ်ပြန့်သည့် နိုင်ငံများ အကြိုက်ရေထွက်ကုန်များ ထုတ်လုပ်နိုင်ရန်အပြင် ၎င်းတို့နိုင်ငံမှ ရင်းနှီးမြှုပ်နှံမည့် လုပ်ငန်းရှင်များကိုလည်း ဝင်ရောက်လာစေရန် လိုအပ်သော အခြေခံအဆောက်အအုံများ ပြင်ဆင်ပေးနိုင်မည်ဆိုပါက ဈေးကွက်သေချာကာ ပို့ကုန်ရငွေမြင့်တက်လာမည်ဖြစ်ကြောင်း လုပ်ငန်းရှင်တစ်ဦးက သုံးသပ်ပြောကြားသည်။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ရေထွက်ကုန်တင်ပို့မှုမှ ကန်ဒေါ်လာသန်း ၇၀၀ လျာထားရာ ကန်ဒေါ်လာ ၆၅၂ ဒသမ ၈၄ သန်းသာရရှိခဲ့ကြောင်း FIQC စာရင်းဇယားအရ သိရှိရသည်။



7DAY NEWS JOURNAL
Vol.12, No.9 • MAY 8 , 2013



## Leader's Profile

# အီတလီဝန်ကြီးချုပ် အင်ရီကိုလက်တာ

ရဲမင်း

အင်ရီကိုလက်တာသည် အီတလီနိုင်ငံရေးသမားတစ်ဦးဖြစ်ပြီး ၂၀၁၃ ခုနှစ် ဧပြီ ၂၈ ရက်တွင် အီတလီနိုင်ငံ၏ဝန်ကြီးချုပ်ဖြစ်လာသည်။ ဒီမိုကရက်တစ်ပါတီ၏ ဒုတိယအတွင်းရေးမှူးဖြစ်ပြီး အောက်လွှတ်တော်အမတ်အဖြစ် ၂၀၀၁ ခုနှစ်မှစ၍ တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၉၈ မှ ၁၉၉၉ ခုနှစ်အထိ ဥရောပရေးရာဝန်ကြီး၊ ၁၉၉၉-၂၀၀၁ အထိ စက်မှုလုပ်ငန်းဝန်ကြီးအဖြစ် လုပ်ကိုင်ခဲ့သည်။

အင်ရီကိုလက်တာကို ၁၉၆၆ ခုနှစ် ဩဂုတ်လ ၂၀ ရက် တွင် တွတ်ခ်ဆန်နီဒေသ၌ မွေးဖွားခဲ့၍ ဖခင်မှာ ပါမောက္ခတစ်ဦးဖြစ်သည်။ အင်ရီကိုကလည်း နိုင်ငံတကာဥပဒေတွင် ဒေါက်တာဘွဲ့ရရှိခဲ့သည်။ ငယ်စဉ်ကပင် ခရစ်ယာန်ဒီမိုကရေစီပါတီဝင်အဖြစ် ပါဝင်ခဲ့ပြီး ၁၉၉၁ မှ ၁၉၉၅ ခုနှစ်အထိ ဥရောပပြည်သူ့ပါတီလူငယ်အဖွဲ့၏ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သည်။

၁၉၉၄ ခုနှစ်တွင် အီတလီပြည်သူ့ပါတီသို့ ဝင်ရောက်ကာ ၁၉၉၇ ခုနှစ်တွင် ပါတီ၏ ဒုတိယအတွင်းရေးမှူးဖြစ်လာသည်။ အသက်(၃၂)နှစ်အရွယ်၌ဝန်ကြီးချုပ် ဒီအာလီမာလက်ထက် ဥရောပရေးရာဝန်ကြီးအဖြစ် ခန့်အပ်ခံရသည်။ ၂၀၀၁ ခုနှစ်တွင် အီတလီအောက်လွှတ်တော်အမတ် ဖြစ်လာခဲ့ပြီး ဥရောပပါလီမန်၌ ပါဝင်ကာ စီးပွားရေးနှင့် ငွေကြေးဆိုင်ရာ ကော်မတီအဖွဲ့ဝင်အဖြစ် တာဝန်ယူဆောင်ရွက်ခဲ့သည်။ ၂၀၀၆ ခုနှစ် ဝန်ကြီးချုပ် ပရိုဒီလက်ထက်၌ဝန်ကြီးများကောင်စီအတွင်းရေးမှူးအဖြစ် ခန့်အပ်ခံရသည်။

မစ္စတာအင်ရီကိုလက်တာသည် ဒီမိုကရက်တစ်ပါတီ စတင်တည်ထောင်ရာတွင် ပါဝင်ခဲ့ပြီး ၂၀၀၇ ခုနှစ်ခေါင်းဆောင်ပိုင်းရွေးချယ်မှု၌ တတိယနေရာရရှိခဲ့သည်။ ယင်းနောက် ဝန်ကြီးများကောင်စီဥက္ကဋ္ဌအဖြစ် ဆက်လက်တာဝန်ယူခဲ့ကာ ၂၀၀၉ ခုနှစ် ဒီမိုကရက်တစ်ပါတီရွေးကောက်ပွဲ၌ နောက်ဆုံးအနိုင်ရရှိခဲ့သူ ပီယာလူဂီဘာဆာနီအား ထောက်ခံခဲ့သည်။ ယင်းရွေးကောက်ပွဲတွင် ၎င်းကိုယ်တိုင်လည်း ပါတီဒုတိယ အတွင်းရေးမှူးအဖြစ် ရွေးချယ်ခံရသည်။

၂၀၁၃ ခုနှစ်အီတလီရွေးကောက်ပွဲတွင် ဒီမိုကရက်တစ်ပါတီမှာ အမတ်နေရာ အများအပြားအနိုင်ရရှိခဲ့သော်လည်း လွှတ်တော် ကျွတ်ကျွတ်နှင့် အစိုးရဖွဲ့နိုင်လောက်အောင် ထောက်ခံမှုမရခဲ့။ သို့သော် အစိုးရဖွဲ့စည်းရေးသမ္မတ နာပိုလီတာနို၏ တာဝန်ပေးအပ်ခြင်း ခံခဲ့ရသည်။ သို့သော် ပါတီခေါင်းဆောင်နှစ်ဦး အစိုးရဖွဲ့ရန် ကြိုးစားခဲ့သော်လည်း မအောင်မြင်ခဲ့ဘဲ ရွေးကောက်ပွဲအနိုင်ရပါတီအကျိုးအတွက်ထောက်ရှု၍ ဒုတိယအတွင်းရေးမှူး မစ္စတာလက်တာ အပါအဝင် ဒီမိုကရက်တစ်ပါတီ ခေါင်းဆောင်ပိုင်းအားလုံး နုတ်ထွက်ခဲ့သည်။

သို့သော် သမ္မတဂျီယာဂျီယိုနာပိုလီတာနိုက အစိုးရအသစ်တစ်ရပ်ဖွဲ့စည်းရန် မစ္စတာလက်တာအား ခေါ်ယူတာဝန်ပေးအပ်ခဲ့သည်။ မစ္စတာအင်ရီကိုလက်တာက ယင်းတာဝန်ကို လက်ခံပြီး ညွန့်ပေါင်းအစိုးရသစ်ကို ဦးဆောင်ရန် သဘောတူညီခဲ့ကာ နောက်တစ်နေ့တွင် ၎င်း၏အစိုးရအဖွဲ့ ဝန်ကြီးစာရင်းကို ကြေညာနိုင်ခဲ့သည်။

မစ္စတာအင်ရီကိုလက်တာသည် ဇနီးသည် ဂျီယန်နာ ဖရီဂိုနာရာနှင့် သားသမီးသုံးဦး ထွန်းကားထားသည်။

*—Ref: Wikipedia*


# ရွှေပိတောက် အထူးကုဆေးရုံ

**အမျိုးသား မျိုးပွားအင်္ဂါနှင့် ပတ်သက်၍ နောက်ဆုံးပေါ် ဆေးဝါးကုသရေးနည်းပညာရပ် (၈) မျိုး**

၁။ လျှပ်စစ်ဓါတ်ကို အသုံးပြု၍ ဆီးကြိတ်ရောဂါ ကုသသော နည်းပညာ
–ဆီးကြိတ်ရောဂါကို တစ်ကြိမ်တည်းဖြင့် သက်သာ ပျောက်ကင်းအောင် ကုသပေးပါသည်။
၂။ အမေရိကန်နိုင်ငံမှ **superconducting microwave** နည်းပညာ
၃။ ဩစတေးလျနိုင်ငံမှ **CH-2 ultrashort wave** နည်းပညာဖြင့်သာ ...
၄။ ဆီးကြိတ်ဆေးကြောသန့်စင်သောနည်းပညာ
၅။ ...
၆။ **ED**...
၇။ ...
၈။ ...

**အမျိုးသား မျိုးပွားအင်္ဂါနှင့် ပတ်သက်သောရောဂါအမျိုးမျိုး**

... (HPV) ...

**အမျိုးသမီး မီးယပ်ရောဂါအမျိုးမျိုး**

... (HPV) ...

**စအို၊ အူမကြီးအောက်ပိုင်းရောဂါအမျိုးမျိုး**

...

ရွှေပိတောက်ဆေးရုံသည် အမေရိကန်နိုင်ငံမှ ခေတ်မီသော **PPH** ...



လူကြီးမင်းတို့၏ကျန်းမာရေးအတွက် ရွှေပိတောက်ဆေးရုံမှ တာဝန်ယူပါရစေ။ ...

အမှတ် ၃၄/၃၅ ၊ ရွှေပိတောက်ရိပ်မွန် ၊ ဘုရင့်နောင်လမ်း ၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

Hot Line - 01 515202

7 DAY NEWS JOURNAL
Vol.12, No.9 • MAY 8 , 2013

## 7DAY BOOK REVIEW





### သရဏဂုံအစွမ်းအံ့မခန်း
(မေတ္တာရှင် - ရွှေပြည်သာ)

ဗုဒ္ဓဘာသာဝင်တိုင်း ပထဆုံး ရွတ်ဆိုရသည်မှာ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံဂစ္ဆာမိ ဟူသော သရဏဂုံ သုံးပါးပင် ဖြစ်ပါသည်။ သရဏဂုံ သုံးပါးကို ဆောက်တည်ခံယူလိုက် မှပင် ဗုဒ္ဓဘာသာဝင်တစ်ယောက် ဖြစ်လာပါသည်။ ထိုကြောင့်လည်း ဗုဒ္ဓဘာသာဝင်မိဘများကပီဘိကလေးအရွယ်မှာပင် သားသမီး များအား သရဏဂုံသုံးပါးကိုနှုတ်တိုက်ချ၍ သင်ပေးခဲ့ကြသည်။ သရဏဂုံပီပီသသ ရွတ်ဆိုတတ်သည့် အရွယ်ရောက်ပြီဆိုလျှင် သရဏဂုံသုံးပါးကိုပီပီ သသ ရွတ်ဆိုစေတော့သည်။ ထိုမှ ဗုဒ္ဓဘာ သာဝင် ကလေးများဖြစ်လာသည်။ ထိုမှ သာသနာအမွေခံယူပွဲ ဟုခေါ် သည့် ပဗ္ဗဇ္ဇိတအမွေရှင်သာ မဏောပြုပွဲများ ကျင်းပချိန်တွင် သရဏဂုံကိုပီပီသသဥ္စာန်ကရိုဏ်းကျကျရွတ်ဆိုတတ်မှသာ သာမဏေအဖြစ်ကို ရောက်ရသည်ဟု သတ်မှတ်ကြသည်။ ထို့ကြောင့် သရဏဂုံ သည် ဗုဒ္ဓဘာသာဝင်များအတွက် အရေးအကြီးဆုံး နှင့် အဓိကအကျဆုံးအရာဖြစ်သည်။

ဆရာတော် အရှင်ဇဝန (မေတ္တာရှင်-ရွှေပြည်သာ)၏ သရဏဂုံနှင့်ပတ်သက်သည့်ဖြစ်ရပ်မှန် ဇာတ်လမ်းများကို ပြည်မိုးက ဇာတ်ညွှန်းခွဲထားပြီး ပန်းချီအောင်ကြောင်းဖြာက ရေးဆွဲထားသည့် ရောင်စုံရုပ်ပြကာတွန်းစာအုပ်ထွက်ရှိလာသည်။ ကတ္တူဖုံးနှင့် သေသပ်လှပသောစာအုပ်ဖြစ်ရုံသာမက သရဏဂုံနှင့် ပတ်သက်သော ဖြစ်ရပ်မှန် ဇာတ်လမ်းများကို ဗဟုသုတရဖွယ်ရေးဆွဲဖော်ပြထား၍ စာဖတ်သူများ ကျေနပ်အားရနိုင်မည့် စာအုပ်တစ်အုပ်ဖြစ်သည်။

ရွှေပြည်သာစာပေနှင့် နဂါးပျံစာပေတို့ကထုတ်ဝေဖြန့်ချိသည်။




### ဘားမားခရိုနီကယ်
(ဘာသာပြန် မြေမှုန်လွင်)

ငါတို့စာပေမှ မြေမှုန်လွင် ဘာသာပြန်သည့် ဘားမားခရိုနီကယ်ဟူသော ရုပ်ပြကာတွန်းစာအုပ်ထွက်ရှိလာသည်။ ရုပ်ပြကာတွန်းဆိုသည်နှင့် ကလေးများဖတ်ဖို့ဟုသာ စွဲမှတ်ထားသော မြန်မာ့လူ့အဖွဲ့အစည်းအတွက် လူကြီးများဖတ်ဖို့ ကာတွန်းစာအုပ်ကောင်းတစ်အုပ် ထွက်ပေါ်လာခြင်းလည်း ဖြစ် သည်။မဂ္ဂဇင်းဂျာနယ်များပေါ်တွင် နိုင်ငံရေးတစ်ကွက် ကာတွန်းများ ခေတ်စားနေချိန်တွင် ရှားပါးလှသော လုံးချင်းရုပ်ပြကာတွန်းအမျိုးအစားလည်း ဖြစ်သည်။ ၂၀၀၈ ခုနှစ်တွင် အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေသည့် Burma Chronicles ကို မြန်မာဘာသာသို့ ပြန်ဆိုထားခြင်း ဖြစ်သည်။ မူရင်းရေးဆွဲသူမှာ Guy Delisle ဖြစ်ပြီး ပြင်သစ်လူမျိုး ဖြစ်သည်။ ဇနီးဖြစ်သူ နယ်စည်းမခြား ဆရာဝန်၏ တာဝန်ကျရာမြန်မာနိုင်ငံသို့လိုက်ပါလာရင်း မြန်မာနိုင်ငံတွင် တွေ့ကြုံဖြတ်သန်းခဲ့ရသည်များကို ကာတွန်းဖြင့် မှတ်တမ်းတင်ထားခြင်း ဖြစ်သည်။

ဤစာအုပ်တွင် ဂွာတီမာလာ၊ ဗမာပြည်မှ စွန့်စားခန်းများ၊ နိုဗယ်ဆုရှင်၊ တရုတ်မင်၊ တပ်မတော်နေ့၊ အာဏာရှင်နိုင်ငံများ စသည်စသည်ခေါင်းစဉ်ငယ်လေး များခွဲကာ စိတ်ဝင်စားဖွယ်ရေးဆွဲထားသည်။ ထိုရုပ်ပြကာတွန်း စာအုပ်ကို ဖတ်ကြည့်နေစဉ်မှာပင် ကာတွန်းဖတ်ရသည်နှင့် မတူတော့ဘဲ ရုပ်ရှင်ကားတစ်ကားကို ကြည့်ရှုနေရသလို စာဖတ်သူကို ဆွဲခေါ် သွားမည်ဖြစ်သည်။ မြန်မာ့နိုင်ငံရေး၊ ဘာသာရေး၊ လူမှုစီးပွားရေး စသည် ကဏ္ဍအစုံကို သူတွေ့ကြုံထင်မြင်သည့် အမြင်များဖြင့် ရေးဆွဲထားခြင်းဖြစ်ရာ စာဖတ်သူများ ကျေနပ်အားရမှုရရှိမည်ဟု ယူဆမိသည်။ ငါတို့စာပေက တန်ဖိုး ၃,၅၀၀ ကျပ်ဖြင့်ထုတ်ဝေသည်။

## Knowledge ဗဟုသုတ

### တစ်နိုင်ငံလုံးအနီရောင်ဝတ်ရေးနေ့ကိုသိလား

တစ်နိုင်ငံလုံးအနီရောင်ဝတ်ရေးနေ့ National Wear Red Day ဆိုသည်မှာ နှလုံးရောဂါဖြစ်ပွားမှုကို တားဆီးနိုင်ရန်အတွက် သတိပြုထောက်ခံသောအားဖြင့် နှစ်စဉ်ဖေဖော်ဝါရီလ၏နေ့တစ်နေ့တွင် လူအများစုက အနီရောင်အဝတ်အစားများဝတ်ဆင်ကြသောနေ့ကိုခေါ်ခြင်းဖြစ်သည်။ အမေရိကန်တွင် အမျိုးသမီးများအတွက် နိုင်ငံလုံးချီ၍ နှလုံးရောဂါဖြစ်ပွားကြောင်း သတိရှိစေရန် အသိပညာပေးနှိုးဆော်မှုကို အမေရိကန် ကျန်းမာရေးဌာန၏ National Heart Lung and Blood Institute the National Institutes of Healthတို့က ပူးပေါင်းလုပ်ဆောင်၍ ဖေဖော်ဝါရီလ ပထမဆုံးသောကြာနေ့တွင် အနီရောင်အဝတ်အစားများ ဝတ်ဆင်ကာ နှလုံးရောဂါသည် အမျိုးသမီးတို့အတွက် နံပါတ်တစ် သတိထားစရာဖြစ်ကြောင်း လှုံ့ဆော်လေ့ရှိသည်။ လူအများအနီရောင်အဝတ်အစားများဝတ်ဆင်၍ ဆင်နွှဲသော National Wear Red Dayကို အမေရိကန်တွင် ၂၀၁၂မှစတင်ခဲ့သည်။ ဗြိတိန်တွင်မူ အနီရောင်ဝတ်ရေးနေ့ကို နှစ်စဉ်ဖေဖော်ဝါရီလ၏ ၂၆ ရက်အဖြစ်သတ်မှတ်ပြီး ဗြိတိန်သျှနှလုံးဖောင်းဒေးရှင်း British Heart Foundation က ဦးဆောင်ကျင်းပလေ့ရှိသည်။

—Source: Wikipedia

## တစ်ပတ်တာကံကြမ္မာ

မေ ၈ မှ ၁၄ ရက်အထိ

စံအာကီဘို

### ARIES — မိဿရာသီဖွား (မတ်၂၁ - ဧပြီ၂၀)

စန်းပွင့်မည်။ ရည်မှန်းချက်အောင်မြင်မည်။ ငွေဝင်မည်။ ပေါ်လာသည့် အခွင့်အလမ်းနှင့် အခြေအနေများကို စနစ်တကျသုံးသပ်ကာ လက်တွေ့အသုံးချ၍ အောင်မြင်မှုများရယူပါ။ ဥစ္စာစီးပွားကံ တိုးတက်မှုများဖြစ်ထွန်းမည်။ ပြတ်တောက်နေသော အဆက်အသွယ်များနှင့် ပြန်လည်ချိတ်ဆက်မိမည်။ လုပ်အားကြောင့်သာမက ကံကြောင့်ပါ ငွေဝင်မည်။ မထင်မှတ်ထားသောကိစ္စများမှ အဆင်ပြေမည်။

### TAURUS — ပြိဿရာသီဖွား (ဧပြီ၂၁ - မေ၂၁)

စိတ်အနှောင့်အယှက်များကြုံမည်။ နာရေးကိစ္စ၊ လူမှုရေးကိစ္စများအတွက် အချိန်ပေးနေရမည်။ ကိုယ်နှင့်ပတ်သက်သည့် ဝန်းကျင်အတွင်း ချူချာသူများ တစ်ဦးပြီးတစ်ဦးပေါ်မည်။ ဆွေမျိုးမကင်းသူထဲမှဖြစ်စေ၊ မိတ်ဆွေရင်းထဲမှဖြစ်စေ နာရေးကိစ္စကြုံက လူမှုရေးကူညီမှုများ မပျက်ကွက်သင့်ပါ။ ငွေကြေးရင်းနှီးမြှုပ်နှံမှုများတွင် တွက်ဆမှားယွင်း၍ အရှုံးပေါ်တတ်သည်။ ငွေလက်လွှန်တတ်သည်။ အချစ်ရေးအညံ့ရှိသည်။

### GEMINI — မေထုန်ရာသီဖွား (မေ ၂၂ - ဇွန် ၂၁)

ရန်အားလုံး အောင်မြင်မည်။ ငွေကြေးကံအထူးကောင်းသည်။ မထင်မှတ်ထားသည့် ကိစ္စများမှ ထင်ရှားထူးခြားသည့် တိုတက်မှုများရမည်။ နေအိမ်နေရာ၊ လုပ်ငန်းနေရာများတွင် အပြောင်းအလဲနှင့် တိုးတက်မှုများ ခိုင်မာစွာရရှိမည်။ အင်္ဂါနံ စက်ပစ္စည်း၊ လျှပ်စစ်ပစ္စည်းများ ပျက်ယွင်းတတ်သည်။ ရွှေချယ်ရန် အခွင့်အရေး နှစ်မျိုး တစ်ပြိုင်နက်တည်းပေါ်မည်။ စိတ်ကူးသစ်များ လက်တွေ့အကောင်အထည်ဖော်နိုင်မည်။

### CANCER — ကရကဋ်ရာသီဖွား (ဇွန် ၂၂ - ဇူလိုင် ၂၂)

အတိုက်အခံများနှင့် ထိပ်တိုက်တွေ့မည်။ စာရွက်စာတမ်းကိစ္စ ငွေကြေးကိစ္စများ သတိနှင့်ဆောင်ရွက်ပါ။ စေတနာ ဝေဒနာဖြစ်တတ်သည်။ သူများပြဿနာ ကိုယ့်ပြဿနာဖြစ်တတ်သည်။ အဖိုးထိုက် အဖိုးတန်ပစ္စည်းများ ဝယ်ယူက အထူးသတိရှိရမည်။ ရောင်းမှားဝယ်မှားဖြစ်တတ်သည်။ ကျန်းမာရေး အနည်းငယ်ချူချာမည်။ ငွေမမြဲ။ ငွေကြေးကိစ္စအတွက် စကားများရတတ်သည်။

### LEO — သိဟ်ရာသီဖွား (ဇူလိုင်၂၃ - ဩဂုတ်၂၃)

ပညာသင်ကြားသူများ ပညာရေးကံကောင်းမည်။ မိမိဆောင်ရွက်ထားသမျှ ထူးထူးခြားခြားအောင်မြင်နိုင်သည်။ မိသားစုတွင် အလုပ်အကိုင်၊ စီးပွားကံ အထူးကံကောင်းသည်။ သို့သော် မကြာခဏ စကားများရခြင်း၊ ပဋိပက္ခဖြစ်ခြင်းကြုံမည်။ ဘဝတိုးတက်ခြင်း၊ အလုပ်အကြံအောင်ခြင်း၊ ငွေကြေးကံကောင်းခြင်းဖြစ်ပေါ်မည်။ သူတစ်ပါးကြောင့် ဖြစ်ပေါ်နေသော ပြဿနာများ ကင်းစင်သွားမည်။

### VIRGO — ကန်ရာသီဖွား (ဩဂုတ်၂၄ - စက်တင်ဘာ၂၂)

လက်လွှန်ထားသည်များ ပြန်ရမည်။ စာရွက်စာတမ်းကိစ္စ စကားပြောဆိုမှု အောင်မြင်မည်။ ရုံးရောက်၊ ဂတ်ရောက်ကိစ္စများ အာမခံပေးရတတ်သည်။ ကြားဝင်ကူညီရတတ်သည်။ စီမံချက်သစ်များ၊ ရည်ရွယ်ချက်သစ်များ အကောင်အထည်ဖော်နိုင်လိမ့်မည်။ ကြန့်ကြာမှုများကိုလည်း ကျော်လွှားနိုင်မည်။ အပြိုင်အဆိုင်အနှောင့်အယှက်များ ဂရုစိုက်ပါ။ မြုပ်နေသောငွေများ ပြန်ပေါ်မည်။

### LIBRA — တူရာသီဖွား (စက်တင်ဘာ၂၃ - အောက်တိုဘာ၂၃)

ငွေမမြဲ။ ငွေကြေးကိစ္စအတွက် စကားများရတတ်သည်။ သူတစ်ပါးအတွက် စိတ်ရှုပ်ထွေးရခြင်း၊ ငွေကုန်များခြင်းများရှိတတ်သည်။ မိမိအပေါ် အကြိမ်ကြိမ် လိမ်ညာသူကပင် ထပ်မံ၍ ငွေကြေးရယူတတ်သည်။ မိသားစု မောင်နှမသားချင်းအတွက် စိတ်ပင်ပန်း၍ ငွေကုန်များတတ်သည်။ အိမ်တွင် မကြာခဏစကားများရမည်။ အိမ်တွင်းရေး ပဋိပက္ခများရှိမည်။ ကျန်းမာရေးဂရုစိုက်ပါ။ မတော်တဆထိရှမှု အန္တရာယ်ဖြစ်တတ်သည်။

### SCORPIO — ဗြိစ္ဆာရာသီဖွား (အောက်တိုဘာ၂၄ - နိုဝင်ဘာ၂၂)

လုပ်ငန်းကံကောင်းသည်။ လုပ်ငန်းခွင်အတွင်း ဆက်ဆံရသော သူအပြောင်းအလဲကြုံမည်။ ငွေကြေးရေးရာများတွင် ရှုပ်ရှုပ်ထွေးထွေးဖြစ်တတ်သည်။ သတိထားပါ။ ပျိုရွယ်သူလူလွတ်များအဖို့ အိမ်ထောင်ရေးကိစ္စများ စီစဉ်ဆောင်ရွက်ရမည်။ ကောင်းသောမင်္ဂလာများ ဖြစ်ထွန်းမည်။ စုပေါင်းလုပ်ငန်းအကျိုးပေးမည်။ စပ်တူလုပ်ငန်း၊ တွဲဖက်ဆောင်ရွက်ရန် ကမ်းလှမ်းလာပါက လက်ခံနိုင်သည်။

### SAGITTARUS — ဓနုရာသီဖွား (နိုဝင်ဘာ၂၃ - ဒီဇင်ဘာ၂၁)

မိမိအကျိုးလိုလားသော သူများနှင့်တွေ့မည်။ ပညာရေးကိစ္စဆောင်ရွက်နေသူများအဖို့ ထူးချွန်ထက်မြက်မည်။ လုပ်ငန်းတိုးတက်မည်။ စုပေါင်းလုပ်ငန်းအကျိုးပေးသည်။ အပြိုင်အတိုက်အခံများကြားမှ တိုးတက်မည်။ ငွေကြေးကံကောင်းမည်။ မိတ်ဆွေအကြီးအကဲများထံမှ အထောက်အကူရမည်။ မထင်မှတ်ဘဲ သွားလိုက်သောခရီးမှ ထူးခြားသော အကျိုးဆက်ကောင်းများ ရရှိမည်။ ဥစ္စာတိုးပွားမည်။

### CAPRICORN — မကာရရာသီဖွား (ဒီဇင်ဘာ၂၂ - ဇန်နဝါရီ၂၀)

အထူးကောင်းသော ကာလဖြစ်သည်။ ဘဝတိုးတက်မည်။ ရည်ရွယ်ချက်အောင်မြင်မည်။ အလိုရှိရာ ပြည့်စုံမည်။ ခက်ခဲသောပြဿနာများ ဖြေရှင်းနိုင်မည်။ ခြံမြေနေရာထိုင်ခင်းကိစ္စ စကားပြောဆိုမှု အောင်မြင်မည်။ အိုးအိမ်နေရာထိုင်ခင်း ပြုပြင်ပြောင်းလဲခြင်းများ ဆောင်ရွက်နိုင်မည်။ ကာလအတန်ကြာ နှောင့်နှေးနေသောကိစ္စများကို အပြီးသတ်ဆောင်ရွက်နိုင်မည်။ မေတ္တာရေးကံကောင်းမည်။

### AQUARIUS — ကုမ်ရာသီဖွား (ဇန်နဝါရီ၂၁ - ဖေဖော်ဝါရီ၁၈)

မေတ္တာရေးကံကောင်းသည်။ ၅၂၈-၁၅၀၀ မေတ္တာရေးကံနှစ်မျိုးလုံးကောင်းသည်။ အရွယ်ရောက်သူ လူလွတ်များအဖို့ အိမ်ထောင်ရေးကိစ္စများတွင် ဆုံးဖြတ်ရန်ကောင်းသည်။ ကာလအတန်ကြာ ပြတ်တောက်နေသော အဆက်အသွယ်များနှင့် ပြန်လည်ချိတ်ဆက်မိမည်။ မိသားစုဥစ္စာဓနတိုးပွားမည်။ ပြန့်ကြဲနေသောငွေများ ပြန်လည်စုစည်းရမည်။ မြုပ်နေသော ငွေများ ပြန်ပေါ်မည်။ မတော်တဆထိခိုက်တတ်သည်။

### PISCES — မိန်ရာသီဖွား (ဖေဖော်ဝါရီ၁၉ - မတ်၂၀)

ဘက်စုံကောင်းသည်။ ဆောင်ရွက်သမျှအောင်မြင်မည်။ ပစ္စည်းပျောက်တတ်သည်။ အဖိုးတန်သောပစ္စည်းများ လုံခြုံစွာထိန်းသိမ်းပါ။ အိမ်အနီးအပါး သူခိုးကပ်တတ်သည်။ နေအိမ်အပြောင်းအရွှေ့စီစဉ်သူများအဖို့ အလိုရှိရာ အောင်မြင်မည်။ အိမ်သစ်၌ အကျိုးစီးပွားဖြစ်ထွန်းမည်။ ခြံ၊ ကား၊ အခန်းကိစ္စများ စကားပြောဆိုမှု အောင်မြင်မည်။ ပညာအတတ်နှင့် ပတ်သက်၍ ကောင်းကျိုးပေးမည်။ ရပ်ဝေးမှ ကောင်းသတင်း ကြားရမည်။

7 DAY NEWS JOURNAL
Vol.12, No.9 • MAY 8 , 2013

# ရွှေတွင်းပြို၍ သေဆုံးသွားသည့် တွင်းလုပ်သားများအနက် လေးဦးကို ကုမ္ပဏီ လျော်ကြေးပေးမည်

**အောင်သစ်လွင်**

**ရန်ကုန်၊ မေ -၅**

တာဝန်ထမ်းဆောင်စဉ် သေဆုံးသွားသော ရွှေတွင်းလုပ်သားများအတွက် အာရှကမ္ဘာမြေကုမ္ပဏီက ကရုဏာကြေးများပေးအပ်ပြီးဖြစ်ကြောင်း ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ကလောမြို့တွင် မေ ၂ ရက်ညက မိုးသည်းထန်စွာရွာသွန်း၍ ရွှေတွင်းပြိုကျခြင်း၊ သစ်ပင်ပိမိခြင်းတို့ဖြစ်ပွားသောကြောင့်အာရှကမ္ဘာမြေ ရွှေနှင့် သတ္တုတူးဖော်ရေးလုပ်ကွက်လုပ်သား ၁၆ ဦး သေဆုံးသွားသော်လည်း ကုမ္ပဏီဝန်ထမ်းမှာလေးဦး သာဖြစ်ပြီး ကျန်သေဆုံးသူ ၁၂ ဦးမှာ ကုမ္ပဏီနှင့် အကျိုးတူလုပ်ကိုင်သောကန်ထရိုက်တာများမှ နေ့စားခေါ် ယူထားသည့် လုပ်သားများနှင့် အလုပ်သမားတန်းလျားတွင် အိပ်ပျော်နေစဉ် သစ်ပင်ပိ၍ သေဆုံးသွားသည့် ဈေးသည်များဖြစ်ကြောင်း၊ ဝန်ထမ်းလေးဦးအတွက် ကနဦးကရုဏာကြေး အဖြစ် တပ်မတော်မှ သူရဘွဲ့ဖြင့် အငြိမ်းစားယူထားသော လုံခြုံရေးအရာရှိတစ်ဦးအတွက် ငွေကျပ်သိန်း ၂၀ နှင့် ကျန်ဝန်ထမ်းသုံးယောက်မှာ အထွေထွေလုပ်သားများဖြစ်ပြီး ကျန်ရစ်သူမိသားစုများသို့ ကျပ် သိန်း ၁၀ စီပေးအပ်ခဲ့ကြောင်း ကုမ္ပဏီ၏ ဆက်ဆံရေးအရာရှိ ဦးသန့်ဇင်က ပြောသည်။


"ကနဦးကရုဏာကြေးအဖြစ် သေဆုံးသူတွေနဲ့နာရေးကိုလာတဲ့ မိသားစုဝင်တွေကိုပေးအပ်ထားတာပါ။ လျော်ကြေးအနေနဲ့ ဘယ်လိုပေးမလဲဆိုတာကိုတော့ကုမ္ပဏီရဲ့ ဒါရိုက်တာအဖွဲ့ဝင်တွေ အစည်းအဝေးလုပ်ပြီး ဆုံးဖြတ်ပါလိမ့်မယ်"ဟု ၎င်းကပြောသည်။

ကုမ္ပဏီစည်းမျဉ်းစည်းကမ်းအရ တာဝန်ထမ်းဆောင်နေစဉ် သေဆုံးသွားသောဝန်ထမ်းများ၏ ရပိုင်ခွင့်အတွက် အလုပ်သမားဥပဒေနှင့်အညီ ဖြေရှင်းပေးရန် တာဝန်ရှိကြောင်း ရှမ်းပြည်နယ် သတ္တုတွင်းဝန်ကြီး ဦးစိုင်းအိုက်ပေါင်းက မေ ၄ ရက်တွင် ပြောသည်။

မေ ၂ ရက် ညက ကလောမြို့နယ်တွင်ဖြစ်ပေါ်ခဲ့သော သဘာဝဘေးအန္တရာယ်ကြောင့် အာရှကမ္ဘာမြေရွှေနှင့်သတ္တုတူးဖော်ရေးကုမ္ပဏီလုပ်ကွက်တွင် လုပ်ငန်းခွင်ဝင်နေသော အမျိုးသား ၁၃ ဦးနှင့် လာရောက်ဈေးရောင်းချသောမိသားစုမှ အမျိုးသမီး သုံးဦးသေဆုံးသွားပြီး သေဆုံးသူအမျိုးသမီးသုံးဦးတွင် နှစ်နှစ်ခွဲခြောက်လအရွယ်ကလေးငယ်တစ်ဦးလည်းပါဝင်ကြောင်း၊ အလုပ်သမားတစ်ရာကျော် ထိခိုက်ဒဏ်ရာရပြီး သုံးယောက်မှာ ကလောပြည်သူ့ဆေးရုံကြီး၌ အတွင်းလူနာအဖြစ် ကုသမှုခံယူနေရကြောင်း သတင်းရရှိသည်။

အာရှကမ္ဘာမြေရွှေနှင့်သတ္တုတူးဖော်ရေးကုမ္ပဏီသည် ၂၀၁၁ ခုနှစ်က အမှတ်(၁)သတ္တုတွင်းဝန်ကြီးဌာနနှင့် အကျိုးတူစာချုပ်ချုပ်ဆို၍ ဝန်ထမ်းအင်အား ၂၈၅ ဦးနှင့်လုပ်ကိုင်ခဲ့ပြီး ငါးနှစ်တာကာလအတွက် အစိုးရသို့ ရွှေ ၂ ဒသမ ၀၂၅ မက်ထရစ်တန် ပေးသွင်းရကြောင်း သိရသည်။

## JOKE



### မင်းကြောင့်

ရှေ့နေတစ်ဦးသည် သက်သေတစ်ယောက်ကို အချိန်ကြာမြင့်စွာအပြန်ပြန်အလှန်လှန်စစ်ဆေးမေးမြန်းနေရာမှ စကားကို ရုတ်တရက်ရပ်လိုက်ပြီး တရားသူကြီးအား . . .

"တရားသူကြီးမင်းခင်ဗျာ၊ ခုံသမာဓိဂျူရီလူကြီး တစ်ဦးအိပ်ပျော်နေတယ်ခင်ဗျာ"ဟုပြောလိုက်ရာတရားသူကြီးက "ခင်ဗျားကသူ့ကိုအိပ်ပျော်အောင် လုပ်လိုက်တာလေ။ ခင်ဗျားပဲ သူ့ကိုနှိုးလိုက်ပါ"ဟု ပြန်ပြောလေသည်။

### ဖော်မြူလာ

ဆရာမက ကျောင်းသားလေးဂျော်နီအား စာမေးနေသည်။

"ရေရဲ့ ဓာတုဗေဒ ဖော်မြူလာကိုပြောပါ ဂျော်နီ" ဂျော်နီက " ရေရဲ့ ဖော်မြူလာက HIJKLMNOပါဆရာမ" ဟုပြောရာ ဆရာမဖြစ်သူ စိတ်ရှုပ်သွားပြီး "ဘုရားရေ၊ ဂျော်နီ မင်းဘာတွေပြောနေတာလဲကွယ်"ဟု ဆိုရာ ဂျော်နီက "ဆရာမပဲ မနေ့ကပြောထားတယ်လေ၊ ရေရဲ့ ဖော်မြူလာက Hကနေ Oအထိဆို" ဟုပြန်ပြောပါတော့သည်။

(Water= $H_2O$)

# ဥက္ကံအကြမ်းဖက်မှုဖြစ်စဉ်တွင် ပါဝင်သည်ဟု ယူဆရသူ ၁၇ဦးကိုဆက်လက်စစ်ဆေး

**အောင်နိုင်**

**ရန်ကုန်၊မေ-၅**

ဧပြီ ၃၀ရက်ကဖြစ်ပွားခဲ့သော ဥက္ကံအကြမ်းဖက်မှု ဖြစ်စဉ်များတွင် ပါဝင်သည်ဟု ယူဆရသူ ၁၇ဦးကိုဆက်လက်စစ်ဆေးနေကြောင်း ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

ပါဝင်ပတ်သက်သူဟု ယူဆပြီး စစ်ဆေးခံသူ ၂၅ဦးတွင်စစ်ချက်မပေါ်ပေါက်၍ ရှစ်ဦးကို ခံဝန်ချက်ဖြင့် လွှတ်ပေးခဲ့ကြောင်း ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ အဆင့်မြင့်အရာရှိတစ်ဦးကပြောသည်။

"၂၅ယောက်မှာ ရှစ်ယောက် ပြန်လွှတ်လိုက်တယ်။ ကျန်တာ ဆက်စစ်နေတယ်။ သေတာကလည်း တစ်ယောက်ပဲသေတယ်။ တရားဝင်ထုတ်ပြန်ထားတယ်"ဟု အထက်ပါပုဂ္ဂိုလ်ကပြောသည်။

ဧပြီ ၃၀ရက်ကဖြစ်ပွားခဲ့သည့် အကြမ်းဖက်သူများမှာ ဆွမ်းခံကြွလာသောကိုရင်ငယ် တစ်ပါးအားအစ္စလာမ်ဘာသာဝင် အမျိုးသမီးတစ်ဦးက ဆိုင်ကယ်ဖြင့် ဝင်တိုက်မိရာမှ စတင်ခဲ့ခြင်းဖြစ်သည်။

ဥက္ကံရဲစခန်းတွင် ကျေးရွာသံဃနာယကဆရာတော်အပါအဝင် တာဝန်ရှိသူများ ညှိနှိုင်းပေးမှုကြောင့် ပြေလည်ခဲ့ပြီး ရဲစခန်းမှ ပြန်အထွက်တွင် အဆိုပါအမျိုးသမီးမိသားစုဝင်တစ်ဦးရန်တွေ့ကာ ပြောဆိုခဲ့ရာမှ အကြမ်းဖက်မှုများ စတင်ခဲ့ခြင်းဖြစ်ကြောင်း ဥက္ကံ ရဲတပ်ဖွဲ့စခန်းမှူး ရဲအုပ်စိုးမိုးနိုင်ကပြောသည်။

ဥက္ကံမြို့နှင့် အနီးပတ်ဝန်းကျင်ကျေးရွာအချို့တွင် မီးရှို့ပျက်စီးမှုများဖြစ်ပွားခဲ့ပြီးနောက် စုစုပေါင်းနေအိမ် အလုံး၁၃၀၊ ဆိုင်ခန်း ၂၄ခန်း ပျက်စီးခဲ့ကြောင်း၊ ဒဏ်ရာရရှိသူ ၁၀ဦးတွင် တစ်ဦး သေဆုံးခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့ကနိုင်ငံပိုင်သတင်းစာများမှ တစ်ဆင့်ထုတ်ပြန်ကြေညာခဲ့သည်။

လက်ရှိအချိန်တွင် ဥက္ကံမြို့အခြေအနေမှာ တည်ငြိမ်အေးချမ်းနေပြီး လုံခြုံရေးကိုလည်း အပြည့်အဝထားရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

အကြမ်းဖက်မှုဖြစ်စဉ်များတွင် ပါဝင်ပတ်သက်သူဟုယူဆရသူ ၁၇ဦးကိုပုဒ်မ ၁၀ခုဖြင့် ဆက်လက်စစ်ဆေးနေပြီး အစ္စလာမ်ဘာသာဝင်အမျိုးသမီး နှစ်ဦးကို ပုဒ်မ ၂၉၅/ ၂၉၅(က)၁၁၄အရအရေးယူထားကြောင်း ဥက္ကံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

**မွန်မြတ်ဆေးခန်း** မိသားစုဘဝ ကျန်းမာသုခ မွန်မြတ်ဆေးခန်း၊ အမှန်ယုံကြည်ရ

ဆေးခန်းသုံး တိုင်းရင်းဆေးများသာ

**ရန်ကုန်/မော်လမြိုင်**

လိပ်ခေါင်းရောဂါကုသခြင်း
- ဆေးကုသချိန်(၁၅)မိနစ်သာကြာပြီး နာကျင်မှုမရှိပါ။
- ဆေးရုံတက်ရန်နှင့် ခွဲစိတ်ရန်မလိုသည့် နောက်ဆုံးပေါ်ဆေးကို အသုံးပြုကုသမှုဖြစ်ပါသည်။

သွေးတိုးနှင့်ဆက်နွယ်သော နှလုံးရောဂါနှင့် သွေးထဲအဆီများသူများကုသခြင်း
-(၁)ရက်တစ်ကြိမ်သောက်သုံးခြင်းဖြင့် သွေးဖိအားကို (၂၄)နာရီ တည်ငြိမ်အောင် ထိန်းထားပေးနိုင်သည်။
-(၇)ရက်သောက်သုံးပါက ခေါင်းမူးခေါင်းကိုက်ခြင်း၊နားအူခြင်း၊နားလေထွက်ခြင်း၊မူးမော်ခြင်း၊စိတ်ဆိုးလွယ်ခြင်း စသည့်ရောဂါလက္ခဏာများကို ပယ်ရှားပေးသည်။
-(၆)လသောက်သုံးပါက နှလုံးနှင့်ဦးနှောက်သွေးကြောရောဂါပြဿနာများကို ဖြေရှင်းတားဆီးကာကွယ်ပေးပါသည်။

ဆီးချို၊ သွေးချိုရောဂါကုသခြင်း
- တစ်ကြိမ်လျှင် (တစ်လုံးမှ သုံးလုံး) တစ်နေ့တစ်ကြိမ်မှ နှစ်ကြိမ်သာသောက်သုံးရန်လိုအပ်ပြီး၊ အစားအသောက်အထူးရှောင်ရန်မလို၊ ပုံမှန်စားသောက်နိုင်ပါသည်။
- ဝေဒနာရှင်များသည် အခြေခံအားဖြင့် ဆေးကို (၆)လခန့်သောက်ပြီး လိုအပ်လျှင်အနိမ့်ဆုံးပမာဏကိုသာသောက်၍ ဆီးချို သွေးချိုနှင့် နောက်ဆက်တွဲရောဂါများကိုကာကွယ်နိုင်ပါသည်။

လိပ်စာ-အမှတ်(၅၅)၊ ဘုန်းကြီးလမ်း(အလယ်)၊ လမ်းမတော်မြို့နယ် ၊ ရန်ကုန်မြို့၊ ဖုန်း-၀၁ ၂၂၅၅၃၂၊ ၀၉ ၇၃၀ ၇၁၀၃၃
အမှတ်-၁၀၇(A)၊ အောက်လမ်းမကြီး၊ ရွှေတောင်ရပ်၊ မော်လမြိုင်။ ဖုန်း-၀၉ ၄၀၀ ၅၈၅၈၆၅

စာမျက်နှာ (၂၀) မှ

## စစ်တွေမြို့မှပြန်ခဲ့သော်လည်း. . . . .

ဒေသခံတွေအနေနဲ့ စိုက်ပျိုးရေးနဲ့ ကူးသန်းသွားလာရေးတွေကနည်းနည်း ခက်ခဲနေသေးတော့ ကမ္ဘာလှည့်ခရီးသည်တွေ ပုံမှန်အတိုင်း လာရောက်လည်ပတ်ဖို့ကိုပဲ မျှော်လင့်နေကြပါတယ်"ဟုမြောက်ဦးမြို့ရှိ ရှေးဟောင်းသုတေသနပြတိုက်မှ ဒုဦးစီးမှူး ဦးသိန်းထွန်းအောင်က ပြောပြပါသည်။

"အာဆီယံဒေသတွင်း တချို့နိုင်ငံတွေမှာဆိုရင် ဘာမှဟုတ်တိပတ်တိမရှိဘဲ ကမ္ဘာလှည့်တွေ လာချင်အောင် ဆွဲဆောင်မှုလုပ်ထားတော့ အရမ်းအလုပ်ဖြစ်တယ်"ဟု ပါမောက္ခဆရာမကြီးတစ်ဦးက ပြောပြပါသည်။ စာရေးသူတို့နိုင်ငံမှာဖြင့် ပင်ကိုအဖိုးတန်တွေ ရှိပါလျက်နှင့် အလုပ်ဖြစ်အောင် ဖန်တီးမပေးနိုင်တော့ ဒေသခံတွေအတွက်ရော၊ နိုင်ငံတော်အတွက်ပါ များစွာဆုံးရှုံးနစ်နာရပါသည်။

"ဘုန်းကြီးတို့ ကျောင်းတိုက်မှာ ရှေးဟောင်းရှားပါး ဗုဒ္ဓဆင်းတုတော် ပုံစံမျိုးစုံ၊ ဓာတ်တော်မျိုးစုံကို အစဉ်အဆက် ထိန်းသိမ်းထားပါတယ်။ အရင်တုန်းက အုပ်ချုပ်သူတွေက လာတောင်းတာ၊ လာယူသွားတာတွေလည်း ရှိခဲ့တယ်။ တချို့လည်း ခိုက်လို့ဆိုပြီး ပြန်လာပို့ပါတယ်။ ခုနောက်ပိုင်း မြန်မာပြည်အနှံ့က ပြည်တွင်းခရီးသွားတွေ အများကြီးလာကြပါတယ်။ ဒီကျောင်းတိုက်မှာက ဘယ်မှာမှ မတွေ့ရနိုင်တဲ့ ဗုဒ္ဓရုပ်ပွားတော်နဲ့ ဓာတ်တော်တွေပြသထားပါတယ်"ဟု စန္ဒမုနိပေါ်တော်မူ ဆုတောင်းပြည့်မဟာကျန်ဘုရားကြီး ကိန်းဝပ်ရာကျောင်းတိုက်မှ ဆရာတော်ကြီးက မိန့်ကြားပါသည်။

စာရေးသူကတော့ ဝေသာလီခေတ်၊ လေးမြို့ခေတ်၊ မြောက်ဦးခေတ်ဟု ထွန်းကားစည်ပင်ခဲ့သော မြောက်ဦးရှေးဟောင်းနယ်မြေအပြင် စစ်တွေ-ကျောက်တော်-မြောက်ဦး ကားလမ်းတစ်လျှောက်နှင့် ကစ္စပနဒီမြစ်ကမ်းရှိရခိုင်တိုင်းရင်းသား ကျေးရွာကလေးများကို စိတ်ဝင်စားနေမိပါသည်။ တစ်ချိန်ချိန်မှာဖြင့် အေးအေးဆေးဆေး သွားရောက် လည်ပတ်နိုင်လိမ့်မည်ဟုလည်း မျှော်လင့်မိပါသည်။

လက်ရှိမှာဖြင့် လူမျိုးရေးကိစ္စတွေ၊ နယ်မြေလုံခြုံရေးအနေအထားတွေကြောင့် အမြဲမပြတ်လုံခြုံရေးတာဝန်ယူနေရသောစစ်သားများ၊ ရဲတပ်ဖွဲ့ဝင်များကို စစ်တွေမြို့ပေါ် နေရာတော်တော်များများတွင် တွေ့နေရပါသည်။ ကမ္ဘာလှည့်ခရီးသွားများနှင့် စည်ကားနေရမည့် မြောက်ဦးဒေသမှာလည်း ခြောက်ကပ်နေပါသည်။ ဖွံ့ဖြိုးမှုအားနည်းလှသည်ဟုလည်း ထင်ပါသည်။ အချိန်ကြာလာလျှင် ရှိပြီးသားတန်ဖိုးတွေ လျော့နည်းကျဆင်းလာမှာကိုပင် စိုးရိမ်မိပါသည်။

ဤဒေသအကြောင်းကို ဒေသခံများကသာလျှင် အသိဆုံးဖြစ်ပါလိမ့်မည်။ သူတို့ကြုံတွေ့ခဲ့ရသော၊ ခံစားခဲ့ရသော အနေအထားများသည်သူတို့အတွက် မေ့ဖျောက်မရနိုင်သည်များလည်း ရှိနေကြောင်း သိရပါသည်။ ဘာပဲပြောပြော မြန်မာပြည်၏ အစိတ်အပိုင်းတစ်ခုလည်းဖြစ်၊ ရခိုင်တိုင်းရင်းသားများအတွက် ဘူမိနက်သန်လည်းဖြစ်သော ဤမြေ၊ ဤရေ၊ဤတော၊ဤတောင်အလှအပများသည်ပြည်ထောင်စု၏ အမွေအနှစ်များပင်ဖြစ်ပါသည်။ ဤဒေသတွင်ရှိသောပြည်ထောင်စုတိုင်းရင်းသားများ၏ အရေးကိစ္စသည်လည်း ပြည်ထောင်စု၏ အရေးကိစ္စပင် ဖြစ်ပါသည်။ လက်ရှိအချိန်အထိမပြီးပြတ်သေးသော ဖြေရှင်းစရာ ပုစ္ဆာများမှာ ဒေသခံများအတွက် အရေးကြီးသလို ပြည်ထောင်စုအတွက်လည်း များစွာအရေးပါပါသည်။

စစ်တွေမြို့၌တစ်လမျှနေပြီး ပြန်လာခဲ့ရသော်လည်း စာရေးသူ၏ စိတ်အတွေးအာရုံထဲမှာဖြင့် တွေ့ဆုံခဲ့ရသော ဒေသခံများ၏ ရင်တွင်းစကားများ၊ လူသိရှင်ကြားမဖြစ်ခဲ့သော ဖြစ်ရပ်မှန်များ၊ ရခိုင်တိုင်းရင်းသားများ၏ ရိုးရာဓလေ့နှင့် အမျိုးအနွယ်ကို ထိန်းသိမ်းစောင့်ရှောက်မှုများ၊ အဖိုးတန်သဘာဝလက်ဆောင်များ၊ နှစ်ပေါင်း ရာထောင်ချီ၍ တည်ရှိနေသော ယဉ်ကျေးမှုအမွေများ အားလုံးကို ဆက်စပ်မြင်ယောင်စဉ်းစားမိရင်း အနာဂတ်ကာလတွင် မည်သို့သော အဖြေများပေါ် ထွက်လာမည်ကို အမြန်ဆုံးသိလိုစိတ် ပြင်းပြနေပါတော့သည်။

Environment
7 DAY NEWS JOURNAL
Vol.12, No.9 • MAY 8 , 2013


# အာတိတ်ရေခဲလွှာပျောက်ဆုံးမှုကြောင့် ဖြစ်လာမည့် ရာသီဥတုအပြောင်းအလဲကို ပြင်ဆင်ထားရန်လို

**အိဖြူမွန်**

**ရန်ကုန်၊ မေ-၄**

မြန်မာအပါအဝင် အာဆီယံနိုင်ငံများအနေဖြင့် ၂၀၁၅ တွင် အာတိတ်ရေခဲလွှာများ ပျောက်ဆုံးမှုကြောင့် ဖြစ်ပေါ်လာမည့် ရာသီဥတုဖြစ်စဉ် မြန်ဆန်စွာပြောင်းလဲလာခြင်းအတွက်ပြင်ဆင်ထားသင့်ကြောင်း ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကျွမ်းကျင်ပညာရှင်က အကြံပြုသည်။

မြန်မာနိုင်ငံအပါအဝင် အရှေ့တောင်အာရှနိုင်ငံများသည် အခြားနိုင်ငံများထက် ရာသီဥတုပြောင်းလဲခြင်းကို ဆိုးရွားစွာခံစားရသော်လည်း ရင်ဆိုင်ပြင်ဆင်မှု အနည်းဆုံးနိုင်ငံများဖြစ်ကြောင်း၊ သိပ္ပံပညာရှင်များက အာတိတ်ဒေသရှိ ရေခဲလွှာများအရည်ပျော်ပျောက်ဆုံးမှုမှာ ယခင်ခန့်မှန်းမှုအချိန်ထက်ပိုမြန်ဆန်လာပြီး ၂၀၁၅ ခုနှစ်တွင် လုံးဝပျောက်ဆုံးသွားမည့်အခြေအနေနှင့်ကြုံတွေ့နေရကြောင်း၊ ရေခဲပြင်များပျောက်ဆုံးလာမှုကြောင့် မူလဖြစ်ပေါ်နေသော ရာသီဥတုပြောင်းလဲဖြစ်စဉ်များ ပြောင်းလဲလာမည်ဖြစ်ကြောင်း Greenpeace Southeast Asia မှ အမှုဆောင်ဒါရိုက်တာ




*၁၉၅၀ မှ ၂၀၅၀ ခုနှစ်အတွင်း ရေခဲအရည်ပျော်မှုကို ပြသထားသော သရုပ်ပြပုံ။*

မစ္စတာ Von Hernadez က ပြောသည်။

မြန်မာနိုင်ငံအနေဖြင့် ရာသီဥတုပြောင်းလဲခြင်းကို ရင်ဆိုင်ရန် အစိုးရအာဏာပိုင်များမှာ ယခုအချိန် စိတ်ဝင်စားမှုအားနည်းနေသေးကြောင်း၊ ရာသီဥတုဖြစ်စဉ်ကို စောင့်ကြည့်ရာတွင် မုတ်သုံဝင်ရောက်မှုသည် ယခင်နှစ်များထက် အဝင်နောက်ကျခြင်းနှင့် အထွက်စောခြင်းများကို ကြုံတွေ့နေရကြောင်း၊ ယခုနှစ် မေလတွင်လည်း မုတ်သုံ အဝင်သည် ယခင်နှစ်ထက်နောက်ကျမည်ဖြစ်ကြောင်း၊ ရာသီဥတုပြောင်းလဲခြင်းကို ရင်ဆိုင်ဖြေရှင်းရန် မပြင်ဆင်ထားပါက ဆင်းရဲမွဲတေခြင်းကိုတိုက်ဖျက်နိုင်မည်မဟုတ်ကြောင်း၊ မြန်မာနိုင်ငံတွင် လူဦးရေ ၇၀ ရာခိုင်နှုန်းနေထိုင်သော စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်နေသူ လယ်သမားများအတွက် ကြိုတင်ပြင်ဆင်မှုများပြုလုပ်သင့်ကြောင်း မိုးလေဝသနှင့် ဇလဗေဒပညာရှင်ဒေါက်တာထွန်းလွင်က ပြောသည်။

"အရင်သုံးနေတဲ့ မိုးလေဝသဆိုင်ရာစံနှုန်းသတ်မှတ်မှုတွေ အခုကတည်းကပြောင်းလဲ အသုံးပြုသင့်ပြီ"ဟု ဒေါက်တာထွန်းလွင်ကဆိုသည်။

မြန်မာနိုင်ငံအနေဖြင့် အခြားနိုင်ငံများကဲ့သို့(National Adaptation Programme of Action) ရာသီဥတုပြောင်းလဲခြင်းကို ရင်ဆိုင်နိုင်မည့် ကြိုတင်ပြင်ဆင်ထားခြင်း အစီရင်ခံစာပြီးစီးပြီဖြစ်၍ အဓိကဦးစားပေးအဖြစ် စိုက်ပျိုးရေးဆိုင်ရာကိစ္စရပ်များ ရင်ဆိုင်ရန်ကြိုတင်ပြင်ဆင်ထားကြောင်း၊ မိုးလေဝသဌာနအနေဖြင့် သတိပေးထုတ်ပြန်ချက်များကို အချိန်နှင့်တစ်ပြေးညီထုတ်လွှင့်သွားမည်ဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဟာရင်နိုက်တီ ယမ်းကပြောသည်။

"ပညာရှင်တွေက ဟောကိန်းတွေထုတ်တာတော့ ရှိပါတယ်။ ဒါပေမဲ့ အခု ၂၀၁၅ ဆိုတော့ နည်းသထက်နည်းလာတာပေါ့။ ကြောက်စရာတော့ပိုကောင်းပါတယ်။ ဒါပေမဲ့ အစိုးရအနေနဲ့ ကြိုတင်ပြင်ဆင်ထားတာတွေရှိပါတယ်"ဟုဒေါက်တာဟာရင်နိုက်တီယမ်းက ပြောသည်။

မြန်မာအစိုးရအနေဖြင့် နိုင်ငံတော်အဆင့်လုပ်ဆောင်မှုများကို ယခုအချိန်တွင် ဂရုတစိုက် ပြုလုပ်သင့်ကြောင်း၊ လုပ်ဆောင်ရန် မူဝါဒရေးရာများသတ်မှတ်ပြီး တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အားလုံးပါဝင်ရန်လိုအပ်ကြောင်းမြန်မာနိုင်ငံတွင်ကြုံတွေ့နေရသောရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ ထိခိုက်မှုဖြေရှင်းခြင်း အလုပ်ရုံ ဆွေးနွေးပွဲတက်ရောက်သူ အချို့က သုံးသပ်သည်။

နိုင်ငံပေါင်း ၂၄ နိုင်ငံမှ သိပ္ပံပညာရှင် ၈၀ ကျော်တို့ ပူးပေါင်းပြီး ရေခဲမှတ်ရာသီဥတုဆိုင်ရာအချက်အလက်များ၊ ရေကန်နှင့် သမုဒ္ဒရာအနည်ထိုင်မှုများ ရာသီ ဥတုဆိုင်ရာ သမိုင်းဝင်မှတ်တမ်းများကို လေ့လာ၍ ထုတ်ပြန်ထား သောကမ္ဘာ့ရာသီဥတုစစ်တမ်းအရ နှစ်ပေါင်း ၁,၄၀၀ အတွင်း (၁၉၇၁-၂၀၀၀)သည်ကမ္ဘာ့အပူပြင်းဆုံးနှစ်များဖြစ်ခဲ့သည်ဟု ဘူမိသိပ္ပံဂျာနယ်တွင် ဖော်ပြထားသည်။

# ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနခွဲ တိုင်းဒေသကြီး ငါးခုတွင်ဖွင့်မည်

**အိဖြူမွန်**

**ရန်ကုန်၊ မေ-၃**

မကြာမီက အသစ်ဖွဲ့စည်းလိုက်သော ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ရုံးခွဲများကို ပထမအဆင့်အနေဖြင့် တိုင်းဒေသကြီး ငါးခုတွင်ဖွင့်လှစ်မည်ဖြစ်ကြောင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနမှသတင်းရရှိသည်။

ယင်းရုံးခွဲများကို ရန်ကုန်၊ မန္တလေး၊ စစ်ကိုင်း၊ တနင်္သာရီနှင့် ဧရာဝတီတိုင်းဒေသကြီးများတွင် ပထမအဆင့်အဖြစ် ယခုနှစ်အတွင်း ဖွင့်လှစ်မည် ဖြစ်သည်။ ၂၀၁၄ ခုနှစ်တွင်ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးနှစ်ခုကို တိုးချဲ့ဖွင့်လှစ်မည် ဖြစ်သည်။

ဦးစီးဌာနရုံးခွဲများကို ပတ်ဝန်းကျင်ဆိုင်ရာ ကိစ္စရပ်များ အများဆုံးကြုံတွေ့နေရသည့် ဒေသများကိုရွေးချယ်ခြင်းဖြစ်သည်။ ရန်ကုန်တိုင်းဒေသကြီးတွင် သီလဝါစက်မှုဇုန် အပါအဝင် အခြားစက်မှုဇုန်များရှိပြီး မန္တလေးတိုင်းဒေသကြီးတွင်စက်မှုဇုန်များရှိခြင်း၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် လက်ပံတောင်းတောင်အပါအဝင် အခြားသတ္တုတူးဖော်ရေးလုပ်ငန်းရှိခြင်း၊ တနင်္သာရီတိုင်းဒေသကြီးတွင် ထားဝယ်ရေနက်ဆိပ်ကမ်းအပါအဝင် အခြားသတ္တုတူးဖော်ရေးလုပ်ငန်းများရှိခြင်းစသည့် အကြောင်းများကြောင့်ဖြစ်ကြောင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသည် ယခင်အမျိုးသားပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မရှင်မှ ၂၀၁၂ ခုနှစ်ကုန်ပိုင်းတွင် ဖွဲ့စည်းလိုက်ခြင်း ဖြစ်သည်။ တာဝန်ထမ်းဆောင်ရန် ဝန်ထမ်း အင်အား ၄၀၀ ခန့်လျာထားသော်လည်း ယခုအချိန်တွင် ၅၀ ကျော်သာ ခန့်ထားနိုင်သေးကြောင်း ဝန်ကြီးဌာနမှ သတင်းရရှိသည်။

# သံလွင်မြစ်ကြောင်းပြောင်းလဲမှုလေ့လာမည်

**အိဖြူမွန်**

**ရန်ကုန်၊ မေ-၃**

မြန်မာနိုင်ငံတွင် သံလွင်မြစ်ကြောင်းပြောင်းလဲမှုအပါအဝင် ဇီဝမျိုးစုံမျိုးကွဲများနှင့် ဂေဟဗေဒစနစ်များကို TERRA (Toward Ecological Recovery and Regional Alliance) အဖွဲ့က လေ့လာသုတေသနပြုလုပ်မည်ဟု သတင်းရရှိသည်။

ယခုနှစ်အတွင်း လေ့လာသုတေသန ပြုမည်ဖြစ်ပြီး အချိန်မည်မျှကြာမြင့်မည်ကို ပြောရန်ခက်ခဲကာ သံလွင်မြစ်ရေကြောင်းပြောင်းလဲမှုများ၊ ရေနေသတ္တဝါများ၊ အပင်မျိုးစိတ်များနှင့် မျက်စိနှင့်မမြင်ရသည့်ဇီဝမျိုးစိတ်များကို အသေးစိတ်လေ့လာသွားမည်ဖြစ်ပြီး သဘာဝသိပ္ပံကို အဓိကထားလေ့လာမည်ဖြစ်ကြောင်း လေ့လာရေးကို ပူးပေါင်းလုပ်ကိုင်မည့် မဲခေါင်ဂေဟဗေဒနှင့်စွမ်းအင်ကွန်ရက်မှ သုတေသနပညာရှင် ဒေါ်ပြည့်ပြည့်သန့်က ပြောသည်။

TERRA အဖွဲ့သည် မဲခေါင်ဒေသတွင်းနိုင်ငံများတွင်ကွန်ရက်များထားရှိပြီး သုတေသနလုပ်ငန်းအပါအဝင်ပတ်ဝန်းကျင်ဆိုင်ရာကိစ္စရပ်များ ပြုလုပ်ပေးနေသည့်အဖွဲ့ဖြစ်သည်။ သံလွင်မြစ်စတင်မြစ်ဖျားခံသည့်တရုတ်နိုင်ငံ ယူနန်ပြည်နယ်ရှိ သံလွင်မြစ်နှင့် ထိုင်းနိုင်ငံရှိ သံလွင်မြစ်ကြောင်းပြောင်းလဲမှုကို လေ့လာခဲ့ပြီးဖြစ်သည်။ မြန်မာနိုင်ငံကို ယခုနှစ်မှစတင်လာရောက်လေ့လာခြင်းဖြစ်သည်။ သံလွင်မြစ်သည် တရုတ်နိုင်ငံယူနန်ပြည်နယ်မှစတင်မြစ်ဖျားခံပြီး ထိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံတွင် ဖြတ်သန်းစီးဆင်းကာ ပင်လယ်ထဲသို့ စီးဝင်သည်။ တရုတ်နိုင်ငံသည် သံလွင်မြစ်ပေါ်တွင် ဆည်စီမံကိန်း ၁၂ ခုတည်ဆောက်ရန် စီစဉ်ထားပြီး မြန်မာနိုင်ငံသည် သံလွင်မြစ်ပေါ်တွင် ထိုင်းရင်းနှီးမြှုပ်နှံမှုဖြင့် ဆည်ခုနစ်ခု တည်ဆောက်ရန် လျာထားသည့် မြစ်တစ်စင်းဖြစ်သည်။

"ဆည်အကြောင်းလေ့လာမှာတော့ မဟုတ်ဘူး။ ဒါပေမဲ့ သံလွင်မြစ်အခြေအနေကတော့ ဒီဆည်တွေကြောင့်ပျက်စီးမှာတော့ သေချာတယ်။ ဆည်တွေမှာ သိုလှောင်ထားတဲ့ မိုးရေပမာဏများရင်ဆည်ကျိုးပေါက်မှုဖြစ်လာမယ်ဆိုတာတော့ သေချာတယ်။ ထိုင်းက သူ့နိုင်ငံမှာလာမလုပ်ဘဲ ဒီနိုင်ငံကို လာလုပ်တာက သံလွင်မြစ်နဲ့ ပတ်သက်ပြီးဥပဒေတွေကိုမလိုက်နာချင်လို့အခုလိုလုပ်တာ"ဟု သုတေသနပညာရှင် ဒေါ်ပြည့်ပြည့်သန့်က ပြောသည်။

သံလွင်မြစ်လေ့လာရေးမပြုလုပ်ခင်မေလ ၂၈ နှင့် ၂၉ ရက်များတွင်မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ရုံးတွင်ပြုလုပ်မည်ဖြစ်ပြီး လေ့လာရေးကိုမြန်မာပြန် ပြည့်မြဲစွမ်းအင်အသင်းမှအဏ္ဏဝါရေးရာကျွမ်းကျင်သူဦးအောင်မြင့်၊ မဲခေါင်ဒေသဂေဟဗေဒစနစ်လေ့လာရေးနှင့် စွမ်းအင်ကွန်ရက်မှ သုတေသနပညာရှင် ဒေါ်ပြည့်ပြည့်သန့်တို့ ပူးပေါင်းလုပ်မည်ဖြစ်သည်။



Tourism
7 DAY NEWS JOURNAL
Vol.12, No.9 • MAY 8 , 2013

# ပျူမြို့ဟောင်းသုံးမြို့ ထိန်းသိမ်းရန် ဝန်ထမ်း ၁၅၀ ကျော်ခန့်မည်

**အိမ့်ဖြူမွန်**

**ရန်ကုန်၊ မေ- ၄**

ကမ္ဘာ့အသိအမှတ်ပြု (ယူနက်စကို)စာရင်းတွင် တင်သွင်းထားသည့် ပျူမြို့တော်ဟောင်းသုံးမြို့ကို ထိန်းသိမ်းရန် ရုံးများသတ်မှတ်ပြီး ဝန်ထမ်းအင်အား ၁၅၀ကျော် အမြဲတမ်းခန့်ထားမည်ဖြစ်ကြောင်း ရှေးဟောင်းသုတေသန အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနမှ သတင်းရရှိသည်။

အမြဲတမ်းဝန်ထမ်းခန့်ထားရေးနှင့် ပျူမြို့တော်ဟောင်း ၃မြို့ယူနက်စကို အသိမှတ်ပြုရေးကိစ္စများ ဆောင်ရွက်ခြင်း၏ လုပ်ငန်းရလဒ်များ ဆွေးနွေးသည့်အစည်းအဝေးကို ယနေ့ နေ့လယ်တွင် နေပြည်တော်ယဉ်ကျေးမှု ဝန်ကြီးဌာန၌ ပြုလုပ်ခဲ့သည်။

ရုံးများကို ပျူမြို့တော်ဟောင်း သုံးမြို့နှင့်နီးစပ်သော နေရာဒေသများတွင် ရုံးခွဲများ ဖွင့်လှစ်ကာ ဌာနမှဝန်ထမ်းများနှင့် ထိန်းသိမ်းရေးစောင့်ရှောက်ရေး လုပ်ငန်းများလုပ်ကိုင်သွားမည်ဖြစ်ကြောင်း ရှေးဟောင်း သုတေသနအမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

"အရင်လုပ်နေတဲ့ဝန်ထမ်းတွေလည်းရှိတယ်။ အခုထပ်တိုးတဲ့ ဝန်ထမ်းတွေကို မေလဆန်းလောက်ကတည်းကစပြီး နေရာချထားပေးတော့မှာပါ"ဟု ရှေးဟောင်းသုတေသနအမျိုးသားပြတိုက်နှင့်စာကြည့်တိုက်ဦးစီးဌာန တာဝန်ရှိသူတစ်ဦးက ပြောသည်။

ယင်းပျူမြို့တော်ဟောင်းသုံးမြို့ကို ၂၀၁၂ခုနှစ်တွင် ယူနက်စကိုက ပမာဏစစ်ဆေးပြီး ယခုနှစ် မေလနှင့် ဇွန်လများ၌ နောက်ဆုံးစစ်ဆေးကာ ၂၀၁၄ ခုနှစ်တွင် ယူနက်စကိုက ထုတ်ပြန်မည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

သရေခေတ္တရာ၊ ဗိဿနိုးနှင့် ဟန်လင်းပျူမြို့တော်တို့ ရှိခဲ့သောနေရာမှာပြည်မြို့နယ်၊ တောင်တွင်းကြီးမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးဝက်လက်မြို့နယ်တို့တွင်တည်ရှိသည်။

# ဦးပိန်တံတားသို့ တိုက်ရိုက်ဝင်ရောက်နိုင်သော လမ်းသစ်ဖောက်မည်

**ညီညီဇော်**

**မန္တလေး၊ မေ – ၄**

ဦးပိန်တံတားနှင့် တောင်သမန်အင်းကို တိုက်ရိုက်ဝင်ရောက်နိုင်မည့် လမ်းမတစ်ခုမကြာမီ စတင်ဖောက်လုပ်မည်ဖြစ်ကြောင်း သတင်း ရရှိသည်။

"ခုမြေပေါ်တင်တဲ့ လုပ်ငန်း တွေစတော့မယ်။ ရေဝတီမြစ်ရေမတက်ခင်ပြီးအောင် လုပ်မယ်"ဟု မန္တလေးစည်ပင်လမ်းတံတားဌာနမှ တာဝန်ရှိသူတစ်ဦးက ဧပြီ ၂၉ရက်တွင် ပြောသည်။

ဦးပိန်တံတား အနောက်ထိပ်တောင်မင်းကြီးဘုရားအနီးမှ မယ်ဇယ်ပင်တန်းကိုဖြတ်ကာ စစ်ကိုင်း၊ မန္တလေးလမ်းပေါ်အထိ ဖောက်လုပ် မည်ဖြစ်ကြောင်း ၎င်းကပြောသည်။ ယင်းလမ်းဖောက်လုပ်ပြီးပါက စစ်ကိုင်း၊ မန္တလေးလမ်းမှ ဦးပိန်တံတားသို့ တိုက်ရိုက်ဝင်ရောက်နိုင်မည်ဖြစ်ပြီး ကုန်တင်ကားကြီးများကိုလည်း အမရပူရမြို့တွင်း မဖြတ်သန်းစေတော့ဘဲ ယင်းလမ်းကို တောင်သမန်ပတ်လမ်းမှတစ်ဆင့် မြို့လျှောက်လမ်းအဖြစ် အသုံးပြုမည်ဖြစ်ကြောင်း သတင်းရရှိသည်။

# ဧည့်လမ်းညွှန်အဖြစ်လုပ်ကိုင်နေသော နိုင်ငံခြားသားများကို အရေးယူမည်

**နိုင်ချို**

**ရန်ကုန်၊ မေ ၄**

နိုင်ငံခြားသားခရီးသွားအဖွဲ့ တာဝန်ခံများက ဧည့်လမ်းညွှန်အဖြစ် ဆောင်ရွက်နေခြင်းကို အရေးယူသွားမည်ဖြစ်ကြောင်း ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန၊ ဟိုတယ်နှင့်ခရီးသွား ညွှန်ကြားမှုဦးစီးဌာနက မေ ၄ ရက်တွင် သတင်းထုတ်ပြန်သည်။



ရွှေတိဂုံစေတီတော်သို့ နိုင်ငံခြားသားများ လာရောက်လေ့လာစဉ်

ဓာတ်ပုံ- ဂျေမောင်မောင် (အမရပူရ)

"ဒီအမိန့် ကြော်ငြာစာက ဒုတိယအကြိမ် ထပ်မံသတိပေးတာပါ။ အထူးသဖြင့်ကိုရီးယားခရီးသွားတွေကို ဝန်ဆောင်မှုပေးနေတဲ့ခရီးသွားကုမ္ပဏီတွေကို အဓိကထားစစ်ဆေးမှာပါ။ စိစစ်တွေ့ရှိရင် လိုင်စင်ပိတ်သိမ်းသည်အထိ အရေးယူဆောင်ရွက်သွားမှာပါ" ဟု ဟိုတယ်နှင့်ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာနမှတာဝန်ရှိသူတစ်ဦးက ပြောသည်။

ပြည်ပခရီးသွားများက ခရီးစဉ်ဝန်ဆောင်မှုပေးနေသောလိုင်စင်ရ ခရီးသွားကုမ္ပဏီများ၊ အထူးသဖြင့် ကိုရီးယားကမ္ဘာလှည့်ခရီးသည်များကို ခရီးစဉ်ဝန်ဆောင်မှုပေးသော ကုမ္ပဏီများအနေဖြင့် နိုင်ငံသားလိုင်စင်ရဧည့်လမ်းညွှန်များအား ငှားရမ်းခြင်းမပြုဘဲ နိုင်ငံခြားသား Tour Leaderများကို ဧည့်လမ်းညွှန်အဖြစ် လိုက်ပါပို့ဆောင်စေခြင်းမပြုလုပ်ရန်၊ ကုမ္ပဏီများ၏ခရီးစဉ်ပို့ဆောင်နေမှုများကိုစစ်ဆေးမှုများ ပြုလုပ်မည်ဖြစ်ပြီး လိုက်နာမှုမရှိပါက ကုမ္ပဏီလိုင်စင်ပိတ်သိမ်းသည်အထိ အရေးယူမည်ဖြစ်ကြောင်း ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာနက ယနေ့ထုတ်ပြန်ကြေညာခဲ့သည်။

"ဝန်ကြီးဌာနကနေ အခုလို အရေးယူဆောင်ရွက်မယ့် အပေါ် ကျွန်တော်တို့ ဧည့်လမ်းညွှန်တွေက ကြိုဆိုပါတယ်"ဟု ကိုရီးယားဧည့်လမ်းညွှန် ကိုယ်စားလှယ် ကိုသက်ဆွေအေးကပြောသည်။

မြန်မာနိုင်ငံတွင် တရားဝင်လိုင်စင်ရ မြန်မာနိုင်ငံသား ကိုရီးယားဧည့်လမ်းညွှန် ၂၁ဦးသာရှိပြီး နိုင်ငံသားပိုင် ခရီးသွားကုမ္ပဏီများ၊နိုင်ငံခြားသားနှင့် ဖက်စပ်လုပ်ကိုင်နေသောခရီးသွား ကုမ္ပဏီများမှာ နိုင်ငံခြားသား Tour Leader များကိုဧည့်လမ်းညွှန်အဖြစ် အသုံးမပြုဘဲ မြန်မာနိုင်ငံတွင် ရုံးခွဲဖွင့်လှစ်ထားသော ကိုရီးယားနိုင်ငံသားပိုင် ခရီးသွားလုပ်ငန်းအချို့က ထိုကဲ့သို့ပြုလုပ်နေခြင်းဖြစ်ကြောင်း ၎င်းကဆက်လက်ပြောသည်။

"ခရီးသွားဈေးကွက် ဒီလိုဖြစ်နေတာ ကိုရီးယားဈေးကွက်လောက်ပဲရှိတာ။ Tour Leader ဆိုတာဧည့်လမ်းညွှန်မဟုတ်ဘူး။ အာဆီယံမှာလည်း နိုင်ငံခြားသားဧည့်လမ်းညွှန်ကို လိုင်စင်မပေးဘူး"ဟု မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဈေးကွက်မြှင့်တင်ရေးကော်မတီဥက္ကဋ္ဌ ဦးဖြိုးဝေရာဇာကပြောသည်။

# အင်းလေးကန် ရေခန်းခြောက်မှုက ကမ္ဘာလှည့်ခရီးသွား ဆွဲဆောင်မှုအတွက် စိုးရိမ်စရာဖြစ်လာ

**နိုင်ချို**

**ရန်ကုန်၊ မေ – ၄**

နှစ်ငါးဆယ်သက်တမ်းတွင် အဆိုးရွားဆုံးအခြေအနေဖြင့် အင်းလေးကန် ရေခန်းခြောက်လာခြင်းကြောင့် ကမ္ဘာလှည့်ခရီးသွားများအား ဆွဲဆောင်နိုင်သည့် ခရီးစဉ်ဒေသ (Destination) တစ်ခုဆုံးရှုံးမည်ကို ခရီးသွားလုပ်ငန်းများက စိုးရိမ်နေကြောင်း သတင်းရရှိသည်။

"အင်းလေးကန်က ခရီးသွားလုပ်ငန်းရဲ့ အဓိကခရီးစဉ် ဒေသတစ်ခုပဲ။ ဖောင်တော်ဦးဘုရားတစ်ဝိုက်မှာ ရေခန်းခြောက်နေတာတွေက ခရီးစဉ်ဒေသရဲ့ (Tourist Attraction)ကို ထိခိုက်စေတယ်။ အင်းလေးကန်ပြုပြင်ထိန်းသိမ်းမှုကိုထိထိရောက်ရောက်လုပ်မယ်ဆိုရင် နောက်မကျသေးပါဘူး"ဟု မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ဈေးကွက်မြှင့်တင်ရေးကော်မတီဥက္ကဋ္ဌ ဦးဖြိုးဝေရာဇာက ပြောသည်။

အင်းလေးကန်သည် နိုင်ငံခြားခရီးသွားဧည့်သည်များကို ဆွဲဆောင်သော (Tourist Attraction)နေရာဖြစ်ပြီး မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအတွက် ဝင်ငွေရရှိသောနေရာတစ်ခုဖြစ်ကြောင်း ခရီးသွားလုပ်ငန်းရှင်အချို့က ဆိုသည်။

"အင်းလေးကန်ရေပေါ်ဈေးမှာဆိုရင် လှေနဲ့သွားတာ လှေကသောင်ပေါ် ခဏခဏတင်တယ်။ ဒါတွေက ခရီးသွားလုပ်ငန်းကို ထိခိုက်စေတယ်။ ကျွမ်းကျင်ပညာရှင်တွေနဲ့ ဒေသဆိုင်ရာ အစိုးရအဖွဲ့တွေက ထိထိရောက်ရောက် ဖြေရှင်းသင့်တယ်" ဟု မြန်မာနိုင်ငံဧည့်လမ်းညွှန်များအသင်း ပြန်ကြားရေးတာဝန်ခံ ကိုအောင်ထွန်းလင်းက ပြောသည်။

အင်းလေးကန် ရေခန်းခြောက်မှုမှာ နှစ်စဉ်နွေရာသီတွင် ဖြစ်ပေါ်နေကျဖြစ်သော်လည်း ယခုနှစ်ရေခန်းခြောက်မှုမှာ နှစ် ၅၀ သက်တမ်းတွင် အဆိုးဆုံးဖြစ်သည်ဟု အင်းလေးကန်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး လှုပ်ရှားသူတစ်ဦးက ပြောသည်။


"မြန်မာနိုင်ငံမှာ နိုင်ငံခြားသား ခရီးသွားတွေကို ဆွဲဆောင်မှုရှိတဲ့နေရာတွေ အများကြီးရှိတယ်။ ဒါတွေကို တန်ဖိုးထားသင့်တယ်။ တိုင်းပြည်ရဲ့ သယံဇာတတွေ မဆုံးရှုံးဘဲ စီးပွားရှာလို့ရတယ်။ တိုင်းပြည်မှာရှိတဲ့ တန်ဖိုးထားရမယ့်နေရာတွေကို ကမ္ဘာကသိအောင် ပြသင့်တဲ့အပြင် ဂရုတစိုက်ထိန်းသိမ်းသင့်တယ်" ဟု သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လှုပ်ရှားသူဒေါ်ဒေဝီသန့်စင်ကပြောသည်။

အင်းလေးဒေသတွင် ဟိုတယ်ဇုန်များအပြင်ကန်၏ရေဝင်ရေလဲဒေသများတွင် သစ်တောပြုန်းတီးမှုကြောင့်လည်းဖြစ်နိုင်ပြီး အင်းလေးကန်နှင့် ပတ်သက်သည့် ပြုပြင်ပြောင်းလဲမှုများကိုခရီးသွားလုပ်ငန်းများအနေဖြင့် ပူးပေါင်းလုပ်ဆောင်မည်ဟု ခရီးသွားလုပ်ငန်းရှင်အချို့ထံမှ သတင်းရရှိသည်။

7 DAY NEWS JOURNAL
Vol.12, No.9 • MAY 8 , 2013

# Cartoon




























7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.12, No.9 • MAY 8 , 2013

# “လိုအပ်သမျှ အရေးယူဆောင်ရွက်မှုတွေ အားလုံး လုပ်ထားပြီးပါပြီ”

## ဘင်္ဂလားဒေ့ရှ်ဝန်ကြီးချုပ် ရှိတ်ဟာဆီနာနှင့် ပြိုကျခဲ့သော ရှစ်ထပ်တိုက်အကြောင်း မေးမြန်းခြင်း

ကျော်မျိုး

ဘင်္ဂလားဒေ့ရှ်နိုင်ငံက ရာနာပလာဇာရှစ်ထပ်တိုက်ပြိုကျမှုဟာ ဒီတစ်ပတ်အတွင်း နိုင်ငံတကာသတင်းများမှာ လူသိအများဆုံးသတင်းတစ်ရပ် ဖြစ်ခဲ့ပါတယ်။ နောက်ဆုံးရရှိတဲ့ သတင်းများအရ အလုပ်သမား ထောင်ချီရှိတဲ့ အထည်ချုပ်စက်ရုံများပါ တည်ရှိနေတဲ့ ဒီရှစ်ထပ်တိုက်ပြိုကျမှုမှာ မေ ၄ ရက်အထိ သေဆုံးသူလူပေါင်း ၅၃၀ ကျော် သွားခဲ့ပြီး ၁၀၀ ကျော်လောက် ပျောက်ဆုံးနေဆဲဖြစ်တာကြောင့် သေဆုံးသူစာရင်းဟာ ထပ်တိုးလာနိုင်ဖွယ်ရှိနေပါတယ်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံဟာ နိုင်ငံ့ပို့ကုန် ၈၀ ရာခိုင်နှုန်းကို အထည်အလိပ်ပို့ကုန်တွေအဖြစ် တင်ပို့နေတာဖြစ်ပြီး ကမ္ဘာ့အကြီးဆုံး အထည်ချုပ်စက်ရုံတွေထဲက တစ်ခုအဖြစ်လည်း တင်စားခံရပါတယ်။ အစိုးရဟာ သိန်းနဲ့ချီ ရှိနေတဲ့ အထည်ချုပ်လုပ်သားတွေအတွက် အနိမ့်ဆုံးလုပ်ခကို တိုးမြှင့်ထားပေးပေမယ့်လည်း လုပ်သားတစ်ယောက်ရဲ့ လုပ်ခဟာ တစ်လကို ၃၇ ဒေါ်လာသာ ရှိတာကြောင့် ကမ္ဘာ့အနိမ့်ဆုံးလုပ်အားခတွေထဲမှာ အပါအဝင်ဖြစ်နေဆဲပါ။ ဒါကြောင့် ဒီတစ်ပတ်မှာတော့ စီအင်န်အင်န်သတင်းဌာနမှ ခရစ်ကျန်းအမမ်ပူရ်က ဘင်္ဂလားဒေ့ရှ်ဝန်ကြီးချုပ် ရှိတ်ဟာဆီနာကို ရာနာပလာဇာ ကပ်ဘေးဆိုးအကြောင်း မေးမြန်းထားတဲ့ အင်တာဗျူးကို တင်ပြပေးလိုက်ရပါတယ်။

**ဝန်ကြီးချုပ်ရှင့် အဲဒီအဖြစ်ဆိုးကြီး (တိုက်ပြိုကျမှု)မှာ အသက်ဆုံးရှုံးခဲ့ ရတဲ့ သူ တွေ အားလုံးအတွက် စာနာထောက်ထားကြောင်း ပြောရင်းနဲ့ စပါရစေ။**

ဟုတ်ပါတယ်။ ဒါဟာ တကယ်ပဲ ဝမ်းနည်းစရာကောင်းတဲ့အဖြစ်ပါ။ သိပ်နာကျင်ရပါတယ်။ သိပ်ပြီး စိတ်အနှောင့်အယှက်ဖြစ်စရာပါ။

**ဝန်ကြီးချုပ်ရှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှာရှိတဲ့ ဒီလိုမျိုးအထည်ချုပ်စက်ရုံတွေရဲ့ ၉၀ ရာခိုင်နှုန်းလောက်ဟာ မကောင်းဘူးလို့ ဝန်ကြီးချုပ် ပြောခဲ့တယ်နော်။ ဒီ (ရာနာပလာဇာ) လို အဆောက်အအုံမျိုးနဲ့ စက်ရုံပေါင်းကလည်း တစ်သိန်းကျော်ပြီး စစ်ဆေးရေးမှူးက ၁၈ ယောက်ပဲရှိတယ်နော်။ ဒီလိုမျိုးရှုံချင်စရာကောင်းတဲ့အချိုးအစားနဲ့ ဒီကိစ္စကို ဝန်ကြီးချုပ် ဘယ်လိုကိုင်တွယ်မှာလဲရှင့်။**



AFP

ဒီဖြစ်ရပ်မဖြစ်မီကပဲ ကျွန်မတို့အလုပ်သမားဥပဒေတစ်ခုတင်ခဲ့ပါတယ်။ ဝန်ကြီးအဖွဲ့ကလည်း ဥပဒေကို အတည်ပြုပေးထားပြီးသားပါ။ ပါလီမန်ထဲသွားပြီးရင် ဒီဥပဒေကို ကျွန်မတို့ ပြဋ္ဌာန်းနိုင်တော့မှာပါ။ ဒီလိုပဲ ပထမဆုံးအနေနဲ့ အလုပ်သမားရေးရာမူဝါဒကို ကျွန်မတို့ ချမှတ်ထားပါတယ်။ ဒါကြောင့် ကျွန်မတို့ဟာ အလုပ်သမားအရေးနဲ့ပတ်သက်လို့အထူးစိတ်ပူပန်ခဲ့ပြီး ဒီခြေလှမ်းတွေအားလုံးကိုလည်း လုပ်ထားပြီးသားပါ။ ဒါပေမဲ့ သိတဲ့အတိုင်းပဲ။ ကမ္ဘာ့အခြားနေရာတွေမှာလည်း မတော်တဆမှုတစ်ခုက ဖြစ်နိုင်တာပဲလေ။ ရှင့်အနေနဲ့ ဖွံ့ဖြိုးပြီးတိုင်းပြည်တော်တော်များများမှာတောင် ဘာဖြစ်မှာလဲ မသိနိုင်၊ မခန့်မှန်းနိုင်ပါဘူး။ ဒါ ကျွန်မတို့ မြင်နေရတာပဲ။ ရှင်သိတဲ့အတိုင်းပဲ မကြာမီကဆိုရင် (အမေရိကန်) တက်ကက်ဆက်မှာ ဓာတ်မြေဩဇာစက်ရုံ ပေါက်ကွဲမှုဖြစ်ခဲ့တယ်လေ။ ဒီတော့ မတော်တဆမှုတွေက ဖြစ်နိုင်တာပါပဲ။

**ဟုတ်ကဲ့။ ဝန်ကြီးချုပ်က ကျွန်မတို့ ဒါမျိုးကို မမှန်းနိုင်ဘူးလို့ဆိုတာကို ပြောတာပြောနိုင်ပါတယ်။ ဒီစက်ရုံကို ရှပ်သံမှာ အဲဒီပြိုကျတဲ့ည မတိုင်မီ ပြခဲ့ပါတယ်။ နံရံတွေမှာလည်း အက်ကွဲကြောင်းရာတွေ အကြီးကြီးရှိနေခဲ့ပါတယ်။ ပိုင်ရှင်တွေကတော့ ဒါဟာ ဘာမှမဟုတ်ဘူး။ အင်္ဂတေနဲ့ ဆိုင်တာပါလို့ ပြောခဲ့ပါတယ်။ ပြီးတော့ နောက်နေ့ကျတော့ တိုက်ဟာ ပြိုကျခဲ့ပါတယ်။**

ဟုတ်ပါတယ်။ ရှင်ပြောတာမှန်ပါတယ်။ ဒေသခံအုပ်ချုပ်ရေးပိုင်းကရော စက်မှုဇုန်ရဲတပ်ဖွဲ့ကပါ ဒီတိုက်ထဲအလုပ်လုပ်နေတာကို ရပ်တန့်ခိုင်းပြီး ပြိုကျမှုမတိုင်မီ တစ်ရက်မှာပဲ အလုပ်သမားတွေအားလုံးကို အဆောက်အအုံကနေ ရွှေ့ပြောင်းခဲ့ပါတယ်။ ဒါပေမဲ့ ကံမကောင်းစွာဘဲ မနက်ကျတော့ စက်ရုံပိုင်ရှင်က အလုပ်သမားတွေကို အထဲဝင်အလုပ်လုပ်ဖို့ ဖိအားပေးခဲ့ပါတယ်။ တာဝန်ရှိတဲ့ စက်မှုဇုန်ရဲတပ်ဖွဲ့နဲ့ ဒေသအုပ်ချုပ်ရေးပိုင်းကတော့ သူတို့ကို ရပ်တန့်ဖို့ ကြိုးစားခဲ့တာပါ။ အဲဒီညက သူတို့ပြောတာကတော့ တိုက်ကပြိုမကျခဲ့ပါဘူးပေ့ါ။ ဒီတော့ အခြေအနေက သိပ်မဆိုးဘူးပေ့ါ။ ဒါပေမဲ့ စက်မှုဇုန်ရဲတပ်ဖွဲ့က ထပ်ကာထပ်ကာ ပြောနေခဲ့တယ်။ အလုပ်သမားတွေဟာ ဒီအခြေအနေမျိုးမှာ အလုပ်မလုပ်သင့်ဘူးဆိုတာကိုပေ့ါ။ ဒါပေမဲ့ အဲဒီအချိန်လေးမှာပဲ မတော်တဆမှုက ဖြစ်သွားခဲ့ပါပြီ။ ဒါကြောင့် ပြောရရင်တော့ အစိုးရဟာ ဘာအရေးယူဆောင်ရွက်မှုမှ မလုပ်ခဲ့ဘူးဆိုတာ မမှန်ပါဘူး။ ကျွန်မတို့ အရေးယူဆောင်ရွက်မှုတွေလုပ်ပြီး တားမြစ်နိုင်ဖို့ ကြိုးစားခဲ့ကြပါတယ်။

**တိုက်ပိုင်ရှင်ဟာ ကျွန်မတို့သတင်းတွေမှာတော့ ဝန်ကြီးချုပ်ရဲ့ အာဏာရပါတီ အဝါမီက လူငယ်ခေါင်းဆောင်တစ်ဦးလို့ ပြောပါတယ်။**

မဟုတ်ပါဘူး။ အဲဒါ သတင်းမှားပါ။ ပြီးတော့ ကျွန်မပြောတဲ့ အထဲမှာ တိုက်မှာ အထည်ချုပ်စက်ရုံငါးခုရှိတယ်။ ပိုင်ရှင်က ငါးဦးပါ။ သူတို့က အလုပ်သမားတွေကို ဖိအားပေးပြီး အထဲကိုပို့ခဲ့ကြတာပါ။ ပြီးတော့လည်း တိုက်ပိုင်ရှင်ကိုသာမကပါဘူး။ ရှင်သိတဲ့အတိုင်း ကျွန်မတို့ သူ့ကိုရော၊ အင်ဂျင်နီယာ တစ်ယောက်နဲ့ စက်ရုံပိုင်ရှင်တွေ အကုန်လုံးကိုပါ ဖမ်းဆီးထားပါတယ်။ ကျွန်မတို့ လိုအပ်သမျှ အရေးယူဆောင်ရွက်မှုတွေအားလုံးကို လုပ်ထားပြီးပါပြီ။

**ဒါဆို တိုက်ပိုင်ရှင်က ဘာဖြစ်သွားမလဲ။**

ဥပဒေက သူ့အလုပ်သူလုပ်သွားပါလိမ့်မယ်။ အပြစ်ရှိသူ ရာဇဝတ်သားက ရာဇဝတ်သားပါပဲ။ ဒါဟာ ပြည်သူတွေကို ပေးထားတဲ့ ကျွန်မတို့ ကတိပါပဲ။

**လူတွေက ဒီကိစ္စကိုရော ဒီလို ကတိမျိုးတွေကိုရော အရင်က မြင်ခဲ့ဖူးကြတာ ပြဿနာပါ။ တရားခံဟာ အပြည့်အဝ ပြစ်ဒဏ်ကျခံရမယ်လို့ ယုံကြည်ကြောင်းလည်း သူတို့ မပြောကြပါဘူး။ ဒါပေမဲ့ ပြဿနာ ဘယ်လိုဖြစ်မလဲဆိုတာ စောင့်ကြည့်ရမှာပါ။ ဒီကိစ္စမှာ ခြစားမှုအကြောင်းလေး မေးချင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ သတင်းတွေအားလုံးက ဆိုကြတာက တိုက်ပိုင်ရှင်နဲ့ မိသားစုဟာ ဒီနေရာကို အခြေခံအားဖြင့် မတရားတဲ့နည်းတွေနဲ့ ယူထားတာလို့ ဆိုပါတယ်။ အဲဒီတုန်းက သူတို့ကလည်း နိုင်ငံရေးအချိတ်အဆက်တွေလည်း ရှိတာကိုး။ အာဏာပိုင်တွေက သူတို့ကို ထိပ်တိုက် မတွေ့ရဲဘူးလေ။ ဒီလိုနဲ့ သူက အထပ်တွေ ပိုတိုးဆောက်ခဲ့တယ်။ ဒါ့အပြင် ဘင်္ဂလားဒေ့ရှ် ပါလီမန်ထဲက အမတ် ၁၀ ရာခိုင်နှုန်းလောက်ဟာလည်း ဒီလိုမျိုး စက်ရုံတွေ၊ လုပ်ငန်းတွေကို ပိုင်ဆိုင်ထားကြတယ်နော်။ ဒါနဲ့ ပတ်သက်လို့ ဝန်ကြီးချုပ်တို့ဆီမှာ ထိန်းမရနိုင်တဲ့အကျင့်ပျက်ခြစားမှု ပြဿနာတစ်ရပ် ရှိနေပါပြီလား။**

ဒီတိုက်ပိုင်ရှင်က ၂၀၀၅ မှာ ဒီမြေကိုယူပြီး ဒီတိုက်ကို ဆောက်ခဲ့ပါတယ်။ အဲဒီအချိန်မှာ အဝါမီပါတီက အာဏာမရသေးပါဘူး။ ဒါကို သိထားသင့်ပါတယ်။ စီးပွားရေးလုပ်ငန်းတွေနဲ့ စက်ရုံတွေကို စီးပွားရေးသမားတွေက ပိုင်ပါတယ်။ စီးပွားရေးသမားတစ်ယောက်ဟာ တကယ်လို့ပြစ်မှုတစ်ခုခုကို ကျူးလွန်မယ်ဆိုရင် ကျွန်မတို့အစိုးရက အမြဲပဲ အရေးယူသွားမှာပါ။

**ပုပ်ရဟန်းမင်းကြီးက ပြောပါတယ်။ မျှတတဲ့လုပ်ခမပေးဘဲ၊ စာရင်းစာအုပ်တွေကိုပဲ လုံးဝအခြေခံပြီး ကိုယ့်အကျိုးအမြတ်ကိုပဲ ကြည့်ပြီး လုပ်တာဟာ ဘုရားသခင်ကို ဆန့်ကျင်ပါတယ်။ သူက ဘင်္ဂလားဒေ့ရှ်လုပ်သားတွေကို ကျွန်လိုလုပ်သားတွေလို့ ခေါ်ဝေါ်ခဲ့တယ်။ ဒါနဲ့ပတ်သက်လို့ ဝန်ကြီးချုပ်ရဲ့ တုံ့ပြန်မှုက ဘာများဖြစ်မလဲ။**

ကျွန်မတို့ရဲ့ လုပ်သားတွေအကျိုးနဲ့ပတ်သက်ရင် ကျွန်မကိုယ်တိုင် တစ်ခါတလေ အလုပ်သမားတွေ လစာကောင်းကောင်းရပြီး ကောင်းမွန်တဲ့ အခြေအနေနဲ့ လုပ်နိုင်အောင် အလုပ်ရှင်တွေနဲ့ ညှိနှိုင်းလေ့ရှိပါတယ်။ ကျွန်မတို့ အစိုးရအနေနဲ့လည်း အလုပ်သမားတွေအတွက် နားနေဆောင်တွေ၊ သက်သာဆိုင်တွေ ထည့်သွင်းတည်ဆောက်မယ့် စီမံကိန်းတစ်ခုကို စတင်ထားပြီးပါပြီ။ ကျန်းမာရေးစောင့်ရှောက်မှုတွေပါအောင်လည်း သေချာလုပ်ထားပါတယ်။ ကျွန်မတို့ဟာ ဆင်းရဲတဲ့တိုင်းပြည်ပါ။ လူတွေဟာ အလုပ်ကို မလုပ်မနေရ လုပ်ရပါတယ်။ အခြားအစိုးရတွေ အကြောင်း မပြောနိုင်ပေမယ့် ကိုယ့်အစိုးရအကြောင်းတော့ ပြောပြနိုင်ပါတယ်။ ကျွန်မတို့အလုပ်သမားတွေကို အမြဲဦးစားပေးပြီး ပိုကောင်းတဲ့ အခြေအနေတွေဖြစ်အောင် လုပ်နေပါတယ်။ ကျွန်မတို့ ဒါကို အမြဲစဉ်းစားပါတယ်။

**ဝန်ကြီးချုပ်ရှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှာ ပွင့်လင်းမြင်သာမှု ချို့တဲ့နေပုံပေါ်နေပါတယ်။ ဒါကို ကျွန်မပြောရတာ ဘာကြောင့်လဲဆိုတော့ စီအင်န်အင်န်ကို ဒီသတင်းတင်ဆက်ဖို့ ဘင်္ဂလားဒေ့ရှ်နိုင်ငံထဲ ဝင်ခွင့်မပေးခဲ့လို့ပါ။ ကျွန်မတို့ကိုသာ ခွင့်ပြုခဲ့မယ်ဆိုရင် ဝန်ကြီးချုပ်ပြောတဲ့ အဲဒီအကြောင်းအရာတွေအားလုံးကိုမြင်တွေ့ရမှာ သိပ်ကောင်းပါလိမ့်မယ်။ ဒါပေမဲ့အခြားနိုင်ငံတကာ အဖွဲ့အစည်းတွေလည်း ဝင်ခွင့်မရခဲ့ပါဘူး။**

ဒါဟာ မမှန်ပါဘူး။ ဘင်္ဂလားဒေ့ရှ်နိုင်ငံက လွတ်လပ်တဲ့ တိုင်းပြည်တစ်ခုပါ။ စီအင်န်အင်န်ကိုသာ ကျွန်မတို့ ပိတ်ပင်ထားတယ်ဆိုရင် ဘာကြောင့် ကျွန်မ ရှင်နဲ့ စကားပြောနေမလဲ။ တိုင်းပြည်တိုင်းဟာ စည်းမျဉ်းတွေ၊ ဥပဒေတွေရှိပါတယ်။ ဒါကို လူတိုင်းက လိုက်နာရပါမယ်။ ကျွန်မတို့ ပြည်သူတွေကို ဆုံးရှုံးခဲ့ရတယ်။ ဒီလူတွေ၊ ဒီအလုပ်သမားတွေအတွက် ကျွန်မတို့ နိုင်ငံရေးလုပ်နေတာပါ။ ဒါကြောင့် လူတစ်ဦးတိုင်း၊ အသက် တစ်ခုချင်းစီတိုင်းဟာ ကျွန်မအတွက် အရမ်းတန်ဖိုးရှိပါတယ်။ တစ်ဦးချင်းပုဂ္ဂိုလ်ရေးအားဖြင့်လည်း ကျွန်မဟာ ကိုယ်ချစ်ခင်တဲ့ အနီးဆုံးလူသားတွေကို ဆုံးရှုံးခဲ့ရတဲ့ ဒီလူတွေအတွက် အလွန်ဝမ်းနည်းမိပါတယ်။ သူတို့ကို ကျွန်မ တာဝန်ယူရမှာပါ။ ဒါကြောင့် ကျွန်မ သူတို့ကို စောင့်ရှောက်ရပါမယ်။ အခုလည်း ကျွန်မတို့ ဒါကို လုပ်ဆောင်နေပါတယ်။

*—Ref: CNN-Interview with Bangladesh Prime Minister about Working Conditions There, 2nd May.*



EPA

# အင်ဒိုနီးရှားသို့ အပြေးအလွှားလာရောက်နေသည့် နိုင်ငံတကာ ကုမ္ပဏီများ

**ကြည်နေဝင်းမင်း**

မစ္စတာမားကိုစ်အေပါတီတစ်ယောက် အင်ဒိုနီးရှားဂျင်နရယ်မော်တာလုပ်ငန်းများဦး ဆောင်ရန် ၂၀၁၁ ခုနှစ်တွင်ရောက်ရှိလာခဲ့စဉ်ကဟောင်းလောင်းဖြစ်နေသော စက်ရုံကိုသာမြင်တွေ့ခဲ့ရသည်။

ယနေ့ဆိုလျှင် ယင်းစက်ရုံလည်ပတ်နေပြီဖြစ်သည်။ ဂျကာတာမြို့မှ ၁၆ မိုင်ဝေးသော စက်ရုံ၌ လွန်ခဲ့သော ၁၈ လက အလုပ်သမား ၃၀ သာရှိခဲ့ပြီး ယခုအခါ လူပေါင်း ၇၀၀ အလုပ်လုပ်နေကြပြီ။ နောက်လဆိုလျှင် ဂျင်နရေမော်တာ (GM) သည် နှစ်ပေါင်းများစွာအတွင်း ၎င်း၏ ပထမဆုံးအင်ဒိုနီးရှားနိုင်ငံလုပ်ကား Chevrolet Spin ကို ဖြန့်ချိတော့မည်ဖြစ်သည်။

အင်ဒိုနီးရှားနိုင်ငံတွင် ကားရောင်းချရနှုန်းများ မြင့်တက်လာနေသည်။ လွန်ခဲ့သော တစ်နှစ်က ပထမသုံးလပတ်ထက် ယခုနှစ်တွင် ကားရောင်းချမှု ၁၇ ဒသမ ၈ ရာခိုင်နှုန်းများလာသည်။ ထိုအရာများမှာ အင်ဒိုနီးရှားတွင် မကြာသေးမီက ကန်ဒေါ်လာသန်း ၁၅၀ ထပ်မံရင်းနှီးမြှုပ်နှံခဲ့သော G.M အတွက် ဆုလာဘ်ပင်ဖြစ်သည်။

အခြားသောနိုင်ငံတကာကုမ္ပဏီကြီးများကလည်း အင်ဒိုနီးရှားနိုင်ငံ၌ စားသုံးသူဝယ်လိုအားမြင့်တက်လာခြင်းကို အခွင့်ကောင်းယူရန် စက်ရုံများနှင့် အခြားလုပ်ငန်းပေါင်းများစွာတွင် ရင်းနှီးမြှုပ်နှံနေကြသည်။ အင်ဒိုနီးရှားနိုင်ငံမှာ အရှေ့တောင်အာရှတွင် စီးပွားရေးအကြီးမားဆုံးနှင့် လူဦးရေအထူထပ်ဆုံးနိုင်ငံလည်းဖြစ်ပြီး လူဦးရေ ၂၅၁ သန်းရှိသည်။

တရုတ်နှင့် အိန္ဒိယနိုင်ငံတို့မှာ ပို၍ကြီးမားသော စီးပွားရေးနိုင်ငံများဖြစ်သော်လည်း ရင်းနှီးမြှုပ်နှံမှုကျဆင်းလာသည်။ ယခုနှစ်ပထမသုံးလပတ်တွင်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ၁ ဒသမ ၄၄ ရာခိုင်နှုန်းသာ တိုးတက်ခဲ့ကြောင်း တရုတ်နိုင်ငံက လွန်ခဲ့သော ရက်သတ္တနှစ်ပတ်က ပြောကြားသည်။ အိန္ဒိယနိုင်ငံတွင် စက်မှုလုပ်ငန်းပေါ်လစီနှင့် မြှင့်တင်ရေးဌာန၏ နောက်ဆုံးထုတ်ပြန်ချက်အရယခုနှစ်ပထမနှစ်လအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ၆ ဒသမ ၃ ရာခိုင်နှုန်းကျဆင်းသွားကြောင်း ဖော်ပြထားသည်။

ကြိုတင်ခန့်မှန်း၍မရသော စည်းမျဉ်းစည်းကမ်းပြဋ္ဌာန်းမှုပတ်ဝန်းကျင်၊ ခြစားမှုမြင့်မားခြင်း၊ အခြေခံအဆောက်အအုံ မလုံလောက်မှုနှင့် အလုပ်သမားစရိတ်မြင့်တက်မှုကိစ္စများကို ရင်းနှီးမြှုပ်နှံသူများက စိုးရိမ်နေသော်လည်း အင်ဒိုနီးရှားနိုင်ငံသို့ ငွေကြေးများစီးဝင်နေပါသည်။ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုမှာ ယခုနှစ်ပထမသုံးလပတ်တွင် စံချိန်တင်ခဲ့ကာ ကန်ဒေါ်လာ ၇ ဘီလီယံသို့ ရောက်ရှိလာကြောင်း အင်ဒိုနီးရှားအစိုးရက ထုတ်ပြန်ထားသည်။

အင်ဒိုနီးရှားနိုင်ငံမှာ ၂၀၀၈ ခုနှစ် ဘဏ္ဍာရေးအကျပ်အတည်းမှ လွတ်လွတ်ကျွတ်ကျွတ်ထွက်လာပြီးအရှိန်နှင့် ဆက်သွားနေပါသည်။ ၂၀၀၉ ခုနှစ်တွင် စီးပွားရေးအင်အားကြီးဂျီ ၂၀ အဖွဲ့သို့ ဝင်ရောက်ခဲ့သည်။ ၂၀၁၁ နောက်ပိုင်းနှင့် ၂၀၁၂ အစောပိုင်းတွင် ဆယ်စုနှစ်တစ်စုအတွင်း ပထမဆုံးအကြိမ် ရင်းနှီးမြှုပ်နှံမှုငွေကြေးစိတ်ချရမှုအဆင့် သတ်မှတ်ခံရသည်။ နိုင်ငံ၏စုစုပေါင်းပြည်တွင်းထုတ်ကုန်တန်ဖိုး (GDP) မှာ လွန်ခဲ့သောသုံးနှစ်အတွင်း ၆ ရာခိုင်နှုန်းဖြင့် မှန်မှန်ကြီးတိုးတက်လာခဲ့သည်။

သဘာဝသယံဇာတကြွယ်ဝသော နိုင်ငံ၏ သတ္တုတူးဖော်ရေး၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍများသို့ နိုင်ငံခြားငွေအရင်းအနှီးများ စီးဝင်နေသည်မှာ ကြာပြီဖြစ်သော်လည်း ယနေ့နိုင်ငံခြားမြှုပ်နှံသူအသစ် အများအပြားမှာ အင်ဒိုနီးရှား စားသုံးသူများအပေါ် အာရုံစိုက်နေကြသည်။ ကြီးမားသော လူဦးရေနှင့် လူငယ်လုပ်သားထုပိုင်ဆိုင်ထားသောအင်ဒိုနီးရှားနိုင်ငံမှာ စားသုံးသူသုံးစွဲမှု နိုးကြားဆန်းထချိန်ရောက်ရှိနေပြီး ယင်းဆန်းထမှုမှာ နှစ်များစွာဆက်သွားနေဦးမည်ဟုဆန်းစစ်လေ့လာသူများက သုံးသပ်ထားသည်။ ပြီးခဲ့သည့်လကပင် ဘော်စတွန်အတိုင်ပင်ခံများအုပ်စုက အင်ဒိုနီးရှား လူလတ်တန်းစားနှင့် သုံးနိုင်ဖြုန်းနိုင် စားသုံးသူအရေအတွက်မှာ ၂၀၂၀ ပြည့်နှစ်တွင် လက်ရှိထက်နှစ်ဆတိုးပြီး ၁၄၁ သန်းရှိလာမည်ဟု တွက်ချက်ပြခဲ့သည်။ ယင်းမှာ ထိုင်းနိုင်ငံလူဦးရေထက် ပိုများပါသည်။

ဂျပန်၊ စင်ကာပူနှင့် တောင်ကိုရီးယားနိုင်ငံမှ အာရှလုပ်ငန်းစုကြီးများမှာ အင်ဒိုနီးရှား၏ ထိပ်တန်းနိုင်ငံခြားရင်းနှီးမြှုပ်နှံသူများဖြစ်သော်လည်း အမေရိကန်နှင့် ဥရောပကုမ္ပဏီများမှာ ယခင်ကနှင့်မတူဘဲ အတင်းဝင်ရောက်နေကြပြန်သည်။ ဥပမာအားဖြင့် အလှကုန်ပစ္စည်းကုမ္ပဏီကြီး L'oreal က နိုဝင်ဘာလအတွင်း ၎င်း၏ ကမ္ဘာ့အကြီးဆုံးအလှကုန်စက်ရုံကြီးကို အနောက်ဂျာဗားတွင် ဖွင့်လှစ်ခဲ့သည်။

အသင့်စားအစားအသောက်များရောင်းချသော Sub-way ကုမ္ပဏီမှာ လွန်ခဲ့သော ဆယ်နှစ်က ၎င်း၏ နောက်ဆုံးအင်ဒိုနီးရှားဆိုင်ခွဲကို ပိတ်ပစ်ခဲ့သော်လည်း အင်ဒိုနီးရှားဈေးကွက်သို့ ပြန်လာနေပြီဖြစ်သည်။ အခြားအမေရိကန်နာမည်ကျော်အမှတ်တံဆိပ်များဖြစ်သော Mc Donald's KFC နှင့် Burger King တို့မှာလည်း အင်ဒိုနီးရှား၌ အခိုင်အမာနေရာယူထားပြီဖြစ်သည်။

GM ကုမ္ပဏီအတွက်မူ ယမန်နှစ်က အင်ဒိုနီးရှားတွင် Chevrolet ကား ၅,၆၀၀ ကိုသာ တင်သွင်းရောင်းချခဲ့သည်။ ဈေးကွက်၏ သုည ဒသမ ၅ ရာခိုင်နှုန်းသာရှိသည်။ သို့သော် အမေရိကန်ကားထုတ်လုပ်သူ GM ကုမ္ပဏီက ၂၀၀၆ ခုနှစ်တွင် ပိတ်ထားခဲ့သောစတုရန်းပေ ၁ ဒသမ ၂ သန်းရှိ ဘက်ကာစီဒေသမှ စက်ရုံကို ပြန်လည်တည်ဆောက်ရေးနှင့် ချဲ့ထွင်ရန်ကြီးမားသော အခွင့်အလမ်းများ မြင်တွေ့နေပါသည်။

၎င်းရင်းနှီးမြှုပ်နှံမှုမှာ အင်ဒိုနီးရှားနိုင်ငံအပေါ် ယုံကြည်မှု မဲတစ်ချပ်ပေးခြင်းသာမက နိုင်ငံ၏ဖွံ့စည်းတည်ဆောက်ပုံ၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအပေါ် ယုံကြည်မှုထားရှိခြင်းလည်းဖြစ်ကြောင်း အင်ဒိုနီးရှား GM အကြီးအကဲ မစ္စတာပါတီက ဆိုသည်။ "ကျွန်တော်တို့ ပိုက်ဆံတွေနေရာတကာ လျှောက်မကြဲပါဘူး။ ကျွန်တော်တို့ဘဝမှာ တော်တော်လေး သွေးပျက်စရာတွေ ကြုံခဲ့ဖူးပါတယ်"ဟု မစ္စတာပါတီက ဆက်ပြောပါသည်။

သို့ဖြစ်သော်ငြား နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံသူများအတွက် အင်ဒိုနီးရှားတွင် စီးပွားရေးလုပ်ရန်စိန်ခေါ်မှုများအခိုင်အမာရှိနေဆဲဖြစ်ပါသည်။ စီးပွားရေးလုပ်ငန်းလိုင်စင်လုပ်ရန် ရက်ပေါင်း ၈၀ ခန့်ကြာမြင့်နိုင်ပါသည်။ ကမ္ဘာ့ဘဏ်က ထုတ်ပြန်သော စီးပွားရေးလုပ်ကိုင်ရန် လွယ်ကူမှု တစ်ကမ္ဘာလုံးစစ်တမ်းတွင် နိုင်ငံပေါင်း ၁၈၅ နိုင်ငံအနက် အင်ဒိုနီးရှားက ၁၂၈ နေရာတွင်ရှိပြီး ၂၀၁၀ ပြည့်နှစ်ကထက် ၁၃ နေရာကျဆင်းသွားသည်။ Transparency International အဖွဲ့၏ အကျင့်ပျက်ခြစားမှု ထင်မြင်ချက်ညွှန်းကိန်းတွင် ၁၇၆ နိုင်ငံအနက် ၁၁၈ နေရာတွင်ရှိသည်။

"အင်ဒိုနီးရှားဟာ နိုင်ငံကြီးတစ်နိုင်ငံအနေနဲ့ အောက်ဝိတ်တန်းဆင်းပြီး လက်ဝှေ့ထိုးသလိုဖြစ်နေတယ်"ဟု အင်ဒိုနီးရှားနိုင်ငံရှိ အမေရိကန်ကုန်သည်ကြီးများအဖွဲ့ မန်နေဂျင်းဒါရိုက်တာ အင်ဒဂူးပိုက်ကဆိုပါသည်။ "အင်ဒိုနီးရှားနိုင်ငံဟာ တစ်နှစ် ၆ ရာခိုင်နှုန်းနဲ့ စီးပွားရေးတိုးတက်နေပါတယ်။ ဒါပေမဲ့ ၁၀ ရာခိုင်နှုန်းလောက်တိုးတက်နေသင့်တာပါ"ဟု ၎င်းက ဆက်ပြောပါသည်။

ကြိုးနီစနစ်လျှော့ချရန် ကြိုးပမ်းမှုအဖြစ် အင်ဒိုနီးရှားရင်းနှီးမြှုပ်နှံမှု ပူးပေါင်းဆောင်ရွက်ရေးဘုတ်အဖွဲ့က နိုင်ငံခြားကုမ္ပဏီများ စီးပွားရေးလုပ်ငန်းလိုင်စင်လျှောက်ရန်လိုအပ်သော စာရွက်စာတမ်းအရေအတွက်ကို ထက်ဝက်လျှော့ချရန်ပြင်ဆင်နေသည်။ ကမ္ဘာကျော် အမှတ်တံဆိပ်များကို ထပ်မံဆွဲဆောင်နိုင်ရန် လိုင်စင်လျှောက်လွှာများကို အွန်လိုင်းမှ အချိန်နှင့်တစ်ပြေးညီ ခြေရာခံသောစနစ်ကိုတပ်ဆင်ထားသည်။ ယင်းကဲ့သို့ ခွင့်ပြုချက်ရရှိခဲ့သော ကုမ္ပဏီတစ်ခုမှာ Apple ဖြစ်သည်။ Apple က အင်ဒိုနီးရှားတွင် ရင်းနှီးမြှုပ်နှံမှုလုပ်ဆောင်ရန် မဆုံးဖြတ်ရသေးမီမှာပင် ယင်းကုမ္ပဏီအား ကုန်ပစ္စည်းထုတ်လုပ်ခြင်း သို့မဟုတ် လက်လီရောင်းချရေးလိုင်စင်ထုတ်ပေးထားပြီးဖြစ်ကြောင်း ရင်းနှီးမြှုပ်နှံမှု ဘုတ်အဖွဲ့ဥက္ကဋ္ဌ မစ္စတာ ချာကစ်ဘာဆရီကဆိုပါသည်။

"အင်ဒိုနီးရှားဟာ ကမ္ဘာမှာ ဆွဲဆောင်မှုရှိတဲ့ နိုင်ငံဖြစ်ပါတယ်။ ဗျူရိုကရေစီနဲ့ အခြေခံအဆောက်အအုံပြဿနာတွေရှိနေပေမယ့်လည်းပြန်ရမယ့်အကျိုးအမြတ်က အခုချိန်မှာ ဥရောပနဲ့ အမေရိကန်မှာ ရင်းနှီးမြှုပ်နှံတာထက်များပါတယ်"ဟု မစ္စတာဘာဆရီကပြောပါသည်။

*—Ref: NY Times*

## နံရံများတွင် အက်ကြောင်းများတွေ့ရှိ အထည်ချုပ်စက်ရုံနှစ်ခုကို ဘင်္ဂလားဒေ့ရှ်အာဏာပိုင်များ ယာယီပိတ်သိမ်း

**ဒါကာ၊မေ-၄**

ဘင်္ဂလားဒေ့ရှ်အာဏာပိုင်များသည် ဂါဇီပါရ်နှင့် ကလီယက်ကွိုင်ယာဧရိယာများတွင်ရှိသော အထည်ချုပ်စက်ရုံနှစ်ခုကို ရှောင်တခင်ဝင်ရောက်စစ်ဆေးခဲ့ရာ နံရံများတွင် အက်ကြောင်းများတွေ့ရ၍ ယာယီပိတ်သိမ်းခဲ့ကြောင်း သိရသည်။ ဂါဇီပါရ်စက်မှုဇုန်ရဲတပ်ဖွဲ့က အလုပ်သမားများသည် နေ့လယ်စာစားချိန်တွင် အက်ကြောင်းများကို ခြေရာခံမိခဲ့ခြင်းဖြစ်ကြောင်း၊ စက်ရုံကြမ်းပြင်များတွင် အက်ကြောင်းများ တွေ့ပြီးနောက် အလုပ်သမားများကို အလုပ်ဆင်းခိုင်းခဲ့ပြီး စက်ရုံများကို ပိတ်ခဲ့ကြောင်း ဆိုသည်။ ရဲတပ်ဖွဲ့တာဝန်ရှိသူတစ်ဦးက ၎င်းတို့သည် စက်ရုံပိုင်ရှင်များကို အလုပ်ပိတ်ထားရန်နှင့် စက်ရုံရှိရာ အဆောက်အအုံများကို အင်ဂျင်နီယာများနှင့် သေချာစစ်ဆေးပြီးမှသာ လုပ်ငန်းများ ပြန်လည်စတင်ရန် ညွှန်ကြားထားကြောင်း ဆိုသည်။

ထိုဂါဇီပါရ်စက်မှုဇုန်တွင် ၂၀၁၀ ဖေဖော်ဝါရီလက Garbi and Garib စက်ရုံ မီးလောင်မှုကြောင့် အနည်းဆုံး လူ ၂၁ ဦး သေဆုံးခဲ့သည်။—*Ref: The Daily Star*



AFP

# ထိုင်းဝန်ကြီးချုပ်က ပြည့်တန်ဆာနှင့်နှိုင်းကာ လှောင်ပြောင်ခဲ့သော ကာတွန်းဆရာကို တရားစွဲ

**ဘန်ကောက်၊မေ-၄**

ထိုင်းဝန်ကြီးချုပ် ယင်လပ်ရှင်နာဝပ်ထရာ၏ ရှေ့နေများသည် ထိုင်းရတ်ပါတီမှ ကာတွန်းဆရာ ချိုင်ရာချာဝတ်အား ဝန်ကြီးချုပ်ကို ပြည့်တန်ဆာနှင့်နှိုင်း၍ လူမှုမီဒီယာတွင် သရော်လှောင်ပြောင်မှုဖြင့် အသရေဖျက်မှု ပုဒ်မတပ်ကာ တရားစွဲဆိုခဲ့သည်။

ယင်လပ်၏ရှေ့နေများသည် ဒူးဆစ်ရဲစခန်းတွင်လည်း ထိုကာတွန်းဆရာကိုပင် စွဲချက်သုံးခုဖြင့် တိုင်ချက်ဖွင့်ခဲ့သည်။ ၎င်းတို့ စွဲဆိုထားချက်သုံးခုမှာ တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးအား တရားဝင်အခမ်းအနားတစ်ခုတွင် စော်ကားမှု၊ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား အများရှေ့အသရေဖျက်မှု၊ ထိုင်းနိုင်ငံတွင် ပြဋ္ဌာန်းထားသော ကွန်ပျူတာနှင့် ဆက်နွယ်သောပြစ်မှုများ အက်ဥပဒေတို့အရ တရားစွဲထားခြင်းဖြစ်သည်။ ကွန်ပျူတာအက်ဥပဒေမှာမူ အင်တာနက်ပေါ်တွင် အခြားသူများအား အသရေဖျက်သည့် အရေးအသားများ ရေးသားခြင်းတို့ကို တားမြစ်ထားခြင်းဖြစ်သည်။

အမည်ရင်းမှာ ဆုန်ချိုင်းကာတန်ယူတန်နန်ဟုခေါ်သော ယင်းကာတွန်းဆရာ ချိုင်းသည် မွန်ဂိုလီးယားတွင် မိန့်ခွန်းပြောနေသော ယင်လပ်၏ ဓာတ်ပုံများအောက်၌ အောက်ခြေစာသားအဖြစ် "ကျေးဇူးပြု၍ နားလည်ကြပါ။ ပြည့်တန်ဆာတွေဟာ မိန်းမဆိုးတွေ မဟုတ်ကြပါဘူး။ ပြည့်တန်ဆာတွေက သူတို့ ခန္ဓာကိုယ်ကိုပဲ ရောင်းတာပါ။ ဒါပေမဲ့ မိန်းမဆိုးတစ်ယောက်ကတော့ တိုင်းပြည်ကို ရောင်းစားဖို့ ကြိုးစားရင်း နေရာအနှံ့ လျှောက်သွားနေပါတယ်"ဟု ဖော်ပြထားသည်။

ထိုင်းဝန်ကြီးချုပ်၏ အထွေထွေအတွင်းရေးမှူး ဆူရာနန်ဗစ်ဂျာဂျီဗာကလည်း ဝန်ကြီးချုပ်သည် ဝေဖန်မှုများကို နားထောင်ရန် ဆန္ဒရှိကြောင်း၊ သို့သော်ဝေဖန်သူများသည် မသင့်လျော်သော စကားလုံးများ မသုံးမိစေရန် ဂရုစိုက်သင့်ကြောင်း၊ ကာတွန်းဆရာ၏ လှောင်ပြောင်မှုသည် ယင်လပ်ကိုသာမက အမျိုးသမီးထုကိုပါ စော်ကားနေကြောင်း ပြောသည်။ ယခုတစ်ကြိမ်သည် ထိုင်းဝန်ကြီးချုပ်တစ်ဦးအနေဖြင့် လူမှုမီဒီယာပေါ်တွင် တစ်စုံတစ်ဦးတင်သော အရေးအသားတစ်ခုကိုအကြောင်းပြု၍ ပထမဆုံး တရားစွဲဆိုမှုလည်းဖြစ်သည်။ —*Ref: The Nation*



*ထိုင်းဝန်ကြီးချုပ် ယင်လပ်ရှင်နာဝပ်ထရာ*

AFP

## ကြက်ငှက်တုပ်ကွေးပိုးရပ်စ် လူမှလူသို့ ကူးစက်ကြောင်း အထောက်အထားမတွေ့ရဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ပြော

**ဘေဂျင်း၊မေ-၄**

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ WHO က တရုတ်နိုင်ငံတွင် တွေ့ရှိရသော ကြက်ငှက် တုပ်ကွေးပိုးရပ်စ် H7N9 သည် တရုတ်နိုင်ငံပြင်ပ၌ တိရစ္ဆာန်များသို့ ကူးစက်ခြင်းနှင့် နိုင်ငံတွင်းတွင်လည်း လူမှလူသို့ စက်ခြင်း အထောက်အထားများ မတွေ့ရကြောင်း ထုတ်ပြန်လိုက်သည်။ WHO ၏ ဌာနေ ကိုယ်စားလှယ် မိုက်ကယ်အိုလယ်ရီက "အဖွဲ့ဟာ ဒီပိုးရပ်စ်ကို သေချာစောင့်ကြည့်နေပါတယ်။ ဒါပေမဲ့ ရောဂါပိုးရဲ့ ခြိမ်းခြောက်မှုကို ချဲ့ကားပြောတာတွေ ကျွန်တော်တို့ မလိုချင်ပါဘူး"ဟု ပြောသည်။

၎င်း၏တုံ့ပြန်မှုသည် ရိုက်တာသတင်းတစ်ရပ်၌ WHO သည် ပိုးရပ်စ်ပြန့်ပွားနေမှုကို အရေးကြီးသော ခြိမ်းခြောက်မှုတစ်ရပ်အဖြစ် စဉ်းစားနေကြောင်း ဖော်ပြခဲ့မှုကြောင့် ထွက်ပေါ်လာခြင်း ဖြစ်သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အဆိုအရ တိရစ္ဆာန်များတွင် ဖြစ်ပွားသော တုပ်ကွေးပိုးရပ်စ်သည် သီအိုရီအရ လူကိုလည်း ကူးစက်စေနိုင်သည့် အစွမ်းရှိကြောင်း သိရသည်။ ယခုအချိန် မေ ၁ ရက်အထိ ရရှိသောစာရင်းများအရမူ တရုတ်နိုင်ငံတွင် H7N9 တုပ်ကွေးဖြစ်သော လူနာပေါင်း ၁၂၇ ဦးရှိပြီး သေဆုံးသူမှာ ၂၆ ဦး ရှိသည်။ ရောဂါမှ ပြန်သက်သာလာသော လူမှာ ၂၆ ဦးရှိသည်။

—*Ref: Chinadaily*

## စင်ကာပူနိုင်ငံတွင် ကောင်းကင်မှမြင်ကွင်းကျယ်ရိုက်ကူးနိုင်သော လူဆိုးဖမ်းကင်မရာများ တပ်ဆင်မည်

**စင်ကာပူ၊မေ-၄**

အလွန်မြင့်မားသောနေရာမှသတ်မှတ်ထားသော အဆောက်အအုံများအား အဆ ၆၀ အထိ ချဲ့ကားရိုက်ကူးနိုင်သည့် စောင့်ကြည့်ကင်မရာများကို ယခုနှစ်အကုန်တွင် စင်ကာပူနိုင်ငံတွင် တပ်ဆင်သွားမည်ဖြစ်ကြောင်း ရဲဌာနမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားလိုက်သည်။ ၎င်းကောင်းကင်မျက်လုံးကင်မရာများအား စတင်အသုံးပြုသည့်အနေနှင့် မရိန်နာဘေးခရိုင်မှ အဓိကကျသော အဆောက်အအုံသုံးခုတွင် တပ်ဆင်သွားမည်ဖြစ်ကာ စင်ကာပူကျွန်းနိုင်ငံ၏ တည်နေရာ ၁၅၀ ကျော်အား ရိုက်ကူးနိုင်မည် ဖြစ်သည်။

၎င်း Hawk Eye ကင်မရာများသည် အမြင့်တစ်နေရာမှ လူတို့၏ မျက်နှာများနှင့် မော်တော်ကားနံပါတ်ပြားများအား ရိုက်ကူးကြည့်ရှုနိုင်မည်ဖြစ်သည်။ သို့သော် ဟိုတယ်များနှင့် အများပြည်သူတို့၏ သီးသန့်နေထိုင်မှုဘဝပုံစံကိုမရိုက်ကူးမိစေရန် စီစဉ်ထားမည်ဖြစ်ကြောင်း စင်ကာပူရဲတပ်ဖွဲ့မှ ပြုလုပ်သော ပြပွဲတစ်ခုတွင် ရဲတပ်ဖွဲ့ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

ပြပွဲတွင် ရာဇဝတ်မှုစုံစမ်းစစ်ဆေးရေးဌာနမှလည်း ယခင်က မှုခင်းစစ်ဆေးရေးအရာရှိများ တစ်နေ့တာ ကြိုးစားရှာဖွေရမည့် ဓာတ်ပုံများအား ၎င်းတို့၏ 3D လေဆာစကင်နာသစ်ဖြင့် ခြောက်မိနစ်အတွင်း ရာဇဝတ်မှုဖြစ်ပွားရာနေရာမှ လျှပ်တစ်ပြက်မြင်ကွင်းကျယ် ပုံရိပ်များကို ရိုက်ကူးနိုင်ကြောင်း ပြသသွားသည်။

စင်ကာပူနိုင်ငံသည် လူဦးရေ ၅ ဒသမ ၃၁ သန်းရှိပြီး လူ ၁၀၀,၀၀၀ တွင် ရာဇဝတ်မှု ၅၈၁ ခုသာ ကျူးလွန်မှုရှိကြောင်းနှင့် ကမ္ဘာ့အလုံခြုံဆုံးနိုင်ငံအဖြစ် ထည့်သွင်းစဉ်းစားခံထားရသော နိုင်ငံဖြစ်သည်။ —*Ref: Xinhua*



## တူရကီ၌ နျူကလီးယားဓာတ်အားပေးစက်ရုံ တည်ဆောက်ရန် ဂျပန်သဘောတူ

**အန်ကာရာ၊ မေ- ၄**

နျူကလီးယားဓာတ်အားပေးစက်ရုံတည်ဆောက်ရန်အတွက် ဂျပန်ပြင်ဆင်ပူးပေါင်းအဖွဲ့တစ်ခုနှင့် သဘောတူညီချက်တစ်ရပ်အား တူရကီအစိုးရက လက်မှတ်ရေးထိုးလိုက်သည်။ ဆူနာမီဒဏ်ကြောင့် ဖူကူရှီးမားဓာတ်အားပေးစက်ရုံ ပျက်စီးခဲ့ရပြီးကတည်းက စတာလင်ပေါင် ၁၄ ဘီလီယံ တန်ဖိုးရှိ၎င်းသဘောတူညီမှုသည် ပင်လယ်ရပ်ခြားမှ ပထမဆုံးအောင်မြင်သည့် ကမ်းလှမ်းချက်တစ်ခုဖြစ်သည်။ ၎င်းသဘောတူညီချက်အား တူရကီသို့သွားရောက်လည်ပတ်နေသော ဂျပန်ဝန်ကြီးချုပ်ရှင်ဇိုအာဘေးက လက်မှတ်ရေးထိုးပေးလိုက်ခြင်းဖြစ်ပြီး ၎င်းသဘောတူညီချက်သည် ဂျပန်-တူရကီဆက်ဆံရေးအား မဟာဗျူဟာမြောက် ပူးတွဲလုပ်ကိုင်သူများအဖြစ် ပြောင်းလဲပေးလိမ့်မည်ဟု တူရကီဝန်ကြီး အာဒိုဂန်က ပြောကြားလိုက်သည်။

ထိုသဘောတူညီမှုမှာ ဂျပန်နိုင်ငံ၏ ပင်လယ်ရပ်ခြား နျူကလီးယားနည်းပညာကို ရောင်းချရန်ကြိုးစားအားထုတ်မှုဖြစ်ပြီး သဘောတူညီမှုတွင် မစ်ဆူဘီရှီ အကြီးစားစက်မှုလုပ်ငန်းပါဝင်သည်။

တူရကီနိုင်ငံတွင်လည်း မြေငလျင်လှုပ်လေ့ရှိပြီး တူရကီ အစိုးရက ဂျပန်တို့၏ မြေငလျင်ကာကွယ်ရေး ကျွမ်းကျင်မှုကို ချီးကျူးလိုက်ပြီး ယင်းမှာ စာချုပ်သဘောတူညီလိုက်သည့် အကြောင်းရင်းတစ်ရပ်ဖြစ်ကြောင်း ပြောသည်။ တိုးတက်မှု ဆိတ်သုဉ်းလုနီးပါး အချိန်များမှ လွတ်မြောက်ပြီး စီးပွားရေးကြီးထွားမှု တိုးတက်လာစေရန် ဂျပန်နိုင်ငံက ၎င်း၏ နိုင်ငံခြားပို့ကုန်များအတွက် နည်းပညာကျွမ်းကျင်မှုကို တစ်ဖန်ဆန်းသစ်ရန် မျှော်လင့်ထားခြင်းဖြစ်သည်။

ထိုအတောအတွင်း လျင်မြန်စွာ တိုးတက်လာသော တူရကီနိုင်ငံသည် ပြည်ပသွင်းကုန်များအပေါ် မှီခိုနေရမှုလျှော့ချရန် ရည်ရွယ်၍ ပြည်တွင်း၌ စွမ်းအင်ထုတ်လုပ်ရန် ရင်းနှီးမြှုပ်နှံလိုက်ခြင်းဖြစ်သည်။ ထိုစက်ရုံသည် တူရကီနိုင်ငံ၏ ဒုတိယနျူကလီးယားဓာတ်အားပေးစက်ရုံဖြစ်လာမည်ဖြစ်ပြီး လတ်တလောစွမ်းအင်လိုအပ်ချက်အရ ပြည်ပမှတင်သွင်းသည့် ရေနံနှင့်သဘာဝဓာတ်ငွေ့အပေါ် ၉၇ ရာခိုင်နှုန်း မှီခိုအားထားနေရသည်။

—*Ref: BBC*

7DAY NEWS JOURNAL

# Entertainment

Vol.12, No.9 • MAY 8 , 2013



ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

## နန်းခင်ဇေယျာဆိုတဲ့ပုံရိပ်ကိုအသုံးချဖို့ ချဉ်းကပ်လာမှုတွေကို လိမ္မာပါးနပ်စွာရှောင်တိမ်းရပါတယ်

### နန်းခင်ဇေယျာနှင့်အင်တာဗျူး

အေးသူစံ

ပြည်တွင်းဧည့်လမ်းညွှန်မလေးကနေ နိုင်ငံတကာအဆင့်အလှမယ်ပြိုင်ပွဲကို ဝင်ပြိုင်ခဲ့သူက နန်းခင်ဇေယျာပါ။ အင်တာနက်သုံးစွဲသူ တစ်ခဲနက်အားပေးမှုကြောင့် ဂျပန်မှာကျင်းပခဲ့တဲ့ နိုင်ငံတကာအလှမယ်ပြိုင်ပွဲမှာ ၎င်းဟာ ဆုနှစ်ခုကို ရယူနိုင်ခဲ့ပါတယ်။ ရယူထားတဲ့ဆုတွေနဲ့ထိုက်တန်တဲ့လှုပ်ရှားမှုတွေကို ပြည်တွင်းမှာ စဉ်ဆက်မပြတ်လုပ်ကိုင်နေပြီး အထူးသဖြင့် လူမှုရေးလုပ်ငန်းတွေမှာ သူမရဲ့ပါဝင်လှုပ်ရှားမှုတွေကြောင့် လူထုရဲ့ချစ်ခင်မှုကို တစ်စတစ်စရရှိနေပါပြီ။ ဒါ့အပြင် နိုင်ငံတကာအသိုင်းအဝိုင်းကပါ လူမှုရေးလှုပ်ရှားသူတစ်ဦးအဖြစ် သူတို့နိုင်ငံတွေက လူမှုရေးလုပ်ငန်းတွေမှာ လာရောက်လေ့လာပူးပေါင်းပါဝင်ဖို့ ဖိတ်ခေါ်မှုတွေကိုလည်း ဆက်တိုက်ရရှိနေပါတယ်။ နှစ်ပေါင်းလေးဆယ်ကျော်ကြာမှ ကမ္ဘာ့အလယ်မှာ မြန်မာအလှမယ်တစ်ဦးအဖြစ် ထင်ပေါ်ခဲ့သူ နန်းခင်ဇေယျာရဲ့ လှုပ်ရှားမှုအထွေထွေကို မေးမြန်းတင်ဆက်လိုက်ပါတယ်။

**နိုင်ငံတကာအလှမယ်တစ်ယောက်ရဲ့ရပ်တည်မှုနဲ့ယခုလက်ရှိနန်းခင်ဇေယျာရဲ့ရပ်တည်မှုတို့ထပ်တူကျပါသလား။**

ထပ်တူကျပါတယ်။ မစ္စ မြန်မာဝင်ပြိုင်တုန်းက ပထမဆုံး လုပ်တဲ့ပွဲဖြစ်လို့ လူလည်းသိပ်မသိ ခဲ့ဘူး။ မစ္စမြန်မာသာ ရခဲ့ပေမယ့် ရိုးရိုးဧည့်လမ်းညွှန် တစ်ယောက်အနေနဲ့ပဲ ရပ်တည်ခဲ့တယ်။ မစ္စအင်တာနေရှင်နယ် သွားပြိုင်တော့မှ မစ္စမြန်မာတစ်ယောက်ရဲ့ လုပ်ပိုင်ခွင့်တွေ ရလာတယ်။ ခုဆို လူမှုရေးလုပ်ငန်းတွေ လုပ်လာနိုင်တယ်။ ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှုရှိလာတယ်။ ခုချိန်မှာ မစ္စမြန်မာတစ်ယောက်အနေနဲ့ ရပ်တည်ပိုင်ခွင့်နေရာတစ်နေရာတော့ ရလာပါပြီ။

**လူမှုအကျိုးပြုလုပ်ငန်းတွေမှာ ညီမက တဖြည်းဖြည်း Icon (ပြယုဂ်) တစ်ခုဖြစ်ဖြစ်လာတဲ့အခါ ထမ်းထားရတဲ့တာဝန်တွေ ပိုများလာပါသလား။**

ကိုယ့်ကိုယ်ကိုယ် Icon လို့တော့မသတ်မှတ်ပါဘူး။ ညီမလုပ်နေတဲ့ ပရဟိတအလုပ်တွေက တခြားလုပ်နေတဲ့သူတွေနဲ့ ယှဉ်လိုက်ရင် မပြောပလောက်တဲ့လုပ်ငန်းတွေပါ။ ညီမအနေနဲ့ထမ်းထားရတဲ့တာဝန်တွေများပါတယ်။ ညီမကုန်ပစ္စည်း ငါးခုရဲ့ သံတမန်လည်း လုပ်နေရတယ်။ မစ္စမြန်မာတစ်ယောက်အနေနဲ့ ခုချိန်ထိ အသက်ဝင်နေဆဲဖြစ်တဲ့အတွက် ဂျပန်မှာရခဲ့တဲ့ဆုနှစ်ဆုအတွက်လည်းလုပ်ဆောင်ရမယ့် တာဝန်တွေထမ်းထားရပါတယ်။ လူမှုရေးလုပ်နေတဲ့အခါ ညီမရဲ့အနောက်မှာ ညီမကိုမှီခိုနေတဲ့သူတွေအများကြီးရှိတဲ့အတွက် တာဝန်ပိုကြီး တယ်လို့ ခံစားရပါတယ်။

**လူမှုအကျိုးပြုလုပ်ငန်းတွေမှာ ညီမကို ပြယုဂ်တစ်ခုအဖြစ် မြင်လာကြတာဟာ ညီမကိုယ်တိုင် ပါဝင် လှုပ်ရှားမှုတွေအပြင် တခြား ဘယ်လို တိုက်တွန်းမှုတွေကြောင့်ပါလဲ။**

*(စာ၄၁)သို့*

## ဂျပန်နိုင်ငံနစ်ဆန်းအားကစားကွင်းမှာ နောက်ဆုံးဖျော်ဖြေမယ့် TVXQ



**ဆိုးလ်၊ မေ-၂**

TVXQ အဖွဲ့သည် ၎င်းတို့၏ ဂျပန်နိုင်ငံမှ နယ်လှည့်ဖျော်ဖြေပွဲ ငါးပွဲကို ဧပြီလ ၂၇ ရက်တွင် စတင်ခဲ့ပြီး နောက်ဆုံးဖျော်ဖြေပွဲကို နစ်ဆန်းအားကစားရုံ၌ တင်ဆက်မည်ဖြစ်ကြောင်း SM Entertainment အေဂျင်စီ က ဧပြီ ၃၀ ရက်တွင် ပြောကြားသည်။ အဆိုပါဖျော်ဖြေပွဲကို နစ်ဆန်းအားကစားကွင်း၌ ဩဂုတ်လ ၁၇ရက်နှင့် ၁၈ ရက် နှစ်ရက်ခွဲ တင်ဆက်သွားမည်ဖြစ်သည်။ TVXQ အဖွဲ့သည် နစ်ဆန်းအားကစားကွင်း၌ ပထမဦးဆုံးတင် ဆက်ခွင့်ရသော နိုင်ငံခြားသား အနုပညာရှင်များဖြစ်သည်။

TVXQ အဖွဲ့၏ အဆိုပါဖျော်ဖြေရေးအစီအစဉ်များတွင် ပြောင်းလဲမှုတစ်စုံတစ်ရာမရှိလျှင် ၎င်းအဖွဲ့သည် ကိုရီးယားအဆိုတော်များအနေဖြင့် ကြည့်ရှုသူအများဆုံးစံချိန်သစ်ကို ရရှိနိုင်သည်ဟု ခန့်မှန်းထားသည်။ TVXQ အဖွဲ့သည် ၎င်းတို့၏ ဂျပန်ဖျော်ဖြေ ရေးပွဲစဉ်များအတွင်း ပရိသတ်ပေါင်း ရှစ်သိန်းခွဲခန့် ရရှိထားပြီးဖြစ်သည်။


TVXQ အဖွဲ့သည် ဇွန်လ ၁၂ ရက်တွင် ထွက်ရှိရန်စီစဉ်ထားသော သီချင်းခွေအသစ် "Ocean" ကို လာမည့်ဖျော်ဖြေပွဲ၌ ကြေညာသွားမည်ဖြစ်သည်။

—Ref: SM Entertainment



7 DAY NEWS JOURNAL
Vol.12, No.9 • MAY 8 , 2013

## American Sniper ဇာတ်လမ်းကို ဘရက်ဒလေကူးပါးနဲ့ ရိုက်မယ့် စတီဗင်စပီးဘာ့ဂ်



**လော့စ်အန်ဂျလိစ်၊ မေ-၃**

ဒါရိုက်တာစတီဗင်စပီးဘာ့ဂ်သည် American Sniper အမည်ရှိဇာတ်ကားသစ်တစ်ကားကို မင်းသား ဘရက်ဒလေကူးပါးနှင့် ရိုက်ကူးရန်စီစဉ်နေကြောင်း သိရသည်။

ဇာတ်ကားမူရင်းမှာ အမေရိ ကန်လက်ဖြောင့်သေနတ်သမား ခရစ်ကိုင်လီ၏ ရောင်းအားအ ကောင်းဆုံး ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိ 'American Sniper' စာအုပ်ကို မှီငြမ်းကိုးကား၍ ရိုက်ကူးခြင်း ဖြစ်ကြောင်း Hollywood Re-porter သတင်းဌာနက ပြောကြားခဲ့သည်။ ခရစ်ကိုင်လီသည် အမေရိကန် ရေတပ်တပ်ဖွဲ့၏ အထူးလက်ဖြောင့်သေနတ်သမားတစ်ဦးဖြစ်ပြီး အီရတ်နိုင်ငံတွင် တာဝန်ထမ်းဆောင် စဉ်က ၎င်းတွေ့ကြုံခဲ့ရသော အဖြစ်အပျက်များကို 'American Sniper' အမည်ဖြင့် စာအုပ်ရေးခဲ့ခြင်း ဖြစ်သည်။ ဂျက်ဆင်ဟောက စပီးဘာ့ဂ် ရိုက်ကူးမည့် American Sniper ဇာတ်ကားသစ်ကို ထုတ်လုပ် မည်ဖြစ်ပြီး ဇာတ်ကားအတွက် ဇာတ်ညွှန်းများကိုလည်း ရေးမည်ဖြစ် ကြောင်းနှင့် အဆိုပါဇာတ်ကားကို ၂၀၁၄ ခုနှစ်အစောပိုင်းကာလတွင် စတင်ထုတ်လုပ်ရန်စီစဉ်ထားကြောင်း သိရသည်။

Ref: CNN






## ဇလွန်ပြည်တော်ပြန်ဘုရားပွဲတွင် ဖြစ်ပွားသည့် ရုန်းရင်းဆန်ခတ်မှု ပါဝင်သူများ အမှုဖွင့်ထားဆဲ

**အေးသူစံ၊ ဖွဲ့ညက်**

**ရန်ကုန်၊မေ-၃**

ဇလွန်ပြည်တော်ပြန် ဘုရားပွဲတွင် စွမ်းဇာနည် ကပြစဉ်ဖြစ်ပွားခဲ့ သည့် ဖြစ်စဉ်၌ ပါဝင်သူများ အား ရုန်းရင်းဆန်ခတ်မှု ဖြစ်သော ကြောင့် ရဲတပ်ဖွဲ့က ယခုအချိန်အ ထိ အမှုဖွင့်ထားဆဲဖြစ်ကြောင်း ဇလွန်မြို့နယ် ရဲစခန်းမှ တာဝန် ရှိသူတစ်ဦးကပြောသည်။

"အမှုက လက်ရှိအချိန်မှာ စုံ စမ်းစစ်ဆေးဆဲပါပဲ။ ပြစ်မှုဆိုင်ရာ ပုဒ်မ ၄၃၆၊ ၄၂၇နဲ့ အမှုဖွင့်ထား ပါတယ်" ဟု၎င်းကပြောသည်။

မတ် ၂၇ရက် ဇလွန်ပြည် တော်ပြန်ဘုရားပွဲတွင် တတိယ မြောက်ညအဖြစ်စွမ်းဇာတ်သဘင် ဖျော်ဖြေခဲ့ရာ ပရိသတ်တစ်ဦးက ဆုငွေချီးမြှင့်သည့် ကိစ္စနှင့်ပတ် သက်၍ အဆိုပါဖြစ်စဉ်ဖြစ်ပွား ခဲ့ပြီး ဇာတ်ပစ္စည်းများ မီးရှို့ဖျက် ဆီးခြင်း စွမ်းဇာနည်၏ ကားအပါ အဝင်ကားသုံးစီးအားဖျက်ဆီးခြင်း တို့ဖြစ်ပွားခဲ့သည်။

သို့ရာတွင် အထက်ပါဖြစ်စဉ် အပေါ် စွမ်းဇာနည်တို့ဘက်မှ တရားစွဲဆိုခြင်းမရှိခဲ့ကြောင်း အ ထက်ပါပုဂ္ဂိုလ်ကပြောသည်။

လက်ရှိတွင် စွမ်းဇာနည် ဇာတ်သဘင်အဖွဲ့အား ရောဝတီ တိုင်းဒေသကြီး အစိုးရအဖွဲ့က ရော ဝတီတိုင်းအတွင်း ဇာတ်ကပြရန် ပိတ်ပင်ထားကြောင်း သတင်းများ ထွက်ပေါ်နေပြီး ယင်းကိစ္စနှင့်ပတ် သက်၍ အစိုးရအဖွဲ့ထံ ဆက်သွယ် မေးမြန်းသော်လည်း ပြန်လည် ဖြေကြားခြင်းမရှိခဲ့ပေ။

ရောဝတီတိုင်းအတွင်း ဇာတ် ပွဲကပြရန် ပိတ်ပင်ထားခြင်းနှင့် ပတ်သက်၍ ကာယကံရှင်စွမ်းဇာ နည်က "ဒီကိစ္စကိုကျွန်တော်သေချာ မသိပါဘူး။ ဘာမှလည်း မပြောချင် ပါဘူး" ဟုပြောသည်။

မြန်မာနိုင်ငံသဘင်ပညာရှင် များအစည်းအရုံး(ဗဟို) ဥက္ကဋ္ဌ ပန် တျာဦးမြကြည်ကလည်း "ဒီကိစ္စ နဲ့ပတ်သက်ပြီး ကျွန်တော်တို့ အ စည်းအရုံးကို တရားဝင်ဘာစာ မှ တော့ရောက်မလာသေးပါဘူး" ဟုပြောသည်။

စွမ်းဇာနည်သည် လွန်ခဲ့ သော သုံးနှစ်ခန့်က ပွဲကြည့်ပရိ သတ်အချို့နှင့် အချင်းများမှုကြောင့် မြန်မာနိုင်ငံသဘင်အစည်းအရုံး က ဇာတ်ကခွင့် ၂ နှစ် ပိတ်ပင်ခံခဲ့ ရဖူးသော်လည်း အစည်းအရုံး တာ ဝန်ရှိသူများထံ ပြန်လည်တောင်း ပန်ခဲ့မှုကြောင့် ကပြခွင့်ပိတ်ပင်မှု ကိုတစ်နှစ်လျှော့ချပေးခဲ့သည်။

Sports
7DAY NEWS JOURNAL
Vol.12, No.9 • MAY 8 , 2013

# ဆီးဂိမ်းတွင် အိမ်ရှင်မြန်မာအားကစားသမား ၇၀၀ ကျော် ယှဉ်ပြိုင်မည်



*ဆီးဂိမ်းအတွက်လေ့ကျင့်နေသော ပဏာမမြန်မာ့လက်ရွေးစင် သေနတ်ပစ်အားကစားသမားတစ်ဦး*

ဓာတ်ပုံ - ဗိုလ်ဗိုလ်ဝင်း

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊မေ-၆**

အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် (၂၇)ကြိမ်မြောက်ဆီးဂိမ်းပြိုင်ပွဲတွင်မြန်မာအားကစားအဖွဲ့မှအားကစားသမား ၇၀၀ကျော်ဖြင့် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

"ပြိုင်ပွဲအားလုံးကို အိမ်ရှင်နိုင်ငံအနေနဲ့ ဝင်ရောက်ယှဉ်ပြိုင်သွားမှာဖြစ်ပါတယ်။ ယှဉ်ပြိုင်မယ့် ဦးရေအသေးစိတ်ကိုမသိရှိရသေးပေမယ့် မြန်မာအားကစားသမား ဦးရေ၇၀၀နဲ့၈၀၀ကြားဝင်ရောက်ယှဉ်ပြိုင်သွားမှာပါ"ဟု အားကစားဝန်ကြီးဌာန၊ ပြန်ကြားရေးဌာနမှ ညွှန်ကြားရေးမှူး ဦးဌေးအောင်က ပြောသည်။

မြန်မာအားကစားအဖွဲ့၏ ပြိုင်ပွဲဝင်ပမာဏသည်ဆီးဂိမ်းပြိုင်ပွဲတစ်လျှောက် အင်အားအများဆုံးဖြစ်လာမည်ဖြစ်ကြောင်းလည်း ၎င်းကပြောသည်။ ပြီးခဲ့သည့် ၂၀၁၁ ခုနှစ်၊ အင်ဒိုနီးရှားဆီးဂိမ်းပြိုင်ပွဲတွင်မြန်မာအားကစားအဖွဲ့ အင်အား၄၀၀ဝန်းကျင်ပါဝင်ယှဉ်ပြိုင်ခဲ့သည့်အတွက် ယခုနှစ်ဆီးဂိမ်းပြိုင်ပွဲဝင် မြန်မာအားကစားအဖွဲ့ အင်အားသည် နှစ်ဆနီးပါးပိုများလာမည်ဖြစ်သည်။

လာမည့် ဒီဇင်ဘာအတွင်းကျင်းပမည့် ၂၀၁၃ဆီးဂိမ်းပြိုင်ပွဲ၏ အားကစားပွဲများကို နေပြည်တော်၊ ရန်ကုန်၊ မန္တလေးနှင့် ငွေဆောင်ကမ်းခြေတို့တွင် ကျင်းပမည်ဖြစ်သည်။ အားကစားပွဲအများစုလက်ခံကျင်းပမည့် နေပြည်တော်ရှိဝဏ္ဏသိဒ္ဓိအားကစားကွင်းနှင့် ဇေယျာသီရိအားကစားကွင်း တည်ဆောက်မှုများမှာ ရာနှုန်းပြည့်နီးပါးပြီးစီးနေပြီဖြစ်၍ အခြားအားကစားရုံတည်ဆောက်မှု အပိုင်းများသည်လည်း ၈၀ ရာခိုင်နှုန်းကျော် တည်ဆောက်ပြီးစီးနေပြီဖြစ်ကြောင်းတာဝန်ရှိသူကပြောသည်။

"ဝဏ္ဏသိဒ္ဓိနဲ့ ဇေယျာသီရိအားကစားကွင်းတွေကတော့ ရာနှုန်းပြည့်ပြီးပါပြီ။ ဆီးဂိမ်းအတွက်တည်ဆောက်နေတဲ့ အခြားအားကစားရုံတွေလည်း လာမယ့်ဇွန်လမှာ အပြီးတည်ဆောက်သွားမှာပါ။ အားလုံးပြီးစီးသွားရင် ပြိုင်ပွဲကျင်းပရေးတာဝန်ရှိသူတွေလည်း လာရောက်စစ်ဆေးမှာဖြစ်ပြီး ဆီးဂိမ်းအကြိုအားကစားပြိုင်ပွဲတွေ ကျင်းပနေစဉ်မှာလည်း တာဝန်ရှိသူတွေလာရောက်စစ်ဆေးမှုတွေပြုလုပ်ပါတယ်"ဟု အားကစားဝန်ကြီးဌာနတာဝန်ရှိသူက ဆိုသည်။

ဒေသတွင်းအကြီးကျယ်ဆုံးအားကစားပြိုင်ပွဲဖြစ်သည့် ဆီးဂိမ်းပြိုင်ပွဲကို မြန်မာနိုင်ငံအနေဖြင့် နှစ်ပေါင်း ၄၀ကျော်အကြာတွင်မှ တတိယအကြိမ်မြောက်လက်ခံကျင်းပခြင်း ဖြစ်သည်။

၂၀၁၃ဆီးဂိမ်းပြိုင်ပွဲ အားကစားပွဲအများစုကို နေပြည်တော်တွင် လက်ခံကျင်းပမည်ဖြစ်၍ ရန်ကုန်မြို့တွင်အားကစားနည်း ၇မျိုး၊ မန္တလေးမြို့တွင် အမျိုးသမီးဘောလုံးနှင့် ငွေဆောင်ကမ်းခြေတွင် ရွက်လှေအားကစားနည်းများကို ကျင်းပမည်ဖြစ်သည်။

(၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင်အားကစားနည်း ၃၃ မျိုးထည့်သွင်းကျင်းပမည်ဖြစ်ပြီး အိမ်ရှင်မြန်မာနိုင်ငံက ရွှေတံဆိပ် ၁၀၀ ကျော်ရရှိရန် ရည်မှန်းထားကြောင်းသတင်းရရှိသည်။

# ပါလာမိုအား အိမ်ကွင်းတွင် အနိုင်ရပြီး ပွဲစဉ်မကုန်မီ ဂျူဗင်တပ်စီးရီးအေချန်ပီယံဖြစ်


**ရောမ၊ မေ-၆**

တနင်္ဂနွေနေ့၌ ကျင်းပခဲ့သော အီတလီစီးရီးအေပြိုင်ပွဲတွင် ဂျူဗင်တပ်က ပါလာမိုအား အိမ်ကွင်းတွင် ၁-၀ ဂိုးဖြင့် အနိုင်ရကာ စီးရီးအေချန်ပီယံဆုစကူဒက်တိုဖလားကို ၂ နှစ်ဆက်တိုက်ရရှိသွားခဲ့သည်။

ဂျူဗင်တပ်စ်သည်ယခုပွဲတွင် စီးရီးအေချန်ပီယံဖြစ်ရန် တစ်မှတ်သာလိုခဲ့ရာ သရေကျခဲ့လျှင် သုံးပွဲကစားရန် ကျန်နေသေးသည့်အတွက် ဒုတိယနေရာမှ နာပိုလီကို ၁၄ မှတ်ဖြတ်ကာပင် ဗိုလ်စွဲမည်ဖြစ်သည်။ ဂျူဗင်တပ်သည် ထိုပွဲတွင် နောက်ဆုံးခုနစ်မိနစ်၌ အသင်းမှ ပေါလ်ပေါ့ဂ်ဘာက ပါလာမိုနောက်ခံလူ ဆယ်ဗတ်တိုအား တံတွေးနှင့်ထွေးမှုဖြင့် အထုတ်ခံရပြီးနောက် တစ်ယောက်လျော့ဖြင့် ကစားခဲ့ရသည်။ ဂျူဗင်တပ်စ် နည်းပြအန်တိုနီယိုကွန်တီက ပွဲအပြီးတွင် ခက်ခဲသော ဘောလုံးရာသီတွင် အနိုင်ရခဲ့သည့် ၎င်း၏ ကစားသမားများကို ချီးကျူးခဲ့သည်။ ၎င်းက "ကျွန်တော်တို့ သိပ်ပျော်ပြီး ကျေနပ်ခဲ့ရပါတယ်။ ကျေးဇူးတင်ရမှာက ခက်ခဲပြီး ပင်ပန်းလှတဲ့ ဒီရာသီမှာ တစ်လျှောက်လုံး ထူးထူးခြားခြား ကစားခဲ့ကြတဲ့ ကစားသမားတွေပါပဲ"ဟု ပြောသည်။

ဂျူဗင်တပ်သည် ပထမပိုင်းတွင် ဂိုးမရှိသရေဖြစ်နေခဲ့သော်လည်း တိုက်စစ်မှူး ဗူချီနစ်ကို ပါလာမိုမှ ဒိုနာတီက ဆွဲလှဲခဲ့ပြီးနောက် ရရှိသော ပင်နယ်တီကို အာတူရိုဗီဒယ်က သွင်းယူပေးခဲ့ပြီးနောက် တစ်ဂိုးဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့သည်။ ထို့နောက် ပွဲချိန်ပြည့်သည်အထိ ပါလာမိုက ဂိုးပြန်မသွင်းနိုင်၍ ဂျူဗင်တပ်စ်တို့လိဂ်ပွဲသုံးပွဲကျန်ရှိနေသေးသည့်အချိန်မှာပင် ဒုတိယနေရာမှ နာပိုလီကို အမှတ်ဖြတ်ကာစီးရီးအေချန်ပီယံဖြစ်သွားသည်။

အခြားစီးရီးအေပွဲစဉ်တစ်ခုဖြစ်သော အေစီမီလန်နှင့် တိုရီနိုတို့၏ပွဲတွင် အိမ်ကွင်း၌ တိုက်စစ်မှူး ဘယ်လော့တယ်လီ၏ သွင်းဂိုးဖြင့် မီလန်က အနိုင်ရခဲ့ပြီး လာမည့်ရာသီ ချန်ပီယံလိဂ်ဝင်ခွင့်အတွက် တတိယနေရာရရန် နီးစပ်လာခဲ့သည်။ မီလန်သည်တနင်္ဂနွေနေ့ စီးရီးအေပွဲများအပြီး ဇယားတွင် စတုတ္ထနေရာမှ ဖီအိုရင်တီးနားကို လေးမှတ်ဖြတ်ထားနိုင်ခဲ့ကာ နောက်ဆုံးလိဂ်သုံးပွဲတွင် နိုင်ပွဲနှစ်ပွဲရရှိပါက ချန်ပီယံလိဂ် တိုက်ရိုက်ဝင်ခွင့်ရရှိမည်ဖြစ်သည်။




ALESSANDRO DI MARCO/ EPA

ဂျူဗင်တပ်သည် ယခုဘောလုံးရာသီတွင် ဗိုလ်စွဲနိုင်ခဲ့၍ အသင်းသမိုင်းတွင်စကူဒက်တိုဖလားရရှိမှု စုစုပေါင်း ၂၉ ကြိမ်ရှိခဲ့ပြီဖြစ်သည်။

—Ref: CNN/Soccerway

# မန်ယူကစားသမားဟောင်းများနှင့် ညစာအတူစားခွင့်လက်မှတ်ရောင်းမည်

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ မေ-၄**

ရန်ကုန်မြို့တွင် ရန်ပုံငွေဘောလုံးပွဲ လာရောက်ကစားမည့် မန်ယူကစားသမားဟောင်းလေးဦးနှင့် ညစာအတူစားသုံးနိုင်မည့် လက်မှတ်များကိုပရိသတ်များအတွက် ရောင်းချပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိ သည်။

မြန်မာပရိသတ် အကြိုက်ကမ္ဘာကျော်မန်ချက်စတာယူနိုက်တက်ဘောလုံးအသင်းမှ အင်ဒီကိုး၊ လီရှပ်၊ ဒင်းနစ်အာဝင်၊ ကလေတန်ဘလက်မိုးတို့သည် လာမည့်ဇွန်လ ၉ရက်တွင် သုဝဏ္ဏဘောလုံးကွင်း၌ ရန်ပုံငွေခြေစမ်းပွဲလာရောက်ကစားမည်ဖြစ်ပြီး ညပိုင်းတွင်ပရိသတ်များနှင့်အတူပေါ့ခ်ရှိုင်ရယ်ဟိုတယ်၌ ညစာစားသုံးမည့် အစီအစဉ်လည်း စီစဉ်ထားကြောင်း တာဝန်ရှိသူတစ်ဦးက ပြောသည်။

"ရန်ပုံငွေခြေစမ်းပွဲကညနေ ၄နာရီမှာ စတင်မှာဖြစ်ပြီး ညစာစားပွဲကတော့ည ၇နာရီမှာစတင်မှာ ဖြစ်ပါတယ်။ မန်ယူကစားသမားဟောင်းတွေနဲ့ပရိသတ်တွေ ညစာအတူစားသုံးမယ့်အစီအစဉ်ရှိတဲ့အတွက် လက်မှတ်များကို ရောင်းချပေးသွားမှာပါ" ဟု ပွဲစီစဉ်ရာတွင် ပါဝင်သည့် တာဝန်ရှိသူတစ်ဦးကပြောသည်။

မန်ယူကစားသမားဟောင်းများနှင့်ညစာအတူစားသုံးနိုင်မည့် လက်မှတ်အမျိုးအစားများကို သုံးမျိုးခွဲခြားပြီး ပုံမှန်လက်မှတ်များလည်းပရိသတ်များအတွက်ရောင်းချသွားမည်ဖြစ်ကြောင်း၊လက်မှတ်နှုန်းထားများကို မကြာမီတရားဝင်ထုတ်ပြန်ကြေညာပေးသွားမည်ဖြစ်ကြောင်း အဆိုပါတာဝန်ရှိသူက မေ ၆ ရက်တွင်ပြောသည်။



*မန်ယူကစားသမားဟောင်းဒင်းနစ်အာဝင်နှင့် ကလေတန်ဘလက်မိုးတို့ မြန်မာကလေးငယ်တစ်ဦးအားနှုတ်ဆက်နေစဉ်*

ဓာတ်ပုံ - ကျော်ဇင်သန်း

"ဦးရေ ၂၈၀လောက် ညစာစားပွဲမှာပါဝင်ပါမယ်။ ပရိသတ်အရေအတွက်ခွဲတမ်းတော့ ဦးရေ ၁၈၀ နဲ့ ၂၀၀ကြားရရှိမှာပါ။ လက်မှတ်တွေကိုဆယ်ယောက်တစ်ဝိုင်းစာအတွဲလိုက် လက်မှတ်တွေသာမက တစ်ဦးချင်းလာရောက်အားပေးချင်တဲ့ ပရိသတ်တွေအတွက်လည်းလက်မှတ်တွေရောင်းချသွားဖို့စီစဉ်နေပါတယ်"ဟုပေါ့ခ်ရှိုင်ရယ်မှတာဝန်ရှိသူတစ်ဦးကဆိုသည်။

မန်ယူကစားသမားဟောင်းများနှင့် ညစာအတူစားသုံးမည့် ပရိသတ်များအနေဖြင့် ၎င်းတို့နှင့် ဓာတ်ပုံတွဲရိုက်ခွင့်၊ အမှတ်တရလက်မှတ်ရေးထိုးခွင့်စသည့် အခွင့်အရေးများလည်း ရရှိမည်ဖြစ်ကြောင်း သိရ သည်။

# အပြည်ပြည်ဆိုင်ရာ ဖိတ်ခေါ် နဂါးလှေလှော်ပြိုင်ပွဲသို့ မြန်မာဝင်ရောက်ယှဉ်ပြိုင်မည်

ဗိုလ်ဗိုလ်ဝင်း

ရန်ကုန်၊ မေ-၅



မြန်မာ့ရိုးရာလှေလှော်အားကစားသမားများ လေ့ကျင့်နေစဉ်

စင်ကာပူနိုင်ငံတွင် ကျင်းပမည့် အပြည်ပြည်ဆိုင်ရာဖိတ်ခေါ် နဂါးလှေလှော်ပြိုင်ပွဲသို့ မြန်မာ့(ရိုးရာ) လှေလှော်အဖွဲ့ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ အဆိုပါပြိုင်ပွဲကို မေလ ၁၈ ရက်မှ ၁၉ ရက်အထိ စင်ကာပူနိုင်ငံ၊ မရီနာကမ်းခြေတွင် ပြုလုပ်မည်ဖြစ်ပြီး မြန်မာနိုင်ငံအပါအဝင် နိုင်ငံပေါင်း ၁၂ နိုင်ငံခန့် ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ်မှ သိရှိရသည်။

'ပြိုင်ပွဲမှာ အာဆီယံက အင်အားကြီးအင်ဒိုနီးရှား၊ ထိုင်း၊ ဖိလစ်ပိုင်နိုင်ငံတွေအပြင် ဥရောပနိုင်ငံတွေကလည်း ပါဝင်ယှဉ်ပြိုင်ကြမယ်လို့ သိရပါတယ်။ လာမယ့် ဆီးဂိမ်းအတွက် ပြင်ဆင်နေတဲ့ ကာလမှာ လက်ရည်စမ်းတဲ့အနေနဲ့ ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြစ်ပါတယ်'ဟု ရိုးရာလှေနည်းပြချုပ် ဦးဝင်းဖေကပြောသည်။

မြန်မာ့(ရိုးရာ)လှေလှော်အဖွဲ့သည် ယင်းပြိုင်ပွဲတွင် အမျိုးသား ၂၂တက်နှင့် အမျိုးသမီး ၁၂တက် မီတာ ၂၀၀၊ မီတာ ၅၀၀ ပြိုင်ပွဲအမျိုးအစားများတွင် ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

လာမည့်ဆီးဂိမ်းအတွက် ပြင်ဆင်လေ့ကျင့်နေသောမြန်မာ့(ရိုးရာ) လှေလှော်အသင်းများအနေဖြင့် ပြည်တွင်း၌ နိုင်ငံတကာ ဖိတ်ခေါ်ပြိုင်ပွဲကိုလည်း မကြာမီ လက်ခံကျင်းပနိုင်ရန် စီစဉ်လျက်ရှိကြောင်း အဖွဲ့ချုပ်တာဝန်ရှိသူကဆိုသည်။

'ဆီးဂိမ်းအကြို နိုင်ငံတကာ ဖိတ်ခေါ် လှေလှော်ပြိုင်ပွဲကို နေပြည်တော်ငလိုက်ဆည်မှာကျင်းပဖို့ရှိပါတယ်။ အင်အားကြီးနိုင်ငံအသင်းတွေကို ဖိတ်ခေါ်ယှဉ်ပြိုင်ဖို့လည်း စီစဉ်နေပါတယ်'ဟု အဖွဲ့ချုပ်တာဝန်ရှိသူပြောသည်။

ပြီးခဲ့သည့် ၂၀၁၁ အင်ဒိုနီးရှား ဆီးဂိမ်းပြိုင်ပွဲတွင် မြန်မာ့လှေလှော်အားကစားအဖွဲ့သည် ရွှေတံဆိပ် ၁၀ခု၊ ငွေခြောက်ခုနှင့် ကြေးသုံးခုရရှိကာ အောင်မြင်မှုအရှိဆုံးဖြစ်ခဲ့ပြီး ရိုးရာလှေလှော်အဖွဲ့မှရွှေတံဆိပ်ကိုးခုနှင့် ငွေ တံဆိပ်တစ်ခု ရယူပေးခဲ့သည်။

နေပြည်တော် ငလိုက်ဆည်တွင် ကျင်းပမည့် ၂၀၁၃ ဆီးဂိမ်းပြိုင်ပွဲ၌ ရိုးရာလှေလှော်အားကစားနည်း ပွဲစဉ် ၁၇ မျိုး ထည့်သွင်းကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။ လက်ရှိတွင် လက်ရွေးစင် လှေလှော်အားကစားသမားများ အနေဖြင့် ရန်ကုန်မြို့၊ အင်းလျားကန်၌ လေ့ကျင့်လျက်ရှိသည်။

# အရှေ့တောင်အာရှ တိုက်ကွမ်ဒိုပြိုင်ပွဲ ပရိသတ်အတွက် ကြိုပို့ယာဉ်စီစဉ်ပေးမည်

ဗိုလ်ဗိုလ်ဝင်း

ရန်ကုန်၊ မေ-၄

(၁၁) ကြိမ်မြောက်အရှေ့တောင်အာရှတိုက်ကွမ်ဒို ချန်ပီယံရှစ်ပြိုင်ပွဲသို့ လာရောက်ကြည့်ရှုအားပေးမည့်နေပြည်တော်အနီးတစ်ဝိုက်မှ ပရိသတ်များအတွက် အခမဲ့ကြိုပို့နှင့် အစားအသောက်များ စီစဉ်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

မေလ၉ရက်မှ၁၁ရက်အထိ နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံတွင် ကျင်းပမည့် အဆိုပါပြိုင်ပွဲ၌ အိမ်ရှင်မြန်မာအပါအဝင် အာဆီယံကိုးနိုင်ငံမှ အားကစားသမားစုစုပေါင်း ၃၅၀ ကျော် ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ပရိသတ်များအနေဖြင့် ဆီးဂိမ်းအကြို နိုင်ငံတကာပြိုင်ပွဲများနှင့် ရင်းနှီးကျွမ်းဝင်မှုရှိစေရန် ယခုကဲ့သို့ စီစဉ်ပေးခြင်းဖြစ်ကြောင်း အားကစားဝန်ကြီးဌာန တာဝန်ရှိသူက ပြောသည်။

"လာမယ့်(၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲကျင်းပတဲ့အခါ နေပြည်တော်အနီးအနားက ပရိသတ်အများစု လာရောက်အားပေးကြမှာပါ။ ဒါပေမဲ့ သူတို့အနေနဲ့ ရန်ကုန်ပရိသတ်တွေလို နိုင်ငံတကာအားကစားပွဲတွေလည်း ရင်းနှီးမှုအတွေ့အကြုံ နည်းနေပါသေးတယ်။ ဒါကြောင့် ပရိသတ်တွေ စိတ်ဝင်စားမှု ပိုမိုလာစေရေးအတွက် ယခုကဲ့သို့ စီစဉ်ခြင်းဖြစ်ပါတယ်" ဟု အဆိုပါတာဝန်ရှိသူက ပြောသည်။

အရှေ့တောင်အာရှတိုက်ကွမ်ဒိုပြိုင်ပွဲသို့ လာရောက်အားပေးလိုသည့်နေပြည်တော်ကောင်စီဝင် နယ်မြေအတွင်းရှိ ဇမ္ဗူသီရိမြို့နယ်၊ ဥတ္တရသီရိမြို့နယ်၊ ပုဗ္ဗသီရိမြို့နယ်၊ လယ်ဝေးမြို့နယ်နှင့် ပျဉ်းမနားမြို့နယ်တို့ရှိ အားကစားဝါသနာရှင်ပရိသတ်များကို သက်ဆိုင်ရာ မြို့နယ်အသီးသီးရှိ သတ်မှတ်စုရပ်များမှ အားကစားပြိုင်ပွဲရုံသို့ အခမဲ့ ယာဉ်ကြိုပို့ပေးခြင်း၊ ရုံဝင်ခွင့်လက်မှတ်များ အခမဲ့ဝေငှခြင်း၊ အစားအသောက်၊ သောက်ရေသန့်နှင့် အချိုရည်ဘူးများ ဝေငှခြင်းစသည့် ဝန်ဆောင်မှုများ ပေးသွားမည်ဖြစ်ကြောင်း ဆီးဂိမ်းအကြိုပြိုင်ပွဲကျင်းပရေးကော်မတီမှ သိရှိရသည်။

"နောက်ပိုင်းနေပြည်တော်မှာ ကျင်းပမယ့် ဆီးဂိမ်းအကြို နိုင်ငံတကာအားကစားပြိုင်ပွဲတွေမှာလည်းပရိသတ်တွေလွယ်ကူသက်သာလာရောက်အားပေးနိုင်ဖို့အတွက်အထူးအစီအစဉ်တွေဆောင်ရွက်ပေးသွားမှာပါ"ဟု အားကစားဝန်ကြီးဌာနတာဝန်ရှိသူက ပြောသည်။

နေပြည်တော်၌သုံးရက်ကြာ လက်ခံကျင်းပမည့် အရှေ့တောင်အာရှတိုက်ကွမ်ဒို ချန်ပီယံရှစ်ပြိုင်ပွဲတွင် ထိုင်း၊ ဗီယက်နမ်၊ လာအို၊ အင်ဒိုနီးရှား၊ ဘရူနိုင်း၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူစသည့် ဒေသတွင်းနိုင်ငံများမှ အားကစားသမားများဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး လျှပ်စစ်ကိုယ်ကာယအမှတ်ပေးစနစ်ကိုလည်း ကျင့်သုံးမည်ဖြစ်သည်။

၂၀၁၃ ဆီးဂိမ်းအားကစားပြိုင်ပွဲကို လာမည့် ဒီဇင်ဘာလအတွင်း မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ပြီး အားကစားနည်း ၃၃ မျိုး ထည့်သွင်းကျင်းပမည်ဖြစ်သည်။ အားကစားနည်းအများစုကို နေပြည်တော်၌လက်ခံကျင်းပမည်ဖြစ်ကာ ရန်ကုန်မြို့တွင် အားကစားနည်း ခုနစ်မျိုး၊ မန္တလေးမြို့တွင် အမျိုးသမီးဘောလုံးအားကစားနှင့် ငွေဆောင်ကမ်းခြေတွင်ရွက်လှေအားကစားနည်းတို့ကို လက်ခံကျင်းပမည်ဖြစ်သည်။

# လာမည့်ဘောလုံးရာသီတွင် ဘန်ဇီးမား ရီးရဲလ်၌ ဆက်ရှိမည်

မက်ဒရစ်၊မေ-၅



JUANJO MARTIN/ EPA

ရီးရဲလ်မက်ဒရစ်အသင်း၏ ပြင်သစ်တိုက်စစ်မှူးကာရင်ဘန်ဇီးမားသည်လာမည့်ဘောလုံးရာသီတွင်လည်း အသင်း၌ပင် ဆက်ရှိနေမည်ဖြစ်ကြောင်း ၎င်း၏ အေးဂျင့်ဖြစ်သူက ပြောကြားလိုက်သည်။ ဘန်ဇီးမား၏ သတင်းသည် ယခုအပတ်အစောပိုင်းတွင် ရီးရဲလ်အထွေထွေမန်နေဂျာဟိုဟေးအိန်ဂျယ်ဆန်းချက်ဇ်က အသင်း၌ဘန်ဇီးမား ဆက်ရှိနေမည်ဖြစ်ကာ အာဂျင်တီးနား တိုက်စစ်မှူး ဟီဂူအင်မှာမူ ထွက်ခွာရန်ရှိကြောင်း ပြောကြားခဲ့ပြီးနောက် ပေါ်ထွက်လာခြင်းဖြစ်သည်။ ၎င်းက Le 10 Sport မီဒီယာသို့ ရီးရဲလ်မက်ဒရစ်လို အသင်းကြီးတွေမှာ နံပါတ်-၉ ကိုဝတ်ပြီး ကစားနိုင်တဲ့ အဆင့်မြင့်တိုက်စစ်မှူး နှစ်ဦး၊ သုံးဦးလောက်အတွက် နေရာတွေရှိထားပါတယ်။ ဘန်ဇီမားနဲ့ ဟီဂူအင်မှာဗျာ ဟီဂူအင်က သွားမယ်။ ဘန်ဇီးမားက ဆက်နေမယ်။ ပြီးတော့ နောက်နှစ်ယောက်က ဆက်ရောက်လာမယ်" ဟု ပြောသည်။

ဘန်ဇီးမား၏အေးဂျင့်ကလည်း ထိုသတင်းနှင့် ပတ်သက်၍ "ကျွန်တော်အရင်က အကြိမ်များစွာ ပြောခဲ့သလိုပါပဲ။ ကျွန်တော့်ကစားသမားဟာ မက်ဒရစ်က ထွက်ခွာမှာမဟုတ်ပါဘူး။ မော်ရင်ညိုရဲ့ ထွက်ခွာနိုင်ခြေရှိနေမှုကလည်း ဘာမှမပြောင်းလဲပါဘူး။ ဘန်ဇီးမားအတွက် အပြောင်းအရွှေ့ဆိုတာ မေးစရာမလိုတဲ့ မေးခွန်းပါ"ဟု ပြောသည်။

အသက် (၂၅)နှစ်အရွယ်ရှိ တိုက်စစ်မှူး ဘန်ဇီးမားသည် ၂၀၁၅ ဇွန်အထိ အသင်းနှင့် စာချုပ်ချုပ်ထားကာ ယခုရာသီတွင် လာလီဂါ၌ ကိုးဂိုးသွင်းယူထားသည်။ ၎င်းသည် အသင်းအတွက် ၂၀၀၉ တွင် လိုင်ယွန်အသင်းမှ ပြောင်းလာပြီးချိန်မှစ၍ ဂိုး ၅၀ ကျော် သွင်းယူထားပြီးဖြစ်သည်။

—Ref: Goal

7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.12, No.9 • MAY 8 , 2013

# ဗီလာ-ချယ်လ်ဆီး၊ အင်တာ-လာဇီယို၊ အက်သလက်တီကို-ဘာစီလိုနာ ပွဲကောင်းတွေနဲ့ ဒီတစ်ပတ် ဥရောပလိဂ်ပွဲစဉ်များ


MAURIZIO BRAMBATTI/ EPA

**ကိုအေးမြတ်**

ဒီတစ်ပတ်ကစားမယ့်ဥရောပလိဂ်ပွဲတွေကတော့ ပရီးမီးယားလိဂ်မှာ မန်ယူကလွဲလို့ ချယ်လ်ဆီး၊ လီဗာပူး၊ မန်စီးတီး အသင်းတွေရဲ့ အဝေးကွင်းပွဲတွေ ကြည့်ကြရမှာဖြစ်ပြီး စီးရီးအေမှာတော့ အင်တာ-လာဇီယို၊ လာလီဂါမှာတော့ အက်သလက်တီကို-ဘာစီလိုနာပွဲကစောင့်ကြိုနေမှာပါ။

**ပရီးမီးယားလိဂ်**

**၁၁၊ မေ၊ စနေ။**

**ဗီလာ-ချယ်လ်ဆီး**
**(ည ၇း၄၅ နာရီ)**
**ပကျော့ရလဒ် (၀-၈)**

ပထမအကျော့ရလဒ်ပိုင်းအရရော လက်ရှိခြေစွမ်းအရပါ ခြေကွာတဲ့ နှစ်သင်းဖြစ်ပါတယ်။ ချယ်လ်ဆီးတို့ ဥရောပပွဲတွေမှာ ကစားတဲ့ ခြေစွမ်းအတိုင်းကောင်းနိုင်ပြီး နှစ်ဂိုးလောက်ရသွားမယ့်ပွဲပါ။ ဗီလာ အိမ်ကွင်းသရေရဖို့တောင် အခွင့်အရေးနည်းနေပါတယ်။

**၁၂၊ မေ၊ တနင်္ဂနွေ။**

**ဖူလ်ဟမ်-လီဗာပူး**
**(ည ၁၀း၀၀ နာရီ)**
**ပကျော့ရလဒ် (၀-၄)**

ဖူလ်ဟမ်တို့ အိမ်ကွင်းမှာ သရေရင်ပဲ ကျေနပ်ရမှာပါ။ ရှုံးပွဲများနေတဲ့ ဖူလ်ဟမ်တို့ လီဗာပူးကို နိုင်ခြေနည်းပါတယ်။ လီဗာပူး ကပ်နိုင်ဖို့ များတယ်။ ဂိုးနည်းမယ့်ပွဲပါ။

**ကျူပီအာ-နယူးကာဆယ်**
**(ည ၁၀း၀၀ နာရီ)**
**ပကျော့ရလဒ် (၀-၁)**

နယူးကာဆယ်တို့ ခက်ခက်ခဲခဲ ကစားရမယ့်ပွဲပါ။ ကျူပီအာ အိမ်ကွင်းမှာ ဒုက္ခပေးနိုင်ပြီး အပြန်အလှန် သွင်းဂိုးတွေနဲ့ပွဲ ဖြစ်လာမယ်။ သရေပွဲလည်း ဖြစ်နိုင်ပါတယ်။ အကြိုက်ကတော့ နယူးကာဆယ်ပါ။

**မန်ယူ-ဆွမ်ဆီး**
**(ည ၁၁း၀၀ နာရီ)**
**ပကျော့ရလဒ်**

မန်ယူအိမ်ကွင်းမှာ ဂိုးများများ သွင်းနိုင်မှာတော့ မဟုတ်ပါဘူး။ ခြေစွမ်းအရ မန်ယူဘက်ကပဲ နေရမှာဖြစ်ပြီး နှစ်ဂိုးလောက်တော့ ရသွားနိုင်တယ်။ ဆွမ်ဆီး ဂိုးအနည်းနဲ့ ကပ်ရှုံးဖို့ရှိတယ်။

**စီးရီးအေ**

**၉၊ မေ၊ ကြာသပတေး။**

**ပတ်စကာရာ-မီလန်**
**(နံနက် ၀၀း၀၀ နာရီ)**
**ပကျော့ရလဒ် (၁-၄)**

မီလန်တို့ ပထမအကျော့တုန်းကလောက် ဂိုးမပြတ်နိုင်ပေမယ့် နိုင်ခြေများနေဆဲပါ။ တန်းဆင်းရဖို့ရှိနေတဲ့ ပတ်စကာရာတို့ အိမ်ကွင်းမှာ သရေရဖို့တောင် မရှိဘူး။ မီလန် နှစ်ဂိုးနဲ့အထက် ရနိုင်ခြေများတယ်။

**အတ္တလန်တာ-ဂျူဗင်တပ်**
**(နံနက် ၂း၄၅ နာရီ)**
**ပကျော့ရလဒ်(၀-၃)**

ဂျူဗီတို့ အကောင်းဆုံးကစားနိုင်စွမ်းရှိနေပြီး ဒီရာသီအဝေးကွင်းရလဒ်ကလည်း နိုင်ပွဲအများဆုံးဖြစ်နေတာပါ။ အတ္တလန်တာ သရေရဖို့ မလွယ်ဘဲ ဂိုးအနည်းနဲ့ ရှုံးရင်ကို ကျေနပ်ရမှာပါ။

**၁၃၊ မေ၊ တနင်္ဂနွေ။**

**အင်တာ-လာဇီယို**
**(နံနက် ၂း၄၅ နာရီ)**
**ပကျော့ရလဒ် (၀-၁)**

အင်တာတို့ မထင်မှတ်ဘဲ ကပ်ရှုံးရတဲ့ ပထမအကျော့ရလဒ်ကို မှတ်မိနေမှာပါ။ ဒါပေမဲ့ အိမ်ကွင်းတွေ့ဆုံမှုတွေမှာ အင်တာမီလန်နိုင်တဲ့ သမိုင်းများပါတယ်။ အင်တာဂိုးရနည်းနိုင်ပြီး ကပ်နိုင်ရင်ပဲ ကျေနပ်ရမှာပါ။ လာဇီယိုဘက်ကတော့ အဝေးကွင်းသရေမှန်းနိုင်တယ်။

**လာလီဂါ**

**၁၂၊ မေ၊ တနင်္ဂနွေ။**

**ဘက်တစ်-ဆယ်လ်တာဗီဂို**
**(ည ၁၀း၀၀ နာရီ)**
**ပကျော့ရလဒ် (၁-၀)**

ထိပ်တိုက်တွေ့ဆုံတိုင်း ဂိုးမပြတ်တဲ့နှစ်သင်းဖြစ်ပါတယ်။ ဒီပွဲမှာလည်း အိမ်ရှင်တို့ဘက်ကနေ သင့်ပေမယ့် သရေပွဲဆီဦးတည်နိုင်တယ်။

**၁၃၊ မေ၊ တနင်္လာ။**

**အက်သလက်တီကို-ဘာစီလိုနာ**
**(နံနက် ၀၁း၀၀ နာရီ)**
**ပကျော့ရလဒ် (၁-၄)**

စပိန်ထိပ်တန်းနှစ်သင်းတွေ့တဲ့ပွဲပါ။ ဘာကာတို့ ဥရောပပွဲတွေပြီးသွားပြီဖြစ်လို့ ပြည်တွင်းပွဲတွေကို အာရုံစိုက်မှာပါ။ ထိပ်တိုက်တွေ့ဆုံမှုတွေအရလည်း ဘာကာက သာနေပါတယ်။ ဘာစီလိုနာ အဝေးကွင်းနိုင်ပွဲကို ဂိုးနည်းနည်းနဲ့ ယူသွားပါလိမ့်မယ်။

**မာလာဂါ-ဆီဗီလာ**
**(နံနက် ၀၃း၀၀ နာရီ)**
**ပကျော့ရလဒ် (၂-၀)**

မာလာဂါ ခြေမမှန်သေးဘဲ တစ်လှည့်စီ နိုင်၊ ရှုံးပွဲတွေ တွေ့နေတာပါ။ ဒါပေမဲ့ အိမ်ကွင်းရလဒ်ပိုင်းအရ မာလာဂါကောင်းတယ်လို့သတ်မှတ်နိုင်ပါတယ်။ ဆီဗီလာ သရေရရင်တောင် ကျေနပ်ရမှာဖြစ်ပြီး မာလာဂါကပ်နိုင်ခြေပိုများတယ်။



7 DAY NEWS JOURNAL
Vol.12, No.9 • MAY 8 , 2013

# ဗင်နီဇွဲလားသမ္မတရွေးကောက်ပွဲ အနိုင်ရရှိသူကို အိုဘားမား အတည်မပြုသေး

**ဆန်ဂျိုးစ်၊မေ-၄**

ပြီးခဲ့သည့်လ ဗင်နီဇွဲလားသမ္မတရွေးကောက်ပွဲတွင် အနိုင်ရရှိသူ မစ္စတာ နီကိုလပ်စ်မာဒူရိုအား အမေရိကန်နိုင်ငံက အသိအမှတ်ပြု၊ မပြု အမေရိကန်သမ္မတဘားရက်အိုဘားမားက ပြောကြားခဲ့ခြင်းမရှိကြောင်း သိရသည်။

ဗဟိုအာဖရိက နိုင်ငံ့ခေါင်းဆောင်များနှင့် ထိပ်သီးဆွေးနွေးပွဲလုပ်ရန် ကော်စတာရီကာနိုင်ငံ၌ ရောက်ရှိနေသော မစ္စတာ အိုဘားမားက စပိန်ဘာသာ တယ်လီဗေးရှင်းကွန်ရက် Univision နှင့် ပြုလုပ်သော အင်တာဗျူးတွင် ဧပြီ ၁၄ ရက် နောက်ပိုင်း ဖြစ်ပေါ်လာသော အကြမ်းဖက်မှု၊ ကန့်ကွက်ဆန္ဒပြမှုများနှင့် အတိုက်အခံအပေါ် နှိမ်နင်းမှုများကို ဒေသတစ်ခုလုံးက စောင့်ကြည့်နေကြောင်း ပြောခဲ့သည်။

ဗင်နီဇွဲလားသမ္မတ ရွေးကောက်ပွဲတွင် မစ္စတာမာဒူရိုက အတိုက်အခံခေါင်းဆောင်ထက် နှာတစ်ဖျားအသာဖြင့် အနိုင်ရရှိခဲ့ပြီး ခေါင်းဆောင်ဟောင်း ဟူဂိုချားဗက်စ်၏နေရာကို အစားထိုးဝင်ရောက်လာခဲ့သည်။ မစ္စတာကာပရီလက်စ်ကမူ ၎င်းရှုံးနိမ့်ကြောင်း လက်မခံဘဲ မှုမှန်မဟုတ်သော အခြေအနေများ ရှိခဲ့သည်ဟု ပြောကြားသည်။

အမေရိကန်နိုင်ငံ၏ ချဉ်းကပ်မှုမှာ အယူဝါဒရေးရာနှင့် မသက်ဆိုင်ဘဲ လူ့အခွင့်အရေး၊ ဒီမိုကရေစီ၊ စာနယ်ဇင်းလွတ်လပ်မှု၊ လွတ်လပ်စွာစုရုံးခွင့် စသော အခြေခံ ခံယူချက်များအပေါ် အခြေခံထားသည်ဟု အမေရိကန်သမ္မတက ပြောကြားသည်။

—*Ref: AFP*




AP

# ကာဂျစ်စတန် တောင်ပိုင်း၌ အမေရိကန် စစ်လေယာဉ်တစ်စီး ပျက်ကျ

**ဘိရှက်၊မေ-၄**

အမေရိကန်စစ်ဘက်သုံး လောင်စာဆီ ပြန်လည်ဖြည့်တင်းရေး လေယာဉ်သည် အာဖဂန်နစ္စတန်နိုင်ငံသို့ ပျံသန်းမောင်းနှင်နေစဉ် ကာဂျစ်စတန်နိုင်ငံ လေပိုင်နက်အတွင်း ပေါက်ကွဲပျက်ကျသွားကြောင်း ကာဂျစ်စတန် အရေးပေါ်ကိစ္စများဝန်ကြီးဌာနက ပြောကြားသည်။ ၎င်းလေယာဉ်သည် အာဖဂန်နစ္စတန်နိုင်ငံရှိ စစ်ဆင်ရေးများအတွက် လိုအပ်သော လောင်စာဆီတန်ချိန် ၇၀ အားတင်ဆောင်ပြီး ခရီးတစ်ထောက်နားရာဖြစ်သော ကာဂျစ်စတန်နိုင်ငံမန်နာ့စ်နိုင်ငံတကာလေဆိပ်မှ ထွက်ခွာလာခြင်းဖြစ်သည်။ လေယာဉ်များ လောင်စာဆီဖြည့်တင်းရန် အသုံးပြုသော ထိုလေယာဉ်သည် ချာလ်ဒိုဗာကျေးရွာအနီး၌ ပျံသန်းနေစဉ် ညနေ ၃ နာရီ ၁၀ မိနစ်တွင် ရေဒါစက်ကွင်းမှ ပျောက်ကွယ်သွားကြောင်း စာရင်းပျောက်နေသောလေယာဉ်အမှုထမ်းသုံးဦးရှိကြောင်း ဒေသဆိုင်ရာ အာဏာပိုင်များက ပြောကြားသည်။

ထိုလေယာဉ်သည် ပျံသန်းနေစဉ် ကောင်းကင်ယံ၌ ပေါက်ကွဲပျက်ကျသည်ကို မြင်လိုက်ရကြောင်း မျက်မြင်သက်သေများက ပြောကြားပြီး လောင်စာဆီ ယိုစိမ့်လောင်ကျွမ်းမှုများအား ငြိမ်းသတ်ပြီး လေယာဉ်ပျံသန်းမှု မှတ်တမ်းသေတ္တာ (Black Box)အား ရှာဖွေနေကြောင်း ဝန်ကြီးဌာနအရာရှိ ဘိုလော့ရှာချီနေလီယေ့ဗ်က ပြောကြားသည်။

ရိုက်တာသတင်းဌာနမှ ရရှိခဲ့သော လက်ကိုင်ဖုန်းဖြင့် ရိုက်ကူးထားသည့် ဗီဒီယိုတွင် လေယာဉ်ပျက်ကျရာ နေရာအနီး၌ လက်နက်ကိုင်အစောင့်တစ်ဦး စောင့်ကြပ်နေပြီး လေယာဉ်အပိုင်းအစများ မီးလောင်ကျွမ်းနေကြောင်း တွေ့ရသည်။

ဘိုးရင်း KC-13 ဆီတင်လေယာဉ်ပျက်ကျမှုကို စုံစမ်းစစ်ဆေးမှုပြုလုပ်နေကြောင်း အမေရိကန် Transit Centre မှ ပြောကြားထားသော်လည်း လေယာဉ်အမှုထမ်းသုံးဦး လိုက်ပါလာခြင်းကိုလည်းကောင်း၊ ထိုလေယာဉ်ပျက်ကျရသည့် အကြောင်းရင်းနှင့် ပတ်သက်၍လည်းကောင်း အတည်ပြုပြောကြားခဲ့ခြင်းမရှိပေ။

—*Ref: Reuters*

AFP



7DAY NEWS JOURNAL
Vol.12, No.9 • MAY 8 , 2013

# နှုတ်ခမ်းနီတောင့်နှင့် နှုတ်ခမ်းအရောင်တင်ဆီများတွင် သတ္တုဆိပ်ပမာဏ အများအပြားပါဝင်

**ဘာကလေ၊ မေ - ၂**

မိတ်ကပ်၌ သတ္တုပမာဏအများအပြားပါဝင်ကြောင်း အစောပိုင်းသုတေသနပြုချက်တွင် တွေ့ရှိခဲ့သော်လည်း အမေရိကန် သုတေသနပညာရှင်များက နှုတ်ခမ်းနီတောင့်နှင့်နှုတ်ခမ်းအရောင်တင်ဆီများကို ဓာတ်ခွဲကြည့်ခဲ့ပြီး ကျန်းမာရေးအတွက် အန္တရာယ်ရှိ၊ မရှိဆုံးဖြတ်ရန် သတ္တုပါဝင်မှုပမာဏများကို တိုင်းတာခဲ့သည်။

နှုတ်ခမ်းနီတွင် ပါဝင်သောသတ္တုများကို ရှာဖွေရမည်သာမက သတ္တုပမာဏမည်မျှပါကြောင်းကိုလည်း ရှာဖွေရန်အရေးကြီးကြောင်း၊ အဆိပ်အတောက်ဖြစ်စေသောသတ္တုအချို့သည် ရေရှည်တွင် ဆိုးကျိုးဖြစ်နိုင်သော ပမာဏအထိပါဝင်နေကြောင်း ကယ်လီဖိုးနီးယားပြည်နယ် ဘာကလေတက္ကသိုလ်မှ ပတ်ဝန်းကျင်ဆိုင်ရာ ကျန်းမာရေးသိပ္ပံ ပါမောက္ခက ပြောကြားခဲ့သည်။

သုတေသန ပညာရှင်များသည် အမေရိကန်ဆေးဆိုင်များနှင့် ကုန်တိုက်များတွင် အတွေ့ရများသော နှုတ်ခမ်းနီ တောင့်နှင့် နှုတ်ခမ်းအ ရောင်တင်ဆီ ၃၂ မျိုးကို စစ်ဆေးခဲ့ သည်။

Environmental Health Perspectives ဂျာနယ်က ထုတ်ဝေခဲ့သော လေ့လာမှု၌ အထက်ပါအမျိုးသမီးသုံး အလှကုန်ပစ္စည်းနှစ်မျိုးတွင် ခဲ၊ ကက်ဒ်မီယံ၊ ခရိုမီယံ၊ အလူမီနီယံနှင့် အခြားသတ္တု ငါးမျိုးကို ရှာဖွေတွေ့ရှိခဲ့ပြီး ၎င်းသတ္တုများအနက်မှ အချို့သည် ကျန်းမာရေးအတွက် စိုးရိမ်ရမှုများကို မြင့်တက်စေသော ပမာဏအထိရောက်ရှိနေကြောင်း တွေ့ရှိခဲ့သည်။ နှုတ်ခမ်းနီဆိုးသူများသည် တစ်နေ့လျှင်နှုတ်ခမ်းနီအနည်းငယ်စီမျိုချမိနေသောကြောင့် နှုတ်ခမ်းနီတောင့်နှင့်နှုတ်ခမ်းအရောင်တင်ဆီများသည် ကျန်းမာရေးအတွက် အထူး စိုးရိမ်ဖွယ်ရာများဖြစ်နေသည်ဟု လေ့လာသူများက ပြောကြားသည်။

သုတေသန ပညာရှင်များသည်ယခင်လေ့လာမှုတွင်တင်ပြခဲ့သော သုံးစွဲမှုအချက်အလက်များအပေါ် အခြေခံ၍ နှုတ်ခမ်းနီကို သာမန်သုံးစွဲခြင်းနှင့် အလွန်အကျွံသုံးစွဲခြင်းဆိုသော အဓိပ္ပာယ်ဖွင့်ဆိုချက်များကို ပြုလုပ်ခဲ့သည်။

နှုတ်ခမ်းနီကို သာမန်သုံးစွဲခြင်းဆိုသည်မှာ တစ်နေ့လျှင်ဆိုးထားသော နှုတ်ခမ်းနီ ၂၄ မီလီဂရမ်ကို နေ့စဉ်မျိုချမိခြင်းဖြစ်ပြီး အလွန်အကျွံသုံးစွဲခြင်းဆိုသည်မှာ နှုတ်ခမ်းနီ ကို ထပ်ခါထပ်ခါဆိုးသောကြောင့် တစ်နေ့လျှင် နှုတ်ခမ်းနီ ၈၇ မီလီဂရမ် မျိုချမိခြင်းဖြစ်သည်ဟု အဓိပ္ပာယ် ဖွင့်ဆိုသည်။

နှုတ်ခမ်းနီသာမန်ဆိုးခြင်းဖြင့် အစာအိမ်တွင် ကင်ဆာဖြစ်စေနိုင်သော ခရိုမီယံဓာတ်များနှင့် ပိုမိုထိတွေ့စေပြီး နှုတ်ခမ်းနီအလွန်အကျွံဆိုးခြင်းဖြင့် အလူမီနီယံ၊ ကက်ဒ်မီယံနှင့် မဂ္ဂနိသတ္တုများနှင့် ပိုမိုထိတွေ့စေနိုင်ကြောင်း လေ့လာသူများက ပြောကြားခဲ့သည်။

နှုတ်ခမ်းနီကို လုံးဝမဆိုးရန် တားမြစ်ထားခြင်း မဟုတ်သော်လည်း အလှပြင်ပစ္စည်းများတွင် သတ္တုများပါဝင်မှုအတွက် အမေရိကန်၌ စံနှုန်းသတ်မှတ်ထားခြင်း မရှိသောကြောင့် ကျန်းမာရေးတာဝန်ရှိသူများအနေဖြင့် သတ္တုပါဝင်မှုကို ပိုမိုကြီးကြပ်နိုင်ရန် ရည်ရွယ်ကြောင်း သုတေသီများက ပြောကြားသည်။ *—Ref: UPI*



AFP

# ယခုနှစ်အတွင်း ဆုကြေးငွေရရှိမှု စင်ကာပူ လုပ်သားအများစု မကျေနပ်ဟုဆို

**စင်ကာပူ၊မေ-၆**

ယခုနှစ်အတွင်း လုပ်ခဆုကြေးရခဲ့သော စင်ကာပူ လုပ်သားအများစုသည် ၎င်းတို့ ရရှိခဲ့သည့် ပမာဏကို မကျေနပ်ကြကြောင်း အလုပ်အကိုင်ရှာဖွေရေးကုမ္ပဏီ Job Street ၏ စစ်တမ်းတစ်ခုက ဖော်ပြသည်။

စင်ကာပူနိုင်ငံမှ လုပ်သား ၁,၉၆၂ ဦးကို စစ်တမ်းကောက်ယူလေ့လာခဲ့သောယင်းစစ်တမ်းတွင် မေးမြန်းခံရသူ ၆၂ ရာခိုင်နှုန်းမှာ ထိပ်တန်းဝါရင့်အမှုဆောင်များဖြစ်ကြသည်။ မေးမြန်းခံရသူ ၆၀ ရာခိုင်နှုန်းက ၎င်းတို့ရရှိသော ဆုကြေးသည် လစာ၏ တစ်လစာ (သို့မဟုတ်) နှစ်လစာခန့်သာ ရှိကြောင်း ဆိုသည်။ အမြင့်ဆုံးနှုန်းဖြင့်ရရှိသော ဆုကြေးမှာ ခြောက်လစာနှင့်အထက်ဖြစ်ပြီး ထိုသို့ရရှိသူများမှာ ဘဏ္ဍာရေး ဝန်ဆောင်မှု၊ ဘဏ်လုပ်ငန်း၊ ရေကြောင်း သွားလာရေး၊ ရေနံ သဘာဝဓာတ်ငွေ့နှင့် ကုန်ထုတ်လုပ်ရေးကဏ္ဍများမှ ဖြစ်သည်။ သို့သော် ထိုသို့သောပမာဏဖြင့် ဆုကြေးရရှိသူများမှာ အားလုံး၏ နှစ်ရာခိုင်နှုန်းသာ ရှိသည်။

စစ်တမ်းတွင် ပါဝင်သည့် လုပ်သားအများစုမှာ ဒေါ်လာ ၂,၀၀၀ မှ ၅,၀၀၀ ကြားနှုန်းဖြင့် ရရှိခဲ့ကြသည်။ ၂၆ ရာခိုင်နှုန်းက ပြီးခဲ့သော နှစ်ကထက် ဆုကြေးတိုးလာကြောင်း ဆိုခဲ့ပြီး ၃၃ ရာခိုင်နှုန်းကမူ ယမန်နှစ်ကအတိုင်းသာ ရသည်ဟုဆိုကာ ၄၀ ရာခိုင်နှုန်းကမူ ယမန်နှစ်ကထက် လျော့နည်းရခဲ့သည်ဟု ဆိုသည်။

မေးမြန်းခံရသူ ၇၅ ရာခိုင်နှုန်းက ဆုကြေးရရှိသည့်ပုံစံကြောင့် အလုပ်မှနုတ်ထွက်ရန် ရည်ရွယ်ချက်များရှိကြောင်း ဖော်ပြခဲ့ကာ ၂၆ ရာခိုင်နှုန်းကမူ ဆုကြေးရရှိပုံကိုကျေနပ်သော်လည်း အလုပ်မှထွက်ခဲ့ကြောင်း ဆိုကြသည်။ မေးမြန်းခံရသူ အားလုံးနီးပါးက ဆုကြေးနှင့် လစာပုံမှန်တိုးပေးခြင်းကဲ့သို့သော ငွေကြေးမက်လုံးများရှိခြင်းသည် အလုပ်သမားများကို ထိန်းထားနိုင်ရန်နှင့် ၎င်းတို့၏ စွမ်းဆောင်ရည်မြင့်မားစေရန် အထောက်အပံ့ ဖြစ်စေကြောင်း ပြောသည်။

*—Ref: Asiaone*

**နောက်ကျောဖုံးမှ**

## ဆီးရီးယားသူပုန်များအား လေ့ကျင့်ပေးရေးနှင့် သတင်းအချက်အလက်များပေးရေး ကန်လွှတ်တော်အမတ်များ အိုဘားမားကို တိုက်တွန်း

ယခုရက်သတ္တပတ်အတွင်း အစ္စရေးက ဆီးရီးယားပစ်မှတ်များကို ဒုတိယအကြိမ် တိုက်ခိုက်လိုက်စဉ်မှာပင် ဆီးရီးယားအရေးအပေါ် အမေရိကန်ပါဝင်မှုနှင့်ပတ်သက်၍ ငြင်းခုံဆွေးနွေးမှုပြင်းထန်လာနေသည်။ ယင်းမတိုင်မီကလည်းဆီးရီးယားက ဓာတုလက်နက်များ အသုံးပြုခဲ့သည်ဆိုသော ထောက်လှမ်းရေးသတင်းများ ထွက်ပေါ်သည်။

သမ္မတအိုဘားမားကလည်း ဓာတုလက်နက်အသုံးပြုခြင်းကိစ္စမှာ ကစားပွဲ၏ အလှည့်အပြောင်းဖြစ်နိုင်ကြောင်း သတိပေးရင်း ထပ်မံ၍ အထောက်အထားရှာဖွေရန် တွန်းအားပေးထားသည်။

လွှတ်တော်ထောက်လှမ်းရေးကော်မတီတွင် ပါဝင်သူ ဒီမိုကရက်တစ်အမတ် ရက်ပက်စ်ဘာဂါကလည်း အမေရိကန်နိုင်ငံ၌ အခြားနိုင်ငံများတွင် မရှိသော အရင်းအမြစ်များရှိ၍ ၎င်းတို့ကို အသုံးချရန် လိုအပ်သည်ဟုပြောသည်။ သို့သော် တစ်ကမ္ဘာလုံးအတွက် ပုလိပ်ကြီးလုပ်မနေဘဲ ဆီးရီးယားနိုင်ငံအရေးသို့ ဝင်ရောက်မည်ဆိုပါက အာရပ်မဟာမိတ်များ ဒေသတွင်းမှ အခြားနိုင်ငံများနှင့် ဝင်ရောက်သင့်သည်ဟု ပြောကြားသည်။

*—Ref: AFP*

## ကမ္ဘာ့အကြီးဆုံး ကုန်သေတ္တာသင်္ဘောများ ဟွန်ဒိုင်းကုမ္ပဏီ တည်ဆောက်ခွင့်ရ

**ဆိုးလ်၊ မေ-၆**

ဟွန်ဒိုင်းကုမ္ပဏီသည် တရုတ်ကွန်တိန်နာသင်္ဘောလိုင်းများအတွက် ကမ္ဘာ့အကြီးဆုံး ကုန်သေတ္တာ သင်္ဘောများ တည်ဆောက်ရန် အမေရိကန်ဒေါ်လာ သန်း ၇၀၀ တန် သဘောတူညီချက် ရရှိခဲ့ကြောင်း တောင်ကိုရီးယားနိုင်ငံ ဟွန်ဒိုင်းကုမ္ပဏီက မေလ ၆ ရက်တွင် ပြောကြားသည်။

ဟွန်ဒိုင်းကုမ္ပဏီသည် တရုတ်နိုင်ငံ၏ဒုတိယအကြီးဆုံး သင်္ဘောကုမ္ပဏီနှင့်သဘောတူညီချက်အရ ပေ ၂၀ ရှည်သော ကုန်သေတ္တာ အလုံးပေါင်း ၁၈,၄၀၀ သယ်ဆောင်နိုင်သည့် သင်္ဘောငါးစီး တည်ဆောက်မည်ဖြစ်ကြောင်း ဟွန်ဒိုင်းက ပြောကြားသည်။

ဟွန်ဒိုင်းကုမ္ပဏီက တည်ဆောက်မည့် အဆိုပါသင်္ဘောများသည်ကမ္ဘာ့အကြီးဆုံးသင်္ဘောများ ဖြစ်လိမ့်မည်ဖြစ်ကြောင်းနှင့် အဆိုပါသင်္ဘောများ တည်ဆောက်ခွင့်သည် ၂၀၁၁ ခုနှစ်တွင် ဒိန်းမတ်နိုင်ငံ အေပီမိုလာမာ့စ်ကုမ္ပဏီအတွက်ပေ ၂၀ ရှည်သောကုန်သေတ္တာ အလုံးပေါင်း ၁၈,၀၀၀ တင်ဆောင်နိုင်သည့် သင်္ဘောများ တည်ဆောက်ခွင့်ရခဲ့သော ဒေဝူးသင်္ဘောတည်ဆောက်ရေးကုမ္ပဏီ၏ စံချိန်ကို ချိုးနိုင်လိမ့်မည်ဖြစ်သည်။

အဆိုပါ သင်္ဘောငါးစီးပို့ဆောင်မှုသည် ၂၀၁၄ နှစ်လယ်နောက်ပိုင်းတွင် စတင်မည်ဖြစ်ကြောင်းနှင့် သင်္ဘောတစ်စီးချင်းစီသည် မီတာ ၄၀၀ ရှည်လျား၍ ဘေးတိုက်အကျယ် ၅၈ ဒသမ ၆ မီတာ ရှိ၍ ၃၀ ဒသမ ၅ မီတာမြင့်မားသည်။

သင်္ဘောများတွင် အီလက်ထရွန်နစ်စနစ်နှင့် ထိန်းချုပ်ထားသော စက်များပါရှိမည်ဖြစ်ကြောင်း၊ အဆိုပါစက်များသည် လောင်စာသုံးစွဲမှု၊ သင်္ဘောမောင်းနှင်နှုန်းကို ပင်လယ်ပြင်အခြေများနှင့် တစ်ပြေးညီထိန်းညှိပေးခြင်း၊ ဆူညံသံများ လျှော့ချပေးခြင်းနှင့် မီးခိုးထုတ်လွှတ်မှု လျော့နည်းစေခြင်းများ လုပ်ဆောင်ပေးနိုင်ကြောင်း သိရသည်။ *—Ref: AFP*

**နောက်ကျောဖုံးမှ**

## ကဒါဖီလက်ထက်တွင် တာဝန်ထမ်းဆောင်ခဲ့သော အရာရှိများ လစ်ဗျားပါလီမန် ပိတ်ပင်

ဆွေးနွေးနေစဉ် ကန့်ကွက်ဆန္ဒပြသူများကြောင့် အဆောက်အအုံထဲတွင် အဖွဲ့ဝင်များ နာရီအတော်ကြာ ပိတ်မိနေခဲ့သည်။ ပြီး ၂၈ ရက်က နိုင်ငံခြားရေးဝန်ကြီးဌာနအား လက်နက်ကိုင်တပ်ဖွဲ့များက တားဆီးပိတ်ဆို့မှုများ ပြုလုပ်ခဲ့သည်။ ကဒါဖီ သေဆုံးချိန်မှစ၍ ထရီပိုလီမြို့နှင့် အခြားသော လစ်ဗျားနိုင်ငံမြို့များတွင် အကြမ်းဖက်မှုများဖြစ်ပေါ်ခဲ့သည်။ ကာလကြာမြင့်စွာ အုပ်စိုးခဲ့သော ခေါင်းဆောင်အား ဖြုတ်ချခဲ့သည့် စစ်ပွဲအတွင်း ဖွဲ့စည်းခဲ့သော လက်နက်ကိုင်တပ်ဖွဲ့များအား လက်ရှိအစိုးရက ဖျက်သိမ်းရန် ကြိုးစားနေကြောင်း သတင်း၌ ဖော်ပြပါရှိသည်။ *—Ref: BBC*

**နောက်ကျောဖုံးမှ**


## ၉/၁၁ ပြတိုက်ဝင်ကြေးယူမည့်အစီအစဉ် ကျန်ရစ်သူ မိသားစုအချို့မကျေနပ်

၉/၁၁ပြတိုက်အရာရှိများသည် ဝင်ကြေးသတ်မှတ်ချက်မတိုင်မီ လူကြီးတစ်ဦးလျှင် အမေရိကန်ဒေါ်လာ ၁၂ ဒေါ်လာ ကောက်ခံသော အိုကလာဟိုးမားမြို့တော်အမျိုးသား အမှတ်တရပြတိုက်နှင့် နိုင်ငံအတွင်းရှိ အခြားပြတိုက်များကိုလည်း ဂရုပြုလေ့လာခဲ့ကြောင်း ရိုက်ဒို၏ ပြောကြားချက်အရ သိရသည်။

၉/၁၁ အမှတ်တရပြတိုက်၏ တာဝန်ရှိသူများက မစ္စစ်ရီဂန်ဟာ့ဒ်၏ ပြောစကားများအပေါ် မှတ်ချက်ပေးရန် ငြင်းဆိုခဲ့ပြီး မစ္စစ်ရီဂန်ဟာ့ဒ်၏ ပြောကြားချက်ကိုလည်း ၉/၁၁ သေဆုံးခဲ့သူများ၏ မိသားစုများအားလုံးက သဘောတူကြခြင်း မဟုတ်ကြောင်း ပြောသည်။

"ဝင်ကြေးကောက်ဖို့လိုရင် သူတို့ကောက်ပါလိမ့်မယ်။ ကျွန်တော် ဒီပြတိုက်ကြီးကို ကောင်းစေချင်ပါတယ်။ ကျွန်တော်တို့တွေ ဆိုးရွားတဲ့ ဒုက္ခကြီးနဲ့လည်း ကြုံတွေ့ခဲ့ပြီးပြီ။ ၉/၁၁ မှာ ကျွန်တော့်ဇနီးလည်း ဆုံးသွားခဲ့ပါတယ်။ ကျွန်တော်တို့အားလုံးက ပိုကောင်းအောင်ကြိုးစားနေကြတာပါပဲ" ဟု ၉/၁၁ တွင် သေဆုံးသူတစ်ဦး၏ မိသားစုဝင် ချာလီဝုဒ်က စီအင်န်အင်န်အား ပြောကြားခဲ့သည်။

*—Ref: CNN*



AFP

## အသံထက်ငါးဆပိုမြန်သော စစ်သုံးလေယာဉ် အမေရိကန်စမ်းသပ်

**ဝါရှင်တန်၊မေ–၄**

လူလိုက်ပါခြင်းမရှိသော အသံထက် ငါးဆပိုမြန်သည့် စစ်သုံးလေယာဉ် စမ်းသပ်ပျံသန်းမှု ပြုလုပ်ခဲ့ကြောင်း အမေရိကန်လေတပ်က ပြောကြားလိုက်သည်။ X-51 A Waverider ဟု အမည်ပေးထားသည့် လေယာဉ်အား ပစိဖိတ်သမုဒ္ဒရာပေါ်တွင်ခြောက်မိနစ်အတွင်း ၄၂၆ ကီလိုမီတာ ကျော် စမ်းသပ်ပျံသန်းခဲ့ပြီး အမြန်နှုန်း 5.1 Mach အထိ ပျံသန်းခဲ့ကြောင်း အမေရိကန်လေတပ် ဝက်ဘ်ဆိုက်စာမျက်နှာ၌ ဖော်ပြထားသည်။

ထိုလေယာဉ်အား B52 ဗုံးကြဲလေယာဉ်ဖြင့် အမြင့်ပေ ၅၀,၀၀၀ ခန့်အထိ သယ်ဆောင်သွားပြီး ၎င်း၏တွန်းအားပေးဒုံးဖြင့် ၂၆ စက္ကန့်အတွင်း 4.8 Mach အမြန်နှုန်းဖြင့် ပျံသန်းခဲ့သည်။

လေယာဉ်သည် ကြိုတင်စီစဉ်ထားသည့်အတိုင်း ပစိဖိတ်သမုဒ္ဒရာထဲသို့ မဆင်းသက်မီ အသံထက်ပိုမြန်သော စက်အားဖြင့် အမြင့်ပေ ၆၀,၀၀၀ ၌ အမြန်နှုန်း 5.1 Mach ဖြင့် ပျံသန်းခဲ့သည်။

ယင်းစမ်းသပ်မှုသည် ကမ္ဘာအနှံ့မြန်နှုန်းမြင့်လက်နက်များဖြင့် တိုက်ခိုက်ရာတွင် အဓိကကျသော နည်းပညာတိုးတက်အောင်မြင်မှုဖြစ်ကြောင်း အမေရိကန်ရေတပ်က ပြောကြားသည်။

*—Ref: Ria Novosti*

## ဘော်စတွန်ဗုံးခွဲမှုအပြီး အမေရိကန်က ကျောင်းသားဗီဇာစည်းကမ်းများ တင်းကျပ်

**ဝါရှင်တန်၊ မေ–၄**

ပြီးခဲ့သော ဘော်စတွန်ဗုံးခွဲမှုဖြစ်စဉ်အပြီးပထမဦးဆုံးလုံခြုံရေးကိစ္စတုံ့ပြန်မှုအဖြစ် အမေရိကန်နိုင်ငံက နိုင်ငံတကာကျောင်းသားများ စိစစ်ရေးအစီအစဉ်ကို တင်းကျပ်မည်ဖြစ်သည်။

ဗုံးခွဲမှုနှင့်ဆက်စပ်၍ တရားဝင်ဗီဇာသက်တမ်းမရှိတော့သော ကာဇက်စတန်နိုင်ငံမှ ကျောင်းသားတစ်ဦးက ဗုံးခွဲမှုမသင်္ကာသူတစ်ဦး၏ အထောက်အထားများကို ဖွက်ထားခဲ့ကြောင်း ရဲတပ်ဖွဲ့က စွပ်စွဲခဲ့ပြီးနောက် ယခုကဲ့သို့ ဗီဇာတင်းကျပ်လိုက်ခြင်းဖြစ်သည်။

ကျောင်းသားတစ်ဦးချင်းစီ၏ ဗီဇာသက်တမ်းရှိ၊ မရှိကို စက်ဖြင့်စနစ်တကျစစ်ဆေးကြရန် ပြည်တွင်းလုံခြုံရေးဌာနက ၎င်း၏ နယ်စပ်အရာရှိများအား ညွှန်ကြားလိုက်သည်။

ဘော်စတွန်ဗုံးခွဲမှု မသင်္ကာသူ ဒီခိုဇာတီဆာနက်စ်၏ သူငယ်ချင်းဖြစ်သူ အဇာမတ်တက် အာယာကော့ဗ်သည် ကျောင်းမှအထုတ်ခံခဲ့ရသော်လည်း အမေရိကန်နိုင်ငံသို့ ပြန်လည်ဝင်ရောက်လာခဲ့သည်။ ယခုအခါ ၎င်းအား ဒီခိုဇာပိုင်ဆိုင်သော ကျောပိုးအိတ်ကို ဖျောက်ဖျက်ပစ်ရာတွင် အကူအညီပေးမှုဖြင့် အဇာမတ်တက် ဟာယာ ကော့ဗ်အား မေ ၈ ရက်တွင် ရုံးတင်စစ်ဆေးမည်ဖြစ်သည်။

*—Ref: BBC*




AP



7DAY NEWS JOURNAL

# International

Vol.12, No.9 • MAY 8 , 2013

## ဆီးရီးယားသူပုန်များအား လေ့ကျင့်ပေးရေးနှင့် သတင်းအချက်အလက်များပေးရေး ကန်လွှတ်တော်အမတ်များ အိုဘားမားကို တိုက်တွန်း

**ဝါရှင်တန်၊ မေ-၆**

သမ္မတဘာရှားအယ်လ်အာဆတ် အစိုးရပြုတ်ကျရေး လျင်မြန်စေရန် အာရပ်နိုင်ငံများမှတစ်ဆင့် ဆီးရီးယားသူပုန်များအား လေ့ကျင့်သင်ကြားပေးရေးနှင့်ထောက်လှမ်းရေးသတင်းများပေးရေးအတွက်အမေရိကန်သမ္မတအိုဘားမားကို အမေရိကန်ဥပဒေပြု အမတ်များက တိုက်တွန်းပြောကြားသည်။

ယင်းအစီအစဉ်မှနေ၍ ဆီးရီးယား၌ အာဆတ်ပြုတ်ကျသွားလျှင် အမေရိကန်မြေပြင်တပ်ဖွဲ့များ ချထားစရာမလိုဘဲတည်တည်ငြိမ်ငြိမ် အင်အားစုတစ်ရပ်ပေါ်ထွက်ရေးကိုလည်း ရည်မှန်းချက်ထားသင့်သည်ဟု လွှတ်တော်ထောက်လှမ်းရေးကော်မတီဥက္ကဋ္ဌ မိုက်ရော်ဂျားစ်က ပြောသည်။

အမေရိကန်၏ ဦးဆောင်မှုဖြင့် အာရပ်အဖွဲ့ချုပ်လက်တွဲဖော်နိုင်ငံများနှင့် ပူးပေါင်း၍ ထောက်လှမ်းရေးနှင့်လေ့ကျင့်ပေးခြင်းများ လုပ်ဆောင်ပါက ပထမဆုံးအနေဖြင့် အာဆတ်အစိုးရအလျင်အမြန်ပြုတ်ကျစေရန် ကူညီနိုင်ပြီး နောက်ပိုင်းတွင် နိုင်ငံတည်ငြိမ်စေရေး အင်အားစုထွက်ပေါ်ရန် ရည်မှန်းသင့်သည်ဟု မစ္စတာမိုက်ရော်ဂျားက CBS ရုပ်သံ၏ " Face the Nation" အစီအစဉ်၌ ပြောကြားသည်။

**စာမျက်နှာ(၄၆)သို့**



ဗင်နီဇွဲလားနိုင်ငံ၊ ဗလင်စီယာ -ကာရာဘိုဘိုပြည်နယ် လေယာဉ်ပျက်ကျရာနေရာတွင် မီးသတ်သမားများ မီးငြိမ်းသတ်နေစဉ်။ လူနေရပ်ကွက်၌ ပျက်ကျခဲ့သော လေယာဉ်ပေါ်တွင်လိုက်ပါခဲ့သည့် လေယာဉ်မောင်းအဖွဲ့ သေဆုံးခဲ့သည်။ STR/AFP

## ၉/၁၁ပြတိုက်ဝင်ကြေးယူမည့်အစီအစဉ် ကျန်ရစ်သူမိသားစုအချို့မကျေနပ်

**နယူးယောက်၊ မေ-၆**

စက်တင်ဘာ ၁၁ ရက်တွင်အမျိုးသား အမှတ်တရပြတိုက်သို့ လာရောက်ကြည့်ရှုသူ ဧည့်သည်များကို ဝင်ကြေးကောက်ရန်ဟူသော ပြတိုက်၏ အဆုံးဖြတ်အပေါ် ၉/၁၁သေဆုံးခဲ့သူများ၏မိသားစုအချို့က ယမ်းပုံမီးကျ ဒေါသထွက်ခဲ့ရကြောင်း စီအင်န်အင်န်သတင်းတွင် ဖော်ပြထားသည်။

"ဝင်ကြေးကောက်တယ်ဆိုတာ စော်ကားတာပါ။ တစ်နိုင်ငံလုံးက မျိုးချစ်စိတ်ရှိတဲ့သူတွေဟာ သူတို့သားသမီးတွေကို တစ်ခုခုသင်ကြားပြသပေးနိုင်ဖို့ အဲဒီကိုသွားကြတာပါ။ အခုတော့အဲဒီလူတွေကို ဝင်ကြေးကောက်မယ်တဲ့လား။ တကယ်တရားလွန်တယ်" ဟု ၉/၁၁ မီးသတ်သမားများ၊ WTC သေဆုံးသူများ၏မိဘများနှင့် မိသားစုဝင်များအဖွဲ့ ဒုဥက္ကဋ္ဌ မစ္စစ်ဆယ်လီရီဂန်ဟာ့ဒ်က မေလ ၅ ရက်တွင် ပြောကြားခဲ့သည်။

ဈေးနှုန်းအတိအကျ မသတ်မှတ်ရသေးသော်လည်းအမေရိကန်ဒေါ်လာ ၂၀မှ ၂၅ဒေါ်လာခန့်ဖြစ်နိုင်ကြောင်း၊ ၉/၁၁ သေဆုံးခဲ့သူများ၏ မိသားစုဝင်များသည် ပြတိုက်ဝင်ကြေး ကင်းလွတ်ခွင့်ရမည်ဖြစ်ကြောင်းနှင့် ပြတိုက်ကို ၂၀၁၄ ခုနှစ်တွင် ဖွင့်လှစ်မည်ဖြစ်ကြောင်း ၉/၁၁ အမှတ်တရအဖွဲ့ ဆက်သွယ်ရေးမန်နေဂျာ အန်သိုနီရိုက်ဒိုက ပြောကြားခဲ့သည်။

**စာမျက်နှာ(၄၆)သို့**



SPENCER PLATT/GETTY IMAGES/AFP

## ကဒါဖီလက်ထက်တွင် တာဝန်ထမ်းဆောင်ခဲ့သော အရာရှိများ လစ်ဗျားပါလီမန် ပိတ်ပင်

**ထရီပိုလီ၊မေ-၆**

ကဒါဖီလက်ထက်တွင် တာဝန်ထမ်းဆောင်ခဲ့သော အရာရှိများအား အစိုးရရုံးတာဝန်မှ ပိတ်ပင်လိုက်သည့် ဥပဒေတစ်ရပ်ကို လစ်ဗျားပါလီမန်က မဲခွဲဆုံးဖြတ်၍ ထုတ်ပြန်လိုက်သည်။ ၎င်းဥပဒေသည် ဝန်ကြီးချုပ်အလီဇိုင်ဒန် အပါအဝင် အစိုးရထိပ်တန်းအရာရှိများအား ထိခိုက်စေနိုင်သည်။ ဆယ်စုနှစ်လေးခုကြာ အုပ်ချုပ်ခဲ့သောကဒါဖီလက်ထက်တွင် တာဝန်ထမ်းဆောင်ခဲ့သော အရာရှိများအား တားမြစ်ပိတ်ပင်သည့် ယင်းဥပဒေသည် ဝေဝါးလွန်းကြောင်း လူ့အခွင့်အရေးစောင့်ကြည့်လေ့လာသူ ဆာရာလတ်ချ်ဝှစ်စတင်က ပြောကြားသည်။

၎င်းဥပဒေအား အမတ် ၂၀၀ ပါဝင်သော လွှတ်တော်တွင် မဲခွဲဆုံးဖြတ်ရာ ၁၆၄ ဦးက ထောက်ခံမဲပေးပြီး လေးဦးကသာ ကန့်ကွက်မဲပေးခဲ့သည်။ ယင်းဥပဒေအရ ၁၉၆၉ ခုနှစ်မှ ၂၀၁၁ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့သော အရာရှိများအားလုံး အစိုးရအဖွဲ့မှ တားမြစ်ပိတ်ပင်ခံရမည်ဖြစ်သည်။ သို့သော် ၎င်းတားမြစ်ချက်သည် မည်သည့်ကာလအထိဖြစ်ကြောင်း ရှင်းလင်းစွာမသိရပေ။ ယင်းဥပဒေအား ကျင့်သုံးရန် ဆုံးဖြတ်ရခြင်းမှာ လွှတ်တော်တွင်း၌ပင် ခွက်စောင်းခုတ်မှုများနှင့် လက်နက်ကိုင်အဖွဲ့များ၏ အာဏာဆုံးရှုံးနိုင်မှု စိုးရိမ်ရခြင်းများပါဝင်သည်ဟု ဘီဘီစီသတင်းထောက်ရာနာက ပြောကြားသည်။

မတ်လအတွင်းက ယင်းဥပဒေအားပြဋ္ဌာန်းရန် အမျိုးသားအထွေထွေညီလာခံ (GNC) အဖွဲ့ဝင်များ **စာမျက်နှာ(၄၆)သို့**

